တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)
(၈) နှစ်မြောက် အထိမ်းအမှတ်

# ပြည်ထောင်စုတိုင်းရင်းသား

## မဂ္ဂဇင်း

အတွဲ (၁)၊ အမှတ် (၂)

၂၀၂၃ - ခုနှစ်၊ အောက်တိုဘာလ



# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## တိုင်းရင်းသားလူမျိုးများ

**တိုင်းရင်းသားလူမျိုးများဆိုသည်မှာ** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ်နေထိုင်ခဲ့ကြသော လူမျိုးများကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများမပါဝင်။

## တိုင်းရင်းသားရေးရာ

**တိုင်းရင်းသားရေးရာဆိုသည်မှာ** တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ ရရှိရေးတို့အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးစသည့်ကိစ္စရပ်များကိုဆိုသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

Ministry of Ethnic Affairs

# ပြည်ထောင်စုတိုင်းရင်းသား

## မဂ္ဂဇင်း

အတွဲ (၁)၊ အမှတ် (၂) ၂၀၂၃-ခုနှစ်၊ အောက်တိုဘာလ











# ပြည်ထောင်စုတိုင်းရင်းသား

## မဂ္ဂဇင်း

အတွဲ (၁)၊ အမှတ် (၂) ၂၀၂၃-ခုနှစ်၊ အောက်တိုဘာလ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ သဝဏ်လွှာကောက်နုတ်ချက်
ပြည်ထောင်စုဝန်ကြီး၏ ဥယျာဇဥ်
ဒုတိယဝန်ကြီး၏ အမှာစကား

**ကဗျာများ**

| | | |
|---|---|---|
| တစ်မိသား | သူရဇော် | ၁၂ |
| ရာဇဝင်ထဲကမွန် | နိုင်ရဲဇော် | ၁၃ |
| မဲခေါင်တည်သရွေ့ တို့မမေ့ | ပုသိမ်မောင်သောင်းယဉ် | ၁၄ |
| ပင်လုံမြေကို သက်သေတည်၍ | တက္ကသိုလ်ဆန်းတင့်နိုင် | ၁၆ |
| မြန်မာ့နလုံးသား သို့မဟုတ် ရောဝတီ | မောင်ဝင့်ထက် (လက်ပံခုံ) | ၁၇ |
| တို့ရဲ့ဒွဲကပင် | ကောင်းခြိမ့်ကျော် | ၁၈ |
| ရွှေပလောင် ငွေပလောင် | ကျော့ဝင်း (မိုးညှင်း) | ၁၉ |
| ပြည်ထောင်စုသားတို့ ပြုံးပျော်ချိန် | ဖိုးလေးလုံးသောင်းကိုကို | ၂၀ |
| ပြည်ထောင်စု | နှမ်ဖြူ (ပညာရေး) | ၁၃၂ |
| မေတ္တာပန်းနှင့် သစ္စာစမ်း | ကနောင် နိုင်နွယ်ဦး | ၁၅၄ |
| ငြိမ်းချမ်းရေးသည် ကဗျာတစ်ပုဒ် | နေမင်းကျော်ဇော | ၁၉၁ |

စီစဉ်သူ
ရန်ကျော်
မြင့်ဝင်းမောင

တာဝန်ခံအယ်ဒီတာ
သက်ဝေ



**ဝတ္ထုများ**

| | | |
|---|---|---|
| သွေး | မိုးခရေ (ရွှေကျင်) | ၁၆၆ |
| မေတ္တာဟူသည်···စိမ့်စမ်းရည်သို့ | ငြိမ်းချမ်းမေ | ၁၇၇ |
| လက်ကမ်းကြိုလင့်နေပါမည် | ချစ်လွှမ်းပို (မြန်မာ့အသံ) | ၁၈၂ |
| တောင်ရိုးတာတက်ပွဲ | ပုသိမ်အောင်သန်းဦး | ၁၉၂ |

**ဓာတ်ပုံကဏ္ဍ**

| | |
|---|---|
| တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ လှုပ်ရှားမှုဓာတ်ပုံများ | ၄၁ |
| တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ လှုပ်ရှားမှုဓာတ်ပုံများ | ၁၀၅ |
| တိုင်းရင်းသားယဉ်ကျေးမှုနှင့် ရိုးရာအလှဓာတ်ပုံများ | ၁၄၇ |





**ဆောင်းပါးများ**


| | | |
|---|---|---|
| တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး | J.P နော်တောင် | ၂၅ |
| မြန်မာ့ပထဝီနိုင်ငံရေး၊ ကမ္ဘာ့ပထဝီနိုင်ငံရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် | စွာဒီးမောင်မာန်အောင်ဇ | ၄၉ |
| မြန်မာနိုင်ငံ၌ ခေတ်အလိုက်ပြဋ္ဌာန်းခဲ့သော ဥပဒေများ အရေအတွက်စာရင်း | ဦးသန်းမောင် (စစ်တွေ) | ၅၇ |
| မြောက်ဦးမြို့ရောက် ဒတ်ချ်လူမျိုးသင်္ဘောသား ဝေါက်တာရှောင်တန် | မေကြီးရှင် | ၆၂ |
| အမျိုးသမီးများ ဘဝလုံခြုံရေးအတွက် ရပ်ရှင်ဗီဒီယိုများ၏ သတိပြုစရာများ | ရိုးမရင်သွီး | ၆၇ |
| မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုနှင့် တိုင်းရင်းသားရေးရာ | တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | ၇၁ |
| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဖြစ်ပေါ်လာပုံအဆင့်ဆင့်နှင့် စာချုပ်ပါအကြောင်းအရာများ | ဇော်အေးမောင် | ၈၈ |
| အင်းဝစာဆို ရှင်မဟာရဋ္ဌသာရ ရှင်တေဇောသာရနှင့် ရှင်သာရခိုင်တန်ဆောင်လောမယ်ဘွဲ့ | မေဦးသိန်းညွန့် | ၁၁၃ |
| တိုင်းရင်းသားဘဝရုပ်ဖော်စာပေ | သုတအောင် | ၁၂၃ |
| ကရင်လူမျိုးတို့၏ ရိုးရာလက်ဘ္ဘဏာဖားစည် | မောင်ကြော့ဝေ | ၁၂၈ |
| ဝတ်စားဆင်ယင် လုကရင် | မောင်အောင်မွန် | ၁၃၃ |
| ဂျာလင်းစေး | ညဏ်ကောင်းဆက် | ၁၃၉ |
| ယွန်းရှမ်း (သို့မဟုတ်) လန်းနားတိုင်း | မီမီလွင် | ၁၄၂ |
| မြန်မာနှင့် ခါးတောင်းကျိုက် ယဉ်ကျေးမှု | မောင်ခင်မင် (ဓနုဖြူ) | ၁၅၁ |
| ရင်ဦကိန်းစေ | ထီလာကျော် | ၁၅၅ |
| ရှေးခေတ်ပလောင်လူမျိုးတို့၏ ဘာသာဓလေ့ ထုံးတမ်းစဉ်လာများ | ပန်းအောင် (ကလော) | ၁၅၉ |
| မြန်မာတိုင်းရင်းသား စကားပုံများနှင့် အတွေးအမြင် | သက်ဝေမောင် | ၁၆၁ |
| လီဆူတိုင်းရင်းသားတို့၏ ယုံကြည်ကိုးကွယ်မှု | မြတ်ဝေတိုး (ပညာရေး) | ၁၉၇ |



**မျက်နှာဖုံးဒီဇိုင်း**
AZ

**အတွင်းသရုပ်ဖော်ပန်းချီ**
မြင့်ဝင်းမောင် (AZ)

**ကာတွန်း**
ဖေသစ်တည်
မောင်တင်ယု
လုံးကြီးတင်
ဦးကြယ်

**ထုတ်ဝေသူ**
ဒေါ်ခင်စန်းရီ
ဒုတိယညွှန်ကြားရေးမှူး
(၀၃၀၄၉)
တိုင်းရင်းသားလူမျိုးများရေးရာ
ဝန်ကြီးဌာန

**ပုံနှိပ်သူ**
ကိုဇော်မြင့်ထွန်း
(အေဇက်ပုံနှိပ်တိုက်-၀၀၂၄၁)
အမှတ် (၁၁၈)၊ ၄-လမ်း၊
ပုသိမ်မြေရပ်ကွက်၊
ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။

**အုပ်ရေ**
၅၀၀

ပြည်ထောင်စုတိုင်းရင်းသားများ
စည်းလုံးညီညွတ်ရေးကို ရည်ရွယ်၍
အခမဲ့ဖြန့်ဝေသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)

(၈) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားအား

ဂုဏ်ပြုကြိုဆိုလျက် ထုတ်ဝေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ အသိဉာဏ်ပညာနှင့် စိတ်ရင်းစေတနာမှန်ကန်မှုသည် အဓိကကျပါသည်။ မိမိတို့၏ အကျိုးစီးပွားထက် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားကို ချိန်ထိုးစဉ်းစားလုပ်ဆောင်ကြရန် လိုပါသည်။ မိမိတို့၏ ရပ်တည်ဆောင်ရွက်မှုများအပေါ် ဓမ္မဓိဋ္ဌာန်ကျကျဖြင့် အမှားအမှန်၊ အကောင်းအဆိုးကို ခွဲခြားဆင်ခြင်ဆောင်ရွက်ကြမှသာ နိုင်ငံနှင့် ပြည်သူကို အကျိုးပြုရာရောက်မည် ဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အနာဂတ်ကို လက်ဆင့်ကမ်းတာဝန်ယူကြမည့် လူငယ်လူရွယ်များအား အတွေးအခေါ် အယူအဆမှန်ကန်စေရေး၊ အသိပညာ ဗဟုသုတဖြန့်ဝေစေရေး၊ နိုင်ငံကိုချစ်သည့်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ကိန်းအောင်းရှင်သန်စေရေးတို့ကို ဖန်တီးဖော်ဆောင်ပေးကြရန် လိုအပ်ပါသည်။ ထို့ကြောင့် မိမိတို့၏ သားသမီးများ၊ လူငယ်လူရွယ်များကို ဗလငါးတန်ပြည့်ဝသည့် အနာဂတ်သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြပါ။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ
၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၏

# ~ ဥယျောဇဉ် ~



ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးတို့သည် ပြည်ထောင်စုအတွင်း ချစ်ကြည်ရင်းနှီးစွာအေးအတူပူအမျှ ဥမကွဲသိုက်မပျက်လက်တွဲနေထိုင်ခဲ့ကြပါသည်။ ထိုသို့နေထိုင်ခဲ့ကြရင်း တိုင်းတစ်ပါးနယ်ချဲ့လက်အောက်ကို ကျရောက်သွားခဲ့ချိန်တွင်လည်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးတို့သည် ဆုံးရှုံးထားသော လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် နိုင်ငံ့တပ်မတော်နှင့်အတူ လက်တွဲကာ အသက်ပေါင်းများစွာပေး၍ မလျော့သောဇွဲလုံ့လတို့ဖြင့် အခက်အခဲများစွာကို ရင်ဆိုင်တိုက်ပွဲဝင်ဖြတ်သန်းကြိုးပမ်းခဲ့ကြရပါသည်။ ရရှိပြီးဖြစ်သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုလည်း ဆက်လက်ပြီးစုပေါင်းလက်တွဲပါဝင်ခဲ့ကြရာ ဥမကွဲသိုက်မပျက်ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နေထိုင်ခဲ့ကြပါသည်။

အတိတ်သမိုင်းလွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ညီညွတ်စွာနှင့် အချင်းချင်းအပြန်အလှန်ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးကို တည်ဆောက်မည်ဟူသော ခိုင်မာသည့် သန္နိဋ္ဌာန်စိတ်သည် ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေးဟူသည့် ဦးတည်ချက်လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ပေးခဲ့ပါသည်။

သို့ဖြစ်ပါ၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ စီစဉ်ထုတ်ဝေသည့် "ပြည်ထောင်စုတိုင်းရင်းသား"မဂ္ဂဇင်းတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးအသီးသီးတို့၏ စာပေယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများ၊ တိုင်းရင်းသားအချင်းချင်းချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးတို့ကို ရည်ရွယ်ဖော်ညွှန်းသည့် ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ ကာတွန်းနှင့် ပုံပြင်များကို စုစည်းရွေးချယ်ဖော်ပြထားရာ မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးတို့သည် အမျိုးသားရေးတာဝန်၊ ဒို့တာဝန်အရေး(၃)ပါးနှင့်အတူ ကောင်းမွန်မြင့်မြတ်သည့် သမိုင်းအစဉ်အလာကောင်းများကို ဆက်လက်တည်တံ့ခိုင်မြဲနေစေရန် ထိန်းသိမ်းစောင့်ရှောက်ပြီး၊ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမှ မျှော်လင့်တောင့်တနေသော တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်လိမ့်မည်ဟု မျှော်လင့်ရည်ရွယ်မိပါကြောင်း ဆန္ဒပြုအပ်ပါသည်။ ။

Jeng Phang နော်တောင်
ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## ဒုတိယဝန်ကြီးဦးဖော်အေးမောင်၏

# ~ အမှာစကား ~



(၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန "ပြည်ထောင်စုတိုင်းရင်းသား" မဂ္ဂဇင်းအမှတ် (၁) ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလက အောင်မြင်စွာထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါသည်။ အဆိုပါ ပြည်ထောင်စု တိုင်းရင်းသားမဂ္ဂဇင်းတွင် မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှု များကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ပြည်ထောင်စု စိတ်ဓာတ်တိုးတက်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုကို ထိန်းသိမ်း မြှင့်တင်နိုင်ရန် ရည်ရွယ်သော ဆောင်းပါးများ၊ တိုင်းရင်းသားရိုးရာလက်မှုပညာရပ်များကို ဖော်ထုတ်ပေးသည့် ဆောင်းပါးများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးကို ဖော်ဆောင်သည့် ဆောင်းပါးများ၊ သတင်းဓာတ်ပုံများကို ဝေဝေဆာဆာ ထည့်သွင်းဖော်ပြ နိုင်ခဲ့ပါသည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုများကို အခြေခံကာ ပြည်ထောင်စုနိုင်ငံတော်ကြီး အဖြစ် ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ တိုင်းရင်းသားမျိုးနွယ်စုများ အားလုံးသည် ရှေးခေတ်ပေါင်းများစွာကတည်းက ချစ်ခင်ရင်းနှီးနွေးထွေးစွာ စုစည်းနေထိုင် လာခဲ့ကြသည့် သွေးချင်း ညီအစ်ကိုမောင်နှမများလည်းဖြစ်ပါသည်။ ရေမြေဒေသသဘာဝအနေ အထားအရ စာပေနှင့်ယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ၊ ဘာသာစကားများ မတူကွဲပြားကြ သော်လည်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်လေးစားမှု၊ မြတ်နိုးယုံကြည်မှု၊ တန်းတူတန်ဖိုးထားမှု များဖြင့် တစ်လေ့တည်းစီး တစ်ခရီးတည်း သွားနေကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသား များပင် ဖြစ်ပါသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ကာ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်း၊ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါလည်း ဖြစ်ပါသည်။

သို့ဖြစ်၍ မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ စီစဉ်ထုတ်ဝေသည့် "ပြည်ထောင်စုတိုင်းရင်းသား" မဂ္ဂဇင်းတွင် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများ သွေးစည်းချစ်ကြည်ရေး၊ စည်းလုံးညီညွတ်ရေး၊ ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို မြတ်နိုးလေးစားတန်ဖိုးထားသည့် ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ ကာတွန်းနှင့်ပုံပြင်များကို စုစည်း ရွေးချယ်ဖော်ပြထားရာ ပြည်ထောင်စုတိုင်းရင်းသားမဂ္ဂဇင်းသည် မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားပြည်သူများ အားလုံးကို အလေးအနက်ကိုယ်စားပြုသော အမျိုးသားယဉ်ကျေးမှုသင်္ကေတ တစ်ရပ်ပင်ဖြစ် ပါကြောင်း ဆန္ဒပြုရေးသားဖော်ပြလိုက်ရပါသည်။

ဇော်အေးမောင်
ဒုတိယဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

# တစ်ပိသား

သူရဇော်



◆ ရေမြေခြားပေမဲ့
သွားချင်က နီးပါသည်။

◆ ရေမြေစပ်ပေမဲ့
စိတ်ဓာတ်တွေ မယှက်ထွေးရင်
ဝေးလို့နေမည်။

◆ ကိုယ်သွားလို့ သူလာ
သူလာလို့ ကိုယ်သွား
သွေးသားတွေ တစ်စိတ်တစ်ဝမ်းနဲ့
ကူးသန်းလို့ မေတ္တာရည်
ပြည့်ထောင်စုအရေး။

◆ တောင်တန်းလဲ တောင်တန်းပျော်
မြေပြင်သော် မြေပြင်မွေ့
သောက်ပါလေ့ သည့်ရေ
နေပါလေ သည့်မြေကြီး
ချိုမြိုးကာ ခိုင်ခိုင်မြဲ
တွဲကြစို့လေး။ ။

# ရာဇဝင်ထဲက မှန်

နိုင်ရဲဇော်



ဘီစီ ၂၀၀၀ ကျော်ကတည်းက
ကမ္ဘာပေါ်မှာလည်းရှိ၊ မျိုးရိုးဗီဇ
သမိုင်းအတိအကျနဲ့မှန်။

အဲသည်မှန်မှာ ...
သာယာတဲ့တိုင်းပြည်၊ စည်ပင်တဲ့ဒေသ
ဝပြောတဲ့နိုင်ငံ၊ တစ်နိုင်တစ်လျှား
ကြီးမားစွာထူထောင်၊ တောက်ပြောင်တဲ့အတိတ်
အိပ်မက်တော့ မဟုတ်ဘူး။

အဲသည်မှန်မှာ ...
ဘာသာလည်းတည်၊ သာသနာလည်းကြည်
သံဃာလည်းစည်၊ တရားလည်းမြည်ခဲ့တယ်။

အဲသည်မှန်မှာ ...
ကဗျာလည်းရှိ၊ စာလည်းရှိ
စကားလည်းရှိ၊ တရားလည်းရှိ
ဂီတလည်းရှိ၊ ပန်းချီလည်းရှိ
ရတနာအတိ၊ သုဝဏ္ဏဘူမိ
ရွှေ၏နိုင်ငံဖြစ်ခဲ့တယ်မဟုတ်လား။

အဲသည်မှန်မှာ ...
ပညာလည်းရှိ၊ သတ္တိလည်းကြီးမား
သစ္စာတရားလည်းထွန်းတောက်
စံပြုလောက်တဲ့ သူရဲကောင်း
အထောင်အသောင်းမက၊ သမိုင်းကပြခဲ့။

အဲသည်မှန်ဟာ ...
ရေမြေလည်းကောင်း၊ သမိုင်းကြောင်းလည်းသာ
အတိတ်ဟာရွှေရောင်တောက်
လွှမ်းလောက်စရာပါပဲ။

ဒါဆိုရင် ...
ရာဇဝင်ထဲက
အဲသည် ... သမိုင်းရဲ့ရုံနဲ့မှန်။

သမိုင်းထဲက
အဲသည် ... ရာဇဝင်ရဲ့ရုံနဲ့မှန်
ကုန်လွန်သည်မရှိ
ကမ္ဘာတည်သမျှထိ ရှည်ကြာစေ။ ။

# မဲခေါင်တည်သရွေ့ ကိုမမေး

ပုသိမ်မောင်သောင်းယဉ်

♦ တာချီလိတ်မှ
စ၍ထွက်ခွာ
ပါခုတ်, ဝမ်တုန် ရှုခင်းစုံစွ
လှပဝေဆာ ကြည့်လေရာတိုင်း
ပြာမှိုင်းရီဝေ မြူခိုးတွေနှင့်
ရွှေတြိဂံ နိုင်ငံသုံးခု
ပေါင်းစုံစုဝေး ယဉ်ကျေးမှုနွယ်
ဆက်သွယ်ကူးလူး မဲခေါင်ဦးတည်
ဝမ်ပုံဆီရောက် ထိုးဖောက်စီးဆင်း
ခရီးပြင်းနှင့် သည့်မြစ်ပြင်မှာ
သစ်ထွင်းလှေငယ် ဝါးလှေငယ်နှင့်
စက်လှေများစွာ လူးလာခေါက်တုံ့
မကြောက်မရွံ့ မတွန့်မဆုတ်
သက်စွန့်ဆံဖျား တောင်ကြားမှာပျော်
တောင်ပေါ်မှာနေ မြန်မာ့မြေ၏
ဆွေမျိုးသားချင်း တိုင်းရင်းသားတွေ
မဲခေါင်ရေနှင့် အလွမ်းသင့်လျက် …။

♦ ဆန်ဖူး, ပါဆာ
လွန်သာယာသည့်
ကျေးရွာမှသည် ဝမ်ကျင်းဆီသို့
ဦးတည်ခုတ်မောင်း ဘယ်စောင်းညာလူး
စက်လှေမူးနောက် ခရီးတစ်လျှောက်တွင်
ကြောက်မက်ဖွယ်ဖြစ် မဲခေါင်မြစ်၏
ဖုထစ်ကြမ်းတမ်း ခရီးလမ်းမှာ
ထူးဆန်းအံ့ဖွယ် အန္တရာယ်ထူပြော
တန်အောရေတံခွန် ကျော်လွန်ဖြတ်တက်
ရှေ့သို့ဆက်သော် ခက်ခက်ခဲခဲ
ရေဆိုင်ဝဲနှင့် ကမ်းလင့်ကြိုနေ
ရေတံခွန်တာဝန် တွန်းလှန်ကျော်ဖြတ်
ပေးကပ်နှစ်စင်း
ကျားကန်ရင်းသာ မာန်တင်းကာနှင့်
ဝမ်ကျင်းရွာစခန်း အရောက်လှမ်းခဲ့။



◆ တဝေါဝေါနှင့်
သောသာဆူညံ တန်စလန်၏
ဒေါသမာန်ဟီး အားအင်ကြီးမား
ရေစီးအားနှင့် ပန်းဖွားလှိုင်းလိပ်
စိုးထိတ်အံ့ဖွယ် ကျောက်စွယ်ကျောက်စိုင်
ကျောက်တိုင်ကျောက်တုံး တဝုန်းဝုန်းမြည်
လှေဦးတည်ရာ ဝံယာရှေ့နောက်
မတိမ်းမှောက်အောင် ပဲ့ထောင်ဦးစိုက်
မထိခိုက်အောင် သည်းလှိုက်ရင်တုန်
စက်ကုန်မောင်းနှင် သတိယှဉ်လျှက်
တိုင်းပြည်အတွက်ဟေ့
တို့မမေ့ဘဲ သေလည်းပျော်ပျော်
ရှင်သော်ညီညာ မြန်မာနှင့်လော (လာအို)
သဘောတူပေါင်း ရေကြောင်းတိုင်းတာ
ဝံယာမြစ်ကမ်း မဲခေါင်လမ်းမှာ
ကြမ်းတမ်းခက်ခဲ တို့ဆင်နွှဲခဲ့ ...။

◆ တန်စလန်မှ ခရီးဆက်လာ
ဘယ်မှာကြည့်ကြည့် ကြည့်သည့်နေရာ
ကျောက်ဆောင်သာဖြစ် မြစ်ဝါမဲခေါင်
တောင်နံရံကြား မြင့်မားကွေ့ကောက်
မက်စောက်နက်ရှိုင်း ကျောက်တံတိုင်းနှင့်
ရင်လှိုင်းခုန်ဖွယ် တောအသွယ်သွယ်ဖြတ်
တောင်ကိုပတ်လျှက် ဇွပ်ပရောင်း, တန်လွမ်
ဘားကိုဆန်ရင်း နမ့်လွေ့, ဘန်ဆိုင်း
မှိုင်းညိုပြာရည် နေရောင်ခြည်မျှ
မမြင်ရပြန် ဝမ်းသောလွန်မြောက်
နမ့်လရောက်သော် ရှစ်ဆယ့်ခြောက်မှတ်တိုင်
ခိုင်မာစွာစိုက် မြန်မာနှင့်လော
သဘောတူမျှ ရွှေတြိဂံမှသည်
နမ့်လဆီထိ ညှိနှိုင်းတွက်စစ်
မှတ်တိုင်သစ်များ တစ်ထစ်ပြီးတစ်ထစ်
တစ်ရစ်ပြီးတစ်ရစ် တစ်မှတ်တည်ဆောက်
ပြီးမြောက်အောင်မြင် သမိုင်းတွင်မည်
မဲခေါင်တည်သရွေ့ တို့မမေ့ ...။

ဘား = ရေတံခွန်၊ ပေါးကပ် = စက်လှေ
တန်အော = တာပန်၊ တန်စလန်၊ တန်လွန်၊ ဇွပ်ပရောင်း = ထူးခြားကြောက်မက်ဖွယ် ရေတံခွန်များ



# ပင်လုံမြေကို သက်သေတည်၍

တက္ကသိုလ်ဆန်းတင့်နိုင်



◆ ပင်လုံမြေမှ
စ၍ သန္ဓေတည်။
ပြည်ထောင်စု စိတ်ဓာတ်
လွှမ်းပတ်နှောင်ချည်။
တွဲလက်တွေ ခိုင်စေမည့်
ပြည်ထောင်စု သွေးချင်းများ။
ဥမကွဲ သိုက်မပျက်အောင်
တွဲလက်ယှက်ထား။

◆ "နွားကွဲလျှင် ကျားဆွဲ" သတဲ့
ဆိုစကားလည်း ရှိခဲ့သည်။
တို့တစ်တွေ သွေးမကွဲ
အမြဲချစ်ကြည်။
စည်းလုံးမြဲ စည်းလုံးမည်
ချစ်ကြည်မြဲ သွေးစည်းမြဲ။
ငြိမ်းချမ်းရေး ပန်းတိုင်သို့
လှမ်းကိုင်ဖို့ အရောက်လှမ်းမယ်ပ
တစ်ယောက်ပန်းလျှင် တစ်ယောက်ကူလို့
ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသကွဲ့
လက်တွေ့အပြိုင် စွမ်းဆောင်ပြကြမယ်
ရလိမ့် အောင်ပွဲ။

◆ ဒီမိုကရေစီ စနစ်သစ်နဲ့
ဖွံ့မာန်နှစ် ရှေ့သို့ချီ။
မျိုးဖျက်ရန် ဟူသမျှ
တွန်းလှန်ကြမည်။
သတ္တိသွေး ရဲရဲနီ
ညီညွတ်ကြ စည်းလုံးအား။
သူဖြူလျှင် ကိုယ်မမည်း
ကိုယ်မည်းလျှင် သူမဖြူပါဘူ
စိတ်ညီတူ သဘောထားတွေနဲ့
ဝင့်ကြွားမာန် ရဲစိတ်ပွားပါလို့
တိုင်းရင်းသားတွေဆိုတာ
မြန်မာပြည်သူ ပြည်သားတွေပါပဲ
ခံစားလည်း အတူတူ
စံစားလည်း အတူတူပေါ့
ချစ်ကြည်ဖြူ အားမာန်ဖွဲ့တွေနဲ့
တွဲလက်ခိုင်ထား။ ။

# မြန်မာ့နှလုံးသား သို့မဟုတ် ရွှေဝတီ

မောင်ဝင့်ထက် (လက်ပံခုံ)



◆ ဟိမဝန္တာ တောင်သေလာမှ
မြစ်ဖျားစခဲ့၊ "မေခ" "မလိခ"
အလှစုံစွာ၊ မြစ်နှစ်သွယ်တို့
ပေါင်းဆုံလာပေ ကချင်မြေ
တို့သွေးချင်းတို့ မွေးဌာနေ။

◆ ထို့မှတစ်ဆင့်
"ဧရာဝတီ"နှင့်၊ ပေါင်းသည့်စီးဆင်း
"ချင်းတွင်း"နှင့်တွေ့ ချစ်ကြည်မွေ့စွာ
စုပေါင်းကာဖြင့် ချောင်းမြောင်းမြစ်သေး
လက်ခံပေးပြီး စီးဆင်းသည့်
ငါတို့ချစ်တဲ့ ဧရာဝတီ။

◆ ကျွဲဥပမာ
ရင်ထဲမှာရွှမ်း၊ တစ်စိတ်ဝမ်းပေါ့
တောင်တန်းမြေပြန့်၊ မေတ္တာဖြန့်ကြ
မွေးပျံ့မြလွင် မြတ်နိုးကြင်ရှဲ
ဆုံလျှင်သုခ၊ တူပျော်ကြလျက်
ဒုက္ခကြုံသော်၊ အတူနော်လက်တွဲ
ရင်ဆိုင်ရဲကာ၊ ကာကွယ်ပါမည့် ...
ငါတို့ချစ်သော ပြည်မြန်မာ
တို့နှလုံးသားထက် ချစ်မက်စွာ
ကမ္ဘာတည်သရွေ့ရှိနေမှာ။ ။

# တို့ရဲ့ဇွဲကပင်

ကောင်းငြိမ့်ကျော်

(၁)
ကန်ရေပြာ အဝေးရှိစွ
ငေးကြည့်က မြင်လာ။
မိုးသို့ထောင် ငွါးငွါးစွင့်
မားမားမြင့်တာ။
ပြည်နယ်ရဲ့ အထိမ်းအမှတ်ပါ
ချိန်းလျက်သာ သွားမြဲ။
သည့်ရေမြေ တောင်တော်ဦး
ကျော်ကျူးထူးကဲ။



(၂)
ကရင်မြေ ဌာနေမှ
သာပေစွ သည့်တောင်တော်။
လှမ်းချီကာ နှံ့မည်ကွဲ့
ဇွဲချီဇွဲ့ခေါ်။
စုံညီတဲ့ အပေါင်းပျော်
နှစ်ထောင်းမော် ပျော်သွား။
တောင်တက်သူ့ ကုသိုလ်ဖွေ
ဆုကိုခြွေထား။
(၃)
လွမ်းစရာ အတိတ်သမိုင်း
စိတ်မှိုင်းလို့ မမေ့သည်။
ထီးနန်းခွာ တော်တောင်မွေ့
နောင်ရသေ့ညီ။
ဆံတော်မြတ် ဌာပနာ၍
ဒါယကာညီ ဘုရားတည်
များကြည်သာ မျှော်ဖူး။
လတက်ကြွ ဟိုးထိပ်တိုင်
တိုးကြိတ်ဆိုင် နှံ့ပျော်ရှာ
ပွဲတော်သာ တပေါင်းလ၌
သောင်းဖြိုးရှင်မြူး။

(၄)
အသက်အန္တရာယ် ရိပ်ဖြာကျ
ဝိဇ္ဇာမ ရာဇဝင်တည်။
ထိုလူငယ် နတ်မောင်နှမ
တောင်စောင့်ရသည်။
တိုင်တည်၍ တက်ကြမည့်
သွက်လှချီဘေးကင်း။
တောင်စောင့်သည့် နတ်မောင်နှမ
ဆောင်မကူရှင်း။
(၅)
ဆံတော်ရှင် စေတီထူး
ဆွေရှည်စုး တောင်းဆုတော်။
ပြည့်ပေမည့် တန်ခိုးတော်ကြောင့်
စိုးနှောင့်ကင်းသော်။
တောင်စောင့်ရဲ့ ရာဇဝင်ကျော်
နှစ်ဖြာယှဉ်ပေါ် မောင်နှမ။
တောင်စောင်းတွင် ပုံတင်ထူးလို့
ဂုဏ်အင်မြူးကြွ။
(၆)
စည်လွန်းပေ ပွဲတော်အား
နှံ့ပျော်ပြား ရည်သန်နေ။
အခါခါ လွမ်းပါလှည့်ဖို့
မြန်းလာခဲ့ချေ။
ကြိတ်ခဲလို့ စိတ်ဖြေမပြေ
သည့်ရေမြေ လွမ်းလို့။
ဇွဲကပင် နှံ့ယှဉ်ကြုံလျှက်
မြဲပင် ဆုံစို့။ ။

# ရွှေပလောင်
# ငွေပလောင်

ကျော့ဝင်း (မိုးညှင်း)



◆ အမြင်မှာ အနီးလေး
သေးငယ်လို့ ထင်မှားအောင်
ကြီးမားတဲ့တောင်
ပြာလဲ့လဲ့ညိုမှောင်မှောင်
မြင့်သီခေါင်အလွန်ဝေး
ခေါင်မိုးနယ်
ပလောင်မျိုးနွယ် အခြေချကာ
နေကြတယ်လေး။

◆ ငွေနှင်းမှုန် အအေးဓာတ်
ထွေးပတ်လို့ စဉ်မြဲပေ
မြူခိုးတွေဝေ၊
တိမ်တိုက်တို့ မြဲတစေ
တောင်ထွတ်ဖွေ တူယှဉ်တွဲ၊
ဆီးနှင်းကြွေ
စီးဆင်းရေတစ်နှစ်လုံး
သုံးမကုန် မြောင်းသွယ်ဖောက်
လိုလောက်စဉ်မြဲ။

◆ တောင်ကြောပေါ် ဘဝင်ခိုက်
အခြေစိုက် တောင်ယာထွင်
ရှုခင်းသာ စပါးခင်း
ဝါဝင်းရွှေစင်။
မြောင်းကို၌ ရေမောင်းဆင်
တီထွင်ကာ စပါးထောင်း။
ရွှေပလောင်
ငွေပလောင်မျိုးစဉ်ဆက်
လက်ဖက်ပင် တောင်ယာစိုက်လို့
ပျော်ပိုက်သူ သည့်တောင်ရိုးကို
မြတ်နိုးပါကြောင်း။ ။

# ပြည်ထောင်စုသားတို့ ပြုံးပျော်ချိန်

ဖိုးလေးလုံးသောင်းကိုကို



◆ သိမ်သိမ်မွေ့မွေ့
လက်တွေ့ဘဝ၊ အနေလှဖို့
လောကကျိုးပြု၊ ညီညွတ်မှုနှင့်
ပေါင်းစုညီညာ၊ ဤမြေရွာဝယ်
နေလာခဲ့ရိုးအမှန်ပါ။

◆ ဤမြေရွာဝယ်
မေတ္တာဖွဲ့စု၊ ချမ်းမြေ့မှုနှင့်
ဥတုသုံးလီ၊ ရာသီမျှတ
ပွင့်စဖူးငုံ၊ ပန်းရိပ်မြုံလည်း
သင်းထုံမွှေးပျံ့နယ်အနှံ့။

◆ နွေနှင့်မိုးဆောင်း
ကူးပြောင်းရာသီ၊
ဖြစ်တည်ကြည်မွေ့
ချမ်းမြေ့ဖွယ်စုံ၊ ဤရိပ်မြုံဝယ်
ဆွေဂုဏ်မျိုးဆောင်၊
ချစ်ကြိုးနှောင်လျှက်
ပြည်ထောင်တစ်ဝန်း၊
ပွင့်သောပန်းတို့
ထုံမွှမ်းချိုမြိန် လှဖွံ့အိမ်
ပြည်ထောင်သားတို့
ပြုံးပျော်ချိန်။

ကာတွန်း **ပေသစ်တည်**




စာဖတ်ရင် ဘာရမလဲ ဆိုတော့ .. ဘာသာရေး လူမျိုးရေးလှုံ့ဆော်မှုနဲ့ တောင်ချောက်တွေက လွတ်မြောက်နိုင်ပြီး သွေးဆောင် ဖြားယောင်းလို့ မရဘူးပေါ့ ...
မောင်တင်ယု



ကာတွန်း **ဦးကြယ်**



# တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး

J.P နော်တောင်

**ပထဝီဝင်အနေအထားအရမဟာဗျူဟာကျသည့်မြန်မာနိုင်ငံ**

မြန်မာနိုင်ငံသည် မြောက်ဖျား၌ ဆီးနှင်းများဖြင့် စိုပြည်လှပ၍ သယံဇာတပေါများကြွယ်ဝသကဲ့သို့ အလယ်ပိုင်းမြေပြန့်လွင်ပြင်တွင်လည်း စိုက်ပျိုးမြေများနှင့် ပဏ္ဏာရလှပေသည်။ တောင်ဘက်ပိုင်း၌ ကျွန်းစုများ၊ မြေအောက်သယံဇာတများဖြင့် ပြည့်နှက်နေသည့် လှပသောနိုင်ငံဖြစ်သည့်အလျောက် ပထဝီဝင်အနေအထားအရ မဟာဗျူဟာကျသည့် တိုင်းပြည်ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် လူဦးရေ ၁၄၄၆.၂၃၈ သန်းရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ၇.၄၂၂ သန်းရှိသည့် လာအိုနိုင်ငံ၊ လူဦးရေ ၇၀.၀၄၈သန်းရှိသည့် ထိုင်းနိုင်ငံ၊ ၁၆၇.၀၁၅ သန်း ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ လူဦးရေသန်းပေါင်း ၁၃၉၉.၂၇၂ ရှိသည့် အိန္ဒိယနိုင်ငံတို့ ဝန်းရံနေပါသည်။ အနီးပတ်ဝန်းကျင်နိုင်ငံများ၌ စုစုပေါင်းလူဦးရေ ၃၀၈၉.၉၉၅ သန်း ရှိရာ ကမ္ဘာ့ လူဦးရေသန်းပေါင်း ၈၀၀၀ ကျော် ၉၀၀၀ နီးပါးနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ကမ္ဘာ့လူဦးရေ၏ သုံးပုံ တစ်ပုံခန့်သည် မိမိတို့နိုင်ငံအား ဝိုင်းရံထားသည်ကို တွေ့မြင်နိုင်ပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံတောင်ဘက်ပိုင်း ကပ္ပလီပင်လယ်၊ ဘင်္ဂလားပင်လယ်အော်တို့မှ တစ်ဆင့် အာဖရိကနိုင်ငံများနှင့်အရှေ့အလယ်ပိုင်းဒေသနိုင်ငံများသို့ ဖြတ်သန်းသွားလာနိုင်မည့် ထွက်ပေါက်လမ်းကြောင်းတစ်ခု ရှိနေသည့်အတွက် အရှေ့တောင်အာရှဒေသတွင် မဟာဗျူဟာကျ နိုင်ငံတစ်ခုအဖြစ် ဖြစ်ပေါ်လာနိုင်ဖွယ်ရာရှိနေပါသည်။

**တည်နေရာ၊ အကျယ်အဝန်း၊ နယ်နိမိတ်ထိစပ်မှု နှင့် မြေမျက်နှာသွင်ပြင်**

ပထဝီဝင်အရ အရေးပါလှသည့် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံ ဖြစ်ပြီး ဧရိယာအကျယ်အဝန်းအားဖြင့် စတုရန်းကီလိုမီတာ ၆၇၆၅၇၇ (၂၆၁၂၂၈ စတုရန်းမိုင်) ကျယ်ဝန်းပြီး ဒေသတွင်း နိုင်ငံများအနက်အင်ဒိုနီးရှားနိုင်ငံပြီးလျှင် ဒုတိယဧရိယာအကြီးဆုံး နိုင်ငံ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် မြောက်လတ္တီတွဒ် ၉ ဒီဂရီ ၃၂ မိနစ် (တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၏ တောင်ဘက် သူ့ဌေးကျွန်းနှင့် ထိုင်းနိုင်ငံ ရနောင်း တောင်ဘက်အနီး) မှ ၂၈ ဒီဂရီ ၃၁ မိနစ် (ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်ရှိ ပေ ၁၉၂၉၆ မြင့်မားသည့် ခါကာဘိုရာဇီ တောင်ထွတ်အနီး) ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ် (ရခိုင်ပြည်နယ် ၊ မောင်တော ခရိုင်၊ နတ်မြစ်ဝ အနီး)မှ ၁၀၁ ဒီဂရီ ၁၁ မိနစ် (ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ၊ မိုင်းယောင်း မြို့နယ်၊ မဲခေါင်မြစ်အစပ်အနီး) ကြားတွင် တည်ရှိပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၅ နိုင်ငံနှင့် ကုန်းနယ်နိမိတ်ချင်း ထိစပ်နေသည်။ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဘက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ တည်ရှိသည်။ ဤနိုင်ငံများနှင့် မြန်မာနိုင်ငံအကြား အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်သည် ကီလိုမီတာ ၆၃၀၀ ခန့်ရှည်လျားသည်။ မြန်မာနိုင်ငံ၏ တောင်ဘက်တွင် ကပ္ပလီ ပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တို့ တည်ရှိပါသည်။

မြန်မာနိုင်ငံ၏ အရှေ့နှင့်အနောက် ကုန်းမြေအရှည်သည် ၅၈၂ မိုင်(၉၃၇ ကီလိုမီတာ) ရှိပြီး တောင်နှင့်မြောက် ကုန်းမြေအရှည်မှာ ၁၂၇၅ မိုင် (၂၀၅၂ ကီလိုမီတာ) ရှည်လျားပါသည်။ ကမ်းရိုးတန်း ရေမိုင်အရှည်မှာ ၁၃၈၅ မိုင် (ရခိုင်ပြည်နယ် နတ်မြစ်ဝမှ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး အထိ) ရှည်လျားပါသည်။

အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်မှုများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ၁၃၇၅ မိုင် ၊ ထိုင်းနိုင်ငံနှင့် ၁၃၁၄ မိုင် ၊ အိန္ဒိယနိုင်ငံနှင့် ၈၅၇ မိုင် ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ၁၅၂ မိုင် ၊ လာအိုနိုင်ငံနှင့် ၁၂၈ မိုင် အသီးသီး ထိစပ်နေသဖြင့် ကုန်းမြေထိစပ်မှု ၃၈၂၆ မိုင် နှင့် ကမ်းရိုးတန်း ရေမိုင်ထိစပ်မှု ၁၃၈၅ မိုင် ရှိသဖြင့် စုစုပေါင်း ထိတွေ့ဆက်စပ်သည့် ဧရိယာမိုင်ပေါင်းမှာ ၅၂၁၁မိုင် ရှိပါသည်။

မြေမျက်နှာသွင်ပြင်အနေအထားအရ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးထွန်းကားသည့် နိုင်ငံ ဖြစ်အောင် အထောက်အကူပြုသည့် မြစ်ကြီး(၄)သွယ်မှာ ဧရာဝတီမြစ် (အရှည် ၁၃၅၀ မိုင်)၊ သံလွင်မြစ်(၇၉၆ မိုင်)၊ ချင်းတွင်းမြစ် (၆၀၀)မိုင် နှင့် စစ်တောင်းမြစ်(၂၆၁)မိုင် တို့ဖြစ်ပါသည်။ မြေမျက်နှာသွင်ပြင်အနေဖြင့် ကုန်းမြင့်ဒေသများကို မြောက်ဘက်ကုန်းမြင့်ဒေသ၊ အရှေ့ဘက် ကုန်းမြင့်ဒေသ၊ အလယ်ပိုင်းချိုင့်ဝှမ်းဒေသနှင့် အနောက်ဘက် ရခိုင်ရိုးမတောင်တန်း ဟူ၍ (၃)ပိုင်း ခွဲခြားထားပါသည်။

**မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများနှင့် မျိုးနွယ်စုများ**

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး အောက်ဖော်ပြပါ အဓိကပင်မလူမျိုး(၈)မျိုးနှင့် မျိုးနွယ်စုပေါင်း(၁၃၅)မျိုး မှီတင်း နေထိုင်ကြပါသည်-

| စဉ် | လူမျိုးအမည် | မျိုးနွယ်စုပေါင်း |
|---|---|---|
| ၁။ | ကချင် | (၁၂)မျိုး |
| ၂။ | ကယား | (၉)မျိုး |
| ၃။ | ကရင် | (၁၁)မျိုး |
| ၄။ | ချင်း | (၅၃)မျိုး |
| ၅။ | မွန် | ၁ မျိုး |
| ၆။ | ဗမာ | ၉ မျိုး |
| ၇။ | ရခိုင် | ၇ မျိုး |
| ၈ ။ | ရှမ်း | ၃၃ မျိုး |
| | **စုစုပေါင်း** | **၁၃၅ မျိုး** |

တိုင်းရင်းသားပေါင်းစုံမှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံသည်အရှေ့တောင်အာရှတွင် ဒုတိယအကြီးဆုံးနိုင်ငံဖြစ်သည့်အလျောက် ကမ္ဘာပေါ်တွင် လူဦးရေ အများဆုံးနိုင်ငံကြီးများမှ မျက်စိကျနေသည့် ပထဝီဝင်အနေအထား ကောင်းမွန်သောနိုင်ငံ ဖြစ်နေသည့်အတွက် မိမိတို့ တိုင်းရင်းသားအချင်းချင်း အထူးစည်းလုံးညီညွတ်မှုရှိရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ပါသည်။

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြိုကွဲစေသည့် အကြောင်းအရင်းများ**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြိုကွဲစေသည့် အကြောင်းအရင်းများကို လေ့လာကြည့်မည်ဆိုပါကအောက်ဖော်ပြပါ အချက်(၈)ချက်ကြောင့်ဟု စိစစ်တွေ့ရှိရပါသည်-

- အတိတ်နိုင်ငံရေး သမိုင်းနောက်ခံဖြစ်စဉ်၊ ဖြစ်ပျက်ခဲ့မှု အဓိကပြဿနာမှာ နယ်ချဲ့ကိုလိုနီများနှင့် ၎င်းတို့၏ အလိုတော်ရိ နိုင်ငံကြီး/ငယ်များကြောင့်ဖြစ်ခြင်း။
- တစ်ဖက်စွန်းရောက် ဘာသာရေးအမြင်များ။
- တစ်ဖက်စွန်းရောက် လူမျိုးရေးအမြင်များ။

- ချစ်ခြင်းမေတ္တာလျော့နည်းမှုနှင့် အမုန်းစကားကို ဦးစားပေးမှုများ။
- အမျိုးသားပြန်လည်သင့်မြတ်ရေး အားနည်းမှု။
- ဘာသာ၊ စာပေ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ် ထုံးတမ်းဓလေ့အစဉ်အလာ စရိုက်လက္ခဏာများကို တန်ဖိုးမထားမှု၊ ထိခိုက်နစ်နာစေမှုများ။
- လူမှုစီးပွားအဆင့်အတန်း လွန်စွာကွာဟစေမှုများ။
- အချို့သော နိုင်ငံသားများ မျိုးချစ်စိတ်ဓာတ်ရှင်သန်မှု ကင်းမဲ့ခြင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်မရှိခြင်း။

**ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းရင်းသားများ၏ ဝိသေသလက္ခဏာ**

ပြည်ထောင်စုကြီး ထာဝစဉ်အစွန့်ရှည် တည်တံ့စေရန်အလို့ငှာ ပြည်ထောင်စုမြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအကြား၌ အောက်ဖော်ပြပါ ဝိသေသလက္ခဏာများရှိနေကြရန် အလွန်ပင် အရေးကြီးလှပေသည်–

- ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ ထာဝရ ရေရှည်အစွန့်ရှည် တည်တံ့ ခိုင်မြဲစေလိုသည့် စိတ်ဓာတ်။
- တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်ပြီး ပြည်ထောင်စုကြီးကို ငြိမ်းချမ်းလုံခြုံစေသည့် စိတ်ဓာတ်။
- ပြည်ထောင်စုကြီးကို အဘက်ဘက်မှဘက်စုံဖွံ့ဖြိုးတိုးတက်စေလိုသည့်စိတ်ဓာတ်။
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မြဲစေရန် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထက်မြက်ထွန်းကားပြန့်ပွားကိန်းဝပ်နေရန် အထူးလိုအပ်ခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အနှစ်သာရပေါ်လွင်လျက် အစွန့်ရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရေး အောက်ပါအချက်များ ရရှိရန် အထူးလိုအပ်မည်ဖြစ်ပါသည်–

- ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်နေမှု။
- ပြည်ထောင်စုတိုင်းရင်းသား စည်းလုံးညီညွတ်မှု။
- ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ထားရှိနိုင်မှု။
- ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ချစ်ကြည်လေးစား ခင်မင်စွာဖြင့် ထာဝရ လက်တွဲ ပေါင်းသင်းဆက်ဆံနေထိုင်နိုင်မှု။

**ပြည်ထောင်စုစိတ်ဓာတ်နှင့်လွတ်လပ်ရေး**

ယင်းသို့ ပြည်ထောင်စုစိတ်ဓာတ်ထားရှိရန်နှင့် စစ်မှန်သောမျိုးချစ်စိတ်ရှင်သန် ထက်မြက်ရန်ဟူသည့် အပိုင်း(၂)ပိုင်းပေါ်အခြေခံကာ ပြည်ထောင်စုစိတ်ဓာတ် ထုတ်ဖော်ပြသနိုင်ခဲ့၍ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ အထင်အရှားပင်ဖြစ်ပေသည်။ ဗြိတိသျှအင်္ဂလိပ်တို့က မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရာ၌ တောင်တန်းဒေသနှင့် ပြည်မကို တစ်ပြိုင်နက် ရယူပေးနိုင်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များ စုပေါင်းညီညာစွာဖြင့်ဆောင်ရွက်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့သည် မြန်မာ့လွတ်လပ်ရေးအတွက်တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အနှစ်သာရပြည့်ဝစွာသက်သေပြမော်ကွန်းတင်လျက် ပင်လုံစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ရရှိခဲ့ပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့ပါသည်။ ပင်လုံစာချုပ်တွင် ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသည့် လူထုခေါင်းဆောင်(၂၃)ဦးသည် သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ(၄) ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးရရှိခဲ့သည်။

**ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရန် အထူးလိုအပ်ပြီး ယင်းပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးသည် အောက်ဖော်ပြပါ အချက်များအပေါ်တွင် မူတည်လျက်ရှိမည်ဖြစ်ပါသည်-

- စစ်မှန်သော မျိုးချစ်စိတ်သည် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထက်မြက်ရေး၊
- ပြည်ထောင်စုတိုင်းရင်းသားများအားလုံး တစည်းတလုံး တညီတညွတ်တည်း ရှိနေခြင်း၊ အမိမြေ၊ အမိမြန်မာနိုင်ငံတော်ကို ချစ်ခင်မြတ်နိုးတန်ဖိုးထားပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးရေးအတွက် အမျိုးစောင့်(ဝံသာနုရက္ခိတ)အပေါ်တွင် အခြေတည်လျက် စုစည်းညီညွတ်စွာအားထုတ်ခြင်း၊
- ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းလို စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသည့် သဘောထားခံယူချက်ရှိသည့် စိတ်ဓာတ်၊
- တိုင်းရင်းသားအားလုံးသည် ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများ ဖြစ်သည်ဟု ခံယူထားရှိသည့် စိတ်ဓာတ်၊

- နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် တစ်လေ့တည်းစီး၊ တစ်ခရီးတည်းသွားနေကြသူများဖြစ်သည်ဟု ခံယူသည့်စိတ်ဓာတ်။
- တစ်ဦးမှာ အရေးကြုံလျှင် တစ်ဦးက မပစ်ပယ်ဘဲ တလုံးတစည်း ပူးပေါင်း ရင်ဆိုင်ဖြေရှင်းလိုသည့်စိတ်ဓာတ်။
- အရေးကြီးရင် သွေးနီး၊ သွေးစည်းရမည်ဟု ခံယူထားရှိသည့်စိတ်ဓာတ်။
- တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တစ်အူထုံ့ဆင်း အေးအတူပူအမျှ ဥမကွဲ၊ သိုက်မပျက်တစ်သွေးတည်း၊တစ်သားတည်းဖြင့်ချစ်ခင်ရင်းနှီးပေါင်းစည်းနေထိုင်ခြင်းစိတ်ဓာတ်။
- ပြည်ထောင်စုသားတိုင်းရင်းသား ညီအစ်ကို၊ မောင်နှမများအားလုံးက တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီပြီးညီညာစွာ အချင်းချင်း အပြန်အလှန် ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်မည်ဟူသော ခိုင်မာသည့် သန္နိဋ္ဌာန်စိတ်ဓာတ်။

**စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး**

ပြည်ထောင်စုစိတ်ဓာတ်နှင့်စစ်မှန်သောမျိုးချစ်စိတ်ဓာတ်တို့သည် အညမည သဘောအရအပြန်အလှန် အကျိုးပြုနေကြသဖြင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအတွက် စစ်မှန်သောမျိုးချစ်စိတ် ရှိရန်လိုအပ်သကဲ့သို့ အပြန်အလှန်အားဖြင့် စစ်မှန်သော မျိုးချစ်စိတ်ရှိရန် တိုင်းရင်းသားများအကြား ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ကိန်းအောင်းရှင်သန်နေဖို့ လိုအပ်မည်ဖြစ်ပါသည်။ ယင်းသို့ အပြန်အလှန်ဆက်စပ်နေမှုများကြောင့် ဖော်ပြထားသည့် အကြောင်းအရာ အချက်အလက်များသည် ထပ်ကောင်းထပ်နေနိုင်ပါသည် -

- မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာ၊ စာပေယဉ်ကျေးမှု၊ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်၊ တိုင်းပြည်နှင့်လူမျိုးကို ထိပါက မချိအောင်နာသည့် စိတ်ဓာတ်။
- တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်အပေါ်မှာ အခြေခံပြီး မိမိတို့နိုင်ငံကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်။

- အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ချစ်မြတ်နိုးလေးစားသည့်စိတ်ဓာတ်။
- နိုင်ငံတော်ရဲ့ ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်လိုသည့် မွန်မြတ်သည့် စိတ်ရင်းစေတနာမှန်စိတ်ဓာတ်။
- ပြည်ထောင်စု၏မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်။

စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရရှိရေးအတွက် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃ ၌ "နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်။" ဟု အလေးပေး ပြဋ္ဌာန်းထားရှိသည်ကို တွေ့မြင်နိုင်ပါသည်။

**ဖွံ့ဖြိုးတိုးတက်ရေးသည်အဓိက**

တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ရေးတို့အတွက် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ဒေသတည်ငြိမ်အေးချမ်းရေးရှိရန်လိုအပ်ပါသည်။ ဒေသတည်ငြိမ်အေးချမ်းစေဖို့ ငြိမ်းချမ်းရေးမရှိဘဲဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံတိုင်းရင်းသားတို့၏ ယုံကြည်ကိုးစားမှုကိုရရှိနိုင်၍ တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှုဖြစ်ထွန်းစေနိုင်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေး နှင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့သည် သဟဇာတအပြန်အလှန်အားဖြင့် အညမညဖြစ်နေပါသည်။ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ-

- လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊
- လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊
- ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး

အစရှိသည့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး အဓိကလုပ်ငန်း(၃)ခုကို ဆောင်ရွက်ရမှာဖြစ်ပါသည်။

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး**

တိုင်းရင်းသားဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက်ဒေသခံတိုင်းရင်းသားများ၏ အောက်ဖော်ပြပါ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင်သမျှ ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပါသည်-

- နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များကို အခြေခံပညာအလယ်တန်းမှအထက်တန်းအထိ အခမဲ့ပညာ သင်ကြားပေးခြင်း။
- အခြေခံပညာအထက်တန်း အောင်မြင်သည့် တိုင်းရင်းသားလူငယ်များကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၊ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များတွင်အဆင့်မြင့်ပညာသင်ကြားပေးခြင်း၊
- အဆင့်မြင့်ပညာရပ်များ တတ်မြောက်ပြီးချိန်တွင် ဝန်ကြီးဌာနအသီးသီး၌ တာဝန်ခန့်အပ်၍ မိမိဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခွင့်ရရှိစေခြင်း။
- တိုင်းရင်းသူအမျိုးသမီးများအားအိမ်တွင်းမှုသက်မွေးပညာရပ်များသင်ကြားပေးခြင်းနှင့် ကိုယ်ပိုင်စီးပွားရေးထူထောင်နိုင်သည်အထိ ပံ့ပိုးဆောင်ရွက်ပေးခြင်း။
- တိုင်းရင်းသားများအား စက်မှုလက်မှုပညာရပ်များသင်ကြားပေးခြင်းနှင့် အသေးစားကုန်ထုတ်လုပ်ငန်းများနှင့်အသေးစားစက်လက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေခြင်း။
- တိုင်းရင်းသားလူမျိုးများ ဗဟုသုတတိုးပွားစေရေး၊ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များချမှတ်ပေးခြင်း။
- တိုင်းရင်းသားအချင်းချင်း တစ်ဦး၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို တစ်ဦးက နားလည်၍ ရင်းနှီးချစ်ကြည်စေပြီး ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲလာစေခြင်း။
- တိုင်းရင်းသားလူမျိုးများ၏သဘောဆန္ဒနှင့်အညီတိုင်းရင်းသားလူမျိုးရေးရာကိစ္စရပ်များကို အလေးထား ဆောင်ရွက်ခြင်း။

## တိုင်းရင်းသားလူငယ်များ၏လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ (စစ်ကိုင်းမြို့)ကို စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၌ ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ရွာသစ်ကြီးသို့ ၁၉၆၈ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။ ထို့နောက် ၁၉၉၁ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဟူ၍ တက္ကသိုလ်အဆင့် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။ ထို့ပြင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)ကို၂၀၀၀ ပြည့်နှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင်လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)ကို ၂၀၁၄ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)(ယခင်ကလှိုင်မြို့နယ်၊ ကမာရွတ် ဘူတာရုံလမ်း (ကျားကျောင်းဝင်းအတွင်း) မှ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်သို့ ပြောင်းရွှေ့ဖွင့်လှစ်)ကို ၂၀၀၀ ပြည့်နှစ် ဇွန်လ ၁၅ ရက်နေ့တွင်လည်းကောင်း တက္ကသိုလ်နှင့် ဒီဂရီကောလိပ် အသီးသီးကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားလူငယ်များအတွက် ရည်ရွယ်ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါသည်။

## လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး

တိုင်းရင်းသားများ၏လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးနေသကဲ့သို့ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ အစရှိသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက်အဓိကတာဝန်ယူဆောင်ရွက်ပေးနေသည့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့သည် နှစ်စဉ်စီမံကိန်း စနစ်တကျချမှတ်၍ တိုင်းရင်းသားဒေသများအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်–

- လမ်းတံတားလုပ်ငန်း(ကျေးရွာချင်းဆက်၊ မြို့နယ်ချင်းဆက်၊ ခရိုင်ချင်းဆက်လမ်းများ အထူးသဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ)
- ရေရရှိရေးလုပ်ငန်း(စိုက်ပျိုးရေ၊ သောက်သုံးရေ)
- လျှပ်စစ်ဓာတ်အားလုပ်ငန်း(ရေအား၊ ဆိုလာစွမ်းအားစနစ်)

- သာသနာရေးလုပ်ငန်း
- ငြိမ်းချမ်းရေးလုပ်ငန်းအတွက် တည်ဆောက်မှုလုပ်ငန်း
  - လမ်း/တံတားလုပ်ငန်း
  - ပညာရေးလုပ်ငန်း
  - ကျန်းမာရေးလုပ်ငန်း
  - အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း
- နယ်စပ်ဒေသများ၌ ဘိန်းစိုက်ပျိုးခြင်းအစား စိုက်ပျိုးမွေးမြူရေးနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ထူထောင်ပေးခြင်း၊
- တိုင်းရင်းသားလူမျိုးများရေးရာနှင့်သက်မွေးမှုပညာသင်တန်းစင်တာများဖွင့်လှစ်ပေးခြင်း။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို ကာကွယ်သည့် ဥပဒေ၊ နည်းဥပဒေများကို ပေါ်ထွန်းနိုင်ရေးဆောင်ရွက်ခဲ့ရာတွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် တိုင်းရင်းသားများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် တိုင်းရင်းသားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ အဆိုပါဥပဒေနှင့်အညီ တိုင်းရင်းသားရေးရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနတစ်ခုဖြစ်သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ပါသည်။

**တိုင်းရင်းသားမျိုးနွယ်စုများ၏စာပေ၊ယဉ်ကျေးမှုပိုင်းဆိုင်ရာဖွံ့ဖြိုးရေးအတွက်အဓိကလိုလားချက်**

တိုင်းရင်းသားလူမျိုးများ၏ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေသကဲ့သို့ မိမိလူမျိုးများ ထာဝစဉ်အရှည်တည်တံ့ခိုင်မြဲစွာနေစေရန်နှင့် ရိုးရာ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးသည်တိုင်းရင်းသားလူမျိုးများအားလုံး၏တာဝန်ဖြစ်ပေသည်။ သို့ဖြစ်ရာ တိုင်းရင်းသားလူမျိုးအလိုက် စာပေ၊ ယဉ်ကျေးမှုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေနှင့် ယဉ်ကျေးမှုအသင်းများက တက်ကြွစွာဆောင်ရွက်နေပြီး ၎င်းတို့၏ အဓိကလိုလားချက်များ အနေဖြင့် မျိုးနွယ်စုအလိုက် ရုံး၊ ဌာနချုပ်နှင့် ယဉ်ကျေးမှုဗိမာန်ပြတိုက် ထားရှိတည်ဆောက်

နိုင်ရန် နိုင်ငံတော်မှဘတ်ဂျက်ငွေများရေးဆွဲ၍ ကူညီထောက်ပံ့နိုင်ရေး၊ တိုင်းရင်းသားဘာသာစကား၊ စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာ စာအုပ်စာတမ်းများကို နိုင်ငံတော်အစိုးရ ဘတ်ဂျက်ငွေဖြင့် တရားဝင် ပုံနှိပ်ထုတ်ဝေဖြန့်ချိခွင့်ပြုနိုင်ရေး၊ သက်ဆိုင်ရာ ရိုးရာဘာသာစကားနှင့် စာပေများကို နိုင်ငံတော်မှထုတ်ပြန်ထားရှိသောဥပဒေနှင့်အညီမူလတန်းအဆင့်ထိ ကျောင်းစာသင်ချိန်၌ တရားဝင်ထည့်သွင်း ခွင့်ပြုသင်ယူနိုင်စေရေးနှင့် တိုင်းရင်းသားစာပေ သင်ကြားပေးနေသည့် ဆရာ၊ဆရာမများအား ပညာရေးဝန်ထမ်းအဖြစ် ဥပဒေနှင့်အညီ တရားဝင်ခန့်အပ် တာဝန်ပေးခွင့်ပြုနိုင်ရေး၊ နိုင်ငံတော်အစိုးရမှ တိုင်းရင်းသားဘာသာစကား၊ စာပေနှင့်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာနှင့် သမိုင်းအမွေအနှစ် ဖွံ့ဖြိုးတိုးတက်ရေးများကို တရားဝင်နှစ်စဉ် ဘတ်ဂျက်ငွေများ ချမှတ်ပေးနိုင်ရေး (ဥပမာ-ကောက်သစ်စားပွဲတော်နှင့်နေ့ထူးနေ့မြတ် ရိုးရာအကပွဲတော်များ ကျင်းပရန်)၊ တိုင်းရင်းသားမျိုးနွယ်စု စာပေ၊ ယဉ်ကျေးမှုအဖွဲ့ချုပ်များသို့ နိုင်ငံတော်အစိုးရမှ သင့်လျော်သည့် ဘတ်ဂျက်ရန်ပုံငွေများ သတ်မှတ်ခွင့်ပြုချမှတ် ထောက်ပံ့ပေးနိုင်စေရေး၊ တိုင်းရင်းသားလူမျိုးများ(မျိုးနွယ်စု)တို့၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများကို တရားနည်းလမ်း မှန်ကန်ညီညွတ်မျှတစွာဖြင့် နိုင်ငံတော်မှထုတ်ပြန်သော ဥပဒေနှင့်အညီ အကာအကွယ် ပေးနိုင်စေရေးအစရှိသည့် ကိစ္စရပ်များပင်ဖြစ်သည်။

**ငြိမ်းချမ်းရေးအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် သဘောထားအမြင်များ**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် အဓိကအားဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် အထူးလိုအပ်ပါသည်။ ငြိမ်းချမ်းရေးသည် ချစ်ခြင်းမေတ္တာထားရှိမှု၊ အမုန်းမပွားမှု၊ လွတ်လပ်မှု၊ သက်သောင့်သက်သာဖြစ်မှု၊ လူတစ်ဦးချင်းစီ၏ လွတ်မြောက်မှု၊ လုံခြုံမှု အစရှိသဖြင့် အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုခဲ့ကြသည်။ ငြိမ်းချမ်းရေးသည် ပဋိပက္ခများကို အကြမ်းဖက်မှုအသွင်မဖြစ်စေရန်၊ ငြိမ်းချမ်းသောနည်းလမ်းဖြင့်ဖြေရှင်း၍ ရင်းနှီးသော ဆက်ဆံရေးရှိသည့် အဖွဲ့အစည်းများအကြား၌ ပဋိပက္ခအနည်းဆုံးဖြစ်ပေမည်။ ငြိမ်းချမ်းရေးကိုတက်ကြွစွာပူးပေါင်းဆောင်ရွက်မှုနှင့် ယုံကြည်မှု ရယူနိုင်ခြင်းမှတစ်ဆင့် အကြမ်းဖက်မှု အနိဋ္ဌာရုံများ ကင်းစင်သောအရာကို တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ ပဋိပက္ခဒေသများတွင် နေထိုင်သူများအဖို့ ငြိမ်းချမ်းရေးသည် ပစ်ခတ်မှုများနှင့် အသက်အန္တရာယ်ခြိမ်းခြောက်ခံရမှုများ ရပ်တန့်သွားခြင်းပင်ဖြစ်သည်။ မတူကွဲပြားမှုကို လက်ခံပြီး ကွဲပြားမှုအကြား နေထိုင်ခြင်းပင်ဖြစ်သည်။ ဘုံတူညီချက်များကို အခြေခံကာ

အနာဂတ်ကို တည်ဆောက်ခြင်းဖြစ်သည်။ နိုပ်စက်ညှဉ်းပန်းမှုကို ကြောက်ရွံ့ရခြင်းမှ ကင်းဝေးပြီး အသက်ရှင် နေထိုင်ခြင်းပင်ဖြစ်သည်။

**ဒေသတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်စေရေး**

မြန်မာနိုင်ငံသည်ပြည်ပနိုင်ငံအချို့၏သွေးထိုးလှုံ့ဆော်မှုကြောင့် ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများအကြား ငြိမ်းချမ်းရေးဆိုသည့်စကားလုံးနှင့် အလှမ်းကွာဝေးနေရပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးခဲ့ရပေသည်။ သို့ပါ၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အစိုးရအဆက်ဆက်အလေးပေးဆောင်ရွက်ခဲ့ကြသည်။ ယခင်သမ္မတ ဦးသိန်းစိန် ဦးဆောင်သောအစိုးရအဖွဲ့တာဝန်ယူဆောင်ရွက်စဉ်ကပင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ၌ ပြည်တွင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းပေါင်းများစွာရှိရာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအနေဖြင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အပစ်အခတ်ရပ်စဲထားသောအဖွဲ့အစည်းများသာမက အပစ်အခတ်ရပ်စဲထားခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများကျင်းပနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါသည်။ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများမှတစ်ဆင့် **တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် "Nationwide Ceasefire Agreement(NCA)"**ကို နိုင်ငံတော်အမိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း(၈)ဖွဲ့အကြား ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့၌ နှစ်ဦးနှစ်ဖက် အောင်မြင်စွာလက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်၌ ငြိမ်းချမ်းရေးလမ်းစဉ်ကို ဦးတည်သည့်ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ခဲ့သည်။ တပ်မတော်ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကို ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်အဖွဲ့ဝင်(၆)ဦးဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ

အကြား ငြိမ်းချမ်းရေးရရှိရန် ရည်ရွယ်၍ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၀ ရက်နေ့တွင် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ် ကြေညာခဲ့သော (AA) ARAKAN Army ကို ၂၀၂၁ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် အကြမ်းဖက် အုပ်စုအဖြစ်မှ ပြန်လည်ရုပ်သိမ်းပေးခဲ့သည့်အပြင် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၇) ဖွဲ့မှ ဆက်စပ်သူ (၁၁၄) ဦးကို အမှုပိတ်သိမ်းပေးခဲ့ပါသည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တို့အကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်နိုင်ရန်အလို့ငှာ ၂၀၂၁ ခုနှစ် ၊ ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်(၆၉/၂၀၂၁)ဖြင့် **"အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုကော်မတီ National Solidarity and Peace-Making Central Committee(NSPMCC)"** ကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၁၈၃/၂၀၂၁)ဖြင့် **"အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ National Solidarity and Peace-Making Working Committee(NSPMWC)"** ကိုလည်းကောင်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရန်နှင့်လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးတို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ငြိမ်းချမ်းရေးနဲ့ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်း၌ **"၇၅ နှစ် ကာလကြာပြီဖြစ်တဲ့ လွတ်လပ်ရေးရဲ့အနှစ်သာရများကို တိုင်းရင်းသားပြည်သူများ အပြည့်အဝမခံစားရသေးတာကိုလည်း လက်ရှိပကတိဖြစ်ရပ်များကို ပြဆိုနေပါတယ်။ အဓိကအကြောင်းအရာကတော့ သဘောထားကွဲလွဲမှုများအပေါ်မှာ အခြေခံပြီးဖြစ်ပေါ်လာခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများကြောင့်ပဲဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ဖြေရှင်းနိုင်မှသာ ဒီမိုကရေစီရဲ့ အနှစ်သာရ လွတ်လပ်ရေး အနှစ်သာရကို အပြည့်အဝခံစားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီ ၂၀၂၂ ခုနှစ်ဟာ ငြိမ်းချမ်းရေးနှစ်ဖြစ်ကြောင်းနဲ့ တစ်နိုင်ငံလုံးမှာ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမယ်လို့ ကျွန်တော် ပြောခဲ့ပါတယ်။ ဒါကိုလက်တွေ့ကျကျထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့လိုအပ်တဲ့အတွက်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။ အဖွဲ့များအားလုံးကို**

ကျွန်တော်ကိုယ်တိုင်တွေ့ပါမယ်။ ပြီးလို့ရှိရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကိုယ်စားလှယ်အဖွဲ့များနဲ့ ဆွေးနွေးမှုများပြုလုပ်သွားပါမယ်။ လိုအပ်ရင်လည်းထပ်မံဆွေးနွေးမှု တွေကိုလည်း ပြုလုပ်သွားပါမယ်။ ဒီဆွေးနွေးပွဲကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အသီးသီးရဲ့ ခေါင်းဆောင်များကိုယ်တိုင်နဲ့ အဖွဲ့ဝင် ၂ ဦးစီ တက်ရောက်ပေးကြပါ။ တက်ရောက်မယ့် သူပုဂ္ဂိုလ်များရဲ့ အမည်ကို ၂၀၂၂ ခုနှစ် မေလ ၉ ရက်နေ့ နောက်ဆုံးထားပြီး ပြန်ကြားပေး ကြစေလိုပါတယ်" ဟု ပြောကြားခဲ့ပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုး တိုးတက်မှုရဲ့ အရသာကိုခံစားနိုင်ရေး၊ အားလုံးလက်တွဲပြီး ရိုးသားပွင့်လင်းစွာ ဆွေးနွေးသွားမည် ဖြစ်ကြောင်းနှင့် ပြည်ထောင်စုသားအားလုံးရဲ့ အကျိုးကိုရှေးရှုပြီး ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းထားပြီး နိုင်ငံတော်အကြီးအကဲ ပြောကြားသည့်မိန့်ခွန်းသည် ငြိမ်းချမ်းရေးအနှစ်သာရကို ပြည်သူအများ ခံစားရရှိစေချင်သည့် စိတ်ရင်းစေတနာအမှန်ပဲဖြစ်ပါတယ်။ နိုင်ငံတော်အကြီး အကဲ၏ ငြိမ်းချမ်းရေးဖိတ်ခေါ် ကမ်းလှမ်းချက်သည် မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်သမိုင်းတွင် တစ်ကြိမ်တစ်ခါမှ မရှိခဲ့ဘူးသည့် လိုက်လျောမှုများနှင့် ဖိတ်ခေါ်ခဲ့တာဖြစ်ပါသည်။

ငြိမ်းချမ်းရေးရရှိရန် စစ်ရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံ ဆွေးနွေးအဖြေရှာခြင်းဖြင့် စစ်မှန်သော လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်နိုင်ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် Nationwide Ceasefire Agreement (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက် သွားမည်ဆိုပါက အကြမ်းဖက်အဖွဲ့အစည်းများ ပပျောက်၍ စစ်မှန်၍ စည်းကမ်းပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်မည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို တည်ဆောက်သွားနိုင်မှာ ဖြစ်ပါသည်။

NCA စာချုပ်သည် ပြည်တွင်းနိုင်ငံအတွင်းရှိ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက သဘောတူညီချက်ရရှိထားပြီး ကမ္ဘာ့ကုလသမဂ္ဂနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ပြည်တွင်းဂုဏ်သရေရှိ အကြီးအကဲများတို့မှ သက်သေအဖြစ် လက်မှတ် ရေးထိုးထားရှိကာ ခိုင်မာသော ငြိမ်းချမ်းရေးအနှစ်သာရ အာမခံရှိသော စာချုပ်ပင်ဖြစ်ပေသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထိခိုက်စေနိုင်သည့် ယုံကြည်မှုမရှိခြင်း(သို့မဟုတ်) အားနည်းခြင်း၊ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများ များပြားခြင်းနှင့် ထွက်ပေါက်များပြားလှသော နယ်စပ်ဒေသနေရာများရှိခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွေ့အကြုံ နည်းပါးခြင်း၊ တွေ့ဆုံဆွေးနွေးခြင်း၏ သဘောသဘာဝများကို နားလည်မှုအားနည်းခြင်း၊ ခေါင်းဆောင်များအကြား သဘောထားကြီးမှု ရှိရန်လိုအပ်ခြင်း၊ အပြစ်တင်ခြင်းနှင့် အမုန်းစကားများလွှန်းနေခြင်း၊ ဆက်သွယ်ဆောင်ရွက်ရန်ခက်ခဲခြင်းနှင့် အပြောနှင့်အလုပ်လက်တွေ့ကျပြီး ကတိသစ္စာရှိရန်လိုအပ်ခြင်း အစရှိသည်တို့အတွက် ပိုမိုထိရောက် ကောင်းမွန်သောနည်းလမ်းများဖြင့် ပိုင်းဝန်း၍ စဉ်ဆက်မပြတ် တွေ့ဆုံညှိနှိုင်း စုပေါင်းအဖြေရှာ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေပါသည်။

**"ပြည့်အင်အားသည်ပြည်တွင်းမှာသာရှိသည်"** ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမျှော်လင့်နေသည့် ငြိမ်းချမ်းရေးရရှိရန် ပြည်ပနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုကင်းစွာဖြင့် တိုင်းရင်းသားအချင်းချင်း မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်ဖြင့် အမြင်ချင်းဖလှယ် ညှိနှိုင်းဆွေးနွေးကြမည်ဆိုပါက အောင်မြင်မှုသည် လက်တစ်ကမ်းအကွာတွင်သာရှိပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးတို့သည် သုံးမြှောင့်တြိဂံကဲ့သို့ တစ်ခုနှင့်တစ်ခု အပြန်အလှန် အညမည ဖြစ်နေကြပေသည်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားများအချင်းချင်း စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ဆက်လက်ပြီး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါ ဒေသတွင်းနိုင်ငံများအနက် မဟာဗျူဟာကျသည့် ပြည်ထောင်စုမြန်မာနိုင်ငံသည် တစ်ဟုန်ထိုးအလျင်အမြန်ဖွံ့ဖြိုးတိုးတက် လာမည်မှာ မလွဲကေန်ပင်ဖြစ်ပေါ်လာပြီး နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမှ မျှော်လင့်တောင့်တနေသော တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် သာယာဝပြောသောတိုင်းရင်းသားလူမျိုးများအားလုံး၏ ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

**J.P နော်တောင်**



(၂.၂.၂၀၂၃) ရက်နေ့
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊
အစည်းအဝေးခန်းမတွင်ကျင်းပပြုလုပ်သည့်
ပြည်ထောင်စုဝန်ကြီး Jeng Phang
နော်တောင်နှင့်
ဝန်ထမ်းများတွေ့ဆုံပွဲအခမ်းအနား




(၇.၂.၂၀၂၃) ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အဝေရာမီးပုံးပျံကွင်းတွင် ပြုလုပ်သည့် (၇၅) နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့အခမ်းအနား

(၃.၃.၂၀၂၃ မှ ၄.၃.၂၀၂၃) ရက်နေ့တွင် ဝိုင်းမော်မြို့နယ်၊ ဒိန်ကျေးရွာအုပ်စု၊ ခကွမ်ကျေးရွာ၊ လာချိဒ်ရိုးရာမနောကွင်းဝင်းတွင် ပြုလုပ်သည့် လာချိဒ်ရိုးရာမှခ်ဦး၊ မနောအိမ်တော်နှင့် မနောပွဲတော် ဖွင့်ပွဲအခမ်းအနား







(၃.၃.၂၀၂၃ မှ ၄.၃.၂၀၂၃) ရက်နေ့တွင် ပိုင်းမော်မြို့နယ်၊ ဒိန်ကျေးရွာအုပ်စု၊ ခကွမ်ကျေးရွာ၊ လာချိဒ်ရိုးရာမနောကွင်းဝင်းတွင် ပြုလုပ်သည့် လာချိဒ်ရိုးရာမုခ်ဦး၊ မနောအိမ်တော်နှင့် မနောပွဲတော် ဖွင့်ပွဲ အခမ်းအနား




(၇.၃.၂၀၂၃ မှ ၃၁.၃.၂၀၂၃) ရက်နေ့ထိ ဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၂၃) အခမ်းအနား (နေပြည်တော်)




(၇.၃.၂၀၂၃ မှ ၃၁.၃.၂၀၂၃) ရက်နေ့ထိ ဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၂၃) အခမ်းအနား (နေပြည်တော်)



(၁၃.၃.၂၀၂၃ မှ ၁၇.၃.၂၀၂၃) ရက်နေ့ထိ
ဖွင့်လှစ်သည့်
လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု
နည်းပညာသင်တန်း
အခမ်းအနား(နေပြည်တော်)





(၁၉.၃.၂၀၂၃) ရက်နေ့တွင် မောရဝတီပန်းခြံတွင်ပြုလုပ်သည့် (၄၉) ကြိမ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနား

## (၃၀.၃.၂၀၂၃) ရက်နေ့ (၇) နှစ်မြောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန နှစ်ပတ်လည်နေ့အခမ်းအနား (နေပြည်တော်)









## (၁၆.၅.၂၀၂၃ မှ ၂၂.၅.၂၀၂၃) ရက်နေ့အထိ ကျင်းပပြုလုပ်သည့် ယဉ်ကျေးလိမ္မာသင်တန်း အခမ်းအနား






(၂၆.၈.၂၀၂၃) ရက်နေ့ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) တွင် ကျင်းပပြုလုပ်သည့်
ကရင်ရိုးရာဝါခေါင်လလက်ချည်ပွဲ အခမ်းအနား









(၂၆.၈.၂၀၂၃) ရက်နေ့ ဧရာဝတီတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးတွင်
တိုင်းရင်းသားစာပေယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် ဝန်ထမ်းများတွေ့ဆုံပွဲအခမ်းအနား





## (၂၆.၈.၂၀၂၃) ရက်နေ့ ဧရာဝတီတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးတွင် တိုင်းရင်းသားစာပေယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် ဝန်ထမ်းများတွေ့ဆုံပွဲအခမ်းအနား





(၂၇.၈.၂၀၂၃) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးတွင်ပြုလုပ်သည့်
တိုင်းရင်းသားစာပေယဉ်ကျေးမှုအသင်းအဖွဲ့များနှင့်
ဝန်ထမ်းများတွေ့ဆုံပွဲအခမ်းအနား









(၆.၉.၂၀၂၃) ရက်နေ့ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ ပြခန်းစစ်ဆေးနေပုံ (နေပြည်တော်)





(၂၉.၈.၂၀၂၃ မှ ၃၀.၈.၂၀၂၃) ရက်နေ့ ရှမ်းပြည်နယ်(ညွှန်ကြားရေးမှူးရုံးဝန်ထမ်းများနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအားစစ်ဆေး)



(၂၃.၉.၂၀၂၃) ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးတွင် ပြုလုပ်သည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲ အခမ်းအနား







(၂၄.၉.၂၀၂၃) ရက်နေ့
ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)
ဆိပ်ခံဖောတံတားစစ်ဆေးပုံ



# မြန်မာ့ပထဝီနိုင်ငံရေး ကမ္ဘာ့ပထဝီနိုင်ငံရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်




စွာဦးမောင်မာန်အောင်ဇ

**မြန်မာနိုင်ငံပထဝီ**

ကမ္ဘာ့အလယ်တွင် ရွှေနိုင်ငံဟု တင်စားခေါ်ဝေါ်ကြသည့် အမိမြန်မာနိုင်ငံတော်သည် ပထဝီအနေအထားအရ အာရှတိုက်၏ တောင်ပိုင်း၊ မြောက်လတ္တီတွဒ် - ၉ ဒီဂရီ ၃၂ မိနစ် မှ ၂၈ ဒီဂရီ ၃၁ မိနစ်ထိ၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ်မှ ၁၀၁ ဒီဂရီ ၁၁ မိနစ်ထိတွင် တည်ရှိပါသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများမှာ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်တွင် လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့ တည်ရှိပြီး အနောက်ဘက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ တည်ရှိပါသည်။ တောင်ဘက်တွင် ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော် ရှိပါသည်။

မြန်မာနိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း (၂၆၁၂၂၈) မိုင်ရှိပြီး၊ အရှေ့နှင့် အနောက် (၅၈၂)မိုင်၊ တောင်နှင့်မြောက် (၁၂၇၅) မိုင် ကျယ်ဝန်းပါသည်။ လက်ရှိ မြန်မာနိုင်ငံ၏ လူဦးရေမှာ သန်း (၅၀) ကျော်ရှိပြီး၊ မြို့ပြလူဦးရေ (၂၉.၆) ရာခိုင်နှုန်း၊ ကျေးလက်လူဦးရေ (၇၀.၄) ရာခိုင်နှုန်း ရှိပါသည်။

မြန်မာနိုင်ငံတွင် စီးဆင်းသော ထင်ရှားသည့် မြစ်ကြီးများမှာ ဧရာဝတီမြစ် (၁၃၄၈) မိုင်၊ ချင်းတွင်းမြစ် (၇၅၀) မိုင်၊ စစ်တောင်းမြစ် (၂၆၁) မိုင်နှင့် သံလွင်မြစ် (၇၉၆) မိုင်တို့ ဖြစ်ပါသည်။

အလားတူ ပဲခူးမြစ်နှင့် စစ်တောင်းမြစ်ကို ဆက်သွယ်ထားသည့် ပဲခူး - စစ်တောင်းတူးမြောင်း (၃၈) မိုင်၊ ရန်ကုန်မြစ်နှင့် တိုးမြစ်ကို ဆက်သွယ်ထားသည့် တွံတေးတူးမြောင်းတို့ ရှိပါသည်။

မြန်မာနိုင်ငံ၏ အစွန်ဆုံးမြို့များမှာ မြောက်ဘက်တွင် ပန်နန်းဒင်၊ တောင်ဘက်တွင် ကော့သောင်း၊ အရှေ့ဘက်တွင် မိုင်းယောင်း၊ အနောက်ဘက်တွင် မောင်တောမြို့တို့ ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံရှိကျွန်းစုကြီးများမှာ ရခိုင်ပြည်နယ်ရှိ ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်း၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြိတ်ကျွန်းစုနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ပါဝင်သော ကိုကိုးကျွန်းစုတို့ တည်ရှိပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် အရေးပါသော ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်များမှာ ထားဝယ်ရေနက်ဆိပ်ကမ်း၊ ထားဝယ်စက်မှုဇုန်၊ သီလဝါစက်မှုဇုန်၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် ကျောက်ဖြူစက်မှုဇုန်တို့ ဖြစ်သည်။

### မြန်မာ့သမိုင်း

မြန်မာနိုင်ငံ၏ နောက်ခံရာဇဝင်သမိုင်းကို လေ့လာကြည့်မည်ဆိုပါက ပထမမြန်မာနိုင်ငံတော်ကို အနော်ရထာမင်းက (အေဒီ ၁၀၄၄-၁၀၇၇) တွင် တည်ထောင်ခဲ့ပြီး (အေဒီ ၁၀၄၄ မှ ၁၂၈၇) အထိ ပုဂံမင်းဆက် (၅၅) ဆက် ရှိခဲ့ကြသည်။

ထို့အတူ ဒုတိယမြန်မာနိုင်ငံတော်ကို ဘုရင့်နောင်မင်းတရားကြီးက (အေဒီ ၁၅၅၁-၁၅၈၁) တွင် တည်ထောင်ခဲ့ပြီး (အေဒီ ၁၅၅၁ မှ ၁၅၉၅) အထိ တောင်ငူမင်းဆက် (၈)ဆက် ရှိခဲ့သည်။

တတိယမြန်မာနိုင်ငံတော် အလောင်းမင်းတရား (အေဒီ ၁၇၅၂-၁၇၆၀) က တည်ထောင်ခဲ့ပြီး (အေဒီ ၁၇၅၂ မှ ၁၈၈၅) အထိ ကုန်းဘောင်မင်းဆက် (၁၁) ဆက် ရှိခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း ရှေးခေတ်ကာလမှ စတင်၍ တိုင်းရင်းသားလူမျိုး (၈) မျိုးနှင့် မျိုးနွယ်စုများ - (၁၃၅) မျိုးတို့ စုစည်းကာ မှီတင်းနေထိုင်ခဲ့ကြပါသည်။

### ကိုလိုနီကျွန်ဖြစ်ခဲ့ရသော စစ်ပွဲများ

မြန်မာနိုင်ငံ၏ အတိတ်သမိုင်းတွင် နယ်ချဲ့အင်္ဂလိပ်တို့နှင့် စစ်ပွဲ (၃) ကြိမ် ဖြစ်ပွားခဲ့ရာ အင်္ဂလိပ် - မြန်မာ ပထမစစ် (၁၈၂၄) ခုနှစ် (မြန်မာဘုရင်ဘကြီးတော်မင်း - အင်္ဂလိပ်ဘုရင်ခံ လော့အမ်းဟတ်)၊ အင်္ဂလိပ်-မြန်မာ ဒုတိယစစ် (၁၈၅၂) ခုနှစ် (မြန်မာဘုရင်ပုဂံမင်း - အင်္ဂလိပ်ဘုရင်ခံ လော့ဒါလဟိုဇီ)၊ အင်္ဂလိပ်-မြန်မာတတိယစစ် (၁၈၈၅) ခုနှစ် (မြန်မာဘုရင်သီပေါမင်း - အင်္ဂလိပ်ဘုရင်ခံ လော့ဒပ်ဖရင်) တို့ဖြစ်ပြီး မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝသို့ (၁၂၃) နှစ်တာကာလမျှ ကျရောက်ခဲ့ရပါသည်။

### မြန်မာ့ပထဝီနိုင်ငံရေး

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ အိမ်နီးချင်းနိုင်ငံ (၅) နိုင်ငံမှာ တရုတ်၊ အိန္ဒိယ၊ လာအို၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်တို့ ဖြစ်ကြပါသည်။




မြန်မာ့ပထဝီနိုင်ငံရေး အရေးပါပုံ

ယင်းတို့အနက် တရုတ်နိုင်ငံတွင် လူဦးရေ (၁၅၀၀) သန်းခန့်ရှိ၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်မှု (၁၃၅၇) မိုင်ရှိပြီး နျူကလီးယားလက်နက်ပိုင်ဆိုင်ထားသော အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံတွင် လူဦးရေ (၁၆၀၀) သန်းရှိ၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်မှုမှာ (၈၅၇) မိုင်ရှိပြီး နျူကလီးယားလက်နက်ပိုင်ဆိုင်ထားသော အိမ်နီးချင်းနိုင်ငံဖြစ်ပါသည်။

လာအိုနိုင်ငံတွင် လူဦးရေ (၇.၅၈) သန်းရှိ၍ နယ်နိမိတ်ထိစပ်မှု (၁၂၈) မိုင်ရှိပြီး မဲခေါင်မြစ်ကမ်းစပ်တစ်လျှောက် တည်ရှိသောနိုင်ငံ ဖြစ်ပါသည်။

ထိုင်းနိုင်ငံတွင် လူဦးရေ (၇၂) သန်းရှိပြီး၊ နယ်နိမိတ်ထိစပ်မှု (၁၃၁၄) မိုင် ရှိပါသည်။ အလားတူ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် လူဦးရေ (၁၇၃) သန်းရှိပြီး၊ နယ်နမိတ်ထိစပ်မှု (၁၅၂) မိုင်ရှိကာ လူဦးရေ ပေါက်ဖွားမှုနှုန်း မြင့်မားသည့် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

**မြန်မာ့ပထဝီနိုင်ငံရေး၏ ထူးခြားမှုများ**

မြန်မာနိုင်ငံသည် လူဦးရေပေါက်ဖွားမှုနှုန်းများသော တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် ထိစပ်နေသည်။ တရားမဝင် ဝင်ထွက်မှုများ ရှိနေသည်။ နျူကလီးယား ပိုင်ဆိုင်သည့်နိုင်ငံကြီး နှစ်နိုင်ငံကြားတွင် တည်ရှိနေသည်။ တပ်မတော်အင်အားကြီးမားသော နိုင်ငံကြီး (၃) နိုင်ငံနှင့်လည်း ထိစပ်နေသည်။




ကမ္ဘာ့သမုဒ္ဒရာကြီး (၄) စင်းအနက် စစ်ရေးနှင့် ကုန်သွယ်ရေးအတွက် အလွန်အရေးပါသော ပစိဖိတ်သမုဒ္ဒရာကြီးနှင့် အိန္ဒိယသမုဒ္ဒရာကြီးနှစ်ခုကြားတွင် ရှိနေသည်။ ထို့ကြောင့် ယနေ့ကမ္ဘာ့အရေးအခင်းတွင် မြန်မာနိုင်ငံသည် အရေးကြီးသော နေရာတွင် မဟာဗျူဟာအရ ရှိနေသည်။ ယနေ့ကမ္ဘာတွင် ဒုတိယကမ္ဘာစစ်အပြီး စစ်အေးကာလ မူဝါဒတိုက်ပွဲများတွင်လည်း မြန်မာနိုင်ငံသည် ကြားညပ်ခဲ့ရသည်။ (ဥပမာ - ကွန်မြူနစ်နှင့် အရင်းရှင်တိုက်ပွဲ)

ယခု ကွန်မြူနစ်ဝါဒ ပြိုကွဲပြီးနောက် ကမ္ဘာ့အမျိုးသားအကျိုးစီးပွားတိုက်ပွဲ ပြင်းထန်လာသည်။ အထူးသဖြင့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ အမျိုးသားအကျိုးစီးပွားတိုက်ပွဲ ပြင်းထန်လာနေသည်။ မြန်မာနိုင်ငံသည် အိန္ဒိယ၊ တရုတ်တို့နှင့်အိမ်နီးချင်းဖြစ်ပြီး တရုတ်၏ အိန္ဒိယသမုဒ္ဒရာထွက်ပေါက်အတွက် အဓိက မဟာဗျူဟာကျသောနေရာတွင် ရှိနေသည်။ မြန်မာနိုင်ငံတွင် တရုတ်၏ အဓိကထွက်ပေါက်ဖြစ်သည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းသည် ယနေ့ ကမ္ဘာ့အမျိုးသားအကျိုးစီးပွားအတွက် အဓိကကျသောနေရာတွင် ပါဝင်နေပေသည်။

မျက်မှောက်ကာလ တောင်တရုတ်ပင်လယ်တွင်းမှ ဖြစ်ပွားလျက်ရှိသည့် ပြဿနာများမှာ

(၁) ထိုင်ဝမ်အရေး
(၂) ဟောင်ကောင်အရေး
(၃) ဖိလစ်ပိုင်တွင် အမေရိကန်စစ်စခန်း ပြန်လည်ချထားမှု
(၄) ဂျပန်နှင့် မြောက်ကိုးရီးယားပြဿနာ
(၅) အိန္ဒိယသမုဒ္ဒရာ ဘင်္ဂလားပင်လယ်အော်၏ စစ်ရေးအရ အရေးပါလာမှု
(၆) မလက္ကာ ရေလက်ကြားပြဿနာ
(၇) မလက္ကာရေလက်ကြား ပြဿနာ ရှောင်ကွင်းနိုင်သော အခွင့်အရေး ထိုင်းနှင့် မြန်မာနိုင်ငံတွင် ရှိသည်။ ကောသောင်းမြို့နှင့် ထိုင်းနိုင်ငံကိုဖြတ်၍ ကရာတူးမြောင်းတူးလျှင် မလက္ကာရေလက်ကြားကို ရှောင်လွှဲနိုင်သည်။ ကီလိုမီတာ (၁၃၀) သာ ရှိသည်။

ကရာတူးမြောင်းကို တူးပါက စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားတို့ စီးပွားရေးအား မြန်မာနှင့်ထိုင်းမှ ရရှိသွားမည်ဖြစ်သည်။ ထိုနိုင်ငံများမှ ၄င်းတူးမြောင်းဖြစ်ပေါ်ရေးကို အထူးစိုးရိမ်ပူပန်ကြသည်။

မလက္ကာရေကြောင်းကုန်သွယ်မှုဇုန် ပင်လယ်ဓားပြရန်မှ ကင်းဝေးသွားမည်ဖြစ်သည်။ Logistic သဘော်ခရီးဖြင့် ၂ ရက်ခွဲ ၃ ရက်မျှ ပစ္စည်းတင်ပို့မှု ရေလမ်းကြောင်းအများကြီး တိုတောင်းသွားမည်။ ထားဝယ်စက်မှုဇုန် ဖြစ်ပေါ်ထွန်းလာရေးကိုလည်း မနှစ်သက်ကြပေ။ ထို့ကြောင့် မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီမှ အာဆီယံကို မြန်မာနိုင်ငံ ဝင်ရောက်နိုင်ရေး လော်ဘီလုပ်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံ အာဆီယံကို ဝင်ရောက်ခဲ့သည်။ AEC ASEAN Economic Communitay သဘောတူညီချက်များဖြင့် ထိန်းချုပ်နိုင်ရန်ဖြစ်သည်။ အာဆီယံတွင် အမေရိကန်ကြိုးကိုင်သော နိုင်ငံများမှ မြန်မာနိုင်ငံအား အထူးနှိပ်ကွပ်နေကြသည်။

တရုတ်နိုင်ငံ၏ နိုင်ငံပေါင်း ၁၃၀ ကို ဆက်သွယ်မည့် အာရှအဝေးပြေးလမ်း ကွန်ရက်တွင် မြန်မာနိုင်ငံသည် မဟာဗျူဟာကျသော နေရာတွင် ရှိနေသည်။

တိုင်းရင်းသားဒေသများသည် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေသော နယ်စပ်ဒေသများတွင် တည်ရှိသည်။ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၃၅.၅၈ ရာခိုင်နှုန်းသည် အသက် (၁၅) နှစ်မှ (၃၅) နှစ်ကြား ဖြစ်သည်။မြန်မာနိုင်ငံ၏ လုပ်သားအင်အားစုတွင် လူငယ်လူရွယ်များစွာ ပါဝင်နေပြီး အသက် (၁၅) မှ (၆၄) အုပ်စုတွင် အမျိုးသားလုပ်သားအင်အား ပါဝင်နှုန်း (၈၆) ရာခိုင်နှုန်း၊ အမျိုးသမီးလုပ်သားအင်အား ပါဝင်နှုန်း (၅၁) ရာခိုင်နှုန်း၊ မြို့ပြလူဦးရေမှာ (၂၉.၆) ရာခိုင်နှုန်း၊ ကျေးလက်လူဦးရေမှာ (၇၀.၄) ရာခိုင်နှုန်း ရှိသည်။




မြန်မာ့ပထဝီနိုင်ငံရေးမြေပုံ

ကိုးကွယ်ယုံကြည်မှု ဘာသာဝင်အမျိုးအစားအားဖြင့် ဗုဒ္ဓဘာသာဝင်ဦးရေ (၈၉.၃) ရာခိုင်နှုန်းဖြစ်သော်လည်း အခြားဘာသာဝင်များလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသည်။ ယင်းတို့တွင် ခရစ်ယာန်ဘာသာဝင် (၅.၀၆) ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာဝင် (၃.၈) ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာဝင် (၀.၅) ရာခိုင်နှုန်း၊ နတ်ကိုးကွယ်သူ (၀.၂) ရာခိုင်နှုန်းရှိသည်။

စစ်အေးကာလအပြီး မူဝါဒတိုက်ပွဲ ပြင်းထန်ခဲ့သည်။ အမေရိကန်နိုင်ငံသည် ကမ္ဘာ့ထိပ်သီးနိုင်ငံ ဖြစ်လာခဲ့သည်။ ၎င်းကိုလိုက်မီလာသော နိုင်ငံများအား နည်းမျိုးစုံနှင့် ဖြိုခွင်းခဲ့သည်။ စီးပွားရေးအရ တိုးတက်လာသော ဂျပန်နိုင်ငံအား ၁၉၈၂ ခုနှစ်တွင် စီးပွားရေးအရ နှိပ်ကွပ်ခဲ့သည်။ ဂျပန်နောက် USSR စီးပွားရေး နိုင်ငံရေး တိုးတက်လာသည်။ ၁၉၉၀ ပြည့်နှစ်တွင် ရုရှားနိုင်ငံခေါင်းဆောင် မစ်ဟိုင်းလ် ဂေါဘာချော့ဗ် ရေးသားသော ပယ်ရယ်စထရိုက် အိုက်ကာ (ကမ္ဘာကြီးနှင့် ကျွန်ုပ်တို့တိုင်းပြည်အတွက် အတွေးအခေါ်သစ်စာအုပ်) အား ငြိမ်းချမ်းရေးနိုဗယ်ဆုပေးပြီး ၎င်းစာအုပ်တွင် ပါရှိသော သွေးခွဲ ခွဲထွက်ရေးမူများအား ရုရှားပြည်နယ်များတွင် အခမဲ့ဝေငှကာ ရုရှားပြည်နယ် ၁၅ ပြည်နယ် ပြိုကွဲစေခဲ့သည်။ ရုရှားတပ်မတော်၏ ဘတ်ဂျက်အား လွှတ်တော်တွင် ဖြတ်တောက်ခဲ့သည်။ ရုရှားတပ်မတော်အား အင်အား ချည့်နဲ့အောင် အမေရိကန် CIA မှ ရုရှားအစိုးရနှင့် လွှတ်တော်အတွင်း သပ်လျှိုခဲ့သည်။ ထို့ကြောင့် ရုရှားပြည်နယ် (၁၅)ပြည်နယ် အစိတ်စိတ်အမွှာမွှာ ပြိုကွဲခဲ့သည်။ ၎င်းတွင် ယူကရိန်းနိုင်ငံလည်း အပါအဝင်ဖြစ်သည်။

၁၉၉၇ ခုနှစ် တရုတ်နိုင်ငံတွင် တိန့်ချောင်ဖိန် အာဏာရလာပြီး တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေးကြောင့် တစ်ရှိန်ထိုး တိုးတက်လာခဲ့သည်။ ကမ္ဘာ့ထုတ်ကုန်သုံးပုံတစ်ပုံခန့် တရုတ်နိုင်ငံမှ ထုတ်နိုင်ခဲ့သည်။ အမေရိကန်ရှိ ဒီမိုကရက်တစ် အိုဘားမား သက်တမ်းနှစ်ခုတွင် တရုတ်နိုင်ငံ၏ စီးပွားရေးသည် အမေရိကန်စီးပွားရေးအား ပခုံးယှဉ်နိုင်သည်သာမက ကျော်တက်နိုင်ခဲ့သည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် တရုတ်နှင့် ရီပက်ဘလီကန် သမ္မတဒေါ်နယ်ထရန့်လက်ထက်တွင် တရုတ်သွင်းကုန်များအား အခွန်အခများ တိုးမြှင့်ကောက်ခံခြင်းဖြင့် တရုတ်နိုင်ငံအား နှိပ်ကွပ်ခဲ့သည်။ ထိုအချိန်မှစ၍ အမေရိကန်သည် တရုတ်နိုင်ငံ ပိတ်ဆို့ရေးမူဝါဒကို အကောင်အထည်ဖော်ခဲ့သည်။

ထိုင်ဝမ်အား တစ်ပိုင်းလျှပ်ကူးနည်းပညာနှင့် တစ်ကမ္ဘာလုံး၏ Chips ထုတ်လုပ်မှု ၃ ပုံ ၁ ပုံကို တည်ထောင်ပေးကာ တရုတ်နိုင်ငံ၏ One Country မူကို တိုက်ခိုက်ခဲ့သည်။ တောင်တရုတ်ပင်လယ်တွင် အမေရိကန် လေယာဉ်တင်သင်္ဘော၊ နျူကလီးယားတပ်ဆင် ရေငုပ်သင်္ဘောများ ဖြန့်ကြက်ထားသည်။ တောင်တရုတ်ပင်လယ်တွင် ၎င်း၏ မိတ်ဖက်နိုင်ငံများနှင့် စစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခဲ့သည်။

ဖိလစ်ပိုင်တွင် ယခင်ကဖျက်သိမ်းခဲ့သော ဖူးဗစ်စစ်စခန်းအား ယခုသမ္မတလက်ထက်တွင် စစ်စခန်းပြန်လည်ချထားခဲ့သည်။ အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီ ထိုင်ဝမ်သို့ သွားရောက်မှုဖြင့် တရုတ်နိုင်ငံအား ရန်စခဲ့သည်။ တရုတ်နိုင်ငံ၏ အဓိကဒုတိယထွက်ပေါက်ဖြစ်သော ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် B&R ကူးမင်းကျောက်ဖြူ ရထားလမ်းသည် အဓိကကျသော မဟာဗျူဟာဖြစ်လာသည်။ ထို့ကြောင့် အမေရိကန်သည် မြန်မာနိုင်ငံအား တရုတ်ပိတ်ဆို့ရေးအတွက် ၎င်းတို့၏ ကြိုးကိုင်ရသော အစိုးရတစ်ရပ် ဖန်တီးရန်နှင့် မြန်မာ့တပ်မတော် အင်အားယိုင်နဲ့ရန်၊ မြန်မာနိုင်ငံပြိုကွဲရန် နည်းမျိုးစုံဖြင့် ဒုတိယဒီမိုကရေစီသက်တမ်းတွင် အထူးကြိုးပမ်းဆောင်ရွက်လာသည်။

NLD ခေါင်းဆောင်အား ငြိမ်းချမ်းရေးနိုဗယ်ဆုပေးပြီး NCA လက်မှတ်ထိုးထားသော စာချုပ်အား အကောင်အထည်မဖော်နိုင်ရန် ဆောင်ရွက်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ ဒုတိယဒီမိုကရေစီသက်တမ်းတွင် NCA စာချုပ်ချုပ်ဆိုပြီးနောက် ရက်ပေါင်း (၉၀) အတွင်း ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် နှောင့်နှေးအောင်ဆောင်ရွက်ခဲ့သည်။ NLD အစိုးရအား ပြည်ထောင်စုပြိုကွဲရေး၊ GZ များ မျိုးချစ်စိတ်ပျက်သုန်းရေး၊ တိုင်းရင်းသားလက်နက်ကိုင်များ ပြန့်ပွားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲရေး၊ တပ်မတော်အင်အားချည့်နဲ့ရေး စသည့်နိုင်ငံအဖျက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံခြားအကြံပေး ၁၀၀ ကျော်မှ ဝန်းရံဆောင်ရွက်ခဲ့ကြသည်။

အမေရိကန်သူဌေး ဂျော့ဆိုးရော့နှင့် ၎င်း၏သား အဲလစ်ဇန္ဒားဆိုးရော့တို့သည် နေပြည်တော်တွင် ရုံးခန်းများဖွင့်ကာ ခိုးဝင်ဘင်္ဂါလီများအရေး၊ တိုင်းရင်းသားအချင်းချင်း သွေးကွဲရေး၊ တိုင်းပြည်မတည်ငြိမ်ရေး၊ GZ များအား မျိုးချစ်စိတ်ပပျောက်ရေးများကို စနစ်တကျ အကွက်ချ၍ ၅ နှစ်တိုင်တိုင် စီစဉ်ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ကမ္ဘာ့မီဒီယာနှင့် သတင်းမှားများ ထုတ်လွှင့်ကာ မြန်မာနိုင်ငံပြိုကွဲအောင် ဆောင်ရွက်နေကြသည်။

အာရှအဝေးပြေးလမ်း စီမံကိန်းပျက်ပြားအောင် တိုင်းရင်းသားဒေသများ မတည်ငြိမ်ရေးအတွက် အမေရိကန် CIA မှ တိုင်းရင်းသားလက်နက်ကိုင်များအား ဒီမိုကရက်တစ်နှင့် လူ့အခွင့်အရေးကို အကြောင်းပြကာ ကူညီထောက်ပံ့နေသည်။ အမေရိကန်သည် ရေနံထွက်သော အရှေ့အလယ်ပိုင်းဒေသများတွင်လည်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ဇန်းပြကာ မြန်မာနိုင်ငံကဲ့သို့ မတည်မငြိမ်ဖြစ်အောင် လုပ်ခဲ့သည်။ (ဥပမာ - အီရန်၊ အီရတ်၊ လစ်ဗျား)

အာဖဂန်နစ္စတန်တွင်လည်း ဝင်ရောက်ကျူးကျော်ပြီး ၂၀၂၂ တွင် ရှုံးနိမ့်၍ တပ်ဆုတ်ခဲ့ရသည်။ အာရှတိုက်တွင်လည်း ဒုတိယကမ္ဘာစစ်အပြီးတွင် တောင်ဗီယက်နမ် - မြောက်ဗီယက်နမ်စစ်ပွဲ၊ တောင်ကိုရီးယား -မြောက်ကိုရီးယားစစ်ပွဲ၊ ကမ္ဘောဒီးယားအရေးအခင်း၊ ၁၉၄၉ ခုနှစ် မြန်မာနိုင်ငံသို့ ကူမင်တန်ကျူးကျော်မှုတွင် အမေရိကန်မှ စစ်ရေး၊ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်ခဲ့သည်။

မြန်မာနိုင်ငံ ၂၀၁၅ ရွေးကောက်ပွဲ၌ အမေရိကန် ကြိုးကိုင်လို့ရမည့် NLD အစိုးရပေါ်ပေါက်ရေးအတွက် ဒီမိုကရက်တစ်၊ လစ်ဘရယ်နှင့် လူ့အခွင့်အရေးကို အကြောင်းပြ၍ ငွေအား၊ လူအားဖြင့် NLD အာဏာရရှိရေး အထူးပံ့ပိုးကူညီ ဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

၂၀၁၅ တွင် ပြောင်းလဲချိန်တန်ပြီဆိုသည့် အမေရိကန်အိုဘားမားရဲ့ "Change" ကို ရယူ၍ ဆောင်ရွက်စည်းရုံးပြီး ရွေးကောက်ပွဲတွင် မဲ ၅၈.၄၃ ရာခိုင်နှုန်း (not landslide-အပြတ်အသတ်မဟုတ်)ရရှိသည်။ (ပိုလျှံမဲ ၇.၄၃ ရာခိုင်နှုန်းသာ ရှိသည်။) ဒီမိုကရေစီ ဒုတိယသက်တမ်းတွင် အာဏာရရှိခဲ့သည်။ ဒီမိုကရေစီ ဒုတိယ ၅ နှစ်တွင် ပြည်သူများ မျှော်လင့်ခဲ့သော (ဖွံ့ဖြိုးတိုးတက်မှု၊ ပြောင်းလဲမှုများ) (ဥပမာ-ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြောင်းလဲပြင်ဆင်သင့်သည်များကို ပြင်ဆင်ပါမည်ဟု မဲဆွယ်ခဲ့သော်လည်း အမှန်တကယ် မပြင်နိုင်ခဲ့ပေ။) ပြည်ပမှ ငှားရမ်းထားသော လုပ်ငန်းရှင် ၁၀၀ ကိုခန့်ထားပြီး အနောက်နိုင်ငံများ၏ ကြိုးကိုင်ခြယ်လှယ်ခြင်းကို ခံရသည်။ ပြည်သူများ မျှော်လင့်ထားသကဲ့သို့ ဖြစ်မလာခဲ့ပါ။ ကိုဗစ်ကာကွယ်ဆေးအား တစ်နိုင်ငံလုံး အပြည့်အဝထိုးပေးနိုင်မည်ဟု ကြေညာသော်လည်း မအောင်မြင်ခဲ့ပါ။ နိုင်ငံရေး၊ စီးပွားရေးမှ ထင်ထားသလောက် မတိုးတက်ခဲ့ပါ။ နိုင်ငံတွင် အကြွေးအများကြီး တင်ကျန်ခဲ့သည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ အဂတိလိုက်စားမှုများ အထူးတိုးပွားလာခဲ့သည်။

NCA စာချုပ်ချုပ်ဆိုပြီးနောက် ရက် ၉၀



၂၀၁၅ ခုနှစ်တွင် ယခင်သမ္မတဟောင်း ဦးသိန်းစိန် လွှဲခဲ့သော နိုင်ငံတော်ဘတ်ဂျက်များ၊ ရွှေတန်ချိန်များ ဒေါ်လာများရှိခဲ့သော်လည်း ၎င်းကိုအကျိုးရှိစွာ အသုံးမပြုဘဲ မလိုအပ်သော ဂြိုဟ်တုလွှတ်တင်မှု၊ Facebook ဝယ်ယူမှု၊ ဟယ်လီကော်ပတာ ငှားရမ်းမှု၊ ပြည်ပတွင် နိုင်ငံတော်ဘတ်ဂျက် ဒေါ်လာသန်း ၁၀၀၀ ကို လွှတ်တော်တွင် ခွင့်ပြုချက်မယူဘဲ အမေရိကန်တွင် ပေးပို့ဝှက်ထားမှုများ ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲတွင် NLD သည် ထင်သလောက် ထောက်ခံမဲမရရှိခဲ့ပါ။ သို့ဖြစ်၍ ၂၀၂၀ ရွေးကောက်ပွဲတွင် ၎င်းတို့ မဲအပြတ်အသတ် အနိုင်ရရှိရေးအတွက် မတရားပြုကျင့်ခဲ့ပါသည်။ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ ရွေးကောက်ပွဲကော်မရှင်များ၊ NLD ပါတီဝင် အမာခံများအား




NLD မှ ဝင်ရောက်ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်း ရခိုင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်းမှ မဲပုံးအနီးနားတွင်ထိုင်ကာ NLD အား မဲထည့်ရန် ဆော်ဩ



NLD ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးသက်ပိုင်စိုးသည် ယင်းကဲ့သို့ မဲရုံအတွင်း ခြယ်လှယ်မှုပြုလုပ်ခဲ့ (ဧရာဝတီတိုင်း ငပုတောမြို့နယ် ဟိုင်းကြီးမြို့နယ်ခွဲ၊ မရမ်းကွင်းမဲရုံ)




ရပ်ကျေးရွှေကော်ဥက္ကဋ္ဌ ဦးကျော်မြင့်မှ လျှို့ဝှက်မဲပေးနေရာတွင် ထိုင်၍ တံဆိပ်တုံးထုပေးနေခြင်း

ပါတီမှ နုတ်ထွက်ပြီး တာဝန်များပေးအပ်ကာ မဲမသမာမှုများ ပြုလုပ်ခဲ့ပါသည်။ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးဥပဒေနှင့် ကိုဗစ် ၁၉ ညွှန်ကြားချက်များအား လက်တစ်လုံးကြား လှည့်ဖြားကာ တရားမဲ့ဆောင်ရွက်ခဲ့ကြပါသည်။

ထို့ကြောင့် NLD မဲမသမာမှုနှန်းဖြင့် မဲမနိုင်နိုင်အောင်လုပ်ခဲ့ပြီး နိုင်ငံတော်အာဏာအား အဓမ္မရယူရန် ကြိုးပမ်းခဲ့သဖြင့် တပ်မတော်မှ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ အာဏာထိန်းခဲ့ရပါသည်။ တပ်မတော်မှ အာဏာမထိန်းခဲ့လျှင် ယခုအချိန်တွင် မြန်မာသည် ရုရှားပြိုကွဲသလို ပြိုကွဲသွားနိုင်ပါသည်။

## မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံရေး အဓိကအလေးထားရမည့် အချက်များ

မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံရေးအခြေအနေကို သုံးသပ်လေ့လာကြည့်မည်ဆိုပါက ရုရှား-ယူကရိန်း ပြဿနာ၊ အမေရိကန်နိုင်ငံ၏ Silicon Valley Bank၊ Signature Bank ဒေဝါလီခံရမှု၊ အမေရိကန်ဒေါ်လာပါဝါ ကျဆင်းလာမှု၊ အမေရိကန် အကြွေးနွံနစ်မှု (38 traillion အကြွေးတင်)၊ အမေရိကန်အစိုးရ ဘတ်ဂျက်ပြတ်လပ်မှု၊ အမေရိကန်အစိုးရ ၄၅ ရက်စာတိုးပေးခဲ့သော အောက်လွှတ်တော်ဥက္ကဋ္ဌ ကယ်လဗင်မက္ကသီအား မဲဖြင့်ဖြုတ်ချခံရမှု (ပထမဆုံးသမိုင်းဝင်) ပြဿနာများ၊ တရုတ်-ထိုင်ဝမ် ပဋိပက္ခ၊ အမေရိကန်-မြောက်ကိုရီးယား၊ ဂျပန်-တောင်ကိုရီးယား၊ တရုတ်နိုင်ငံ ပူဖောင်းပစ်ချခံရမှု၊ ထိုင်းနိုင်ငံရေးအပြောင်းအလဲ၊ AI နည်းပညာ တိုးတက်လာမှု၊ Crytocurrency၊ China Digital currency၊ အီရန်၊ ပါကစ္စတန်၊ Energy ရေနံပြဿနာ၊ ရေကြီးမှု-ရေရှားမှုပြဿနာ၊ ကိုဗစ်ကူးစက်ရောဂါပြဿနာများ ရှိနေပါသည်။ ထို့အတူ မဲခေါင်-လန်ချန်းနိုင်ငံ ၆ နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၊ တရုတ်၏ SCO (Shanghai Cooperation Organisation) အောင်မြင်မှု၊ စစ်အေးကာလအပြီး အမျိုးသားအကျိုးစီးပွားတိုက်ပွဲမှ စစ်ရေးတိုက်ပွဲသို့ ဦးတည်လာနေပြီး၊ တတိယကမ္ဘာစစ် ဖြစ်လာနိုင်မည်လား သုံးသပ်ပြောဆိုမှုများ ရှိလာသည်။

နျူကလီးယားပိုင် နိုင်ငံများနှင့် တရားမဝင် ပိုင်ဆိုင်နိုင်ငံများ၊ မကြာမီ ပိုင်ဆိုင်လာနိုင်သည့်နိုင်ငံများ၊ မြေရှားသတ္တု၊ တစ်ပိုင်း လျှပ်ကူး Chips ထုတ်လုပ်မှုကိစ္စရပ်များမှာလည်း အဓိကအလေးထားရမည့် အချက်များတွင် ပါဝင်သည်။ (၇-၁၀-၂၀၂၃) ရက်နေ့တွင် ပါလက်စတိုင်းဟားမက်စ်အဖွဲ့မှ အစ္စရေးနိုင်ငံအား ထောင်နဲ့ချီသော ဒုံးကျည်ဖြင့် ပစ်ခတ်မှုတွင် အစ္စရေးဘက်မှ လူ ၄၀၀ ကျော် သေဆုံးခဲ့ပြီး ၁၀၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ အစ္စရေးဘက်မှ

တုံ့ပြန်ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းဘက်မှ လူ ၁၉၈ ဦး သေဆုံး၍ ၁၆၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ နိုင်ငံများအချင်းချင်းတွင် အဆင့်မြင့် Drone လက်နက်များ အသုံးပြုတိုက်ခိုက်လာမှုများ ရှိလာကြသည်။

**မြန်မာနိုင်ငံနှင့် ပကတိအခြေအနေများ**

ကမ္ဘာကြီးသည် ကိုဗစ်ရောဂါပြဿနာများ၊ ရာသီဥတုဖောက်ပြန်မှု၊ အမျိုးသားအကျိုးစီးပွား တိုက်ပွဲများကြောင့် အစစအရာရာ ယိုင်နဲ့နေသည်။ ထို့ကြောင့် နိုင်ငံများအချင်းချင်း အုပ်စုဖွဲ့စည်းရုံးမှုများရှိနေသည်။ (ဥပမာ - BRICS၊ Quad၊ SCO၊ ASEAN၊ BIMSTEC၊ NATO)

အချို့နိုင်ငံကြီးမှ ခွဲထွက်သော နိုင်ငံများသည် တည်ငြိမ်မှုမရှိ၊ ဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ဥပမာ အရှေ့တီမောနိုင်ငံတွင် အစိုးရအပြောင်းအလဲ မကြာခဏဖြစ်ပွားပြီး နိုင်ငံရေးမတည်ငြိမ်မှု၊ စီးပွားရေးကျဆင်းမှု ဖြစ်နေသည်။ အမေရိကန်မှ ကျောထောက်နောက်ခံပြုထားသူကို ခေါင်းဆောင်တင်ထားပြီး တည်ငြိမ်မှုမရှိ အစစအရာရာ ချွတ်ခြုံကျနေခဲ့သည်။ ခွဲထွက်ခြင်းမရှိဘဲ ငြိမ်းချမ်းရေးတည်ဆောက်ခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ အားချေပြည်နယ်သည် တည်ငြိမ်အေးချမ်းပြီး စီးပွားရေးတိုးတက်လာခဲ့ပြီးဖြစ်သည်။ ကိုလံဘီယာနိုင်ငံတွင်လည်း ငြိမ်းချမ်းရေးရရှိပြီး တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်နေခဲ့ပြီး ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရှမ်းပြည်နယ်တို့သည် ကုန်းပိတ်ဒေသဖြစ်ကြပြီး ခွဲထွက်ခဲ့မည်ဆိုလျှင် အိမ်နီးနားချင်းနိုင်ငံများ၏ ၂၁ ရာစု ကိုလိုနီစနစ်အောက်တွင် တိုင်းရင်းသားများ ကျွန်ဘဝသို့ ရောက်သွားနိုင်သည်။ ထို့အတူ ရခိုင်ပြည်နယ်ခွဲထွက်လျှင် ရခိုင်ဒေသတွင် လူဦးရေ ၃ သန်းတွင် ခိုးဝင်ဘင်္ဂလီ ၂ သန်း ရှိသည်။ ၎င်းခိုးဝင်ဘင်္ဂလီများကို ရခိုင်နိုင်ငံသားများအဖြစ် သတ်မှတ်ပေးရမည့်ဖြစ်ပြီး ၎င်းတို့၏ ဝါးမျိုမှုကြောင့် အချုပ်အခြာအာဏာ (၃) ရပ်သည် ၎င်းတို့လက်တွင်းသို့ ရောက်ရှိသွားလိမ့်မည်ဖြစ်သည်။

ရခိုင်ပြည်နယ်သည် လူမျိုးခြားများ၏ ကြီးစိုးမှုအောက်တွင် ရောက်ရှိသွားမည်ဖြစ်ပြီး နောင်တွင် ရခိုင်လူမျိုးများအား ပြတိုက်တွင်သာ ကြည့်ရှုရမည့်အရေးသို့ ရောက်ရှိလာနိုင်မည်ဖြစ်ပြီး ရခိုင်လူမျိုးများ မျိုးသုဉ်းပျောက်ကွယ်သွားမည်ဖြစ်သည်။ မွန်ပြည်နယ်သည်လည်း ထို့အတူပင်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ တိုင်းရင်းသားများကြားတွင် ရှင်သန်ရေးသည် အထူးပင်အရေးကြီးသည်။

၂၀၁၅ - ၂၀၂၀ တွင် GZ ဖြို့ခွဲခံရဖူးပြီး။ အချိန်မနှောင်းသေးပါ။ တကွဲတပြားဖြင့် ကျွန်ဘဝကို ပြန်သွားမည်လား။ စည်းစည်းလုံးလုံးနှင့် နိုင်ငံတော်၏ ရည်မှန်းချက်ကို သွားမည်လား။ ကမ္ဘာ့ရှိ နိုင်ငံတိုင်းတွင် အတိုက်အခံ၊ အဖျက်သမားဆိုတာ ရှိစမြဲပင်ဖြစ်သည်။ ပြည်တွင်းတွင် ပညာတတ်လူငယ်များနှင့် လုပ်ငန်းရှင်များ၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်လျှင် မည်သည့်ပြဿနာမျှကိုမဆို အားလုံးကို တွန်းလှန်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်ကို အနှောင့်အယှက်ပြုနေသည့် ICJ မှာ သကြ်န်အမြောက်သာလျှင် ဖြစ်သည်။

၂၀၁၅ - ၂၀၂၀ တွင် မျိုးချစ်စိတ် အဖျက်ဆီးခံရသော လူငယ် GZ များကို ဂရုစိုက်ရန် မလိုပေ။ ၎င်းတို့ လူဦးရေမှာ မြန်မာနိုင်ငံ၏ ၅ ရာခိုင်နှုန်းမျှပင်မရှိပေ။ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ရှိသော GZ အသစ်များကို မွေးထုတ်ရမည် ဖြစ်သည်။ ကျန်ရှိသည့် လူဦးရေ ၆၀ ရာခိုင်နှုန်းမှာ သိရှိနားလည်လျှင် မည်သည့် အခက်အခဲမှ ကြောက်ရန်မလိုပေ။ မြန်မာနိုင်ငံတွင် ကောင်းမွန်သည့် Good Neighbour ဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် လာအိုနိုင်ငံများရှိသည်။ ရုရှားနိုင်ငံမှာလည်း မိတ်ဆွေကောင်းနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် အင်အားတောင့်တင်းပြီး နိုင်ငံ့အပေါ် ထာဝရသစ္စာရှိသော တပ်မတော်ရှိထားပြီးဖြစ်သည်။ ပြည်တွင်းအင်အား ပြည်တွင်းမှာသာရှိသည်။ တစ်နိုင်ငံလုံး အသိပညာရှင်၊ အတတ်ပညာရှင် ၃၈ ရာခိုင်နှုန်းမှ အမှန်တရားသိရှိလျှင် မည်သည့်အခက်အခဲကိုမဆို ကျော်လွှားနိုင်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို အကောင်အထည်ဖော်ဆောင်ပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံသည့် မြန်မာနိုင်ငံတော်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တည်ဆောက်လျက်ရှိရာတွင် တိုင်းရင်းသားများ နိုင်ငံသားများမှ အဝိဇ္ဇာအမှောင် သံသယကင်းရှင်းစွာဖြင့် ဝိုင်းဝန်းကူညီပူးပေါင်းပါဝင်သွားကြရန် ဖြစ်ပါသည်။

**ရွှာစီးမောင်မာန်အောင်ဇ**



# မြန်မာနိုင်ငံ၏ ခေတ်အလိုက် ပြဋ္ဌာန်းခဲ့သော ဥပဒေများ အရေအတွက်စာရင်း

ဦးသန်းမောင် (စစ်တွေ)၊ တရားလွှတ်တော်ရှေ့နေ

မြန်မာနိုင်ငံ၏ တရားဥပဒေသမိုင်းတွင် နိုင်ငံရေး ခေတ်တစ်ခေတ် အသစ်စတင်တည်ဆောက်လိုက်ပြီဆို သည်နှင့် ပြီးခဲ့သောခေတ်ကာလနှင့် ယခင့်ယခင်ခေတ် ကာလများမှ ဥပဒေမည်မျှပြဋ္ဌာန်းခဲ့သည်၊ မည်မျှရုပ်သိမ်း ခဲ့ပြီးဖြစ်သည်၊ တည်ဆဲလက်ကျန် ဥပဒေမည်မျှ ရှိနေသေး သည်၊ ယင်းတည်ဆဲဥပဒေများအနက် မူရင်းဥပဒေမည်မျှ၊ ပြင်ဆင်ချက်ဥပဒေ မည်မျှရှိသည် ဆိုသည်တို့ကို မှတ်တမ်း တင်ထားရန် လိုအပ်ပေသည်။

ထို့ပြင် ထုတ်ပြန်လိုက်သော ဥပဒေသစ်များကြောင့် တိုးလာသော ဥပဒေအရေအတွက်၊ ယင်းဥပဒေသစ်တစ်ခု ချင်းက ရုပ်သိမ်းပယ်ဖျက်လိုက်သဖြင့် လျော့သွားသော ဥပဒေအရေအတွက် စသည်တို့ကိုလည်း နောက်ဆုံးအနေ အထားအထိ မပြတ်မှတ်တမ်းပြုစုဖို့ရန် လိုအပ်ပေသည်။

ခေတ်အလိုက် ဥပဒေအရေအတွက်ပြ ဇယားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီခေတ် ၂၀၂၂ ခုနှစ် နှစ်ကုန်အထိ အောက်ပါအတိုင်းဇယားများဖြင့် စာရင်း ပြုစုဖော်ပြလိုက်ပါသည်။

## Myanmar Code အတွဲ(၁၃) တွဲမှ ဥပဒေများ

ပထမဦးစွာ ၁၉၅၄ ခုနှစ်အထိ ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံနှင့်သက်ဆိုင်သော ဥပဒေများ၊ မြန်မာနိုင်ငံက ပြဋ္ဌာန်းခဲ့သော ဥပဒေများကို တရားရေးဝန်ကြီးဌာနက ကဏ္ဍအလိုက် စုစည်းထုတ်ဝေခဲ့သော Myanmar (Burma) Code ဟုခေါ်သော ဥပဒေပေါင်းချုပ်စာအုပ် အတွဲ (၁၃) တွဲထဲမှ ဥပဒေများ၏ အရေအတွက် ကိန်း ဂဏန်းစာရင်းကို ဖော်ပြလိုပေသည်။

သတိပြုရန်မှာ ယင်း Myanmar Code (၁၃) အုပ်ထဲတွင် ၁၉၅၄ ခုနှစ်အထိ ပြဋ္ဌာန်းခဲ့သော ဥပဒေများ အနက် ရုပ်သိမ်းပြီးသော ဥပဒေများမပါဝင်တော့ပေ။ ထို့ပြင် ပြင်ဆင်ချက်ဥပဒေများကိုလည်း မူရင်းဥပဒေ တွင်ပင် ထည့်သွင်းဖြည့်စွက်ရိုက်နှိပ်ထားပြီး ဖြစ်သည်။ မည်သည့်နှစ်က မည်သည့်ပုဒ်မကို ပြင်ဆင်ထားကြောင်း ကိုမူ အောက်ခြေမှတ်စုများဖြင့် ဖော်ပြပေးထားပါသည်။

ယင်း ၁၃ တွဲတွင် နိုင်ငံတော်အသုံးစရိတ် (ဘတ်ဂျက်) ဥပဒေများကိုလည်း ထည့်သွင်းမထားပါ။

အကြောင်းမှာ နှစ်စဉ်သတ်မှတ်ပြဋ္ဌာန်းရခြင်းဖြစ်သဖြင့် နောက်နောင်အသုံးပြုရန် မရှိတော့၍ ဖြစ်ပေသည်။ ခေတ်အသီးသီး၏ အခြေခံဥပဒေများအရ ပြည်နယ်နှင့်တိုင်းဥပဒေပြုအဖွဲ့များက ပြဋ္ဌာန်းခဲ့သော ဥပဒေများကိုလည်း ထည့်သွင်းမထားပေ။

ထူးခြားချက်မှာ ကိုဓအတွဲများပါ ဥပဒေများအနက် အချို့သည် အိန္ဒိယအက်ဥပဒေများ ဖြစ်နေသည်ကို တွေ့နိုင်ပါသည်။ ယင်းအိန္ဒိယအက်ဥပဒေများသည် မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထုတ်လိုက်သော ၁၉၃၇ ခုနှစ်မတိုင်မီက အိန္ဒိယပါလီမန်က ပြဋ္ဌာန်းခဲ့သော အိန္ဒိယအက်ဥပဒေအချို့ကို ထိုစဉ်က လက်အောက်ခံမြန်မာပြည်အတွက်လည်း အာဏာတည်စေခဲ့၍ ဖြစ်ပေသည်။ ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ မြန်မာပြည်အတွက် ဥပဒေပြုပါလီမန် သီးခြားပေါ်ပေါက်လာခဲ့သဖြင့် ယင်းအချိန်မှစကာ အသစ်ပြဋ္ဌာန်းသမျှ ဥပဒေများတွင် အိန္ဒိယအက်ဥပဒေဟု အမည်မတပ်တော့ဘဲ အက်ဥပဒေ Act ဟုသာ အမည်တပ်ပါတော့သည်။

### မူလ-ရုပ်သိမ်း-တည်ဆဲ ဥပဒေဇယားများ

ယင်းမြန်မာကိုဓဥပဒေပေါင်းချုပ်အတွဲ ၁၃ တွဲထဲမှ ဥပဒေအချို့ကို ခေတ်အဆက်ဆက်တွင် လိုအပ်သလို ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်းများ ရှိခဲ့ပေသည်။ အောက်ဖော်ပြပါ ဇယားများတွင် ကိုဓအတွဲ တစ်ခုချင်းအလိုက် ဥပဒေအရေအတွက်အသီးသီးကို ဖော်ပြထားပါသည်။

**မြန်မာကိုဓဥပဒေပေါင်းချုပ် အတွဲ ၁၃ တွဲမှ ဥပဒေများအရေအတွက်**

| ကိုဓ အတွဲအမှတ် | မူလဥပဒေ (၃၁-၁၂-၁၉၅၄ အထိ) | | | ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | ရုပ်သိမ်းဥပဒေ | | | တည်ဆဲဥပဒေ | | |
| | အိန္ဒိယ ဥပဒေ | မြန်မာ ဥပဒေ | ပေါင်း | အိန္ဒိယ ဥပဒေ | မြန်မာ ဥပဒေ | ပေါင်း | အိန္ဒိယ ဥပဒေ | မြန်မာ ဥပဒေ | ပေါင်း |
| ၁ | ၁၆ | ၄၅ | ၆၁ | ၆ | ၃၈ | ၄၄ | ၁၀ | ၇ | ၁၇ |
| ၂ | ၁၂ | ၂၅ | ၃၇ | ၈ | ၁၇ | ၂၅ | ၄ | ၈ | ၁၂ |
| ၃ | ၁၈ | ၂၆ | ၄၄ | ၁၁ | ၂၃ | ၃၄ | ၇ | ၃ | ၁၀ |
| ၄ | ၂၀ | ၄၀ | ၆၀ | ၁၉ | ၃၅ | ၅၄ | ၁ | ၅ | ၆ |
| ၅ | ၂၂ | ၂၇ | ၄၉ | ၁၆ | ၁၈ | ၃၄ | ၆ | ၉ | ၁၅ |
| ၆ | ၁၄ | ၄ | ၁၈ | ၁၀ | ၂ | ၁၂ | ၄ | ၂ | ၆ |
| ၇ | ၂၂ | ၁၅ | ၃၇ | ၁၂ | ၈ | ၂၀ | ၁၀ | ၇ | ၁၇ |
| ၈ | ၃ | ၈ | ၁၁ | ၁ | ၇ | ၈ | ၂ | ၁ | ၃ |
| ၉ | ၁၆ | ၁၁ | ၂၇ | ၅ | ၈ | ၁၃ | ၁၀ | ၃ | ၁၄ |
| ၁၀ | ၁၄ | ၁၉ | ၃၃ | ၇ | ၁၇ | ၂၄ | ၇ | ၂ | ၉ |
| ၁၁ | ၃၁ | ၄ | ၃၅ | ၈ | ၂ | ၁၀ | ၂၃ | ၂ | ၂၅ |
| ၁၂ | ၈ | ၁ | ၉ | - | ၁ | ၁ | ၈ | - | ၈ |
| ၁၃ | - | ၁၄ | ၁၄ | - | ၅ | ၅ | - | ၉ | ၉ |
| စုစုပေါင်း | ၁၉၆ | ၂၃၉ | ၄၃၅ | ၁၀၃ | ၁၈၀ | ၂၈၄ | ၉၃ | ၅၈ | ၁၅၁ |

**မြန်မာကိုဓအတွဲတစ်ခုချင်း၏ ကာလအလိုက် လက်ကျန်ဥပဒေအရေအတွက်**

| ကိုဓအတွဲ အမှတ် | ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ရက်အထိ | | | | |
|---|---|---|---|---|---|
| | ၁၈၈၅ အထိ ပြဋ္ဌာန်းဥပဒေများ | ၁၈၈၆ မှ ၁၉၃၆ ပြဋ္ဌာန်းဥပဒေများ | ၁၉၃၇ မှ ၁၉၄၇ ပြဋ္ဌာန်းဥပဒေများ | ၁၉၄၈ မှ ၁၉၅၄ ပြဋ္ဌာန်းဥပဒေများ | တည်ဆဲဥပဒေ |
| ၁ | ၃ | ၇ | ၃ | ၄ | ၁၇ |
| ၂ | ၁ | ၃ | ၄ | ၄ | ၁၂ |
| ၃ | ၃ | ၆ | - | ၁ | ၁၀ |
| ၄ | - | ၄ | - | ၂ | ၆ |
| ၅ | ၁ | ၇ | ၁ | ၆ | ၁၅ |
| ၆ | ၁ | ၂ | - | ၃ | ၆ |
| ၇ | ၄ | ၉ | - | ၄ | ၁၇ |
| ၈ | ၁ | ၁ | - | ၁ | ၃ |
| ၉ | ၅ | ၅ | ၁ | ၃ | ၁၄ |
| ၁၀ | ၄ | ၃ | ၁ | ၁ | ၉ |
| ၁၁ | ၁၀ | ၁၂ | ၁ | ၁ | ၂၅ |
| ၁၂ | ၃ | ၅ | - | - | ၈ |
| ၁၃ | - | - | - | ၉ | ၉ |
| စုစုပေါင်း | ၃၇ | ၆၄ | ၁၀ | ၃၉ | ၁၅၁ |

အထက်ပါဇယားများအရ မြန်မာကိုဓဥပဒေပေါင်းချုပ်အတွဲ ၁၃ တွဲပါ ဥပဒေပေါင်း ၄၃၅ ခု အနက် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အထိတွင် ဥပဒေ ၁၅၁ ခု ကျန်ရှိနေသေးကြောင်း တွေ့ရှိရပေသည်။

### ၁၉၅၄ ခုနှစ်နောက်ပိုင်း ခေတ်အလိုက်ပြဋ္ဌာန်းဥပဒေများ

မြန်မာကိုဓဥပဒေပေါင်းချုပ်ကို ၁၉၅၄ ခုနှစ်အထိ ဥပဒေများကို အကြောင်းခြင်းရာအလိုက် အမျိုးအစား ၁၃တွဲ ခွဲကာ တရားရေးဌာနက ထုတ်ဝေခဲ့ပြီးသည့်နောက် ၁၉၅၅ ခုနှစ်မှ စတင်ကာ နှစ်အလိုက် သို့မဟုတ် နှစ်အစုအလိုက်သာ ထုတ်ဝေလာခဲ့ပါတော့သည်။ ၁၉၅၄ နောက်ပိုင်း ပြဋ္ဌာန်းဥပဒေများအား ရေတွက်ရာတွင် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးတို့အား ထင်ဟပ်စေသော ခေတ်စနစ်အလိုက် အောက်ပါအတိုင်း ပိုင်းခြားလေ့လာနိုင်ပေသည်-

(၁) ပါလီမန်ခေတ် (၁၉၅၅ ခုနှစ်မှ ၁၉၆၂ ခုနှစ်၊ မတ်လ ၁ ရက်အထိ)၊

(၂) တော်လှန်ရေးကောင်စီခေတ် (၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက် မှ ၁၉၇၄ ခုနှစ်၊ မတ်လ ၁ ရက်အထိ)၊

(၃) ပြည်သူ့လွှတ်တော်ခေတ် (၁၉၇၄ ခုနှစ်၊ မတ်လ ၂ ရက် မှ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်အထိ)၊

(၄) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ခေတ် (၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် မှ ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်အထိ)၊

(၅) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ် (၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် မှ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်အထိ)၊

(၆) ပြည်ထောင်စုလွှတ်တော်ခေတ် (၂၀၁၁ ခုနှစ်၊ မတ်လ ၃၁ ရက် မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အထိ)၊

(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီခေတ် (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် မှ ယနေ့အထိ)။

အောက်ပါဆက်လက်ဖော်ပြမည့် ဇယားအသီးသီးမှ ကိုဓ ၁၃ တွဲထုတ်ဝေသော ၁၉၅၄ ခုနှစ်အလွန် ခေတ်ကာလတစ်ခုချင်းအလိုက် ဥပဒေအရေအတွက် စာရင်းများကို ပြုစုထားခြင်း ဖြစ်ပါသည်။

## ဥပဒေရေတွက်ပုံစနစ်

ဇယားများပါ ဥပဒေရေတွက်ပုံစနစ်မှာ ခေတ်တစ်ခုစီ၏ နှစ်အလိုက် မည်မျှပြဋ္ဌာန်းခဲ့သည်၊ ယင်းတို့အနက်မှ နောက်ဆုံးပြုစုသည့်နေ့အထိ မည်မျှရုပ်သိမ်းခဲ့ပြီး မည်မျှလက်ကျန်ရှိနေသည်၊ ယင်းလက်ကျန်များတွင် မူရင်းဥပဒေနှင့် ပြင်ဆင်ချက်ဥပဒေမည်မျှစီ ပါဝင်သည်စသည်တို့ ဖြစ်ပါသည်။

အခြေခံဥပဒေများမှာ နှစ်အလိုက် ပြဋ္ဌာန်းဥပဒေအမှတ်စဉ်တပ်ရာတွင် မပါဝင်သဖြင့် ထည့်သွင်းမရေတွက်ပါ။ သို့သော် အခြေခံဥပဒေများ၏ ပြင်ဆင်ချက်ဥပဒေများနှင့် မူရင်းဥပဒေတစ်ရပ်၏ ပြင်ဆင်ချက်ဥပဒေများမှာမူ နှစ်အလိုက်ဥပဒေအမှတ်စဉ်တပ်ရာတွင် ပါဝင်သဖြင့် ထည့်သွင်းရေတွက်ထားပါသည်။

သတိပြုရန်မှာ ဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်သို့မဟုတ် ရုပ်သိမ်းလိုက်သည်ဖြစ်လျှင် ယင်းဥပဒေ၏ ပြင်ဆင်ချက်ဥပဒေများသည်လည်း အလိုအလျောက်ပျက်ပြယ်သွားသည်ဖြစ်ရာ ယင်းပြင်ဆင်ချက်ဥပဒေများကိုလည်း သက်ဆိုင်ရာ ခေတ်ကာလစာရင်း အရေအတွက်တွင် နုတ်ပယ်ရပါသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်ခေတ် (ဆိုရှယ်လစ်ခေတ်) နှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ခေတ်တို့မှ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များသည် တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်ပြင်ဆင်သည့် သဘောပါဝင်နေသဖြင့် ယင်းအမိန့်များကို အထူးမှတ်ချက်ပြုလျက် ထည့်သွင်းရေတွက်ထားပါသည်။

## ပါလီမန်ခေတ်

(၁၉၅၅ ခုနှစ် မှ ၁၉၆၂ ခုနှစ် မတ်လ ၁ရက်အထိ)

| နှစ် | ပြဋ္ဌာန်း | ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ | | | |
|---|---|---|---|---|---|
| | | ရုပ်သိမ်း/ပယ်ဖျက် | လက်ကျန် | မူရင်း | ပြင်ဆင်ချက် |
| ၁၉၅၅ | ၆၀ | ၄၀ | ၂၀ | ၆ | ၁၄ |
| ၁၉၅၆ | ၄၇ | ၃၁ | ၁၆ | ၆ | ၁၀ |
| ၁၉၅၇ | ၆၁ | ၃၈ | ၂၃ | ၈ | ၁၅ |
| ၁၉၅၈ | ၃၉ | ၂၉ | ၁၀ | ၅ | ၅ |
| ၁၉၅၉ | ၅၁ | ၂၅ | ၂၆ | ၁၂ | ၁၄ |
| ၁၉၆၀ | ၃၇ | ၂၀ | ၁၇ | ၈ | ၉ |
| ၁၉၆၁ | ၃၉ | ၂၁ | ၁၈ | ၇ | ၁၁ |
| ၁၉၆၂ | - | - | - | - | - |
| စုစုပေါင်း | ၃၃၄ | ၂၀၄ | ၁၃၀ | ၅၂ | ၇၈ |

## တော်လှန်ရေးကောင်စီခေတ်

(၁၉၆၂ ခုနှစ် မတ်လ ၂ ရက် မှ ၁၉၇၄ ခုနှစ် မတ်လ ၁ ရက်အထိ)

| နှစ် | ပြဋ္ဌာန်း | ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ | | | |
|---|---|---|---|---|---|
| | | ရုပ်သိမ်း/ပယ်ဖျက် | လက်ကျန် | မူရင်း | ပြင်ဆင်ချက် |
| ၁၉၆၂ | ၄၈ | ၂၉ | ၁၉ | ၁၀ | ၉ |
| ၁၉၆၃ | ၃၈ | ၂၃ | ၁၅ | ၁၁ | ၄ |
| ၁၉၆၄ | ၁၈ | ၁၀ | ၈ | ၇ | ၁ |
| ၁၉၆၅ | ၁၀ | ၆ | ၄ | ၃ | ၁ |
| ၁၉၆၆ | ၆ | ၂ | ၄ | ၄ | - |
| ၁၉၆၇ | ၅ | ၂ | ၃ | ၃ | - |
| ၁၉၆၈ | ၄ | ၁ | ၃ | ၂ | ၁ |
| ၁၉၆၉ | ၅ | ၁ | ၄ | ၂ | ၂ |
| ၁၉၇၀ | ၅ | ၂ | ၃ | ၂ | ၁ |
| ၁၉၇၁ | ၅ | ၃ | ၂ | ၂ | - |
| ၁၉၇၂ | ၈ | ၄ | ၄ | ၄ | - |
| ၁၉၇၃ | ၂၂ | ၉ | ၁၃ | ၁၂ | ၁ |
| ၁၉၇၄ | ၈ | ၃ | ၅ | ၅ | - |
| စုစုပေါင်း | ၁၈၂ | ၉၅ | ၈၇ | ၆၇ | ၂၀ |

## ပြည်သူ့လွှတ်တော်ခေတ်

(၁၉၇၄ ခုနှစ် မတ်လ ၂ ရက် မှ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်အထိ)

| နှစ် | ပြဋ္ဌာန်း | ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ | | | |
|---|---|---|---|---|---|
| | | ရုပ်သိမ်း/ပျက် | လက်ကျန် | မူရင်း | ပြင်ဆင်ချက် |
| ၁၉၇၄ | ၁၈ | ၁၆ | ၂ | ၂ | - |
| ၁၉၇၅ | ၁၃ | ၆ | ၇ | ၇ | - |
| ၁၉၇၆ | ၈ | ၅ | ၃ | ၃ | - |
| ၁၉၇၇ | ၁၃ | ၆ | ၇ | ၃ | ၄ |

| | | | | | |
|---|---|---|---|---|---|
| ၁၉၇၈ | ၄ | ၂ | ၂ | ၂ | - |
| ၁၉၇၉ | ၂ | - | ၂ | ၂ | - |
| ၁၉၈၀ | ၄ | - | ၄ | ၄ | - |
| ၁၉၈၁ | ၅ | ၁ | ၄ | ၂ | ၂ |
| ၁၉၈၂ | ၄ | ၁ | ၃ | ၃ | - |
| ၁၉၈၃ | ၁၀ | ၄ | ၆ | ၃ | ၃ |
| ၁၉၈၄ | ၇ | ၃ | ၄ | ၃ | ၁ |
| ၁၉၈၅ | ၁၆* | ၄ | ၁၂ | ၅ | ၇ |
| ၁၉၈၆ | ၇ | ၂ | ၅ | ၃ | ၂ |
| ၁၉၈၇ | ၉# | ၄ | ၅# | ၄ | ၁ |
| ၁၉၈၈ | ၅ | ၁ | ၄ | ၃ | ၁ |
| စုစုပေါင်း | ၁၂၅ | ၅၅ | ၇၀ | ၄၉ | ၂၀ |

* ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ၂ရပ် ပါဝင်သည်။
# ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ၁ရပ် ပါဝင်သည်။

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ခေတ်

(၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ရက် မှ ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်အထိ)

| နှစ် | ပြဋ္ဌာန်း | ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ | | | |
|---|---|---|---|---|---|
| | | ရုပ်သိမ်း/ပျက် | လက်ကျန်း | မူရင်း | ပြင်ဆင်ချက် |
| ၁၉၈၈ | ၁၄* | ၉ | ၅* | ၅ | - |
| ၁၉၈၉ | ၂၇ | ၁၁ | ၁၆ | ၆ | ၁၀ |
| ၁၉၉၀ | ၂၂ | ၁၁ | ၁၁ | ၈ | ၃ |
| ၁၉၉၁ | ၁၃ | ၃ | ၁၀ | ၆ | ၄ |
| ၁၉၉၂ | ၁၀ | ၂ | ၈ | ၈ | - |
| ၁၉၉၃ | ၁၇ | ၇ | ၁၀ | ၉ | ၁ |
| ၁၉၉၄ | ၉ | ၄ | ၅ | ၄ | ၁ |
| ၁၉၉၅ | ၉ | ၄ | ၅ | ၅ | - |
| ၁၉၉၆ | ၁၀ | ၁ | ၉ | ၉ | - |
| ၁၉၉၇ | ၈ | ၁ | ၇ | ၄ | ၃ |
| စုစုပေါင်း | ၁၃၉ | ၅၃ | ၈၆ | ၆၄ | ၂၂ |

* ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ၃ရပ် ပါဝင်သည်။

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်

(၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ရက် မှ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်အထိ)

| နှစ် | ပြဋ္ဌာန်း | ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ | | | |
|---|---|---|---|---|---|
| | | ရုပ်သိမ်း/ပျက် | လက်ကျန်း | မူရင်း | ပြင်ဆင်ချက် |
| ၁၉၉၇ | ၃ | ၁ | ၂ | ၁ | ၁ |
| ၁၉၉၈ | ၁၀ | ၂ | ၈ | ၄ | ၄ |
| ၁၉၉၉ | ၄ | - | ၄ | ၃ | ၁ |
| ၂၀၀၀ | ၈ | ၁ | ၇ | ၅ | ၂ |
| ၂၀၀၁ | ၅ | ၂ | ၃ | ၂ | ၁ |
| ၂၀၀၂ | ၈ | ၂ | ၆ | ၆ | - |
| ၂၀၀၃ | ၈ | ၄ | ၄ | ၃ | ၁ |
| ၂၀၀၄ | ၈ | - | ၈ | ၆ | ၂ |
| ၂၀၀၅ | ၆ | - | ၆ | ၄ | ၂ |
| ၂၀၀၆ | ၈ | - | ၈ | ၄ | ၄ |
| ၂၀၀၇ | ၇ | ၃ | ၄ | ၃ | ၁ |
| ၂၀၀၈ | ၈ | ၂ | ၆ | ၃ | ၃ |
| ၂၀၀၉ | ၄ | ၁ | ၃ | ၃ | - |
| ၂၀၁၀ | ၃၇ | ၅ | ၃၂ | ၂၀ | ၄ |
| ၂၀၁၁ | ၁၇ | ၅ | ၁၂ | ၁၀ | ၂ |
| စုစုပေါင်း | ၁၄၁ | ၂၀ | ၁၁၃ | ၈၅ | ၂၀ |

## ပြည်ထောင်စုလွှတ်တော်ခေတ်

(၂၀၁၁ ခုနှစ်၊ မတ်လ ၃၁ရက် မှ ၂၀၂၁ ခုနှ
ဇန်နဝါရီလ ၃၁ ရက် အထိ)

| ပြည်ထောင်စုလွှတ်တော် | | ၂၀၂၂ခုနှစ် ဒီဇင်ဘာလ ၃၁ရက်အထိ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ပြဋ္ဌာန်းဥပဒေ | | | ယင်းတို့အနက် | | | တည်ဆဲ | | |
| သက်တမ်း | ခုနှစ် | မူရင်းဥပဒေ | ပြင်ဆင်ဥပဒေ | ပေါင်း | ရုပ်သိမ်းပြီး | ပျက်ပြယ်ပြီး | ပေါင်း | မူရင်းဥပဒေ | ပြင်ဆင်ဥပဒေ | ပေါင်း |
| ပထမသက်တမ်း | ၂၀၁၁ | ၆ | ၉ | ၁၅ | ၁ | ၁ | ၂ | ၅ | ၈ | ၁၃ |
| | ၂၀၁၂ | ၂၂ | ၂ | ၂၄ | ၁ | - | ၁ | ၂၁ | ၂ | ၂၃ |
| | ၂၀၁၃ | ၂၆ | ၁၁ | ၃၇ | ၁ | ၂ | ၃ | ၂၅ | ၉ | ၃၄ |
| | ၂၀၁၄ | ၂၈ | ၂၉ | ၅၇ | ၂ | ၁ | ၃ | ၂၆ | ၂၀ | ၄၆ |
| | ၂၀၁၅ | ၃၄ | ၄၀ | ၇၄ | ၁ | ၂ | ၃ | ၃၃ | ၃၈ | ၇၁ |
| | ၂၀၁၆ | ၁၆ | ၉ | ၂၅ | ၁ | ၁ | ၂ | ၁၅ | ၈ | ၂၃ |
| | ပေါင်း | ၁၃၂ | ၁၀၀ | ၂၃၂ | ၇ | ၇ | ၁၄ | ၁၂၅ | ၉၃ | ၂၁၈ |
| ဒုတိယသက်တမ်း | ၂၀၁၆ | ၁၁ | ၈ | ၁၉ | - | - | - | ၁၁ | ၈ | ၁၉ |
| | ၂၀၁၇ | ၁၅ | ၁၄ | ၂၉ | - | - | - | ၁၅ | ၁၄ | ၂၉ |
| | ၂၀၁၈ | ၂၁ | ၁၅ | ၃၆ | - | - | - | ၂၁ | ၁၅ | ၃၆ |
| | ၂၀၁၉ | ၂၈ | ၁၂ | ၄၀ | - | - | - | ၂၈ | ၁၂ | ၄၀ |
| | ၂၀၂၀ | ၁၂ | ၆ | ၁၈ | - | - | - | ၁၂ | ၆ | ၁၈ |
| | ပေါင်း | ၈၇ | ၅၅ | ၁၄၂ | - | - | - | ၈၇ | ၅၅ | ၁၄၂ |
| စုစုပေါင်း | | ၂၁၉ | ၁၅၅ | ၃၇၄ | ၇ | ၇ | ၁၄ | ၂၁၂ | ၁၄၈ | ၃၆၀ |

* တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် များ၏ ပြဋ္ဌာန်းဥပဒေများ၊ နိုင်ငံတော်သမ္မတ၏ တစ်ချက် လွှတ်ဥပဒေအမိန့်များ မပါဝင်ပါ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အခြေခံဥပဒေ ပုဒ်မ ၄၁၇၊ ၄၁၈တို့အရ နိုင်ငံတော်အာဏာများကို ၁-၂-၂၀၂၁ မှစကာ ထိန်းသိမ်းလိုက်သည့်နောက်တွင် အခြေခံဥပဒေ ဇယား-၁ (ပြည်ထောင်စု ဥပဒေပြုစာရင်း) နှင့် ဇယား-၂ (တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေ ပြုစာရင်း) တို့ပါ ဥပဒေများကို တစ်စုတစ်စည်းတည်း အမှတ်စဉ်တပ်၍ ပြဋ္ဌာန်းပေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီခေတ်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ရက်နေ့မှ ယနေ့အထိ)

| နှစ် | ပြဋ္ဌာန်း | ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ရက်အထိ | | | |
|---|---|---|---|---|---|
| | | ရုပ်သိမ်း/ပျက် | လက်ကျန် | မူရင်း | ပြင်ဆင်ချက် |
| ၂၀၂၁ | ၆၃ | - | ၆၃ | ၃၃ | ၃၀ |
| ၂၀၂၂ | ၄၉ | - | ၃၉ | ၃၇ | ၁၂ |
| စုစုပေါင်း | ၁၁၂ | - | ၁၀၂ | ၇၀ | ၄၂ |

မြန်မာနိုင်ငံ၏ ခေတ်အလိုက် ဥပဒေအရေအတွက် စာရင်းပေါင်းချုပ်
(၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ရက်အထိ)

| ခေတ် | | ပြဋ္ဌာန်း | ရုပ်သိမ်း/ပျက်ပြယ် | တည်ဆဲလက်ကျန် | မူရင်း | ပြင်ဆင်ချက် |
|---|---|---|---|---|---|---|
| (၁) လွတ်လပ်ရေးအကြို နှင့် ပါလီမန်ခေတ် | Myanmar Codes | ၄၃၅[*] | ၂၈၄ | ၁၅၁ | ၁၅၁ | - |
| | ၁-၁-၁၉၅၅ မှ ၁-၃-၁၉၆၂ | ၃၃၄ | ၂၀၄ | ၁၃၀ | ၅၂ | ၇၈ |
| (၂) တော်လှန်ရေးကောင်စီခေတ် (၂-၃-၁၉၆၂ မှ ၁-၃-၁၉၇၄အထိ) | | ၁၈၂ | ၉၅ | ၈၇ | ၆၄ | ၂၂ |
| (၃) ပြည်သူ့လွှတ်တော်ခေတ် (၂-၃-၁၉၇၄ မှ ၁၇-၉-၁၉၈၈အထိ) | | ၁၂၅[#] | ၅၅ | ၇၀ | ၄၉ | ၂၁ |
| (၄) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ခေတ် (၁၈-၉-၁၉၈၈ မှ ၁၄-၁၁-၁၉၉၇အထိ) | | ၁၃၉ | ၅၃ | ၈၆ | ၆၄ | ၂၂ |
| (၅) နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးအစိုးရခေတ် (၁၅-၁၁-၁၉၉၇ မှ ၃၀-၃-၂၀၁၁အထိ) | | ၁၄၁[$] | ၂၈ | ၁၁၃ | ၈၅ | ၂၈ |
| (၆) ပြည်ထောင်စုလွှတ်တော်ခေတ် (၃၁-၃-၂၀၁၁ မှ ၃၁-၁-၂၀၂၁အထိ) | | ၃၇၄ | ၁၄ | ၃၆၀ | ၂၁၂ | ၁၄၈ |
| (၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီခေတ် (၁-၂-၂၀၂၁ မှ ယနေ့အထိ) | | ၁၀၂ | - | ၁၀၂ | ၃၃[+] | ၃၀[+] |
| စုစုပေါင်း | | ၁၈၃၂ | ၇၃၃ | ၁၁၀၉ | ၇၅၀[+] | ၃၅၉[+] |

မှတ်ချက်။ *၁၉၄၇ခုနှစ်၊ #၁၉၇၄ခုနှစ်၊ $၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် ဥပဒေများ မပါဝင်ပါ။

ဦးသန်းမောင် (စစ်တွေ)၊ တရားလွှတ်တော်ရှေ့နေ

# မြောက်ဦးမြို့ရောက် ဒတ်ချ်လူမျိုးသင်္ဘောသား ဒေါက်တာရှောင်တန်

**(Wouter Sehouter၊ 1638-1704)**

**မေကြီးရှင်**



ရှောင်တန်သည် မြောက်ဦးမြို့ စည်ကားကောင်းစားစဉ်က ရောက်ရှိခဲ့ကြသော ဥရောပတိုက်သားများအနက်မှ မှတ်တမ်းများနှင့် ပန်းချီစာတ်ပုံ ၄၃ ကား ရေးဆွဲမှတ်တမ်းတင်နိုင်ခဲ့သည့် သင်္ဘောသားတစ်ဦး ဖြစ်ပါသည်။

ဒေါက်တာရှောင်တန်ကို ဒတ်(ချ်) ယခု ဟော်လန်နိုင်ငံ ဟာလမ် (Haar Lem) မြို့၌ ၁၆၃၆ ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ အသက် ၂၀ အရွယ် ဆေးပညာသင်ကြားနေစဉ် ၁၆၅၈ ခုနှစ်တွင် အမ်စတာဒမ်မြို့ရှိ ဗွီအိုစီ (V.O.C) ကုမ္ပဏီ၌ အမှုထမ်းရန် သုံးနှစ်ခံဝန်စာချုပ်ဖြင့် လက်မှတ်ရေးထိုးခဲ့သည်။ စာချုပ်သက်တမ်း သုံးနှစ်ပြည့်ပြီးနောက် ဒုတိယအကြိမ် နောက်ထပ်သုံးနှစ်တာဝန် ထမ်း




ဆောင်ခဲ့သေးသည်။ သူတာဝန်ထမ်းဆောင်ခဲ့စဉ်ကာလ တွင် ဘာတေးဗီးယားမှ ဆန်နှင့် ကျွန်းသစ်ဝယ်ယူလျက်ရှိ သော ကုန်သွယ်ရေကြောင်းခရီးတွင် တာဝန်ထမ်းဆောင် လျက်ရှိကြသည့် သင်္ဘောသားများအတွက် သင်္ဘောသား ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် ခွဲစိတ်ကုသမှုတွင် များစွာကျွမ်းကျင်သော ဆရာဝန်တစ်ဦး အဖြစ် လူသိများကျော်စောခဲ့၍ ၁၆၆၄ ခုနှစ် နောက်ပိုင်းတွင် ဟာလမ်မြို့ရှိ ခွဲစိတ်ကုသမှုဆရာဝန်များအသင်းတွင်လည်း စစ်ဆေးရေးမှူး (Inspector) အဖြစ် ရွေးချယ်တင်မြှောက် ခြင်းခံခဲ့ရသည်။ ရောင်တန်သည် ဒဏ်ရာများနှင့် အရိုး ကျိုးပဲ့ကွဲအက်ခြင်းဆိုင်ရာ စာတမ်းနှစ်စောင်ကိုလည်း ထုတ်ဝေခဲ့ရာ ဆေးပညာရှင် သုတေသီတစ်ဦးအဖြစ်လည်း အသိအမှတ်ပြုခြင်းခံရသူ ဖြစ်သည်။

သူသည် သင်္ဘောသားဆရာဝန်တစ်ဦးအဖြစ် တာဝန် ထမ်းဆောင်လာရသောအခါ နိုင်ငံတကာ အတွေ့အကြုံ များကို တစ်ပွေ့တစ်ပိုက်ကြီး ရရှိခဲ့တော့သည်။ သူသည် မမျှော်လင့်ဘဲနှင့် အရှေ့တောင်အာရှတွင် ချမ်းသာကြွယ်ဝ သော နိုင်ငံတစ်နိုင်ငံဖြစ်သည့် ရခိုင်ပြည် မြောက်ဦးမြို့သို့ ကုန်စည်များ ရောင်းဝယ်ဖောက်ကားသည့် ဒတ်(ချ်) မြောက်ဦးသွား သင်္ဘောနှင့်အတူ မြောက်ဦးမြို့တော်သို့ ရောက်ခဲ့ရသည်။ သင်္ဘောသည် မြောက်ဦးမြို့ ဘောင်းဒွတ် ဆိပ်ကမ်းတွင် ဆိုက်ကပ်ခဲ့သည်။ သူရေးသားခဲ့သော ခရီးသွားမှတ်တမ်းတွင် ဘောင်းဒွတ်အမည်ကို ဒတ်(ချ်) လူမျိုး၏ အသံဖလှယ်မှုအရ 'ဘန်းဒဲ' (Bended) ဟု ဖော်ပြခဲ့သည်။

ရန်ကုန်ရောက်အရေးပိုင် မောရစ်ကောလစ်သည် အရေးပိုင်အလုပ်ထက် မြန်မာ့သမိုင်းကိုပို၍ စိတ်ဝင်စားခဲ့ ရာမှ စာရေးဆရာတစ်ဦးဖြစ်လာရသလို ရောင်တန်သည် သင်္ဘောပေါ်မနေဘဲ မြောက်ဦးမြေပေါ်ဆင်းခဲ့၍ စာရေး ဆရာ၊ ပန်းချီဆရာတစ်ဦး ဖြစ်လာခဲ့ရသည်။ သူ၏ ခရီး သွားမှတ်တမ်းစာအုပ်များသည် ရှေးခေတ်က ရခိုင်သမိုင်း ကို နှောင်းလူများက သိရှိခွင့်ရရှိခဲ့ကြသည်။

ထိုစဉ်က ဒတ်(ချ်) ရခိုင်ကုန်သွယ်မှုသည် အလယ် ခေတ် ၁၇ ရာစုတွင် ကျယ်ကျယ်ပြန့်ပြန့် ကုန်သွယ်ရောင်း ဝယ်ဖောက်ကားခဲ့ကြသည်ကို တွေ့ရသည်။ ယခုထက် တိုင် မြောက်ဦးမြို့ ဘောင်းဒွတ်ရပ်တွင် ဒတ်(ချ်)ကုန်တိုက် ပျက်ကြီးကို တွေ့နိုင်ပါသေးသည်။ ဒတ်(ချ်) အရှေ့အိန္ဒိယ ကုမ္ပဏီအတွက် အချက်အချာကျသော ကုန်သွယ်ရာ ဒေသတစ်ခုအဖြစ် မြောက်ဦးမြို့တည်ရှိခဲ့သည်။ ထိုစဉ်က ဒေါက်တာရောင်တန် လိုက်ပါခဲ့သည့် ဒတ်(ချ်)သင်္ဘော သည် စပါးဝယ်ယူရန်အတွက် ၁၆၆၁ ခုနှစ် ဖေဖော်ဝါရီလ အတွင်း ရောက်ရှိလာခဲ့သည်။ စပါးရိတ်သိမ်းချိန်အထိ စောင့်ဆိုင်းနေခဲ့ရသည်။

ရောင်တန် မြောက်ဦးသို့ ရောက်ရှိလာသောအချိန် မြောက်ဦးမြို့တော်၌ ဘုရင်စန္ဒသုဓမ္မရာဇာ (၁၆၅၂- ၁၆၈၄) စိုးစံနေသော ကာလဖြစ်သည်။ ရောင်တန်သည် ငါးနှစ်တစ်ကြိမ်ပြုလုပ်သည့် မြို့တွင်းသို့ထွက်၍ ဗိုလ်ရှုခံ စီတန်းလှည့်လည်ခဲ့သည်ကို မြင်တွေ့ခဲ့ရသော အစောဆုံး ဥရောပတိုက်သားဟု ဆိုနိုင်သည်။

မြောက်ဦးရောက် ဥရောပတိုက်သားများက ဖော်ပြခဲ့ ကြသည့် မှတ်တမ်းများထဲတွင် ရောင်တန်၏ မြောက်ဦး ရောက် မျက်မြင်ကိုယ်တွေ့ မှတ်တမ်းဖော်ပြချက်သည် လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ ကြီးကျယ်ခမ်းနားမှု ကို သူ၏အံ့ဩခြင်းနှင့် စိတ်ဝင်စားမှုများသည် သူ့အား စာရေးဆရာဘဝနှင့် ပန်းချီဆရာတစ်ဦးအဖြစ်သို့ တွန်းပို့

ပေးခဲ့ခြင်းဖြစ်သည်။

ဘုရားပုထိုးများ ဝိုင်းရံလျက် ခံ့ညားသောမြို့ကို သူ၏ အံ့သြခြင်း ခံစားချက်အပါအဝင် ချမ်းသာကြွယ်ဝခြင်း မြို့ရိုးကျုံးအထပ်ထပ် ရေတံခါးများ အဆင့်ဆင့် ပြုလုပ်ထားသည်များကို တွေ့ရသောအခါ ကလောင်ကို လက်ကမချနိုင်သည်အထိ ဖြစ်ခဲ့ရသလို ထိုခေတ်ထိုအခါက ကင်မရာမပေါ်သေး၍ မှတ်တမ်းတင်ပန်းချီကားများကို တစ်ပုံပြီးတစ်ပုံ ရေးဆွဲတော့သည်။ ဘောင်းဒွတ်သင်္ဘောဆိပ်ကမ်းတွင် စပါးဝယ်ရန်အတွက် ဆိုက်ကပ်ထားစဉ် သူမြင်တွေ့ခဲ့ရသော အဖြစ်အပျက်အားလုံးကို မှတ်တမ်းများ ရေးသားခဲ့သည်နှင့်ပင် မပြီးသေးဘဲ ပန်းချီပုံပေါင်း (၄၃) ပုံကို မှတ်တမ်းတင်ရေးဆွဲနိုင်ခဲ့သည်။ "လွမ်းမြေ့ဖွယ်မြောက်ဦး" (၁၆၆၀-၆၁) ခုနှစ် ရေးဆွဲခဲ့သော ပန်းချီကားချပ်ကို ၁၆၇၆ ခုနှစ်က ပထမဆုံးအကြိမ် ထုတ်ဝေခဲ့သည့် ရှောင်တန်၏ "ခရီးသွားအောက်မေ့ဖွယ်ရာ" စာအုပ်တွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ပန်းချီခာတ်ပုံများကို မှတ်တမ်းတင်ရေးဆွဲခဲ့သည်နှင့်ပင် မတင်းတိမ်နိုင်သေးဘဲ ယင်းပန်းချီကားချပ်များကို ဂန္ထဝင်မြောက် တာရှည်တည်တံ့စေရန်အတွက် ကြေးပြားပေါ်တွင် ဖောင်းကြွပန်းချီကား (ပန်းတဉ်း) အဖြစ် ပညာရှင်များအား ပြုလုပ်စေခဲ့သေးသည်။

ရခိုင်ဒေသဆိုင်ရာ ဖောင်းကြွပန်းချီကားများထဲတွင် ရခိုင်ဘုရင်မြို့တော်အမည်ရှိ အဝေးမြင် မြင်ကွင်းကျယ် ပန်းချီကား၊ ဘောင်းဒွတ်ဆိပ်ကမ်းမြင်ကွင်း၊ နန်းတော်ပုံ မြင်ကွင်းကျယ်ပန်းချီကား၊ စန္ဒသုဓမ္မရာဇာ ငါးနှစ်တစ်ကြိမ် တိုင်းခန်းလှည့်လည်ခြင်း၊ မဟာမုနိသိမ်တော် ဒတ်(ချ်)ကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုခြင်းနှင့် ဘုရင့် နန်းတော်တွင် ကြားနာပွဲပန်းချီ စသည်တို့မှာ အထူးပင် တန်ဖိုးရှိသော သမိုင်းမှတ်တမ်း ပန်းချီကားများဖြစ်ခဲ့သည်။

ရှောင်တန်သည် စန္ဒသုဓမ္မရာဇာတိုင်းခန်းလှည့်လည်ခြင်းကို ၁၆၆၀ ပြည့်နှစ်က သူမှတ်တမ်းတင်ခဲ့ရာတွင် -

"မင်္ဂလာစည်တော် ရိုက်ခတ်သံများ၊ ပလွေနှင့် အခြားသော လေမှုတ်ကိရိယာများ၏ တီးမှုတ်သံမျိုးစုံနှင့်အတူ ဘုရင်ကြီးသည် နန်းတော်မှ ကြွချီလာခဲ့သည်။ ဘုရင်သည် မနိမ့်လွန်း မမြင့်လွန်းသော ဘုရင်စီးတော်ဆင်ပေါ်တွင် အမွှေးနံ့သာများပက်ဖျန်းပြီး အထူးတောက်



ပြောင်လက်စွာဝတ်ဆင်ထားသော အာရှတစ်လွှားတွင် မြင်တွေ့ရသော ဝတ်စားဆင်ယင်မှုမျိုးကို အဆင့်မြင့်စွာ ဝတ်ဆင်ထားသည်။ ဦးခေါင်းပေါ်၌ အဖိုးတန်ခေါင်းပေါင်း ပေါင်းထားသည်။ ထို့အပြင် တန်ဖိုးအနမတဂ္ဂ ထိုက်တန်သော သရဖူကို ဆောင်းထားသည်။ အမိုးအကာများဖြင့် လှပစွာ တန်ဆာဆင်ထားသည့် နေရာရှေ့၌ ဘုရင်ကြီးမှာ တင်ပလ္လင်ခွေထိုင်လျက် လိုက်ပါလာခဲ့သည်။ ထိုင်ခုံအောက် ပုခက်ကိုစွဲမြဲစေရန် ဆင်၏ဝမ်းဗိုက်ကို ပတ်ပြီး ကြိုးဖြင့်ချည်နှောင်ထားသည်။ ဘုရင့်အမှုတော်ထမ်း လူယုံတော်တစ်ဦးက ဆင်တော်ကိုစီးလျက် (ရှောင်တန် ၁၇၂၅-၂၂၇)။''

အခြားဝန်မင်းအချို့က ရူးရှသော နေရောင်ခြည် ဘုရင်ထံ မကျရောက်စေရန် လှပသော ထီးတော်များကို ကိုင်ဆောင်ပြီး ကာကွယ်ပေးနေကြသည်။ အရေအတွက်များပြားသော အဆင့်မြင့်အရာရှိများနှင့် ဘုရင့်သက်တော်စောင့် လူယုံတော်များက လက်နက်အပြည့်အစုံ ကိုင်ဆောင်ကာ ဘုရင့်ဆင်တော်ပတ်လည်တွင် ခြေကျင်လျှောက်လျက် (ရှောင်တန် ၁၇၂၅-၂၂၈)






စုရုံးရခြင်း၊ စတင်ထွက်ခွာခြင်း၊ ဖြည်းညင်းစွာ လျှောက်သွားခြင်းကြောင့် တိုင်းခန်းလှည့်လည်မှုသည် အချိန်များစွာကြာမြင့်ပါသည်။ (ရှောင်တန် ၁၇၂၅-၂၂၉)

ချမ်းသာကြွယ်ဝမှုကို ပွင့်လင်းစွာ စီတန်းပြသည့် ဤမျှလောက် ကြီးကျယ်ခမ်းနားလှပသော ပြပွဲမျိုးကို မြင်တွေ့ခဲ့ရသည့်အခါ ကျွန်ုပ်ကိုယ်တိုင် မိမိကိုယ်မိမိ မယုံနိုင်အောင် ဖြစ်မိပါသည်။ ရှောင်တန်က ဆက်လက်၍ ရေးသားဖော်ပြရာတွင် အရည်အသွေး အထူးကောင်းမွန်သော ရတနာများနှင့် မွမ်းမံခြယ်သထားသည့် လက်ဝတ်ရတနာများ၊ ပုလဲများ၊ အဖိုးတန်ကျောက်မျက်များ၊ ရွှေငွေအမှတ်တရ ပစ္စည်းအမျိုးမျိုး၊ ပိုးနှင့်ကျောက်များဖြင့် ခြယ်သပြုလုပ်ထားသည့် အဖိုးတန်အထည်များ၊ ဘုရင်ကိုယ်တော်တိုင် ကိုင်ဆောင်သည့် အစွမ်းထက် လက်နက်ကောင်းများအပြင် အဆင်များအား တန်ဆာဆင်ထားပုံများနှင့် လူတို့၏ ဝတ်စားမှုများကို အံ့ဖွယ်သရဲ စသည်ဖြင့် ဖော်ပြထားခဲ့သည်။

ဒေါက်တာရှောင်တန်သည် ၁၇၀၄ ခုနှစ် အသက် ၆၆ နှစ်တွင် သူ၏ဇာတိချက်ကြွေ မွေးရပ်မြေ ဟာလမ်မြို့၌ပင် ကွယ်လွန်ခဲ့သည်။


WOUTER SCHOUTENS
OOST-INDISCHE
VOYAGIE,

AMSTERDAM,

An Arakanese Perspective from the Dutch Source: Image of the kingdom of Arakan in seventeenth century.


Ref

၁။ Jos Gommans and Jacques Leicer ကို ပုံနှိပ်ထုတ်ဝေသည့် The Maritime frontier of Burma မှ Catterine Raymond ၏ စာတမ်း

၂။ ဦးထွန်းရွှေနိုင် (ဝါဘို) စာရေးဆရာ၊ မြို့နယ်ပညာရေးမှူး (ငြိမ်း) ၏ လက်ရေးမူမှတ်တမ်းများ

၃။ ဦးအေးသိန်း၏ သင်္ဘောသားဝေါက်တာရှောင်တန်၏ မှတ်တမ်း



# အမျိုးသမီးများ ဘဝလုံခြုံရေးအတွက် ရုပ်ရှင်ဗီဒီယိုများ၏ သတိပြုစရာများ

ရိုးမရင်သွေး

ပြည်တွင်းပြည်ပ ရုပ်ရှင်များတွင် မကြာခဏ တွေ့ရတတ်သည့် ပုံစံခွက် ဇာတ်လမ်းဇာတ်ကွက်တစ်မျိုး ကြည့်ရှုဖူးခဲ့ကြမည် ထင်ပါသည်။

ဇာတ်လမ်းအရ လှပချောမောသော သနားစဖွယ် မင်းသမီးဇာတ်ကောင်လေးကို ဗီလိန်လူကြမ်းက ဗလက္ကာယပြုဖို့ အတင်းအားထုတ်၊ မင်းသမီးလေးခမျာ အားမတန် မာန်လျှော့ရမလို ဖြစ်ခါနီးမှ ရမိရာ ဓား၊ ကတ်ကြေး၊ အုတ်ခဲတစ်ခုခုနဲ့ လူကြမ်းကို ခုခံသတ်ပုတ်မိလိုက်ရာက မမျှော်လင့်ဘဲ ထိုလူကြမ်း သေသွားပါမည်။ မင်းသမီးခမျာ လူသတ်တရားခံအဖြစ်နဲ့ ဖမ်းဆီးခံရရုံမက ထိုလူသတ်မှုနဲ့ နှစ်ရှည်လများ ထောင်ကျသွားရရှာ၊ ထောင်ထဲမှာထပ်ဆင့်ဒုက္ခဆိုး အမျိုးမျိုးတွေ ထပ်မံကြုံတွေ့ရ၊ နှစ်ရှည်ထောင်ကျ အိုမင်းမစွမ်းတော့မှ သို့မဟုတ်ကလည်း ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီးမှ ထောင်က လွတ်လာပြ၊ ကိုယ့်လင် ကိုယ့်သားသမီးများကို ဆင်းရဲပင်ပန်းခံလို့ လိုက်ရှာရ၊ ဇာတ်သိမ်းခါနီးမှ လင်သားတို့က ပြန်မှတ်မိ၊ လွမ်းကြ၊ ငိုကြပြီးမှ မင်းသမီးခမျာ သနားစဖွယ်သေဆုံးရ စသဖြင့် မင်းသမီးပေါ် ဇာတ်မနာ နာအောင် အနုပညာကွန့်မြူး ဇာတ်လမ်းဆင် ရိုက်ကူးပြလိုက်သည်။

မင်းသမီးကလည်း သရုပ်တူ လုပ်ကွက်အတွက် ပညာစွမ်းများ ပြသခွင့်ရသဖြင့် အော်စကာဆုများ၊ အကယ်ဒမီဆုများ ဆွတ်ခူးရရှိသည်။ ရုပ်ရှင်ဇာတ်ကားက လည်း အနုပညာအရရော ငွေကြေးအရပါ အောင်မြင် ဖြစ်ထွန်းကာ အကြီးအကျယ် ပေါက်သွားပါတော့သည်။

အနီဇာတ်ကားမျိုး ဆင်တူများစွာအနက် အနောက် တိုင်းရုပ်ရှင်လောကတွင် Madame X၊ အိန္ဒိယရုပ်ရှင် လောကတွင် Aradhana တို့ကို နမူနာပြလိုပါသည်။ မြန်မာရုပ်ရှင်လောကထဲတွင်လည်း ထိုကဲ့သို့ ဇာတ်လမ်း မျိုးနှင့်ဆင်တူများ ခေတ်အဆက်ဆက်က အများအပြားရှိခဲ့ ပါသော်လည်း ဇာတ်ကားနာမည်တပ်၍ မဖော်ပြလိုတော့ ပါ။

**လူရမ်းကား အားပေး**

ယင်းသို့ ဇာတ်လမ်းဇာတ်ကွက်မျိုးတို့သည် တကယ့် သဘာဝဖြစ်ရပ်များ၊ လောကပါလ အမှန်တရားများနှင့် ဆန့်ကျင်ရုံမျှမက အမျိုးသမီးထုတစ်ရပ်လုံး၏ ဘဝလုံခြုံ ရေးအပေါ် အများတကာ (အမျိုးသားများရော အမျိုးသမီး များပါ) အထင်အမြင်လွဲမှားသွားနိုင်သော အန္တရာယ်ရှိနေ ခြင်းဖြစ်၍ မသင့်လျော်ကြောင်း၊ မှားယွင်းနေကြောင်း ရှင်းလင်းတင်ပြလိုပါသည်။

ထိုဇာတ်ကားမျိုးကို ကြည့်မိလိုက်သဖြင့် သဘာဝ အားဖြင့် အားနွဲ့သူအမျိုးသမီးတစ်ယောက်၏ စိတ်ထဲတွင် "ငါ့ကို မတရားပြုကျင့်ဖို့ ကြိုးစားလာသူကို ခုခံကာကွယ် လိုက်ရင် ငါပဲ ထောင်ကျဒုက္ခရောက်ရမှာပါလား" ဟူ၍ အတွေးဝင်သွားခဲ့မည်ဆိုလျှင် ခက်ကြပေတော့မည်။ အမျိုး သမီးများအပေါ် စော်ကားမော်ကားလုပ်လိုသည့် လူရမ်း ကားများကို အားပေးအားမြှောက်ပြုရာလည်း ရောက်နေ ပေတော့မည်။

အမှန်တကယ်တော့ မည်သည့်နိုင်ငံ၊ မည်သည့်ဥပဒေ စနစ်တွင်မဆို လူကောင်းသူကောင်းများ (အထူးသဖြင့်) အမျိုးသမီးများ၊ ကလေးသူငယ်များကို မတရားပြုမူသူ များ၏ ဘေးအန္တရာယ်မှ အကာအကွယ်ပေးသည့် ဥပဒေ များကိုယ်စီ ရှိကြသည်ချည်းပင်ဖြစ်ပါသည်။ မိမိတို့ မြန်မာနိုင်ငံ၏ ဥပဒေများထဲတွင်လည်း အမျိုးသမီးများအဖို့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခုခံပိုင်ခွင့် ပြဋ္ဌာန်းချက်များ ရှိသည်ကို သိရှိနိုင်ရန် အကျဉ်းမျှ ကောက်နုတ်တင်ပြလိုပါ သည်။

**ကင်းလွတ်ရမြဲအချက်၊ ကာကွယ်ခုခံပိုင်ခွင့်**

မြန်မာနိုင်ငံ၏ ရာဇသတ်ကြီးဥပဒေတွင် အခန်း ၄ "ကင်းလွတ်ရမြဲ အချက်များ" ခေါင်းစဉ်အောက်ရှိ "ကာကွယ်ခုခံပိုင်ခွင့်" ခေါင်းစဉ်ခွဲအောက်ပါ ပုဒ်မ ၁၀၀ ကို ရည်ညွှန်းလိုပါသည်-

**၁၀၀။** ။ အောက်ဖော်ပြပါ ပြစ်မှုများအနက် ပြစ်မှုတစ်ခုခုကို အန္တရာယ်ပြုသူက ကျူးလွန်ခဲ့လျှင် တစ်ဆက်တည်းဖြစ်သော အထက်ပုဒ်မတွင် ဖော်ပြသည့် ကန့်သတ်ချက်များကို အထောက်အထားပြုကာ ထို အန္တရာယ်ပြုသူကို သေစေရန်သော်လည်းကောင်း၊ အခြား ဘေးအန္တရာယ်တစ်ခုခု ဖြစ်စေရန်သော်လည်းကောင်း၊ မည်သူမဆို၊ မိမိအလိုအလျောက်ပြု၍ လူ့ကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

**ပထမ**။ ။ မကာကွယ်မခုခံလျှင်၊ သေဘေးသို့ ရောက်စေခြင်းအတွက် စိုးရိမ်ဖွယ်ရာ ဖြစ်လောက်အောင် အကြောင်းရှိသည့် လက်ရောက်မှု။

**ဒုတိယ**။ ။ မကာကွယ်မခုခံလျှင်၊ အပြင်းအထန် နာကျင်စေခြင်းအတွက် စိုးရိမ်ဖွယ်ရာဖြစ်လောက်အောင် အကြောင်းရှိသည့် လက်ရောက်မှု။

**တတိယ**။ ။ မုဒိမ်းကျင့်ရန် အကြံအစည်နှင့် ကျူးလွန်သည့် လက်ရောက်မှု။

**စတုတ္ထ**။ ။ ကာမရာဂစိတ်ကို ဓမ္မတာအတိုင်း မဟုတ်ဘဲ ရောင့်ရဲအောင်ပြုလုပ်ရန် အကြံနှင့်ကျူးလွန် သည့် လက်ရောက်မှု။

**ပဉ္စမ**။ ။ လူကို ခိုးယူရန် အကြံနှင့်သော်လည်း ကောင်း၊ သွေးဆောင်ခေါ်ငင်ရန် အကြံနှင့်သော်လည်း ကောင်း ကျူးလွန်သည့် လက်ရောက်မှု။

**ဆဋ္ဌမ**။ ။ လွတ်မြောက်ရေးအတွက် ပြည်သူ့ ဝန်ထမ်းအာဏာပိုင်တို့ထံ တိုင်တန်းနိုင်ခွင့် မရနိုင်ဟု စိုးရိမ်ဖွယ်ရာဖြစ်လောက်အောင် အကြောင်းကို ဖြစ်စေပြီး လျှင် တစ်ဦးတစ်ယောက်သောသူအား မတရားချုပ်နှောင် ထားရန်အကြံနှင့် ကျူးလွန်သည့် လက်ရောက်မှု။

ရာဇသတ်ကြီး၊ ပုဒ်မ ၉၆ ၌ ကာကွယ်ခုခံပိုင်ခွင့်အရ

ပြုလုပ်မှုဖြစ်လျှင် ပြစ်မှုမမြောက်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားပါသည်။ ဤပြဋ္ဌာန်းချက်များအရပင် အမျိုးသမီးတစ်ဦးသည် သူ့အား ဗလက္ကာယ လုပ်လာသူကို ပြန်လည်ခုခံနိုင်ခွင့်ရှိသည့်အပြင် လိုအပ်လာလျှင် ထိုကျူးလွန်လာသူအား သေစေသည့်အထိပင် ကာကွယ်တိုက်ခိုက်တုံ့ပြန်နိုင်ခွင့်ရှိနေပါသည်။

### အာမခံ

ရဲကအမှုကို စုံစမ်းထောက်လှမ်းနေစဉ်အတွင်း စွပ်စွဲခံရသူ အမျိုးသမီးကို မလွဲမရှောင်သာ အရေးယူဖမ်းဆီးလိုက်ရသည် ဆိုစေဦးတော့ ရဲအာမခံ သို့မဟုတ် ရီမန်ကာလအတွင်း တရားရုံးအာမခံဖြင့် အချုပ်မှ ယာယီလွှတ်ထား၍ ရနိုင်ပါသေးသည်။ တရားရုံးသို့ အမှုကို စွဲတင်ပြီးနောက်တွင်လည်း အမျိုးသမီးတရားခံဖြစ်သည့်အတွက် အာမခံရခွင့် (အချုပ်လွတ်ထုချေခွင့်) လျှောက်ထားပိုင်ခွင့် ရှိနေပါသည်။ ဥပဒေပြဋ္ဌာန်းချက်များအရ အမျိုးသမီးတရားခံတစ်ဦးကို လူသတ်မှုကဲ့သို့ သေဒဏ်ချမှတ်နိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် စွပ်စွဲခံထားရလျှင်ပင် အာမခံပေးခွင့်ရှိကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ၊ ပုဒ်မ ၄၉၇ (၁) တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။

### ရှေ့နေမပါလို့ မရ

နောက်တစ်ချက်မှာ လူသတ်မှုအမျိုးအစားသည် သေဒဏ်ထိုက်သင့်သော အမှုမျိုးဖြစ်ခြင်းကြောင့် တရားရုံးက အမှုစစ်ဆေးသည့်အခါ တရားခံအတွက် လိုက်ပါပေးရမည့် ရှေ့နေမပါဘဲ အမှုစစ်ခွင့်လည်း လုံးဝမရှိပါချေ။ တရားခံက ဆင်းရဲသဖြင့် ရှေ့နေမငှားနိုင်လျှင်ပင် နိုင်ငံတော်စရိတ်ဖြင့် တရားခံအတွက် ရှေ့နေတစ်ဦးကို မဖြစ်မနေ ငှားရမ်းပေးရမည်သာ ဖြစ်ပါသည်။ ဤကဲ့သို့ လူသတ်မှုမျိုးသာ ပြင်ပတွင် အမှန်တကယ်ဖြစ်ပွားခဲ့ပါက အခမဲ့အကျိုးဆောင်လိုက်ပေးမည့် ရှေ့နေတစ်ဦးတလေ သေချာပေါက်ရှိလာမည်သာ ဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော် ဤအမှုမျိုးသည် ရှေ့နေနာမည်ကောင်းရမည့် အမှုမျိုးဖြစ်ပါသည်။ လူသတ်တရားခံအဖြစ် စွပ်စွဲခံရသူအမျိုးသမီးအနေဖြင့် ကာကွယ်ခုခံသောင်အတွင်း ကျရောက်နိုင်မည့် အမှုသွား အမှုလာမျိုးတွင် အတော်အတန် ဥပဒေတတ်ကျွမ်းသော ရှေ့နေပေါက်စလေးတစ်ယောက်သည်လျှင်ပင် တရားခံအမျိုးသမီးအတွက် တရားရှင်လွှတ်ပေးရန် သို့မဟုတ် တရားသေလွှတ်ပေးရန် ဥပဒေအကိုးအကားများ၊ စီရင်ထုံးအကိုးအကားများဖြင့် ပိုင်ပိုင်နိုင်နိုင် လျှောက်ထားပေးနိုင်မည်မှာ မုချဧကန် ဖြစ်ပါသည်။

### တရားရုံးအဆုံးအဖြတ်

အမှုစစ်ဆေးရသည့် တရားသူကြီးကလည်း ဤကဲ့သို့ အမှုမျိုးကိုသာ တကယ့်အပြင်မှာ စစ်ဆေးစီရင်ရမည် ဆိုပါလျှင် နှစ်ဖက်သက်သေထွက်ဆိုချက်များ၊ ရှေ့နေများ၏ လျှောက်လဲချက်များအပေါ် သုံးသပ်လျက် ရုံးတော်ရှေ့ရောက် စွပ်စွဲခံရသူအမျိုးသမီးသည် မိမိကိုယ်ကို မိမိကာကွယ်ခုခံပိုင်ခွင့်အရ လူသတ်မိခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားသဖြင့် ကင်းလွတ်ရမြဲ အချက်များတွင် အကျုံးဝင်ကြောင်း တွေ့ရှိရသည်ဆိုကာ စီရင်ချက်ချမှတ်၍ တရားသေ လွှတ်လိုက်မည်မှာ အသေအချာဖြစ်ပါသည်။

> အားနွဲ့သူအမျိုးသမီးတစ်ယောက်၏
> စိတ်ထဲတွင်
> "ငါ့ကို မတရားပြုကျင့်ဖို့
> ကြိုးစားလာသူကို ခုခံကာကွယ်လိုက်ရင်
> ငါပဲ ထောင်ကျဒုက္ခရောက်ရမှာ
> ပါလား" ဟူ၍
> အတွေးဝင်သွားခဲ့မည်ဆိုလျှင်
> ခက်ကြပေတော့မည်။
> အမျိုးသမီးများအပေါ်
> စော်ကားမော်ကားလုပ်လိုသည့်
> လူရမ်းကားများကို
> အားပေးအားမြှောက်ပြုရာလည်း
> ရောက်နေပေတော့မည်။

မူလအမှုစစ်ဆေးသည့် တရားရုံးက အခြားအမှုအဖြစ်အပျက် သက်သေခံချက်များအရ မလွှဲမရှောင်သာ အပြစ်ပေးလိုက်ရသည်ဆိုစေဦးတော့ အထက်အယူခံရုံး အဆင့်ဆင့်တွင် ထိုအမျိုးသမီး၏ ဘဝရှေ့ရေးအတွက် လူမှုရေးရှုထောင့်က သုံးသပ်စဉ်းစားပြီး ပြစ်ဒဏ်ကို ပယ်ဖျက်ခြင်း သို့တည်းမဟုတ် လျှော့ပေါ့ပေးခြင်းတို့ ပြုလိုက်နိုင်ပါသေးသည်။

## လျှော့ရက်ခံစားခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်

အကြောင်းကြောင်းကြောင့် ပြစ်ဒဏ်မပြောင်းလဲနိုင်ခဲ့ဟု ဆိုလျှင်ပင် အကျဉ်းထောင်လက်စွဲပါ သတ်မှတ်လျှော့ရက်ခံစားခွင့်အရလည်းကောင်း၊ နိုင်ငံတော်က အခါအားလျော်စွာ ထုတ်ပြန်ကြေညာလေ့ရှိသော လွတ်ငြိမ်းချမ်းသာခွင့်တစ်ရပ်ရပ်နှင့် ကြုံကြိုက်ခဲ့လျှင်လည်းကောင်း အကျဉ်းကျတရားခံ အမျိုးသမီးသည် ပြစ်ဒဏ်အပြည့်အဝမကျခံရတော့ဘဲ အပြီးအပြတ်လွတ်ခြင်း သို့မဟုတ် ထောင်ဒဏ်ကာလ လျှော့ပေါ့ခံစားခွင့်များကိုလည်း ခံစားရနိုင်ပါသေးသည်။ ရုပ်ရှင်ထဲမှာကဲ့သို့ ထောင်ကျအမျိုးသမီးခမျာ နှစ်ရှည်ထောင်ကျခံနေခဲ့ရရာကာ အသက်အရွယ်အိုမင်းမှ ထောင်ကလွတ်လာရသည်ကို ဆိုသည်မျိုး လက်တွေ့တွင် ဖြစ်နိုင်ခြေရှိမည် မဟုတ်ပါ။

## ကာယိန္ဒြေပျက်စေမှု

ထို့အပြင် ရုပ်ရှင်ဗီဒီယိုအချို့တို့တွင် မကြာခဏတွေ့ရလေ့ရှိသော ဟာသပြကွက်ဟုဆိုကာ လူတောသူတောမရှောင် မိန်းကလေးများကို ကာယိန္ဒြေပျက်ပြားလောက်အောင် ကိုယ်နှုတ်အမူအရာများဖြင့် နောက်ပြောင်ကျီစယ်စော်ကားကြသည့် ပြကွက်မျိုးများသည်လည်း ကိုယ့်နိုင်ငံအပေါ် တရားဥပဒေစိုးမိုးမှုမရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်ဟူ၍ အထင်အမြင်မှားသွားစေနိုင်သဖြင့် ဇာတ်လမ်းဇာတ်ကွက်များတွင် ထည့်သွင်းရိုက်ကူးရန် မသင့်လျော်ပါချေ။

ဤသို့ ကိုယ်ထိလက်ရောက် စော်ကားမော်ကားလုပ်သော အပြုအမူမျိုးများသည် ရာဇသတ်ကြီး ဥပဒေ၊ ပုဒ်မ ၃၅၄ (လက်ရောက်မှု) အရ တရားစွဲဆိုခံရနိုင်သော ပြစ်မှုဖြစ်ပြီး ထောင်ဒဏ် ၂ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရနိုင်ပါသည်။

အမျိုးသမီးတစ်ဦးကို ကိုယ်ထိလက်ရောက် မဟုတ်ဦးတော့ နှုတ်ဖြင့်စော်ကားလျှင်၊ မဖွယ်မရာ အပြုအမူလုပ်ပြလျှင်၊ မဖွယ်မရာ အရာဝတ္ထုတစ်ခုခုကို ပြသလျှင်လည်း ထိုသူကို ရာဇသတ်ကြီးဥပဒေ၊ ပုဒ်မ ၅၀၉ (ကာယိန္ဒြေပျက်စေမှု) အရ အရေးယူနိုင်ပါသည်။ ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပါသည်။ ယင်းသို့ အရေးယူနိုင်လောက်သည့်အဆင့်အထိ ပြကွင်းပြကွက်များကို ယနေ့ရုပ်ရှင်ဗီဒီယိုများတွင် မကြာခဏ တွေ့ရတတ်ပါသည်။

## အမြင်အမှား ဝင်မသွားစေဖို့

ဤခေတ်ကာလများတွင် အမျိုးသမီးအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် လူနေမှုဘဝ မြှင့်တင်ရေးများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြသည်ဖြစ်ရာ ရုပ်ရှင်ဗီဒီယိုကဲ့သို့ လူထုအပေါ် ဩဇာညောင်းလှသည့် ရုပ်သံမီဒီယာတို့က လူထုတို့၏ အသိစိတ်ဓာတ်ထဲသို့ မရည်ရွယ်ဘဲ အထင်မှား အမြင်မှားများ ဝင်မသွားရအောင် သတိပြုဆင်ခြင်ဖို့ အရေးကြီးလှပေသည်။

သို့ဖြစ်ပါ၍ ရုပ်ရှင်ဗီဒီယိုလောကသားများအနေဖြင့် လွဲမှားသော ပြကွက်များကို ရည်ရွယ်၍ဖြစ်စေ၊ မရည်ရွယ်ဘဲဖြစ်စေ ဖော်ပြမိသည့် ဇာတ်လမ်းဇာတ်ကွက်များကို အထူးသတိပြု၍ ရှောင်ရှားကြစေလိုပါသည်။

အကယ်၍ ပြည်ပက ဝင်ရောက်လာသည့် ရုပ်ရှင်ဗီဒီယိုဇာတ်လမ်းများတွင် ထိုသို့ပြကွက်များ ပါရှိနေခဲ့ပါလျှင်လည်း ပြသထုတ်လွှင့်ခွင့် ပိတ်ပင်ဖို့ သို့မဟုတ် ဖြတ်တောက်ဖို့ သက်ဆိုင်ရာ တာဝန်ရှိသူများက ဂရုစိုက်ကြပ်မတ်ပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ရိုးမရင်သွေး**



# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုနှင့် တိုင်းရင်းသားရေးရာ

**မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုပေါ်ပေါက်လာပုံ**

မဲခေါင်မိသားစုအယူအဆကို လက်တွေ့စတင်အကောင်အထည်ဖော်ခဲ့သည့် ဘူမိနက်သန်နေရာမှာ မြန်မာနိုင်ငံ နေပြည်တော်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတွင် မဲခေါင်ဒေသတွင်း နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟနေခြင်းကို လျှော့ချရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ကြောင်း ထိုင်းနိုင်ငံမှ ဆွေးနွေးမှုအပေါ် အခြေခံပြီး မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်ရပ်ထူထောင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အဆိုပြုခဲ့သည်။

**မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၏ ပထမအကြိမ်**

နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျင်းဟုန်မြို့၌ ကျင်းပခဲ့ရာ ယင်းအစည်းအဝေးမှ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကို နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင်နှင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေးမဏ္ဍိုင် စသည့်မဏ္ဍိုင် (၃) ခုဖြင့် ဖွဲ့စည်းသွားရန် သဘောတူညီခဲ့ကြသည်။

၂၀၁၆ ခုနှစ်၊ မတ်လတွင် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၏ ပထမအကြိမ် နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆန်းယမြို့တွင် ကျင်းပခဲ့ပြီး ဆန်းယကြေညာစာတမ်း (Sanya Declaration) ကို ကြေညာနိုင်ခဲ့ပြီး ယင်းကြေညာ

စာတမ်းအရ မဲခေါင်နိုင်ငံများသည် ပွင့်လင်း၍ အားလုံးပါဝင်နိုင်စေရေးကို အရင်းတည်သည့် မဲခေါင်-လန်ချန်း စိတ်ဓာတ်ထားရှိကာ ပူးပေါင်းဆောင်ရွက်မှုများကို တူညီဆန္ဒ၊ ညီတူညီမျှရှိမှု၊ အပြန်အလှန် အကြံပြုဆွေးနွေးမှုနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်မှု၊ မိမိဆန္ဒအလျောက်ပါဝင်မှု၊ အားလုံးမှ ပါဝင်ပူးပေါင်းထည့်ဝင်ဆောင်ရွက်မှု၊ အကျိုးအမြတ် မျှဝေခံစားမှုနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေများကိုလေးစားမှု စသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အခြေခံမှု (၇) ချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဇူလိုင်လ (၄) ရက်နေ့တွင် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၏ သတ္တမအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို မြန်မာနိုင်ငံ ပုဂံမြို့တွင် ကျင်းပခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီး Mr. Wang Yi ၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ကျန်မဲခေါင်ဒေသခွဲ နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။ အဆိုပါ အစည်းအဝေးတွင် Five-Year Plan of Action on MLC (2023-2027) ကို လာမည့် (၄) ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ တင်ပြ အတည်ပြုချက်ရယူရန် မူအားဖြင့် သဘောတူညီခဲ့ကြသည်။

**မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၏ ရည်ရွယ်ချက်**

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၏ အဓိက ရည်ရွယ်ချက်မှာ မဲခေါင်ဒေသတွင်းနိုင်ငံများ၏ လူမှု စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပြီး သာယာဝပြောမှုကို တိုးမြှင့်ပေးရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုရရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကို လျှော့သွားရန်၊ အာဆီယံအသိုက်အဝန်း တည်ထောင်မှု ကို အထောက်အကူပြုရန်၊ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏ ၂၀၃၀ ရည်မှန်းချက်များ တိုးမြှင့်အကောင်အထည်ဖော်သွားရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံ များအကြား ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်သွားရန် ဖြစ်သည်။




မဲခေါင်-လန်ချန်ပူးပေါင်းဆောင်ရွက်မှု၏ သတ္တမအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့
တက်ရောက်လာသည့် Mr. Wang Yi၊ ဦးဝဏ္ဏမောင်လွင်နှင့် မဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ




မဲခေါင်-လန်ချန်ပူးပေါင်းဆောင်ရွက်မှု၏ သတ္တမအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပနေစဉ်

လုပ်ငန်းဆောင်ရွက်မှုမူဘောင် (၃) ရပ်နှင့် ဦးစားပေး နယ်ပယ် (၅)ခု

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုကို မဲခေါင်နိုင်ငံများ၏ ခေါင်းဆောင်များအားလုံးတွင် တူညီဆန္ဒဖြင့် ချမှတ်ထားသော လမ်းညွှန်ချက်များအား မဲခေါင်နိုင်ငံများ၏ အစိုးရများမှ ကြီးကြပ်အကောင်အထည်ဖော်သွားရန်၊ ကဏ္ဍစုံတွင် ပူပေါင်းဆောင်ရွက်ရေးနှင့် အဖွဲ့အစည်း၊ အသိုက်အဝန်းပေါင်းစုံမှ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် စီမံကိန်းများအား အကောင်အထည်ဖော်သည့်ပုံစံဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် စသည့်မူဘောင် (၃) ရပ်ဖြင့် ဆောင်ရွက်လျက် ရှိသည်။

ထို့ပြင် ပေါင်းစည်းဆက်နွယ်မှု၊ ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ဖြတ်ကျော်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စသည့်ဦးစားပေး နယ်ပယ် (၅) ခု သတ်မှတ်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများအကြား တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအနေဖြင့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၏ ဦးစားပေး နယ်ပယ် (၅) ခုအနက် ပေါင်းစည်းဆက်နွယ်မှု နယ်ပယ်အောက်တွင် အကျုံးဝင်သည့် ဤစီမံကိန်းကို မဲခေါင်-လန်ချန်းနိုင်ငံများအကြား တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို နှီးနှောဖလှယ်ရန်၊ တိုင်းရင်းသားရေးရာမူဝါဒနှင့် အခွင့်အရေးဆိုင်ရာများအား လေ့လာရန်နှင့်မျှဝေရန်၊ မဲခေါင်ဒေသအတွင်းရှိ တိုင်းရင်းသားလူမျိုးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအကြား ချိတ်ဆက်ဆောင်ရွက်နိုင်သော ကွန်ရက်တစ်ခုဖြစ်ပေါ်စေရန်၊ မဲခေါင်ဒေသခွဲနိုင်ငံများအကြား အပြန်အလှန်နားလည်မှု တိုးတက်လာစေရန် စသည့်

ရည်ရွယ်ချက်များဖြင့် ၂၀၁၉ ခုနှစ်တွင် အဆိုပြုတင်သွင်းခဲ့သည်။

စီမံကိန်းအဆိုပြုချက် တင်သွင်းရာတွင် "မဲခေါင်-လန်ချန်း အဖွဲ့ဝင်များအားလုံး သို့မဟုတ် အများစုကို အကျိုးပြုပြီး အနည်းဆုံးအဖွဲ့ဝင်နိုင်ငံ (၃) နိုင်ငံတို့မှ ပူးပေါင်းပါဝင်မှု ရှိရမည်။ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို ပြသနိုင်သည့် နှစ်နိုင်ငံစီမံကိန်းများကိုလည်း ထည့်သွင်းစဉ်းစားမည်" ဟု ကန့်သတ်ချက်ပါရှိသဖြင့် ပထမခရီးစဉ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံတို့သို့လည်းကောင်း၊ ဒုတိယခရီးစဉ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့သို့လည်းကောင်း အသီးသီးသွားရောက်၍ တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုဖလှယ်မည့် စီမံကိန်းအစီအစဉ်ကို ရေးဆွဲတင်ပြနိုင်ခဲ့သဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၀) ဖြင့် ဆောင်ရွက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

စီမံကိန်းကို ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်နိုင်ခြင်းမရှိဘဲ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှသာ ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် မူလစီမံကိန်းပါ မဲခေါင်-လန်ချန်းနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များရှိနေ၍ သွားရောက်နိုင်ခြင်း မရှိခဲ့ပေ။ စီမံကိန်း၏ ပထမခရီးစဉ်အဖြစ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင် ခေါင်းဆောင်သော အဖွဲ့ဝင် (၂၇) ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ (၂၇) ရက်နေ့မှ ဒီဇင်ဘာလ (၃) ရက်နေ့အထိ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံရှိ ဗီယန်ကျန်းမြို့နှင့် လောင်ပရာဘန်မြို့များသို့ သွားရောက်၍ အကောင်အထည်ဖော်ဆောင်နိုင်ခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် လာအိုနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mme. Livong Laoly နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင်



(၂၈-၁၁-၂၀၂၂) ရက်နေ့နံနက်ပိုင်းတွင် လာအိုနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mme. Livong Laoly နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့တွေ့ဆုံဆွေးနွေးစဉ်

လာအိုနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ "တိုင်းရင်းသားရေးရာမူဝါဒနှင့် ယဉ်ကျေးမှုနီးနှောဖလှယ်ပွဲ" ကို ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့က တိုင်းရင်းသားရေးရာ လုပ်ငန်းစဉ်များနှင့် မူဝါဒများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုနှင့် ရိုးရာပွဲတော်များအကြောင်းကို ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံကိုယ်စားလှယ်များ၏ ညှိနှိုင်းအတည်ပြုမှုဖြင့် နီးနှောဖလှယ်ပွဲရလဒ်အဖြစ် အနာဂတ်ကာလတွင် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မည့် အောက်ပါအချက် (၈) ချက်ကို မှတ်တမ်းတင်နိုင်ခဲ့သည်-

(က) နှစ်နိုင်ငံသည် တိုင်းရင်းသားရေးရာ ပြဋ္ဌာန်းချက်များအပေါ် အလေးထား၍ တိုင်းရင်းသားရေးရာများကို အကောင်အထည်ဖော်ဆောင်နိုင်ခြင်းအတွက် ဂုဏ်ယူဝင့်ကြွားစွာ ဂုဏ်ပြုကြပါသည်။

(ခ) မြန်မာနိုင်ငံ၏ မြောက်ပိုင်း၊ အရှေ့ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် တောင်ပိုင်းတို့ရှိ တိုင်းရင်းသားလူမျိုးများနှင့် လာအိုနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများသည် ယဉ်ကျေးမှုများ များစွာဆင်တူကြပါသည်ဟု အသိအမှတ်ပြုခဲ့ကြပါသည်။

(ဂ) နိုင်ငံများအလိုက် ပြဋ္ဌာန်းထားကြသည့် တိုင်းရင်းသားလူမျိုးများ၏ ဥပဒေ၊ နည်းဥပဒေတွင် ပါရှိသည့် အခွင့်အရေးနှင့် တာဝန်များပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါသည်။

(ဃ) နှစ်နိုင်ငံအကြား တိုင်းရင်းသားများ၏ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုနှင့် စာပေများကို အပြန်အလှန်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရန် ဖြစ်ပါသည်။

(င) မဲခေါင်ဒေသ (၆)နိုင်ငံတွင် တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုဖလှယ်ရေး ညီလာခံများကို နှစ်စဉ်နိုင်ငံ




(၂၇-၁၁-၂၀၂၂) ရက်နေ့တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မှတ်တမ်းတင်ပုံ

အလိုက် အလှည့်ကျကျင်းပနိုင်ရေးအတွက် နိုင်ငံခေါင်းဆောင်များထံ တင်ပြဆောင်ရွက်ရန်နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဖြစ်ပါသည်။

(စ) လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့အကြား ဝန်ကြီးအဆင့် လေ့လာရေးခရီးစဉ်များကို အကောင်

အထည်ဖော်ဆောင်ရွက်ရန် ဖြစ်ပါသည်။

(ဆ) ယခုကဲ့သို့ ကျင်းပသည့် တိုင်းရင်းသားရေးရာယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်ကို မဲခေါင်ဒေသရှိ အခြားနိုင်ငံများကလည်း ကျင်းပနိုင်ရေးအတွက် စီမံကိန်းအဆိုပြုချက်များ ရေးဆွဲပြီး မဲခေါင်-လန်ချန်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့သို့ တင်ပြနိုင်ရေး တွန်းအားပေး ဆောင်ရွက်ရန် ဖြစ်ပါသည်။

(ဇ) မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများရှိ နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့် သက်ဆိုင်သည့် ပွဲတော်များအား ပူးပေါင်းတိုးမြှင့်ကျင်းပဆောင်ရွက်ရန်ဖြစ်ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် နှီးနှောဖလှယ်ပွဲအပြီးတွင် လောင်ပရာဘန်မြို့ရှိ တော်ဝင်နန်းတော်နှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်လေ့လာခဲ့ကြသည်။




(၂၉-၁၁-၂၀၂၂) ရက်နေ့၊ လာအိုနိုင်ငံ၊ **Vientiane** မြို့၊ **Muong Thanh Hotel** အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည့် တိုင်းရင်းသားရေးရာမူဝါဒနှင့် ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲသို့ လာအိုနိုင်ငံ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mme. Livong Laoly ၊ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် ကချင်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းနိုင်တို့ တက်ရောက်စဉ်




(၂၉-၁၁-၂၀၂၂) ရက်နေ့ တိုင်းရင်းသားရေးရာမူဝါဒနှင့် ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်




(၂၉-၁၁-၂၀၂၂) ရက်နေ့ တိုင်းရင်းသားရေးရာမူဝါဒနှင့် ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲတွင်
မြန်မာကိုယ်စားလှယ်အဖွဲ့၏ တင်ဆက်မှု



(၃၀-၁၁-၂၀၂၂) ရက်နေ့ **Laungpraband** လေဆိပ်သို့ ရောက်ရှိစဉ်




(၃၀-၁၁-၂၀၂၂) ရက်နေ့ **Laungpraband Royal Palace** လေဆိပ်သို့ ရောက်ရှိစဉ်




(၃၀-၁၁-၂၀၂၂) ရက်နေ့ **Laungpraband National Museum** (ပြတိုက်) သို့ သွားရောက်လေ့လာစဉ်

စီမံကိန်း၏ ဒုတိယခရီးစဉ်အဖြစ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ယခင် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ခေါင်းဆောင်သော အဖွဲ့ဝင် (၃၀) ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ (၁၈) ရက်နေ့မှ (၂၄) ရက်နေ့အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် ချင်းမိုင်မြို့များသို့ သွားရောက်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ အဆိုပါ ခရီးစဉ်အတွင်း ထိုင်းနိုင်ငံလူမှုဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တိုင်းရင်းသားရေးရာမူဝါဒနှင့် ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲကို ကျင်းပနိုင်ခဲ့သည်။

ထို့ပြင် ချင်းမိုင်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Wiraphong Rhitrot နှင့် ထိုင်းနိုင်ငံ လူမှုဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E Mr. Chuti တို့နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံဆိုင်ရာ တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ မြဘုရား၊ တော်ဝင်နန်းတော်နှင့် အမျိုးသားပြတိုက်တို့သို့လည်းကောင်း၊ ချင်းမိုင်မြို့ရှိ အမျိုးသားပြတိုက်၊ အနုပညာနှင့် ယဉ်ကျေးမှုဗဟိုဌာန၊ လန်နာရိုးရာယဉ်ကျေးမှုခလေ့ပြတိုက်နှင့် လန်နာရိုးရာနေထိုင်မှုဓလေ့ပြတိုက်တို့သို့လည်းကောင်း အသီးသီးသွားရောက်လေ့လာခဲ့ကြသည်။




(၁၈-၁-၂၀၂၃) ရက်နေ့တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မှတ်တမ်းတင်ပုံ



(၁၉-၁-၂၀၂၃) ရက်နေ့တွင် တိုင်းရင်းသားရေးရာမူဝါဒနှင့် ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲ ကျင်းပစဉ်




(၁၉-၁-၂၀၂၃) ရက်နေ့တွင် တိုင်းရင်းသားရေးရာမူဝါဒနှင့် ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲအပြီး
မြန်မာကိုယ်စားလှယ်အဖွဲ့၏ တင်ဆက်မှု



(၁၉-၁-၂၀၂၃) ရက်နေ့တွင် တိုင်းရင်းသားရေးရာမူဝါဒနှင့် ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲအပြီး
မြန်မာကိုယ်စားလှယ်အဖွဲ့၏ တင်ဆက်မှု



(၁၉-၁-၂၀၂၃) ရက်နေ့တွင် တိုင်းရင်းသားရေးရာမူဝါဒနှင့် ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲအပြီး
မှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်




(၂၀-၁-၂၀၂၃) ရက်နေ့တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ
အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာစဉ်



(၂၁-၁-၂၀၂၃) ရက်နေ့ ချင်းမိုင်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဧည့်ခန်းမဆောင်တွင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ယခင်ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့်အဖွဲ့
ချင်းမိုင်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Wiraphong Rhitrot နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်




(၂၄-၁-၂၀၂၃) ရက်နေ့တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ယခင်ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ထိုင်းနိုင်ငံ လူမှုဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ဝန်ကြီး H.E Mr. Chuti Krairiksh နှင့်တွေ့ဆုံဆွေးနွေးစဉ်

**ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာ သင်တန်းစင်တာ တည်ဆောက်ရေး စီမံကိန်း**

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် "ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ (Center of Vocational Training and Ethnic Community Affairs) (၁၄၇ ပေ × ၅၀ ပေ × ၂၇ ပေ ၊ သံကူကွန်ကရစ်နှစ်ထပ်၊ ရေမီးမိလ္လာသွယ်တန်းခြင်း အပါအဝင်) အဆောက်အဦ" ကို ဆောင်ရွက်ခွင့်ရရှိခဲ့သည်။ ယင်းအဆောက်အဦကို ရှမ်းပြည်နယ် တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၌ ၂၀၂၂ ခုနှစ် ဩဂုတ်လမှ စတင်တည်ဆောက်ခဲ့ရာ (၂၀-၃-၂၀၂၃) ရက်နေ့တွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီး ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အဆိုပါစင်တာတွင် သင်တန်းသားများ ပိုမိုလက်ခံသင်ကြားနိုင်ရေးအတွက် မူလခွင့်ပြုထားသည့် နှစ်ထပ်အဆောက်အဦမှ လေးထပ်အဆောက်အဦသို့ တိုးမြှင့်၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်သွားရန် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစင်တာအတွက် အခြေခံအဆောက်အအုံများနှင့် သင်တန်းသားများ အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများ၊ ပရိဘောဂများကို ပြည့်စုံစွာဖြည့်ဆည်းမည့် စီမံကိန်းကိုလည်း မဲခေါင်-လန်ချန်းပူပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) ဖြင့် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



(၃-၈-၂၀၂၂) ရက်နေ့တွင် ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ တည်ဆောက်ရေး တင်ဒါကော်မတီ အစည်းအဝေးတွင် တည်ဆောက်ရေးတင်ဒါဗဟိုကော်မတီဥက္ကဋ္ဌ၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင် အမှာစကားပြောကြားနေစဉ်




(၁၈-၉-၂၀၂၂ ရက်နေ့) ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ အဆောက်အဦ အုတ်မြစ်စီမင်္ဂလာအခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင် အမှာစကားပြောကြားနေစဉ်




ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ အဆောက်အဦအုတ်မြစ်စီမင်္ဂလာ
အခမ်းအနားတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးစောထွန်းအောင်မြင့်နှင့်
ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့ ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ
အဆောက်အဦဆောက်လုပ်ပြီးစီးမှုအခြေအနေအား (၁၇-၁၁-၂၀၂၂) ရက်နေ့တွင် စစ်ဆေးနေစဉ်



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်
ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ အဆောက်အဦဆောက်လုပ်ပြီးစီးမှု
အခြေအနေအား (၈-၂-၂၀၂၃) ရက်နေ့တွင် စစ်ဆေးနေစဉ်




(၂၀-၃-၂၀၂၃) ရက်နေ့ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ
အဆောက်အဦ ဆောင်ရွက်ပြီးစီးမှု

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုမှ ရရှိသည့် အကျိုးကျေးဇူးများ

တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် ရိုးရာပွဲတော်စသည်တို့ကို တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာတွင် ဆွေးနွေးဖလှယ်နိုင်မည်ဖြစ်သဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖြစ်ပေါ်တိုးတက်စေခြင်း၊ တိုင်းရင်းသားများအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးမည့် သင်တန်းစင်တာ တည်ထောင်ခြင်းဖြင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်စေခြင်း၊ တိုင်းရင်းသားဒေသများအတွင်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုခြင်း၊ မဲခေါင်-လန်ချန်းနိုင်ငံများသို့ သွားရောက်၍ တိုင်းရင်းသားရေးရာမူဝါဒနှင့် ယဉ်ကျေးမှုတို့ကို ဖလှယ်နိုင်သဖြင့် မဲခေါင်-လန်ချန်းနိုင်ငံများအတွင်း ကွန်ရက်တည်ထောင်နိုင်ခြင်း၊ ရင်းနှီးချစ်ခင်မှုတိုးတက်ခိုင်မာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေပါသည်။ ထို့ကြောင့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုသည် တိုင်းရင်းသားရေးရာများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျသည့် ပလက်ဖောင်းတစ်ခုဖြစ်ပါသည်။ လက်ဝယ်ရရှိထားသော စီမံကိန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပြီး နောင်အနာဂတ်ကာလတွင်လည်း မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေမှ ပေးအပ်သော အခွင့်အလမ်းသစ်များကို ထိထိမိမိဆုပ်ကိုင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**တိုင်းရင်းသားအခွင့်အရေးများ**
**ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန**

ကျမ်းကိုးစာရင်း

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ)မှ ထုတ်ဝေသည့် မဲခေါင်-လန်ချန်းပူပေါင်းဆောင်ရွက်မှု "ဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်တစ်စင်းရဲ့ မိသားစု" (Second Edition) စာအုပ်

၂။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများဆောင်ရွက်မှုမှတ်တမ်း

၃။ တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်ဖြင့် သွားရောက်ခဲ့သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံခရီးစဉ်များနှင့် ခရီးစဉ်အစီရင်ခံစာများ

၄။ တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ် စီမံကိန်းပြီးမြောက်အောင်မြင်မှု အစီရင်ခံစာ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဖြစ်ပေါ်လာပုံအဆင့်ဆင့်နှင့် စာချုပ်ပါအကြောင်းအရာများ

ဇော်အေးမောင်

## 1.9 million

လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်နေရသူများ အရေအတွက် ဖြစ်သည်။

## 60

မြန်မာနိုင်ငံရှိ လူဦးရေ၏ ၆၀ % ခန့် နေထိုင်လျက်ရှိသော ဒေသများသည် ပဋိပက္ခဖြစ်ပွားရာဒေသများ (သို့မဟုတ်) ပဋိပက္ခဒေသများနှင့် ဆက်စပ်လျက်ရှိသော နေရာများ ဖြစ်ပါသည်။

## 9

UPWC နှင့် NCCT & SD တို့အကြား ပြုလုပ်ခဲ့သည့် အစည်းအဝေးအရေအတွက်ဖြစ်သည်။

## 1,450

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ဖိတ်ခေါ်သည့်နေ့မှစ၍ NCA စာချုပ်ရရှိသည်အထိ ကြာမြင့်ခဲ့သည့် ရက်ပေါင်းအရေအတွက် ဖြစ်သည်။

## 45

နိုင်ငံတော်သမ္မတမှ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စများကို ပြည်သူထံသို့ စဉ်ဆက်မပြတ် အသိပေးတင်ပြခဲ့သည့် ရေဒီယို၊ ရုပ်မြင်သံကြား မိန့်ခွန်းအရေအတွက်ဖြစ်သည်။

## 100,000 +

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်အင်အားအရေအတွက် ဖြစ်သည်။

## 16

NCCT တွင် ပါဝင်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အရေအတွက် ဖြစ်ပါသည်။

## 4

မြန်မာ့နိုင်ငံရေးသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် အစိုးရ၏ သဘောတူညီချက်ဖြင့် ကျင်းပနိုင်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ညီလာခံအရေအတွက် ဖြစ်သည်။ လိုင်ဇာတွင် ၂ ကြိမ်၊ လော်ခီးလာတွင် ၂ ကြိမ် ကျင်းပခဲ့သည်။

## 5,000 +

ရက်ပေါင်း ၁,၄၅၀ အတွင်း အစည်းအဝေးငယ်များ၊ တွေ့ဆုံညှိနှိုင်းမှုများစွာ ပြုလုပ်ခဲ့ရပြီး အစည်းအဝေးအားလုံး စုစုပေါင်းအရေအတွက် ဖြစ်ပါသည်။

# သမိုင်းဝင်နေ့စွဲများ

**2 Nvo 2013**
NCA ရေးဆွဲရန်အတွက်
လိုင်ဇာထိပ်သီးညီလာခံတွင်
သဘောတူညီမှု ရရှိခဲ့ပါသည်။

**8 Mar 2014**
UPWC နှင့် NCCT တို့အကြား
NCA ညှိနှိုင်းမှုဆိုင်ရာ
အစည်းအဝေးကို ပထမဆုံးအကြိမ်
ကျင်းပနိုင်ခဲ့ပါသည်။

**31 Mar 2014**
NCA မူကြမ်း ရရှိခဲ့ပါသည်။

**8 Apr 2014**
နှစ်ဘက်မှ တင်ပြလာသော
NCA စာချုပ်များကို
စာချုပ်တစ်ခုတည်း(NCA Single Text)
အဖြစ် ပေါင်းစည်းရေးသားနိုင်ခဲ့ပါသည်။

**2 Jun 2015**
လော်ခီးလာထိပ်သီးညီလာခံကို
ကျင်းပနိုင်ခဲ့ပြီး
စာချုပ်အချောသတ်နိုင်ရန်အတွက်
စတင်နိုင်ခဲ့ပါသည်။

**7 Aug 2015**
NCA စာချုပ်
အပြီးသတ်နိုင်
ခဲ့ပါသည်။

**9 Sep 2015**
နိုင်ငံတော်သမ္မတနှင့်
ထိပ်သီးခေါင်းဆောင်များ
ဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့ပြီး NCA
စာချုပ်ကို အမြန်ဆုံးလက်မှတ်
ရေးထိုးရန် နိုင်ငံတော်သမ္မတမှ
ဖိတ်ခေါ်ခဲ့ပါသည်။

## NCA အကြောင်း

### "NCA စာချုပ်တွင် ပါဝင်ဆွေးနွေးကြသူများ"

UPWC | NCCT-SD

**NCA စာချုပ်တွင်**

အခန်းပေါင်း (၇)ခန်း

အပိုဒ်ပေါင်း (၃၃)ပိုဒ်

ပါဝင်သည်။

အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM)

- စစ်ဘက်ဆိုင်ရာ
  ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ
  ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)
- နိုင်ငံရေးဆိုင်ရာ
  ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု
  ပူးတွဲကော်မတီ(UPDJC)
  - နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ရေးဆွဲခြင်း
    Framework for Political Dialogue
  - နိုင်ငံရေးဆွေးနွေးပွဲ Political Dialogue

3

## "ပထမမူကြမ်းမှ NCA စာချုပ်အထိ သဘောတူညီမှုများ အဆင့်ဆင့်တိုးတက်လာပုံ"




## "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ပါ အချက်အလက်များ"



# NCA စာချုပ်ချုပ်ဆိုပြီးနောက် ရက် ၉၀

**၂၄ နာရီ**

သဘောတူလက်မှတ်ရေးထိုးပြီးကြော
အောက်ခြေအဆင့်ဆင့်သို့ အသိပေး

**၅ ရက်**

စာချုပ်ပါအချက်အလက်များကို အောက်
ခြေအဆင့်ဆင့်သို့ ရှင်းလင်းအသိပေးရန်

**၁၄ ရက်**

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော
စာချုပ်အကောင်အထည်ဖော်မှုဆိုင်
ညှိနှိုင်းအစည်းအဝေး

- ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) ဖွဲ့စည်းခြင်း
- ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုပူးတွဲကော်မတီ(UPDJC) ဖွဲ့စည်းခြင်း
- တိကျသော အချိန်ဇယားရေးဆွဲခြင်း

**၃၀ ရက်**

စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ
စောင့်ကြည့်ရေးကော်မတီ
လုပ်ငန်းလမ်းညွှန်

**၆၀ ရက်**

- နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ရေးဆွဲခြင်း
- အားလုံးပါဝင်ရေးမူဖြင့် ပါဝင်သင့် ပါဝင်ထိုက်သူများနှင့် အချူးအစားသတ်မှတ်ခြင်း၊
- မည်သို့ဆွေးနွေးမည်သတ်မှတ်ခြင်း

**၉၀ ရက်**

နိုင်ငံရေးဆွေးနွေးပွဲများ စတင်ခြင်း

- ပြည်ထောင်စုညီလာခံကျင်းပခြင်း
- ပြည်ထောင်စုသဘောတူစာချုပ်ချုပ်ဆိုခြင်း
- ပြည်ထောင်စုသဘောတူစာချုပ် အကောင်အထည်ဖော်ခြင်း

# အဓိကအချက်များ

**နိုင်ငံတော်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုတွင်**

(၁) တိုင်းရင်းသားလက်နက်ကိုင်များအနေနှင့် ကနဦးကာလ၌ **လက်နက်စွန့်ရန်မလိုဘဲ** တစ်နိုင်ငံလုံး အပစ်အခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ချုပ်ဆိုခြင်းနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၏ လက်နက်ကိုင် ပဋိပက္ခများကို ချုပ်ငြိမ်းသွားစေရန်။

(၂) တစ်နိုင်ငံလုံး အပစ်အခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ဆွေးနွေးညှိနှိုင်းရေးသားရာ၌ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆိုပြုချက်များကို **တန်းတူရည်တူ** ဆွေးနွေးညှိနှိုင်းခြင်းအားဖြင့် အပြန်အလှန် ယုံကြည်မှု တည်ဆောက်နိုင်ရန်။

(၃) လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာမှသာလျှင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် တိုင်းရင်းသားများ အစဉ်တစိုက် တောင်းဆိုခဲ့သည့်အတိုင်း နိုင်ငံရေးနည်းလမ်း များဖြင့် အဖြေရှာရန်အတွက် **နိုင်ငံရေးဆွေးနွေးပွဲများ** ကျင်းပပြုလုပ်ပြီး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန်။

(၄) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်၊ **နိုင်ငံရေးအင်အားစုများ** အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပြီး လက်နက်ကိုင် ပဋိပက္ခများကို ချုပ်ငြိမ်းစေရန်။

(၅) နိုင်ငံရေးဆွေးနွေးပွဲများမှ ရရှိလာသော ဆုံးဖြတ်ချက်များနှင့်အညီ တည်ဆဲဥပဒေများဖြင့် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်းများ ပြုလုပ်ခြင်းဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက် နိုင်ရန်။

(၆) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန် နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာရာ၌ တိုင်းရင်းသားများ အစဉ်တစိုက် တောင်းဆိုခဲ့သည့် တန်းတူညီမျှမှုကိုအာမခံနိုင်မည့် ဒီမိုကရေစီနှင့် **ဖက်ဒရယ်**စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စု ကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်သွားရန် စသည်ဖြင့် ရည်ရွယ်ကမ်းလှမ်းခဲ့ပါသည်။

**ကောင်းကျိုးရလဒ်များ**

- NCA စာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုပြုလုပ်နေဆဲကာလတွင် ပဏာမအပစ်အခတ်ရပ်စဲရေးစာချုပ်များ ချုပ်ဆိုနိုင်ခဲ့ ခြင်းကြောင့် ပစ်ခတ်တိုက်ခိုက်မှုများကို လျှော့ချနိုင်ခဲ့ပါသည်။
- ထိုသို့လျှော့ချနိုင်သဖြင့် ပဋိပက္ခဖြစ်ပွားရာ နယ်မြေများရှိ ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှု ဆိုသည့် ငြိမ်းချမ်းရေး၏ အသီးအပွင့်နှင့် ကောင်းကျိုးရလဒ်များကို လက်တွေ့ခံစားခဲ့ရပါသည်။

### NCA အကြောင်း ရှင်းလင်းချက်

- နိဒါန်း
- အခြေခံမှုများ
- ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ
- ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များ
- ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန် လက်နက်ကိုင်ဖွဲ့များ နေရာချထားခြင်း။
- တပ်ဖွဲ့ဝင်များ လွတ်လပ်စွာသွားလာခွင့်

- အရပ်သားများကို အကာအကွယ်ပေးခြင်း
- လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ
- ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင် လုပ်ဆောင်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ
- ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (UPDJC)
- ဆက်ဆံရေးရုံးများ ဖွင့်လှစ်ခြင်း
- နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ
- နိုင်ငံရေးလမ်းပြမြေပုံ ချမှတ်ခြင်း
- နိုင်ငံရေး တွေ့ဆုံဆွေးနွေးခြင်း
- အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်း
- ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်
- ကြားကာလတွင် ဆောင်ရွက်မည့် အစီအစဉ်များ
- ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုနိုင်ရန် တင်သွင်းခြင်း
- အထွေထွေ
- ညှိနှိုင်းဖြေရှင်းခြင်း
- သဘောတူစာချုပ် အကျိုးသက်ရောက်ခြင်း
- သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
- ပြည်တွင်းအသိသက်သေများ
- နိုင်ငံတကာ သက်သေများ
- NCA တွင် ပါဝင်ဆွေးနွေးကြသူများ

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနား



# NCA လက်မှတ်ရေးထိုးခြင်း



**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ယခင်ချုပ်ဆိုခဲ့သော သဘောတူချက်များအား ထပ်လောင်း အသိအမှတ်ပြုခြင်း၊ ပိုမိုခိုင်မာစေခြင်း၊ ထပ်ဆင့်အတည်ပြုခြင်းဖြစ်ပြီး ပါဝင်သင့်သူအားလုံးပါဝင်နိုင်သော နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် တရားမျှတမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့အပေါ်အခြေခံသည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဦးတည်သည်။

ဤတစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးကြသော ကျွန်ုပ်တို့သည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ ဤပြီးစီးအောင်မြင်သည်အထိ သဘောတူစာချုပ်ပါအချက်များကို မပျက်မကွက် အတူတကွ ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရန် အပြန်အလှန် သန္နိဋ္ဌာန်ပြုကြသည်။

**အခန်း(၁)**

**အခြေခံမူများ**

၁။ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် အောက်ပါအခြေခံမူများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် သဘောတူသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရရှိရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်သွားရန်။

(ခ) မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန် ဆွေးနွေးညှိနှိုင်း အဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေး ယဉ်ကျေးမှုသစ်တစ်ရပ် ထူထောင်ပြီး၊ လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန်။

(ဂ) တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းပါဝင် ပြည်ထောင်စုတပ်မတော်ဆိုင်ရာကိစ္စရပ်များကို နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးသွားရန်။

(ဃ) ဤပြည်ထောင်စုအတွင်း နေထိုင်ကြသော နိုင်ငံသားအားလုံးကို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လိင်ကွဲပြားမှုတို့ကြောင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူရည်တူအခွင့်အရေး ရရှိစေရန်။

(င) နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ၊ သာသနာကို အလွဲသုံးစားမပြုရန်၊ နိုင်ငံရေးနှင့် ဘာသာရေး ရောယှက်ခြင်းမရှိ သည့် နိုင်ငံတော်ကိုထူထောင်ရန်။

(စ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားလက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံတို့ဖြင့် ပြည်ထောင်စုလက္ခဏာတစ်ရပ်ကို နိုင်ငံသားအားလုံး စုပေါင်း ဖော်ဆောင်ရန်။

(ဆ) ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် ရည်မှန်း၍ တိုင်းရင်းသားများ၏ လိုလားချက်နှင့် သဘောထား ဆန္ဒများကို အခြေခံပြီး ပါဝင်သင့်သူအားလုံး ပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပသွားရန်။

(ဇ) ငြိမ်းချမ်းရေးဆွေးနွေးဖက်များအကြား ဝိဝါဒကွဲပြားမှုများကို ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် စိတ်ရင်းစေတနာမှန်ဖြင့် အကျေအလည် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန်။

(ဈ) ဤသဘောတူစာချုပ်တွင် ဖော်ပြပါရှိသည့် နှစ်ဖက်အပြန်အလှန်ထားရှိသော ကတိကဝတ်များကို စောင့်ထိန်း ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာခြင်း၊ တာဝန်ခံခြင်း စသည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော်ရန်။

(ည) ဤသဘောတူစာချုပ်ကြောင့် ဖြစ်ထွန်းလာမည့် တိုးတက်မှုများကို တစ်ဖက်နှင့်တစ်ဖက် အခွင့်အရေးမယူဘဲ သဘောတူစာချုပ်ပါ ကိစ္စရပ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဋ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုတစ်ရပ်လုံး၏ အသက် အိုးအိမ်၊ စည်းစိမ်လုံခြုံရေးနှင့် ပြည်သူလူထု၏ဘဝမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်။

## အခန်း (၂)
## ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ

၂။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် အောက်ပါတို့ကို ဤသဘောတူစာချုပ်၏ ဦးတည်ချက်များနှင့် ရည်ရွယ်ချက်များအဖြစ် သဘောတူကြသည် -

(က) ဤစာချုပ်ကို လက်မှတ်ရေးထိုးသူများ NCA လက်မှတ်ထိုးသူများအကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းအား လက်ခံဆောင်ရွက်ပြီးနောက် တရားမျှတမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးတို့အတွက် နှစ်ဖက်သဘောတူထားသည့် နိုင်ငံရေးမူဘောင်ပေါ်တွင် အခြေခံ၍ **တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်ကို စတင်ရန်။**

(ခ) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှုများ၊ ကျင့်ဝတ်စည်းကမ်း များအား လိုက်နာမှုကို စောင့်ကြည့်ရေး၊ ချိုးဖောက်မှုများကို စုံစမ်းစိစစ်ရေးနှင့် ပဋိပက္ခများ ဖြေရှင်းရေးတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် **"ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ"** တစ်ရပ်ကို ဖွဲ့စည်းသွားရန်။

(ဂ) ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုထားသော **ကတိကဝတ်များကို ထပ်လောင်းအတည်ပြုရန်။**

(ဃ) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တော်လှန်ရေးကို အခြေခံသည့် နိုင်ငံရေးဆန္ဒကို နားလည်ခြင်းနှင့် ပြည်ထောင်စု စိတ်ဓာတ်ခိုင်မြဲမှုတို့ကို ဦးတည်လျက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး **သဘောတူစာချုပ်တွင် ပါဝင်သင့် ပါဝင်ထိုက်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး အတူတကွ ပါဝင်လက်မှတ်ရေးထိုးရန်။**

## အခန်း (၃)
## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စရပ်များ

၃။ ဤသဘောတူစာချုပ်ကို **လက်မှတ်ရေးထိုးသည့်နေ့မှစ၍ ၁၄ ရက်အတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်**အဖွဲ့အစည်းများမှ တာဝန်ရှိသူများ **တွေ့ဆုံညှိနှိုင်းကာ ပစ်ခတ်**တိုက်ခိုက်မှု **ရပ်စဲရေးဆိုင်ရာကိစ္စရပ်များကို တိကျသော အချိန်ဇယား သတ်မှတ်အကောင်အထည်ဖော်**ဆောင်ခြင်းများ ပြုလုပ်သွားရန် သဘောတူသည်။

၄။ ဤသဘောတူစာချုပ်ပါ **စစ်ဘက်ဆိုင်ရာကျင့်ဝတ်နှင့်** ပတ်သက်သည့် **နှစ်ဖက်အပြန်အလှန်** လိုက်နာကြရမည့် **ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ** ကျင့်ဝတ်စည်းကမ်းများနှင့် **သဘောတူညီထားသည့်** စစ်ဘက်ဆိုင်ရာ **ကျင့်ဝတ်များကို** အတိအကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် **ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ပူးတွဲကော်မတီအဆင့်ဆင့်၏ စိစစ်ခြင်းခံယူရန်** သဘောတူသည်။

**၅။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အောက်ပါတို့ကိုလိုက်နာရန် သဘောတူသည်-**

(က) အပစ်ရပ်နယ်မြေအတွင်း တစ်ဖက်နှင့်တစ်ဖက်အကြား **နယ်မြေစိုးမိုးမှု၊ တပ်လှုပ်ရှားခြင်း၊ ကင်းထောက်ခြင်း၊ အင်အားတိုးချဲ့ခြင်း၊ လက်နက်ကိုင်တိုက်ခိုက်မှုများ၊ မိုင်းထောင်ခြင်းများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရုပ်ဝတ္ထုပစ္စည်းများ ဖျက်ဆီးခြင်းနှင့် ထိုးစစ်ဆင်ခြင်းများကို ရပ်ဆိုင်းရန်။**

(ခ) တစ်ဖက်နှင့်တစ်ဖက် ရန်မူသည့် (သို့မဟုတ်) စော်ကားမှုဖြစ်စေသည့် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သည့် လုပ်ရပ်များကို မပြုလုပ်ရန်။

(ဂ) နေရာချထားရာတွင် လိုအပ်သော အုပ်ချုပ်ထောက်ပံ့ရေး၊ အရေးပေါ် ဆေးကုသရေး၊ တပ်လဲလှယ်ရေးတို့နှင့် ပတ်သက်သည့် လုပ်ဆောင်မှုများမှအပ အပစ်ရပ်နယ်မြေတွင် အင်အားအသစ် ဖြည့်တင်းခြင်း၊ နှစ်ဖက်သဘောတူညီထားသော တပ်စခန်းများမှအပ စခန်းအသစ်များ ထပ်မံလုပ်ဆောင်ခြင်းနှင့် လက်နက်ခဲယမ်းများ ထပ်မံဖြည့်တင်းခြင်းများ မပြုလုပ်ရန်နှင့် တိုင်းပြည်ကာကွယ်ရေးအတွက်ဖြစ်စေ၊ ပြည်ပရန် ကာကွယ်ရေးအတွက်ဖြစ်စေ လိုအပ်လာပါက အပစ်ရပ်နယ်မြေအတွင်း ဖော်ပြပါ စစ်ရေးဆိုင်ရာပြင်ဆင်မှုများကို နှစ်ဖက်ညှိနှိုင်းပြုလုပ်သွားရန်။

(ဃ) ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ပရဝဏ်များအတွင်းနှင့် ယဉ်ကျေးမှုရိုးရာဓလေ့ဆိုင်ရာ နေရာ၊ လူထုနှင့်ပတ်သက်သော နေရာများတွင် စစ်ရေးဆိုင်ရာ တပ်စခန်းချထားခြင်း မပြုလုပ်ရန်။

(င) ငြိမ်းချမ်းရေး တိုးတက်ဖြစ်ပေါ်မှုနှင့်အညီ နှစ်ဖက်တပ်များ ခင်းကျင်းထားသော မိုင်းများကို ရှင်းလင်းရန်နှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရနှင့် တစ်ဆင့်ချင်း ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားရန်။

(စ) အဖွဲ့အစည်းများအကြား ရန်လိုသော ဝါဒဖြန့်ချိမှုများ၊ မမှန်မကန်သော (သို့မဟုတ်) ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော ပြောဆိုမှုများ၊ အသရေဖျက်သည့် ထုတ်ပြန်မှုများကို ပြည်တွင်း၌သော်လည်းကောင်း၊ ပြည်ပ၌သော်လည်းကောင်း မပြုလုပ်ဘဲ ရှောင်ကြဉ်ရန်။

(ဆ) အပစ်ရပ်နယ်မြေအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော အရေးပေါ်အခြေအနေများကို နှစ်ဖက်ပူးပေါင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဆေးဘက်ဆိုင်ရာ ကျန်းမာရေးပစ္စည်းများ အရေးပေါ် ရွှေ့ပြောင်းခြင်းများကို ညှိနှိုင်းလုပ်ဆောင်ရန်။

(ဇ) အပစ်ရပ်နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးကိစ္စကို ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် နှစ်ဖက်ညှိနှိုင်း၍ အရေးယူဆောင်ရွက်ရန်။

(ဈ) အပစ်ရပ်နယ်မြေများတွင် တပ်ပိုင်းဆိုင်ရာ အုပ်ချုပ်မှုကိစ္စများကို ညှိနှိုင်းဆောင်ရွက်ရန်။

(ည) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်းကို လက်မှတ်ရေးထိုးသည့် အချိန်မှစ၍ ၂၄ နာရီ အတွင်း မိမိကွပ်ကဲမှုအောက်အဆင့်ဆင့်သို့ ညွှန်ကြားရန်နှင့် စာချုပ်ပါ အချက်အလက်များကို ၅ ရက်အတွင်း ရှင်းလင်းအသိပေးရန်။

(ဋ) နှစ်ဖက်အောက်ခြေအဆင့်တွင်ဖြစ်ပေါ်သည့် ပဋိပက္ခများအား အင်အားအသုံးပြု၍ ဖြေရှင်းခြင်း မပြုလုပ်ရန်။

၆။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ လူသစ်စုဆောင်းခြင်းကိစ္စကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းစဉ်များနှင့်အညီ ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

**ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန် လက်နက်ကိုင်အဖွဲ့များ နေရာချထားခြင်း**

၇။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တပ်ဖွဲ့များသည် ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန် မိမိတို့၏ လက်နက်ကိုင်တပ်ဖွဲ့များ နေရာပြန်လည်ချထားခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည်-

(က) နှစ်ဖက်တိုက်ရိုက်ထိတွေ့ရင်ဆိုင်မှုရှိသော နေရာများတွင် ထိတွေ့ပစ်ခတ်မှု မရှိစေရေးအတွက် စက်ဆက်သွယ်မှု၊ မြေပြင်ဆက်သွယ်မှုနှင့် အခြားဆက်သွယ်မှုနည်းလမ်းများ ရယူလျက် ချက်ချင်းဆောင်ရွက်ရန်။

(ခ) လက်နက်ကိုင်အဖွဲ့များ နေရာချထားရေးသတ်မှတ်ရာတွင် ထိပ်တိုက်ထိတွေ့ရင်ဆိုင်မှုမဖြစ်စေရေးအတွက် နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်သွားရန်။

(ဂ) နှစ်ဖက်ညှိနှိုင်းဆဲနှင့် လက်နက်ကိုင်အဖွဲ့များ နေရာချထားရန် ခက်ခဲနေဆဲဒေသများတွင် နှစ်ဖက်တပ်မှူးများ ပုံမှန်အဆက်အသွယ်ပြုလုပ်၍ ညှိနှိုင်းဆောင်ရွက်သွားရန်။

(ဃ) တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား သတ်မှတ်နေရာများတွင်သာ ထားရှိရန်။

(င) နှစ်ဖက်တိုက်ရိုက်ထိတွေ့ရင်ဆိုင်မှုရှိသော နေရာများတွင် ထိတွေ့ပစ်ခတ်မှုမရှိစေရေးအတွက် တပ်စခန်းများ၏ အရေအတွက်ကို ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်။

(စ) သက်ဆိုင်ရာ တပ်စခန်းနှင့် နယ်မြေတစ်ခုနှင့် တစ်ခုအကြား ဆက်သွယ်ရေးလမ်းကြောင်း လုံခြုံရေးအတွက် တစ်ဖက်နှင့်တစ်ဖက် ဤသဘောတူစာချုပ်ကို အခြေခံ၍ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရန်။

## တပ်ဖွဲ့ဝင်များ လွတ်လပ်စွာ သွားလာခွင့်

၈။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် လွတ်လပ်စွာသွားလာခွင့်နှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည်-

(က) လုံခြုံရေးအရ ကန့်သတ်ထားသော နေရာများမှအပ မည်သည့်နေရာကိုမဆို လက်နက်ကိုင်ဆောင်ခြင်းမရှိဘဲ လွတ်လပ်စွာ သွားလာခွင့်ပြုရန်။

(ခ) တစ်ဖက်အဖွဲ့အစည်းက ထိန်းချုပ်ထားသော နယ်မြေအတွင်း လက်နက်ဖြင့် သွားလာရန် လိုအပ်လာပါက နှစ်ဖက်ညှိနှိုင်းသဘောတူညီချက်ဖြင့် သွားလာရန်။

## အရပ်သားများကို အကာအကွယ်ပေးခြင်း

၉။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် အရပ်သားများကို အကာအကွယ်ပေးခြင်းနှင့် စပ်လျဉ်းသည့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် သဘောတူသည် -

(က) ပြည်သူလူထု၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သော ပံ့ပိုးကူညီမှုများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်။

(ခ) ပြည်သူလူထုအား လူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာကို ထိပါးစေသည့် လုပ်ရပ်၊ အကြမ်းဖက်ခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူသားမဆန်စွာပြုမူ ဆက်ဆံခြင်း၊ အကျဉ်းချခြင်း၊ သတ်ဖြတ်ခြင်းနှင့် ပျောက်ဖျက်ခြင်း မပြုလုပ်ရ။

(ဂ) ဒေသခံပြည်သူများကို အဓမ္မနေရပ်စွန့်ခွာစေခြင်း၊ ရွှေ့ပြောင်းစေခြင်း မပြုလုပ်ရ။

(ဃ) ပြည်သူလူထုထံမှ ငွေ၊ ပစ္စည်းဥစ္စာ၊ စားရေးရိက္ခာ၊ လုပ်အားနှင့် ဝန်ဆောင်မှုများကို အဓမ္မတောင်းခံရယူခြင်း မပြုလုပ်ရ။

(င) ပြည်သူလူထုအား အကြောင်းမဲ့ဖြစ်စေ၊ အမှုဆင်ပြီးဖြစ်စေ ဖမ်းဆီးအရေးယူခြင်း၊ အပြစ်ပေးခြင်း လုံးဝ မပြုရန်နှင့် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်။

(စ) ဒေသခံများ၏ မြေယာများကို အဓမ္မသိမ်းပိုက်ခြင်းနှင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရ။

(ဆ) အများပိုင်ပစ္စည်းများကို ပျက်စီးစေခြင်း၊ ခိုးယူခြင်း၊ လုယက်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ယူဆောင်ခြင်း မပြုလုပ်ရ။

(ဇ) ဥပဒေနှင့်အညီ ပညာသင်ကြားရေးဆိုင်ရာ အခွင့်အရေးများကို နှောင့်ယှက်ပိတ်ပင်ခြင်း၊ ပညာရေးဆိုင်ရာ ပစ္စည်းများနှင့်အတူ စာသင်ကျောင်း၊ အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ ပညာရေးဝန်ထမ်းများနှင့် ပညာသင်ယူနေသူများကို နှောင့်ယှက်ဟန့်တားခြင်း မပြုလုပ်ရ။

(ဈ) လူတစ်ဦးချင်းစီ၏ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို ထိခိုက်စေခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သော ကျန်းမာရေးအထောက် အကူပြုပစ္စည်းများ၊ ဥပဒေအရ ခွင့်ပြုထားသည့် အများပြည်သူများအတွက် ဆေးဝါးများ သယ်ယူပို့ဆောင်ခြင်းအား တားမြစ်ခြင်းမပြုရ။

(ည) ပြည်သူလူထု၏ စားနပ်ရိက္ခာစုဆောင်းခြင်း၊ ကုန်ပစ္စည်းများနှင့် ကောက်ပဲသီးနှံများကို တစ်ပိုင်တစ်နိုင် သယ်ယူပို့ဆောင်ရောင်းချခြင်း၊ ကူးသန်းရောင်းဝယ်ခြင်း လုပ်ငန်းများကို နှောင့်ယှက်ဟန့်တားခြင်း မပြုလုပ်ရ။

(ဋ) စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းများနှင့် ဘာသာရေးအဆောက်အအုံ ပရဝဏ်များအား အကြောင်းမဲ့ဖျက်ဆီးခြင်း၊ ပျက်စီးမှုဆိုးကျိုးများ ဖြစ်ပေါ်စေခြင်းနှင့် စစ်ဘက်ဆိုင်ရာ တပ်စခန်းချထားခြင်းများ မပြုလုပ်ရ။

(ဌ) ပြည်သူလူထု၏ ဘာသာရေး၊ စာပေယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုများကို နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းနှင့် ပျက်စီးစေခြင်းတို့အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပြုလုပ်ရ။

(ဍ) အမျိုးသမီးများအား ဗလက္ကာယပြုခြင်း၊ လိင်အကြမ်းဖက်ခြင်း၊ အဓမ္မ သားမယားပြုကျင့်ခြင်း၊ လိင်မှုဆိုင်ရာ ကျူးလွန်ခြင်း မပြုလုပ်ရ။

(ဎ) ကလေးငယ်များအား သတ်ဖြတ်ခြင်းနှင့် ကိုယ်အင်္ဂါဖြတ်တောက်ခြင်း၊ ကလေးစစ်သားအဖြစ် စုဆောင်း/ စစ်မှုထမ်းစေခြင်း၊ အဓမ္မပြုခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်းများ မပြုလုပ်ရ။

(ဏ) ပြည်သူလူထုကို ကျူးလွန်ခြင်း၊ အဓမ္မခိုင်းစေခြင်း မပြုလုပ်ရ။

(တ) အပစ်ရပ်နယ်မြေအတွင်းရှိ ပြည်သူလူထု၏ လူမှုဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်။

(ထ) အရပ်သားပြည်သူများ စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အပစ်ရပ်နယ်မြေများအတွင်း လွတ်လပ်စွာ သွားလာခွင့်ပြုရန်။

## လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ

၁၀။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ **(IDPs)** နှင့် ပဋိပက္ခဒဏ်ခံစားရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးခြင်းနှင့်စပ်လျဉ်းပြီး **(NGO)** နှင့် **(INGO)** အဖွဲ့အစည်းများ၏ **ကူညီထောက်ပံ့မှုများအားနိုင်ငံတော်အစိုးရ၏** ခွင့်ပြုချက်ဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် **သက်ဆိုင်ရာ အစိုးရဌာနများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများကြား ညှိနှိုင်းဆောင်ရွက်ရန်၊**

(ခ) ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ **(IDPs)** အား ၎င်းတို့၏ ဆန္ဒအတိုင်း **မူလဒေသများသို့ ပြန်လည်နေထိုင်ခြင်းကို** ဦးစားပေးဆောင်ရွက်ရန်သော်လည်းကောင်း၊ **သင့်လျော်ရာနေရာတွင် ရွာသစ်တည်ထောင်ပေးစေလိုလျှင်သော်လည်းကောင်း၊ ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာနှင့်အညီဖြစ်စေရန် ဆောင်ရွက်ပေးမည်။**

(ဂ) ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ **(IDPs)** နှင့် ပြည်တွင်းပြန်လည်ဝင်ရောက်လာသော **ဒုက္ခသည်များအား စိစစ်၍ ပြန်လည်နေရာချထားရေး**လုပ်ငန်းစဉ်များကို ပူးတွဲညှိနှိုင်းဆောင်ရွက်ရန်။

## အခန်း(၄)

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မာအောင် လုပ်ဆောင်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ

၁၁။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများအနေဖြင့် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်လိုက်နာကြရမည့် **စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို** ဤစာချုပ်ပါ သတ်မှတ်ချက်များနှင့်အညီ **လက်မှတ်ရေးထိုးပြီး (၁)လအတွင်း အပြီးရေးဆွဲပြဌာန်းရန် သဘောတူသည်။**

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (UPDJC)

၁၂။ ဤသဘောတူစာချုပ်အား လိုက်နာရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ **ညှိနှိုင်းအစည်းအဝေးကို အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည်** -

(က) ဤသဘောတူစာချုပ်အား လိုက်နာရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် “ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ” ကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အများယုံကြည်လေးစားသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးရန် သဘောတူသည်။

(ခ) ကော်မတီကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲ စောင့်ကြည့်ရေးကော်မတီ၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီများနှင့် စိစစ်အတည်ပြုရေးအဖွဲ့များ စသည်ဖြင့် အဆင့်ဆင့် ဖွဲ့စည်းသွားမည်။

(ဂ) လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေသော နိုင်ငံခြားအစိုးရများ၏ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များကို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့် ကြီးကြပ်ရေး ကော်မတီအဆင့်ဆင့်တွင် လေ့လာသူအဖြစ်လည်းကောင်း၊ အကြံပေးအဖြစ်လည်းကောင်း၊ နည်းပညာအထောက်အကူအဖြစ်လည်းကောင်း သင့်လျော်သလို ပါဝင်ရန် နှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်မည်။

**၁၃။ ကော်မတီအဆင့်ဆင့်၏ တာဝန်၊ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-**

(က) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စံသတ်မှတ်ချက်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ဖွဲ့စည်းပုံအသေးစိတ်ကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းဝေးတွင် ရေးဆွဲပြဋ္ဌာန်းအတည်ပြုရန်။

(ခ) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စောင့်ကြည့်မှုလုပ်ငန်းစဉ်များကို တာဝန်ခံဆောင်ရွက်ရန်နှင့် လိုအပ်ပါက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းဝေးသို့ တင်ပြရန်။

(ဂ) လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ် ခံစားရသူများအား လူသားချင်းစာနာသည့် အခြေခံအထောက်အပံ့များ ပေးအပ်မှုကို ညှိနှိုင်းဆောင်ရွက်ရန်။

(ဃ) နှစ်ဖက်သဘောတူထားသည့် တပ်နေရာ ပြန်လည်ချထားရေးအစီအစဉ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာရန်။

(င) တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအခြေအနေ၊ ဤသဘောတူစာချုပ်၏ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပတ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ထိန်းသိမ်းလိုက်နာခြင်းနှင့် ပတ်သက်၍ စောင့်ကြည့်လေ့လာခြင်း၊ ပေါ်ပေါက်လာသော အငြင်းပွားမှုများအား ဖြေရှင်းရာတွင်ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာမှု အခြေခံဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန်။

၁၄။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်ကို အဖြစ်နိုင်ဆုံး ကြိုးစား၍ ရယူသွားရမည်။

၁၅။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ အငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် သတင်းအချက်အလက်များ (နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးကိစ္စရပ်များမှအပ) တောင်းခံလာပါက ဤသဘောတူစာချုပ်တွင် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးရန် သဘောတူညီသည်။

**ဆက်ဆံရေးရုံးများ ဖွင့်လှစ်ခြင်း**

၁၆။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သောနေရာများတွင် နှစ်ဖက်ညှိနှိုင်း၍လည်းကောင်း၊ **ပြည်ထောင်စု အဆင့် ငြိမ်းချမ်းရေးသဘောတူညီချက်တွင် သတ်မှတ်ထားသည့်ဒေသများတွင်လည်းကောင်း ဆက်ဆံရေးရုံးများ ဖွင့်လှစ်သွားရန် သဘောတူသည်။**

၁၇။ ဆက်ဆံရေးရုံးတွင် ထားရှိမည့် ဆက်ဆံရေးအရာရှိများသည် **အခက်အခဲနှင့် ပြဿနာရပ်များအား လျင်မြန်စွာ ဆက်သွယ်ဖြေရှင်းနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူသည်။**

၁၈။ **ဆက်ဆံရေးရုံးတွင်** တာဝန်ထမ်းဆောင်နေကြသူများနှင့် **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို လိုအပ် သည့် အကာအကွယ်ပေးရန် သဘောတူသည်။**

အခန်း(၅)
နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ

၁၉။ ဤသဘောတူစာချုပ် လက်မှတ်ရေးထိုးသူများသည် လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေး စတင်ရန် **ဤစာချုပ်ကို လက်မှတ်ရေးထိုးပြီးသည့်နောက် စာချုပ်ပါ အခြေခံမူများ၊ အချက်အလက်များနှင့် ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူသည်။**

**နိုင်ငံရေးလမ်းပြမြေပုံချမှတ်ခြင်း**

၂၀။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးလမ်းပြမြေပုံနှင့် စပ်လျဉ်း၍ အောက်ပါအချက်အလက်များကို သဘောတူသည်။

(က) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ် ရေးထိုးခြင်း၊

(ခ) အစိုးရကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ **"နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်" (The Frame work for Political Dialogue)** ကို ရေးဆွဲသဘောတူညီမှု ရယူခြင်း၊

(ဂ) **ထိုမူဘောင်ကို အခြေခံ၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ လုံခြုံရေးဆိုင်ရာ ပြန်လည် ပေါင်းစပ်ခြင်းကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခြင်းနှင့် နှစ်ဖက်သဘောတူညီသော ကြိုတင်** ဆောင်ရွက်ဖွယ်ရာများကို လုပ်ဆောင်ခြင်း၊

(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပခြင်း၊

(င) ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုခြင်း၊

(စ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက် ရယူခြင်း၊

(ဆ) "ပြည်ထောင်စုသဘောတူစာချုပ် **(Pyidaungsu Accord)"** ပါ **သဘောတူညီချက်များကို အကောင် အထည်ဖော်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင် ရွက်ခြင်း၊**

**နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်း**

၂၁။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည်-

(က) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် **နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရေးနှင့် စာချုပ်ပါ သဘောတူညီချက်များအား ပူးတွဲဦးဆောင်အကောင်အထည်ဖော်နိုင်ရန်အတွက် ဤစာချုပ်ကို လက်မှတ်ရေးထိုးပြီးပြီးချင်း အောက်ပါတို့ကို ဆောင်ရွက်မည်။**

(၁) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် **အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်း အဝေးကို ကျင်းပခြင်း။**

(၂) **ထိုအစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊** ပြည်ထောင်စုငြိမ်း **ချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီနှင့် အခြားလိုအပ်သော ကော်မတီများကို ဖွဲ့စည်းခြင်း၊ (ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီသည် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ရေးဆွဲရန်ကိုလည်း တာဝန်ရှိသည်။)**

(ခ) ပါဝင်လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်များ၊ ဆွေးနွေးရမည့်အကြောင်းအရာများ၊ ဆွေးနွေးမည့်ပုံစံများနှင့်စပ်လျဉ်း၍ **အသေးစိတ်ဖော်ညွှန်းထားသည့် ဆွေးနွေးပွဲမူဘောင်တစ်ရပ်ကို ဤသဘောတူ စာချုပ်လက်မှတ် ရေးထိုးပြီးသည့်အချိန်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ပါဝင်သင့် ပါဝင်ထိုက်သူများနှင့် အတူတကွ ပူးတွဲရေးသားဖော်ဆောင်ရန်။**

(ဂ) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် **နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို ဤသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၉၀ အတွင်း စတင်လုပ်ဆောင်ရန်။**

(ဃ) **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးတို့ကို ထိခိုက်စေမည့်ကိစ္စရပ်များကို ရှောင်ရှား၍** ဤစာချုပ်ပါ အခြေခံမူတွင် **သဘောတူညီထား သည့် အချက်များအပါအဝင်** အခြားဆွေးနွေးရမည့်ခေါင်းစဉ်အသေးစိတ်ကို **နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်တွင် ထည့်သွင်းဆွေးနွေး၍ အတည်ပြုရန်။**

(င) သဘောတူညီမှုချမှတ်ရာ၌ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ပါဝင်သော အဖွဲ့အစည်းများမှ ရေရှည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အာမခံချက်ရရှိရေးကိုဦးတည်လျက် ပါဝင်ပတ်သက်နေကြသော အဖွဲ့အစည်းများအကြား **အပြုသဘောဆောင်၍ ညှိနှိုင်းအဖြေရှာရန် သဘောတူကြသည်။**

**အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်း**

၂၂။ (က) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ အဆင့်ဆင့်တွင် အားလုံးပါဝင်ရေးမူကို အခြေခံ၍ **အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်တို့၏** ကိုယ်စားလှယ်များ၊ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊** တရားဝင်နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ **တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အခြား ပါဝင်သင့် ပါဝင် ထိုက်သော ကိုယ်စားလှယ်များ** ပါဝင်ကြရမည်။

(ခ) **တိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ စီးပွားရေးအသင်းအဖွဲ့များ၊** ပညာရှင်အစုတို့၏ ကိုယ်စားလှယ်များနှင့် **အခြားပါဝင်သင့်** ပါဝင်ထိုက်သော **ကိုယ်စားလှယ်များကို** နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ အဆင့်ဆင့်တွင် **သက်ဆိုင်ရာကဏ္ဍအလိုက်** သင့်တော်သလို **ပါဝင်စေရေးကို နိုင်ငံရေးဆွေးနွေးပွဲမူဘောင်တွင် ဆွေးနွေးသတ်မှတ်ရမည်။**

(ဂ) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် **ပါဝင်မည့် ကိုယ်စားလှယ်အမျိုးအစားကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး မူဘောင် ဆွေးနွေးရာတွင် ညှိနှိုင်းဆွေးနွေးမည်။**

(ဃ) **ပြည်ထောင်စုညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ဥပဒေများကို လိုအပ်သလိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို လုပ်ထုံးလုပ်နည်း နှင့်အညီ ပြုလုပ်ရန် သဘောတူညီသည်။**

၂၃။ နိုင်ငံရေးဆွေးနွေးပွဲများတွင် သင့်တင့်လျောက်ပတ်သော အချိုးအစားဖြင့် အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်သွားရန် သဘောတူညီသည်။

အခန်း(၆)
ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ
ယုံကြည်မှုတည်ဆောက်ခြင်းနှင့် စပ်လျဉ်းသည့်
ဆောင်ရွက်ရမည့် အချက်များ

၂၄။ (က) **အစိုးရသည်** မည်သူတစ်ဦးတစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းကိုမျှ ဥပဒေကို ချိုးဖောက်ခြင်းမှအပ **ဤပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ချုပ်ဆိုရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့တွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် ဖမ်းဆီးအရေးယူမှုများ** မပြုလုပ်ရန် သဘောတူညီသည်။

(ခ) ဤသဘောတူစာချုပ်ကို **လက်မှတ်ရေးထိုးကြသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအားလုံးကို မတရားအသင်းအဖြစ် ကြေညာထားခြင်းမှ ပယ်ဖျက်ရေး ဆက်လက်ဆောင်ရွက်သွားရန် သဘောတူသည်။**
ဤသဘောတူစာချုပ်ကို **လက်မှတ်ရေးထိုးသူများနှင့် ပတ်သက်မှုရှိသည့် မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) မည်သည့်အဖွဲ့အစည်းကိုမျှ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရသော်လည်းကောင်း၊ မတရားအသင်းအက်ဥပဒေအရသော်လည်းကောင်း အရေးယူခြင်း မပြုလုပ်ရန် သဘောတူသည်။**

(ဂ) **နိုင်ငံတော်အနေဖြင့်** ဤသဘောတူညီချက်ကို **လက်မှတ်ရေးထိုးပြီးသည့်အချိန်တွင် ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်သွယ်သည်ဟူသော စွပ်စွဲချက်ဖြင့် မတရားအသင်း အက်ဥပဒေအရ အမှုစွဲဆိုခြင်းခံထားရသူများနှင့် အကျဉ်းကျခံနေရသူများ လွတ်မြောက်ရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန် သဘောတူသည်။**

**ကြားကာလတွင် ဆောင်ရွက်ရမည့် အစီအစဉ်များ**

၂၅။ (က) ဤသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးကြသော **တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ**သည် မိမိတို့နှင့် သက်ဆိုင်သည့် **အပစ်ရပ်နယ်မြေများအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ**တွင် မိမိတို့အဖွဲ့အစည်း၏ အတိုင်းအတာအရ တာဝန်ယူနေကြသော အဖွဲ့အစည်းများဖြစ်ကြသည့်အားလျော်စွာ အပစ်အခတ်ရပ်စဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပအကောင်အထည်ဖော်နေသည့်ကာလအတွင်း **၄င်းနယ်မြေများတွင် နှစ်ဖက်ညှိနှိုင်းပြီး အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သွားရန် သဘောတူသည်-**

(၁) ပြည်သူလူထု၏ **ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ အခြေခံဖွံ့ဖြိုးတိုးတက်ရေး** လုပ်ငန်းများ။

(၂) **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ** ကိစ္စရပ်များ။

(၃) **တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့်ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ** လုပ်ငန်းများ။

(၄) **ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ။**

(၅) ဒေသဆိုင်ရာဖွံ့ဖြိုးရေးနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများအတွက် **ပြည်တွင်းပြည်ပ အလှူရှင်အဖွဲ့အစည်းများ၏ အကူအညီရယူခြင်းဆိုင်ရာ ကိစ္စရပ်များ။**

(၆) **မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ။**

စာမျက်နှာ (၁၁၆) သို့ ➤

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်
ရခိုင်တိုင်းရင်းသားရိုးရာဂီတနှင့် အကဘာသာရပ်အတွက် သင်ရိုးညွှန်းတမ်းရေးဆွဲအတည်ပြုခြင်းဆိုင်ရာ
ညှိနှိုင်းအစည်းအဝေး အမှတ်တရ ဓာတ်ပုံများ















ဇွန်လ (၂၀) ရက်၊ ၂၀၂၂ ခုနှစ်

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲ အမှတ်တရ ဓာတ်ပုံများ











ဇွန်လ (၂၂) ရက်၊ ၂၀၂၂ ခုနှစ်

## ၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲအား တိုင်းရင်းသားရေးရာဝန်ကြီးဌာနကိုယ်စားပြု ဘော်လီဘောအသင်းဝင်ရောက်ယှဉ်ပြိုင်ပွဲ အမှတ်တရ ဓာတ်ပုံများ












ဇူလိုင်လ (၉) ရက်၊ ၂၀၂၂ ခုနှစ်

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## ကရင်ပြည်နယ်တွင် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်း အစီအစဉ်
## အမှတ်တရ ဓာတ်ပုံများ

















ဇူလိုင်လ (၁၅) ရက်၊ ၂၀၂၂ ခုနှစ်

(၆.၁.၂၀၂၃) ရက်နေ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ (၇၅) နှစ်မြောက်
စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုယာဉ်အထူးဆုဖလားနှင့် ဆုငွေလက်ခံခြင်း၊
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဂုဏ်ပြုယာဉ်နှင့် ပြခန်းရှေ့ ဖျော်ဖြေတင်ဆက်မှု
မှတ်တမ်းဓာတ်ပုံများ















(၁၇.၂.၂၀၂၃) ရက်နေ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
တတိယအကြိမ်ထမနဲထိုးပြိုင်ပွဲဓာတ်ပုံမှတ်တမ်း (ရုံးအမှတ် – ၁၄၊ နေပြည်တော်)













(၃.၃.၂၀၂၃) ရက်နေ့ တပေါင်းလပြည့်နေ့၊ ဥပ္ပါတသန္တိစေတီတော်ပရဝုဏ်၌ ၂၀၂၃ ခုနှစ်
သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ ဒုတိယဝန်ကြီးနှင့်ဝန်ထမ်းများမှ
လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခြင်းမှတ်တမ်းဓာတ်ပုံများ




၂၀၂၃ ခုနှစ် နေပြည်တော်လမ်းလျှောက်သင်္ကြန်ပွဲတော်၌
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသင်္ကြန်မဏ္ဍပ်နှင့် တိုင်းရင်းသားမဏ္ဍပ်တို့အား
ဒုတိယဝန်ကြီးမှစစ်ဆေးခြင်းနှင့် ဝန်ထမ်းများမှဖျော်ဖြေခြင်းမှတ်တမ်းဓာတ်ပုံများ






(၁၁.၈.၂၀၂၃) ရက်နေ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊
ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် ဝန်ထမ်းများက
နေပြည်တော်၌တည်ထားကိုးကွယ်သော
မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား
ဖူးမြော်သည့် မှတ်တမ်းဓာတ်ပုံများ











# အင်းဝစာဆိုတော် ရှင်မဟာရဋ္ဌသာရ ရှင်တေဇောသာရ နှင့် ရှင်သာရဒိုင်တန်ဆောင်လောမယ်ဘွဲ့

မေဦးသိန်းညွန့်

မြန်မာ့သမိုင်း ခေတ်အဆက်ဆက် စာပေရေစီးကြောင်းတွင် စာဆိုတော်အကျော်အမော်များစွာ ပေါ်ထွန်းခဲ့ပါသည်။ အင်းဝခေတ်က စာဆိုတော်များအနက် ရှင်မဟာရဋ္ဌသာရနှင့် ရှင်တေဇောသာရတို့မှာ အလွန်ထင်ရှားကျော်ကြားသော စာဆိုတော်နှစ်ပါးဖြစ်ပေသည်။

ရှင်မဟာရဋ္ဌသာရနှင့် ရှင်တေဇောသာရတို့သည် ကောဇာသက္ကရာဇ် (၈၄၈) အေဒီ (၁၄၈၆) တွင် စာပေပညာများ ဆည်းပူးရန် မြောက်ဦးမြို့တော်သို့ ကြွရောက်တော်မူလာကြပြီး မြောက်ဦးမြို့ မဟာဝိဇယရံသီကျောင်းတိုက်တွင် ဝါဆိုခဲ့ကြသည်။ မဟာဝိဇယရံသီကျောင်းတိုက်သည် မြောက်ဦးမြို့တည် ဘုရင်မင်းစောမွန်၏ ကောင်းမှုတော် ဖြစ်သည်။ မင်းစောမွန်သည် ဤကျောင်းတိုက်အနီးတွင် မဟာဝိဇယရံသီကျောင်းတိုက်၏ သိမ်တိုက်များကို မဟာဝိဇယရံသီစေတီအနီးတွင် ယနေ့တိုင် တွေ့မြင်နိုင်ပါသည်။

တစ်နေ့သော ညနေခင်းတွင် ရှင်မဟာရဋ္ဌသာရနှင့် ရှင်တေဇောသာရတို့ မြောက်ဦးမြို့ရှိ နရတ်စားဘုရားမှ မိမိတို့ကျောင်းတိုက်သို့အပြန်တွင် မြောက်ဦးခေတ် စတုတ္ထ မြောက်ဘုရင် သုဒ္ဓေါလျာ၏သမီးတော် စောနန်းမင်းဖြူ၊ နရတ်စားဘုရားသို့ ဘုရားဖူးလာသည်နှင့် ဆုံမိကြလေသည်။ စောနန်းမင်းဖြူသည် ချောမောလှပပြေပြစ်ပြီး ဝတ်စားဆင်ယင်ထားသည်မှာလည်း ခံ့ညားထည်ဝါသည်။ ထိုသို့အခြေအရံများစွာဖြင့် အလွန်တင့်တယ်နေသော မင်းသမီး၏အလှကို ရှင်တေဇောသာရသည် "ချုပ်ညရီတွင်း၊ ဖြုတ်ချည်းမြင်သည်၊ ရှင်သာရခိုင်တန်ဆောင်လော့" ဟု "ရွှေရုပ်သွင်" ရတုပိုဒ်စုံ (၃) ပိုဒ်ဖြင့် ချီးကျူးဖွဲ့ဆိုခဲ့သည်။

ရှင်မဟာရဋ္ဌသာရကလည်း "မုနော်မျက်ရှု ကြေးမုံပြ၍" ဟု "ရခိုင်မှ မြန်မာပြည်သို့ တမ်းတရတု" (၃) ပိုဒ်ကို ဖွဲ့ဆိုသည်။ ထို့နောက် ရတုနှစ်မျိုးလုံးကို မင်းသမီး စောနန်းမင်းဖြူထံ ပေးပို့ဆက်သလိုက်ကြလေသည်။

**အရှင်မဟာရဋ္ဌသာရအဆို ရခိုင်မှမြန်မာပြည်သို့ တမ်းတရတု**

၁။ နှစ်ကူးလည်၍ မိုဃ်းစည်ပြန့်ဖြူး၊ ဆော်ရိုက်ကြူးက၊ တထူးတလည်၊ တစ်ဆန်းမည်သည်၊ တို့ပြည်ပြုဗ္ဗာ၊ အရှေ့မှာနှင့်၊ ဘာသာမတူ၊ ရခိုင်မူကား၊ လူလည်းတထွေ၊ ရေလည်းတခြား၊ ဖျားလည်းတက်သက်၊ ကြောက်မက်ချင်ဘွယ်၊ ပင်လယ်ချောင်းမြောင်း၊ မကြီးထောင်းတည့်၊ ဆောင်းဆောင်းဆိုင်းဆိုင်း၊ မြိုင်းရရိုင်းတည့်၊ မှိုင်းမှိုင်းအုတ်ထွေ၊ ဝေဝေမို့မို့ ညို့ရရို့နှင့် မြသို့ရှိမ်းရှိမ်း၊ ခပ်သိမ်းတောတောင်၊ ကုန်အောင်ပတ်ကုံး၊ မြော်မဆုံးသည်၊ နှလုံးများသွယ် ယှိုလှ၏။

၂။ ထစ်ကျူးမြည်၍၊ တိမ်ခြည်မမြင်၊ ထက်ကောင်းကင်က၊ သို့ပင်မနေ၊ နေ့တိုင်းစွေသော်၊ လွမ်းထွေများဘွယ်၊ အသွယ်သွယ်လျှင်၊ ငယ်ရွယ်အစစ်၊ အောက်မေ့လစ်က၊ မနှစ်မရှား၊ ကျွန်းထင်းပါးသို့၊ စကားထက်ပြက်၊ ဟိပေလျက်ဟု၊ စိုက်စက်လည်းခေါ်၊ ကျော်သည်ဝေးနီး၊ ဘုရားကြီးက၊ ဖြင်ညီးကုန်အောင်၊ ရွှေတောင်သျှင်ချစ်၊ မွေနှစ်ပြီးဖြင်၊ မြို့လယ်တွင်၌၊ ဘုရင်စေတီ၊ အညီသင့်လျော်၊ အရာတော်ကို၊ မုနော်မျက်ရှု၊ ကြေးမုံပြ၍၊ ကောင်းမှုလည်းပွား၊ ကံသုံးပါးဖြင့်၊ စကားနှစ်ပင်၊ ပူဇော်တင်၍၊ စိတ်ရွှင်ကြည်ဆုံး၊ သီတင်းသုံးသည်၊ အဆုံးဖျားဝယ်ငြိမ်လှ၏။

၃။ ရှစ်ဦးတည်၍၊ ရွှေပြည်ရွှေနန်း၊ ရွှေဘုံကျွန်းဝယ်၊ မော်ကွန်းထားလှည့်၊ လုံးစုံပြည့်သား၊ ဆီတည့်လက်ျာ၊ နေထွက်ရာက၊ ကမ္ဘာစဉ်တိုင်း၊ တုဘက်နှိုင်းသား၊ စစ်ကိုင်းပင်းယ၊ အင်းဝမင်းဝံ၊ ပုဂံအကြေ၊ သရေခေတ္တရာ၊ ထိုရပ်မှာကား၊ သို့ခါအလို၊ ဝါဆိုမိုဃ်းလ၊ ရောက်ထ,က,လျှင်၊ တုပ,စီရင်၊ မြတ်ဆံရှင်ဝယ်၊ သဘင်ပွဲကြီး၊ အဖြိုးဖြိုးတည့်၊ ဆီမီးမဆုံး၊ သီတင်းသုံး၍၊ နေ့လုံးမချာ၊ တရားနာမှ၊ သဒ္ဓါမြတ်လေး၊ ဆွမ်းလုပ်ကျွေး၍၊ အရေးတခြား၊ တစ်ပါးသည်မှာ၊ ကြမ္မာလည်းဆော်၊ မပျော်နှလုံး၊ မရွှင်ပြုံးသည်၊ ပခုံးပါးဝယ် ထိလှ၏။

**ရှင်တေဇောသာရဆို ရွှေရုပ်သွင်ရတုပိုဒ်စုံ (မယ်ဘွဲ့)**

၁။ ဌာနတဆည်၍၊ ရွှေပြည်ကဲ့သို့၊ ရခိုင်မြို့ကို၊ ဆန်းတို့ပေစွ၊ မြော်ပါရသား၊ သိဂ်ရောင်ရွှန်း၊ ရွှေပုံသွန်းသို့၊ လန်းလန်းလက်လက်၊ လိုက်ဖက်သင့်မော၊ မချောစရာ၊ ချောစရာလျှင်၊ ကေသာဆံလွှ၊ ထုံးနောက်စ,နှင့်၊ ချုပ်ညရီတွင်၊ ဖြုတ်ချည်းမြင်သည်၊ ရှင်သာရခိုင် တန်ဆောင်လော။

၂။ သာလှစည်၍၊ ရွှေပြည်ရပ်သူ၊ ထိုမျှလူဝယ်၊ ပြိုင်တူမထင်၊ သည်သခင်မူ၊ ရုပ်သွင်ပျိုချော၊ တင့်မောပေစွ၊ သဘောတည်ကြည်၊ မျိုးမြတ်မည်နှင့်၊ ရွှေရည်ရုပ်တုပုံသွင်းပြုသို့၊ ပျိုနုလတ်လတ်၊ ဝင်းရှမ်းမတ်မူ၊ သွယ်ပတ်ဝေဝေ၊ ထုံးနောက်ခွေနှင့်၊ တင့်နေစ,လှ၊ ဆည်းရီညဝယ်၊ လွလွဖြူစင်၊ ပေါ်ရုံတင်၍၊ ထမ်းစင်ယာဉ်သာ၊ စီးစ,ကာတည့်၊ သူဇာပေပင်၊ ရှင့်ဆင်ပြင်မူ၊ မြင်လျှင်လွန်ကြူးအံ့မိန်းမူးသည်၊ သောက်ရှူးသော်တာ၊ အရောင်လော။

၃။ ဝါလလည်၍၊ ရွှေပြည်ရောက်စ၊ ရှေ့သော်က, မူ၊ မမျှဆင်းပြင်၊ သည်သခင်ကို၊ မြင်လျှင်လွန်ကြူး၊ သောက်ရှူးသော်တာ၊ လ,အဝါသို့၊ ပြင်လျာဆုံ့ဆည်း၊ ရွှေဖျင်ပည်းဝယ်၊ စုလည်းမစင်၊ နောက်ထုံးရှင်နှင့်၊ မြင်လျှင်ပင်ကို၊ ကြိုးပါလိုလည်း၊ ကုသိုလ်ကြမ္မာ၊ မမီပါခဲ့၊ သည်လျာမချွတ်၊ နောင်မင်းမှတ်သည်၊ မိုးနတ်သူဇာ အယောင်လော။

မင်းသမီးသည် နရတ်စားဘုရားသို့ နောက်တစ်ကြိမ် ဘုရားဖူး ရောက်ရှိလာခိုက် ရတုများကို လက်ခံရရှိခဲ့ရာ မိမိအား တင်စားဖွဲ့ဆိုထားသော ရခိုင့်တန်ဆောင်အလှဘွဲ့ ကို နှစ်သက်တော်မူ၍ နရတ်စားဘုရားကို ရခိုင့် တန်ဆောင်ဘုရားဟု ဘွဲ့တော်ဆက်ကပ်ခဲ့လေသည်။ ဤနရတ်စားဘုရားကို ဘုရင်၏ ယောက္ခတော် အခါပေး အမတ် နရတ်စားက ကောဇာသက္ကရာဇ် (၈၈၃)၊ အေဒီ (၁၄၇၁) တွင် တည်ထားခဲ့သည်။ ဉာဏ်တော် (၅) ပေ မြင့်သော ကျောက်ဆင်းတုတော်ဖြစ်သည်။

စာဆိုတော်ရှင်မဟာရဋ္ဌသာရကို အင်းဝခေတ် အင်းဝ မြို့တော်၌ ကောဇာသက္ကရာဇ် (၈၃၀) ပထမဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့ အေဒီ (၁၄၆၈) တွင် အဖ မမ္မပါလပညာရှိ အမတ် (ဘုရင်မရှင်စောပု၏ တူ/သမက် ပုသိမ်စား ဗညားအိမ်၏ မြေးတော်) နှင့် အမိ (အင်းဝမြို့တည် ဘုရင်သတိုးမင်းဖျား၏ သမီးစောနန်း၏ မြစ်တော်) တို့မှ မွေးဖွားခဲ့သည်။

ရှင်မဟာရဋ္ဌသာရ၏ ငယ်မည်မှာ မောင်မောက် ဖြစ်ပြီး အသက်ငါးနှစ်မှစ၍ အင်းဝနန်းတော်တွင် စာပေ ပညာကို စတင်သင်ကြားခဲ့သည်။ မောင်မောက်သည် စာပေပါရမီကောင်းသူ တစ်ဦးဖြစ်ပြီး ဖခင်ထံမှလည်း ကောင်း၊ နန်းတွင်းနန်းပြင် ကျမ်းဂန်တတ်မြောက်သူ ပညာရှိများထံမှလည်းကောင်း၊ ကျမ်းဂန်နှံ့စပ် စာပေပညာ တတ်ကျွမ်းသူ ရှင်ဝရစက္ကပါလထံမှလည်းကောင်း၊ သီဟိုဠ် ပြန်ပညာရှင်ကြီး သံဃာထီးထံမှလည်းကောင်း စာပေ ကျမ်းဂန် ပိဋကတ်ပျို့လင်္ကာရတု ချေင်းအမျိုးစုံကို ကောင်းစွာသင်ကြားတတ်မြောက် ကျွမ်းကျင်ခဲ့လေသည်။

မောင်မောက် (၁၀) နှစ်သားအရွယ်တွင် ဖခင်နှင့်အတူ နန်းတွင်းသို့ ဝင်လေရာ၊ ဒုတိယမင်းခေါင်၏ သမီးတော် သုံးပါး နားသမင်္ဂလာပွဲတွင် သီကျူးရန် ရတုလင်္ကာ ဖွဲ့ဆို ပေးပါဟု ဒုတိယမင်းခေါင်က အမတ်ကြီးအား တောင်းဆို လေသည်။ ထိုစဉ်မောင်မောက်က "သခင့်ကိုယ်စား ကျွန်တော်မျိုးဖွဲ့ဆိုပါရစေ" ဟု လျှောက်ထားကာ ချက် ချင်းပင် သမီးတော်ကြီး ရှင်စောမင်းအတွက် " အိုဘဲ့၊ ဘယ်၊ အိုဘဲ့" ဖြစ်သည်။

ရှင်တေဇောသာရ၏ ငယ်မည်မှာ မောင်စိုးဖြစ်ပြီး သက်တမ်းတစ်လျှောက်တွင် (၁) ရွှေဟသာမင်းပျို့၊ (၂) ပြာဋိဟာခန်းပျို့၊ (၃) ဗျာဒိတ်တော်ခန်းပျို့၊ (၄) အာဒါသ မုခပျို့ဟောင်း စသည့် ကဗျာလင်္ကာရတု မေတ္တာစာ များစွာကို ရေးဖွဲ့ခဲ့သည်။

နောင်တွင် အင်းဝထီးနန်းပျက်သုဉ်းပြီးသောအခါ အင်းဝရှိ ရှင်မင်းများက ရခိုင်သို့ သံတမန်စေလွှတ်ခဲ့သည်။ ရှင်တေဇောသာရသည် ဓညဝတီမြို့ဟောင်းရှိ မဟာမြတ် မုနိဘုရားကြီးကို ဖူးမြော်လို၍ ထိုသံတမန်အဖွဲ့ကြီးကို မြောက်ဦးမြို့တော်သို့ ဒုတိယအကြိမ် ကြွရောက်ခဲ့လေ သည်။

ဤသို့ မြန်မာစာပေသမိုင်းတွင် လျှမ်းလျှမ်းတောက် မျှ ထင်ရှားကျော်ကြားသော အင်းဝခေတ်က စာဆိုတော် အကျော်အမော် ရှင်မဟာရဋ္ဌသာရနှင့် ရှင်တေဇောသာရ တို့အား မျက်မှောက်ခေတ် စာပေလောကတွင် အမှတ်တရ ရှိကြစေရန် ဆန္ဒမွန်ဖြင့် ဂုဏ်ပြုရေးသား တင်ပြလိုက်ရ ပါသည်။

**မေဦးသိန်းညွန့်**

**ကျမ်းကိုး**

(၁) စာဆိုတော်များ အတ္ထုပ္ပတ္တိ
(မောင်သုတ ခေါ် ဗိုလ်ကြီးဘသောင်း)

(၂) မြန်မာစာညွန့်ပေါင်း (ပထမတွဲ) (ပဉ္စမတွဲ)

(၃) မြောက်ဦးမြို့ထင်ရှားသော ဘုရားများ
(ရှစ်သောင်းပုထိုးဂေါပကအဖွဲ့)

(၄) ရက္ခပူရကြေးမုံကျမ်း
(ဓညဝတီအောင်ဖေယျ-မြောက်ဦး)

(၅) ရှင်မဟာရဋ္ဌသာရ (ဦးစိန်လွင်လေး)

➢ စာမျက်နှာ (၁၀၄) မှအဆက်

(ခ) အပစ်ရပ်ဒေသအတွင်း ဒေသခံပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှု ကြီးမားသောစီမံကိန်းများကို လုပ်ဆောင်ရန်ရှိပါက သဘာဝသယံဇာတများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့ (Extractive Industries Trans-parency Initiative-EITI) ၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့နှင့် ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဂ) သက်ဆိုင်ရာဒေသများတွင် တစ်ဖွဲ့ချင်းစီ သီးခြားဆောင်ရွက်ရန် လိုအပ်သောကိစ္စရပ်ကို အစိုးရနှင့် သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူသည်။

ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုနိုင်ရန် တင်သွင်းခြင်း

၂၆။ ဤသဘောတူစာချုပ်အား ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရရှိရေးအတွက် ဆောင်ရွက်သွားရန် သဘောတူသည်။

## အခန်း(၇)
## အထွေထွေ

၂၇။ ဤစာချုပ်တွင် လွှမ်းခြုံခြင်းမရှိသော ကိစ္စရပ်များရှိလာပါက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် အစိုးရနှင့် သီးခြားစီဆွေးနွေး၍ စာချုပ်၏မူများနှင့် ဆန့်ကျင်ကွဲလွဲခြင်းမရှိစေဘဲ ညှိနှိုင်းဆောင်ရွက်၍ သဘောတူညီမှုရယူနိုင်သည်။

၂၈။ ဤသဘောတူစာချုပ်ကို မြန်မာဘာသာဖြင့် ရေးသားပြီး အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရမည်။ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ တရားဝင်အတည်ဖြစ်မှုသည် တူညီသော်လည်း စကားရပ်အရ အငြင်းပွားမှုများ ပေါ်ပေါက်လာပါက မြန်မာဘာသာဖြင့် ရေးသားထားသည့် စကားရပ်အတိုင်းသာ အတည်ဖြစ်ကြောင်း သဘောတူသည်။

၂၉။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် လက်မှတ်ရေးထိုးရာတွင် ပါဝင်သော နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ပူးတွဲ၍ တာဝန်ယူဆောင်ရွက်သွားရန် သဘောတူသည်။ ထိုသို့အကောင်အထည်ဖော်ရာတွင် ကြုံတွေ့လာမည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန် နှစ်ဖက်ကိုယ်စားလှယ်များပါဝင်သော "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး" ကို ပုံမှန်ကျင်းပ၍ ဖြေရှင်းသွားရန် သဘောတူသည်။

၃၀။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ဆွေးနွေးပွဲများတွင် နှစ်ဖက်သဘောတူစာချုပ် ဆွေးနွေးပွဲများတွင် နှစ်ဖက်သဘောတူညီခဲ့ကြသော အစည်းအဝေးမှတ်တမ်း ဆုံးဖြတ်ချက်များအနက် ကိုးကားရမည့် ဆုံးဖြတ်ချက်များသည် ဤသဘောတူစာချုပ် အကောင်အထည်ဖော်ရာတွင် အကျုံးဝင်ပြီး နှစ်ဖက်ညှိနှိုင်း၍ လိုအပ်သလို ဆောင်ရွက်ရန် သဘောတူသည်။

ညှိနှိုင်းဖြေရှင်းခြင်း

၃၁။ (က) ဤသဘောတူစာချုပ်ပါ လိုက်နာရမည့် တာဝန်များ၊ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ မပြေလည်မှုပေါ်ပေါက်လာလျှင် သက်ဆိုင်ရာ အဖွဲ့အစည်းများသည် ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းသည့် နည်းလမ်းကို အခြေခံ၍ ဖြေရှင်းရမည်။

(ခ) အပိုဒ်ခွဲ(က)အရ ဖြေရှင်းရာတွင် ပြေလည်မှုမရရှိပါက **အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တင်ပြပြီး** ညှိနှိုင်းဖြေရှင်းသွားမည်။

**သဘောတူစာချုပ် အကျိုးသက်ရောက်ခြင်း**

၃၂။ ဤသဘောတူစာချုပ်သည် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးပြီးသည့်နေ့ရက်တွင် စတင်အကျိုးသက်ရောက်မှုရှိကြောင်း သဘောတူသည်။ ဤသဘောတူစာချုပ် အကောင်အထည်ဖော်မှုအပေါ် ဆန်းစစ်ရန် လိုအပ်ပါက နှစ်ဖက်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

**သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း**

၃၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ချုပ်ဆိုသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် နှစ်ဦးနှစ်ဖက်မှ လက်မှတ်ရေးထိုးကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

၁။ ဦးသိန်းစိန်
နိုင်ငံတော်သမ္မတ

၂။ ဒေါက်တာစိုင်းမောက်ခမ်း
ဒုတိယသမ္မတ

၃။ ဦးဉာဏ်ထွန်း
ဒုတိယသမ္မတ

၄။ သူရဦးရွှေမန်း
အဖွဲ့ဝင်၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုကော်မတီ

၅။ ဦးခင်မောင်မြင့်
အဖွဲ့ဝင်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ

၆။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

၇။ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း
ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ကာကွယ်ရေးဦးစီးချုပ် (ကြည်း)

၈။ ဦးအောင်မင်း
ပြည်ထောင်စုဝန်ကြီး
ဒုတိယဥက္ကဋ္ဌ၊
ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး
လုပ်ငန်းကော်မတီ

၉။ ဦးသိန်းဇော်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်
တိုင်းရင်းသားရေးရာ ကျေးလက်လူမှုဘဝမြင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ။
ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး
လုပ်ငန်းကော်မတီ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ

၁။ ကရင်အမျိုးသားအစည်းအရုံး (KNU)
ဗိုလ်ချုပ်မှူးကြီး မူးတူးစေးဖိုး
ဥက္ကဋ္ဌ
ဗိုလ်ချုပ်ကြီး စောဂျော်နီ
စစ်ဦးစီးချုပ်
ပဒို စောကွယ်ထူးဝင်း
အထွေထွေ အတွင်းရေးမှူး

၂။ ကရင်အမျိုးသားအစည်းအရုံး၊
ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်
(ငြိမ်းချမ်းရေးကောင်စီ)(KNU/KNLA-PC)

ဗိုလ်ချုပ်ကြီး စောထိန်မောင်
ဥက္ကဋ္ဌ
ဗိုလ်ချုပ်စောရင်နု စစ်ထောက်ချုပ်
စောနေစိုးမြ
စစ်ရေးချုပ်

၃။ ချင်းအမျိုးသားတပ်ဦး (CNF)
ပူးနန်လျန်ထန်
ဥက္ကဋ္ဌ
ပူးဇင်ကျုံး
အထွေထွေအတွင်းရေးမှူးချုပ်
ဗိုလ်မှူးချုပ် ဟရန်သင်ထိုက်
စစ်ဦးစီးချုပ်

၄။ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)
ဒုတိယဗိုလ်ချုပ်ကြီး စောလားပွယ်
စစ်ဦးစီးချုပ်
ဗိုလ်ချုပ်စောမိုရှေး
ဒုတိယစစ်ဦးစီးချုပ်
ဗိုလ်မှူးစောစိန်ဝင်း
စစ်ရေးချုပ်

၅။ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)
ခွန်မြင့်ထွန်း
ဥက္ကဋ္ဌ
ဗိုလ်မှူးကြီး ခွန်သူရိန်
စစ်ဦးစီးချုပ်
ဗိုလ်မှူးကြီး ခွန်ဥက္ကာ
နာယက

၆။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ
ဒီမိုကရက်တစ်တပ်ဦး (ABSDF)
ရဲဘော် မျိုးဝင်း
ဒုတိယ ဥက္ကဋ္ဌ
ရဲဘော် ရဲထွဋ်
စစ်ကော်မရှင်အတွင်းရေးမှူး

၇။ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP)
ခိုင်စိုးနိုင်အောင်
ဒုတိယ ဥက္ကဋ္ဌ
ဗိုလ်မှူးချုပ် ခိုင်ထွန်းဝင်း
စစ်ဦးစီးချုပ်
စောမြရာဇာလင်း
ဗဟိုကော်မတီ

၈။ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)
ဒုတိယ ဗိုလ်ချုပ်ကြီး ယွက်စစ်
ဥက္ကဋ္ဌ
ဗိုလ်မှူးချုပ် ဘောင်ခေး
ဒုတိယစစ်ဦးစီးချုပ်
ဗိုလ်မှူးကြီးစိုင်းလ
အတွင်းရေးမှူး(၂)

## ပြည်တွင်းအသိသက်သေများ

၁။ ဦးဇော်အေးမောင် တိုင်းရင်းသားရေးရာဝန်ကြီး
၂။ ဦးစောထွန်းအောင်မြင့် တိုင်းရင်းသားရေးရာဝန်ကြီး
၃။ ဦးခွန်သန်းမြင့်
ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး
၄။ ဦးဝင်းထိန် (NLD)
၅။ ဦးဌေးဦး (USDP)
၆။ ဦးခင်မောင်ဆွေ
ညီနောင်တိုင်းရင်းသားများပါတီဖယ်ဒရေးရှင်း
၇။ ဦးတင်နိုင်သိန်း (USDP)
၈။ ဦးသန်းတင် (NUP)
၉။ ဦးစိုင်းအိုက်ပေါင်း
ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ
၁၀။ ဦးဖိုဇမ်း
ညီနောင်တိုင်းရင်းသားများပါတီဖယ်ဒရေးရှင်း
၁၁။ ဒေါ်ချင်းချင်း
ညီနောင်တိုင်းရင်းသားများပါတီဖယ်ဒရေးရှင်း

၁၂။ ဦးစောသိန်းအောင်
ဖလုံစဝေါ် ဒီမိုကရက်တစ်ပါတီ

၁၃။ ဦးစောဒယ်နီရယ်
လူမျိုးပေါင်းစုံ ဒီမိုကရက်တစ်ပါတီ (ကယား)

၁၄။ ဒေါ်သန်းသန်းနု
ဒီမိုကရက်တစ်ပါတီ (မြန်မာ)

၁၅။ ဦးသက်နိုင်ဝင်း
စာချုပ်ညှိနှိုင်းရာတွင် ပါဝင်ခဲ့သည့် ကိုယ်စားလှယ်

၁၆။ ဦးခင်ရီ
စာချုပ်ညှိနှိုင်းရာတွင် ပါဝင်ခဲ့သည့် ကိုယ်စားလှယ်

၁၇။ ဦးမြင့်စိုး
စာချုပ်ညှိနှိုင်းရာတွင် ပါဝင်ခဲ့သည့် ကိုယ်စားလှယ်

၁၈။ ဦးခင်ဇော်ဦး
စာချုပ်ညှိနှိုင်းရာတွင် ပါဝင်ခဲ့သည့် ကိုယ်စားလှယ်

၁၉။ ဦးသန်းငွေ
စာချုပ်ညှိနှိုင်းရာတွင် ပါဝင်ခဲ့သည့် ကိုယ်စားလှယ်

၂၀။ ဦးကိုကိုကြီး
၈၈ မျိုးဆက်
(ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)

၂၁။ ဦးမြအေး
၈၈ မျိုးဆက်
(ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)

### နိုင်ငံတကာသက်သေများ

၁။ ကမ္ဘာ့ကုလသမဂ္ဂ
His Excellency Mr. Vijay Nambiar
United Nations Special Advisor

၂။ ဥရောပသမဂ္ဂ
His Excellency Mr. Roland Kobia
The European Union Ambassador to Myanmar

၃။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ
His Excellency Mr.Guoxiang
The Special Envoy on Asian Affairs of the People's Republic of China

၄။ အိန္ဒိယသမ္မတနိုင်ငံ
His Excellency Mr.Gautam Mukhapadhaya
Ambassador Extrordinary and Plenipotentiary of the Republic of India to the Republic of the union of Myanmar

၅။ ထိုင်းနိုင်ငံ
His Excellency Mr. Apichart Chinwanno
Permanent Secretary of the Ministry of Foreign Affairs and Special Envoy of the Foreign Minister of Thailand

၆။ ဂျပန်နိုင်ငံ
His Excellency Mr.Yohei SASAKAWA
Special Envoy on the Government of Japan For National Reconciliation in Myanmar.

### NCA တွင် ပါဝင်ဆွေးနွေးကြသူများ

- တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်
- Nationwide Ceasefire Agreement (NCA)
- တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ညှိနှိုင်းရေး ပူးတွဲကော်မတီ
- Nationwide Ceasefire Coordination Team (NCCT)
- ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ
- Union Peace-Making Working Committee (UPWC)
- ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ
- Joint Monitoring Committee (JMC)













တိုင်းရင်းသားများ
စစ်ဘေးရှောင်နေပုံ



တိုင်းရင်းသားများ
စစ်ဘေးရှောင်နေပုံ



JMC - Joint Monitoring Committee
UPWC - Union Peace-Making Working Committee
UPDJC - Union Peace Dialogue Joint Committee
NCCT - Nationwide Ceasefire Coordinations Team
SD - Seninor Deligation
EAOs - Ethnic Armed Organizations
IDPs - Internally displaced Persons
JICM - Joint Implementation and Coordinations Meeting
UNFC - United Nationalities Federation Council

ဇော်အေးမောင်

# တိုင်းရင်းသား ဘဝသရုပ်ဖော်စာပေ

သုတအောင်



မြန်မာစာပေလောကတွင် ယနေ့လိုအပ်နေသော စာပေကို တစ်စုံတစ်ယောက်သောသူက မေးလာမည်ဆိုငြားအံ့။ ကျွန်တော့်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ဘဝသရုပ်ကိုပေါ်လွင်အောင် ဖော်ပြသောစာပေသည် အလိုအပ်ဆုံးဟု ဖြေရပေလိမ့်မည်။ တို့ကိုနှင့် လိုရင်းကိုသာ ပြောရပါသော် "တိုင်းရင်းသားဘဝသရုပ်ဖော်စာပေ"လိုအပ်နေပါသည်ဟု ဆိုချင်ပါသည်။

အဘယ်ကြောင့်ပါနည်း။ ဤမေးခွန်းကို စာဖတ်သူကျွန်တော့်အား ထပ်၍မေးလိမ့်မည်ဟု ထင်ပါသည်။ မေးလည်း မေးသင့်ပါသည်။ ဤအမေးကို ကျွန်တော်ဖြေရမည်ဆိုလျှင် "နိုင်ငံတော်အခွန့်ရှည် အောင်မြင်ရေးအတွက်ပါ"ဟု ရိုးသားစွာဖြေဆိုချင်ပါသည်။ "မင်းနယ်ကွယ် တိုင်းရင်းသားဘဝသရုပ်ဖော် စာပေနှင့် နိုင်ငံရေးစနစ် ဘယ်လိုများ ပတ်သက်သလဲ" ဟု ထပ်ဆင့်မေးမြန်းလာပါအံ့။ ကျွန်တော်မှာ ထပ်ဆင့်၍ ရှင်းပြရပေလိမ့်မည်။

ကျွန်တော်တို့သည် ပြည်ထောင်စုအတွင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ အကြောင်း၊ လူမျိုးများ၏ဘဝ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ သိရှိနားလည်ဖို့လိုအပ်ပါသည်။ တစ်ဦးအကြောင်း တစ်ဦးသိပါမှ တစ်ဦးယဉ်ကျေးမှုကို တစ်ဦးက နားလည်ပါမှ တစ်ဦးဘဝကို တစ်ဦးက ကိုယ်ချင်းစာနိုင်ပါမှ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုကို ရရှိပေလိမ့်မည်။ ရင်းနှီးချစ်ခင်မှု ရှိကြပါမှ အဖျက်သမားများ၊ ကျူးကျော်သူများကို ဖြိုခွင်းနိုင်ကာ နိုင်ငံတော်တည်ဆောက်မှုလုပ်ငန်းများကို စည်းစည်းလုံးလုံးနှင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့်

"တိုင်းရင်းသား ဘဝသရုပ်ဖော်စာပေ"များ လိုအပ်နေပါသည်ဟု ကျွန်တော်ပြောဆိုနေရခြင်း ဖြစ်ပါသည်။

ယနေ့ မြန်မာစာပေတွင် တိုင်းရင်းသားဘဝသရုပ်ဖော် ဝတ္ထုများ မရှိပြီလော။ ရှိပါသည်။ သို့သော် နည်းနေပါသေးသည်ဟု ဆိုချင်ပါသည်။ ဤသို့ဆိုလျှင် စာဖတ်သူ မိတ်ဆွေများက ကျွန်တော့်အား လက်လှမ်းမှီသလောက် ပြောပြစမ်းပါဗျာဟု မေးလာမည် ဆိုပါအံ့။ ကျွန်တော်က အောက်ပါစာအုပ်များကို ထောက်ပြမိပေလိမ့်မည်။

ဆရာဦးသိန်းဖေမြင့်သည် ကချင်တိုင်းရင်းသားများ၏ ဘဝကို "မြစ်ဖျားဧရာရောင်စုံဖြာ"ဟူသော ခရီးသွားဆောင်းပါးရှည်ကြီးတွင် စိတ်ဝင်စားဖွယ် ဖော်ကျူး တင်ပြထားပါသည်။ ထို့ပြင် ဆရာ၏ "ချင်းဝိဒေသတိုင်းသမိုင်းအစ"ဟူသော ခရီးသွား ဆောင်းပါးရှည်ကြီးမှာလည်း ချင်းတိုင်းရင်းသားတို့၏ ဘဝသရုပ်ကို ပေါ်လွင်အောင် ဖော်ပြနိုင်ပါသည်။ ထို့ပြင် စာရေးဆရာမ စိန်စိန်၏ "ရိုးမတောင်ကြီးသာ ဖြိုးလိုက်ချင်တော့"ဟူသည့် ဝတ္ထုရှည်ကြီးမှာလည်း ချင်းတိုင်းရင်းသားတို့၏ ဘဝသရုပ်ဖော်ကို ဖော်ညွှန်းထားသော စာပေပင်ဖြစ်ပါသည်။

စာရေးဆရာ ညိုဝင်း၏ "နန်းမြာတို့တောင်ပေါ်မှာ" အမည်ရှိ ဝတ္ထုရှည်သည်ကား တိုင်းရင်းသားတို့၏ ဘဝသရုပ်ကို ဖော်နိုင်ပါပေသည်။ ရှမ်းပြည်သူတို့၏ ပဒေသရာဇ်လက်အောက်ခံဘဝကို မောင်မောင်ဖြူက "မရဏာမောင်းလော အောင်စည်လော"အမည်ရှိ ဝတ္ထုရှည်ကြီးတွင် တွေ့မြင်နိုင်သည်။

နာဂတောင်တန်းမှ နာဂအမျိုးသားများ၏ ဘဝတစ်စိတ်တစ်ဒေသကို နာဂတောင်တန်း မောင်ကြည်ဇင်၏ "တောင်ပေါ်မြေမှ မြေပြန့်ပန်း"ဟူသော ဝတ္ထုရှည်တွင်လည်းကောင်း၊ "အောင်ပွဲခြိမ့်ခြိမ့် ရင်သိမ့်သိမ့်"ဟူသော ဝတ္ထုရှည်ဖြင့်လည်းကောင်း တွေ့မြင်နိုင်ပါသည်။ ထို့ပြင် မောင်မဲ၏ လူထုတိုက်ထုတ် ခရီးသွားဆောင်းပါးများတွင်လည်း တွေ့မြင်နိုင်ပါသည်။

ကျွန်တော်ဖော်ပြလိုက်သော ဝတ္ထုဆောင်းပါးအနည်းငယ်မှာ ကျွန်တော်ဖတ်ပြီးသော ဝတ္ထုဆောင်းပါးများမှ ယခုလောလောဆယ် ခေါင်းထဲတွင်ပေါ်လာသမျှကိုသာ တင်ပြလိုက်ခြင်း ဖြစ်ပါသည်။ တချို့တိုင်းရင်းသား ဘဝသရုပ်ဖော် ဝတ္ထုကောင်းများ ကျန်ကောင်းကျန်နေပါလိမ့်မည်။ ကျန်နိုင်သည်ဟုသာ ဆိုရပါသော်လည်း တိုင်းရင်းသားဘဝသရုပ်ဖော်စာပေများမှာ လိုအပ်သည်ထက် နည်းနေပါသေးသည်။

"ဤနယ်စပ်ရှိ ရှမ်းတို့သည် မျက်လုံးမပွင့်ကြသေး၊ ခေါင်းလောင်းရေးထက် ဝမ်းကျောင်းရေးက အရေးကြီးနေသည်မို့ လောလောဆယ် ထမင်းစားရရေးသာ အဓိကဖြစ်နေသည်။"

ဤမျှရှားပါးလှသော တိုင်းရင်းသားဘဝသရုပ်ဖော် ဝတ္ထုများအနက်မှ ရေးဖော်ကြီး ပုသိမ်အောင်သန်းဦး၏ ဝတ္ထုတိုလေးတစ်ပုဒ်ကို ဆွေးနွေးတင်ပြချင်ပါသည်။ အကြောင်းမှာ သူသည် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် နေထိုင်ကြသော ရှမ်း၊ လားဟူ၊ ကော် (ဟားခါး)တို့၏ ဘဝသရုပ်ကို ဝတ္ထုတို၊ ဝတ္ထုရှည်များဖြင့် သီကုံးတင်ပြနေသူဖြစ်သောကြောင့်ပါတည်း။

ရှေးဦးစွာ ဆရာပုသိမ်အောင်သန်းဦး၏ မဂ္ဂဇင်းတွင် ပါရှိခဲ့သော "လားဟူတောင်ကို ကျော်ခဲ့ပါ"အမည်ရှိ ဝတ္ထုတိုကို တင်ပြချင်ပါသည်။ ဤဝတ္ထုတိုတွင် နယ်ခြားဒေသရှိ တိုင်းရင်းသားကလေးငယ်များ၏ ပညာရေးချို့တဲ့ကြပုံ၊ ကျေးရွာသားများ၏ အသိပညာဖွံ့ဖြိုးမှု အားနည်းကြပုံကို ဤသို့ဖော်ပြထားပါသည်။ ဤနယ်စပ်ရှိ ရှမ်းတို့သည် မျက်လုံးမပွင့်ကြသေး၊ ခေါင်းလောင်းရေးထက် ဝမ်းကျောင်းရေးက အရေးကြီးနေသည်မို့ လောလောဆယ် ထမင်းစားရရေးသာ အဓိကဖြစ်နေသည်။ ထို့ကြောင့် သူတို့၏ သားသမီးများကို ကျွဲကျောင်းခိုင်း၊ ငါးဖမ်းခိုင်း၊ တောင်ယာသွားခိုင်း၊ လယ်လုပ်ခိုင်း၍သာ ထား၏။

ကျောင်းသို့ ပို့ရကောင်းမှန်းမသိသေး…"ဟူ၍ မိုင်းတွမ်းကျေးရွာလေးရှိ ရှမ်းအမျိုးသားများ၏ ပညာရေးအသိဖွံ့ဖြိုးမှုမရှိသေးပုံကို တင်ပြထားပါသည်။ ဤအခြေအနေများကြားမှ ကျောင်းသားဦးရေတိုးတက်လာရန်၊ နယ်မြေဖွံ့ဖြိုးစေရန်၊ ကျေးရွာသားများ ဗဟုသုတပြည့်စုံစေရန် ကြိုးစားစည်းရုံးနေသော ဆရာအောင်နိုင်ဦးအား ကျေးရွာလူကြီး ဦးပန်းစိတက "ဆရာကျောင်းတော့ သိပ်ပင်ပန်းနေမှာပဲနော်၊ တနေ့လုံးလဲစာသင်ရ ညနေကျပြန်တော့လဲ စည်းရုံးရေးလုပ်ရနဲ့"ဟုပြောရာ ဆရာဦးအောင်နိုင်ဦးက "ဒီလိုရှိပါတယ်ဦးလေး ပင်ပန်းတယ် စိတ်ညစ်တယ်ဆိုတာကလဲ ကိုယ်ဝါသနာမပါတဲ့အလုပ်ကို လုပ်ရရင်သာဖြစ်တတ်တာမျိုးပါ။ ခုကိုယ်ဝါသနာပါတဲ့ အလုပ်နဲ့ ကိုယ်ဖြစ်စေချင်သလိုဖြစ်အောင် လုပ်နေရလေတော့ မပင်ပန်းပါဘူးဦးလေး…။"

မြေပြန့်သားတစ်ဦး၏ စေတနာအားမာန်များကို တွေ့မြင်နေရပါသည်။ ထို့ပြင် ရန်ကုန်မြို့ရှိ သူ၏အပေါင်းအသင်းသူငယ်ချင်းကိုပင် နယ်ခြားဒေသ တောထဲတောင်ပေါ်မှ သူ့ထံလာပြီး သူနှင့်လက်တွဲကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ဖို့ ဤသို့ဖိတ်ခေါ်လိုက်သေးသည်။

> "ငါတို့တိုင်းပြည်ဟာ
> အဘက်ဘက်က
> နိမ့်ကျနေပါသေးတယ်။
> ခုလိုနယ်ခြားဒေသတွေမှာဆိုရင်
> သူငယ်ချင်း
> စဉ်းစားလို့သာ ကြည့်ပါတော့။
> ကော် (ဟားခါး)၊ လီရှော၊
> လားဟူတို့ဆိုရင်
> ကျောက်ခေတ်က
> လူရိုင်းသာသာပဲ
> ရှိကြသေးတယ်။"

"ငါတို့တိုင်းပြည်ဟာ အဘက်ဘက်က နိမ့်ကျနေပါသေးတယ်။ ခုလို နယ်ခြားဒေသတွေမှာဆိုရင် သူငယ်ချင်းစဉ်းစားလို့သာ ကြည့်ပါတော့။ ကော်(ဟားခါး)၊ လီရှော၊ လားဟူတို့ဆိုရင် ကျောက်ခေတ်က လူရိုင်းသာသာပဲ ရှိကြသေးတယ်။ နောက်ဆုံးမှာ ချင်တာကတော့ မီးရောင်တွေထိန်ထိန်လင်းနေတဲ့ မြို့ကြီးက ငါတို့ရဲ့မှောင်မည်းနေတဲ့ ရွာလေးမှာ ကြယ်လေးတစ်လုံးကို အလင်းရောင်ပေးနိုင်ပါစေလို့…."

နယ်ခြားဒေသက ရှမ်းကျေးလက်ပြည်သူတို့ရဲ့ ပညာရေးဘဝကို ထင်ဟပ်စေတဲ့ ဝတ္ထုတိုလေးတစ်ပုဒ်ပါ။ ဆက်လက်ပြီး "လီဂျေတို့ရွာ"အမည်ရှိ ဝတ္ထုတိုတစ်ပုဒ်ကို တင်ပြချင်ပါသေးတယ်။

အဲသည်ဝတ္ထုတိုမှာ မြို့ပိုင်လေးတစ်ယောက်ဟာ ကျေးလက်တောရွာတွေ ခရီးလှည့်ရင်း လူအုပ်နဲ့ကွဲပြီး ကော် (ဟားခါး) ကျေးရွာလေးတစ်ရွာကို ရောက်ရှိသွားပါတယ်။ အဲသည်ကျေးရွာရောက်သွားတဲ့အခါ လီဂျေးအမည်ရှိတဲ့ ကော် (ဟားခါး) အမျိုးသားလေးက ဝတ္ထုထဲက မြို့ပိုင်ကို သူ့အိမ်မှာမွေးထားတဲ့ ကြက်ကိုသတ်ပြီး ချက်ကျွေးပါတယ်။ သည့်အခါ မြို့ပိုင်က "လီဂျေရယ် ကြက်သားဟင်းချက်ကျွေးဖို့ မလိုပါဘူးကွယ်၊ ဆရာ ငရုတ်သီးထောင်း၊ ပဲပုပ်နဲ့ စားနိုင်ပါတယ်…"လို့ ပြန်ပြောပါတယ်။ လီဂျေကရယ်ပြီး….

"မညာနဲ့ဆရာ၊ ကျွန်တော် တော်တော့်ကို အားနာနေတယ်။ ဆရာတို့ ကြက်သားဟင်းချက်ရင် ပစ္စည်းစုံစုံနဲ့ အနံ့လဲမွှေးနေတာ ကျွန်တော်တို့မှာ ကြက်ရယ်ရေရယ်၊ ဆားရယ်၊ ပဲပုပ်ငရုတ်သီးနဲ့ပဲ ချက်ကျွေးရတာ သိပ်အားနာတယ်ဆရာ…"

တောင်ပေါ်သား ဟားခါးအမျိုးသားလေး လီဂျေရဲ့ စေတနာမေတ္တာကို ကျွန်တော်တို့မြင်တွေ့နေရပါတယ်။ ဝတ္ထုထဲမှာ ရေနံဆီတို့ ဖယောင်းတိုင်တို့ကို လီဂျေတို့ရွာသားတွေ မသုံးနိုင်ကြလို့ မီးဖိုကမီးရောင်နဲ့ အလင်းရောင်ကို အသုံးပြုကြရပုံကို တွေ့မြင်ရပြီး မီးဖိုက မီးရောင်ရဲ့ မလင်းတလင်း အရောင်အောက်မှာ ခြေထောက်တစ်ဖက် ရောင်ကိုင်းနေတဲ့ ကော် (ဟားခါး) အမျိုးသားတစ်ယောက်ကို မြို့ပိုင်က မြင်တွေ့ပါတယ်။ ဒါနဲ့ ခြေထောက်ကဒဏ်ရာဟာ ဘာကြောင့်လဲလို့ မြို့ပိုင်က မေးပါ

တယ်။ မြွေကိုက်တာပါလို့ လီဂျေကဖြေပါတယ်။ မြို့ပိုင်က ဘာဆေးတွေထည့်သလဲ မိုင်းဆတ်ဆေးရုံကိုကော မသွားဘူးလားလို့ ပြောတဲ့အခါ လီဂျေက ဝမ်းနည်းစွာနဲ့ ဒီလိုဖြေပါတယ်…။

"အမှန်တော့ဆရာရယ် ဆေးရုံခေါ်သွားနိုင်ရင် အကောင်းဆုံးပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ဆီက မြွေကိုက်ရင် သေတာနည်းပါတယ်။ ရောင်ပြီး လေးငါးဆယ် ရက်လောက် လမ်းမလျှောက်နိုင်ဖြစ်ပြီး ပျောက်သွားတာပါပဲ။ ဆေးရုံပို့ဆိုတာလဲ ငွေလိုတယ် ဆရာ၊ မိုင်းဆတ်ဆေးရုံမှာ ကိုယ့်ထမင်းကိုယ်ချက်စားရတာမဟုတ်လား။ ဆေးရုံက ထမင်းမကျွေးတော့ ကျွန်တော်တို့တောင်ပေါ်သားတွေအဖို့ ဆေးရုံတက်ရေးဟာ သိပ်ခက်ပါတယ် ဆရာ" သည်အချိန်က မိုင်းဆတ်ဆေးရုံမှာ တက်ရောက်ကုသခံနေကြတဲ့ လူနာတွေကို ဆေးရုံက ထမင်းမကျွေးသေးပါဘူး။ ဒါပေမဲ့ အဲဒီနောက်ပိုင်းမှာတော့ တောင်ပေါ်သားလူနာတွေကို ဆေးရုံက ထမင်းကျွေးခဲ့ပါတယ်…။

မြို့ပိုင်ဟာ နောက်တနေ့မှာ မိုင်းဆတ်မြို့ကို ပြန်ပါတယ်။ ပြန်ခါနီးမှာ လီဂျေတို့ရွာသားတွေဟာ တောင်ပေါ်ထွက် သီးနှံနဲ့လက်ဆောင်ပြုပါတယ်။ သည်အခါ မြို့ပိုင်ကြီးက အားနာနေပြန်ပါတယ်။ လီဂျေကတော့ ရှင်းရှင်းနဲ့ ရိုးရိုးသားသား သည်လိုပြောပါတယ်…။

"အားမနာပါနဲ့ဆရာရယ်… ဆရာ့ကို အခွင့်သင့်လို့ သူတို့ပေးရတာပါ။ ဆရာမြို့ပေါ်ပြန်ရောက်သွားရင် သူတို့က ဆရာ့ကို ခေါ်ရဲပြောရဲကြမှာ မဟုတ်ကြပါဘူး…"

ဒါ "လီဂျေတို့ရွာ"အမည်ရှိတဲ့ ဝတ္ထုတိုလေးက ကောက်နုတ်ဖော်ပြထားတာပါ။ တတိယဝတ္ထုတိုလေး တစ်ပုဒ်ကို တင်ပြပါရစေဦး။ အဲဒီဝတ္ထုကတော့ "တောထဲမှာ တစ်ယောက်ထဲ"အမည်ရှိတဲ့ ဝတ္ထုပါပဲ။

သည်ဝတ္ထုမှာ ကော် (ဟားခါး) အမျိုးသားများရဲ့ အမြွှာပူးမွေးရင် ကလေးတွေကို သတ်ရတယ်ဆိုတဲ့ ဓလေ့ကို မိချူးဆိုတဲ့ ကော်အမျိုးသမီးလေးက ရဲဝံ့စွာတော်လှန်လိုက်ပုံကို ဇာတ်လမ်းဖွဲ့ထားပါတယ်။ သည်ဝတ္ထုက အဓိကဇာတ်ဝင်ခန်းတစ်ခန်းကို မြည်းကြည့်စေချင်ပါတယ်။ သည်အခန်းကတော့ မိချူးဆိုတဲ့ ကော် (ဟားခါး) အမျိုးသမီးလေး ကလေးအမြွှာပူးမွေးလို့ စိတ်လှုပ်ရှားပြီး ကလေးတွေကိုသတ်ဖို့ပြင်တဲ့ အခန်းပါ။

> "သည်ဝတ္ထုက
> အဓိကဇာတ်ဝင်ခန်းတစ်ခန်းကို
> မြည်းကြည့်စေချင်ပါတယ်။
> သည်အခန်းကတော့
> မိချူးဆိုတဲ့
> ကော် (ဟားခါး) အမျိုးသမီးလေး
> ကလေးအမြွှာပူးမွေးလို့
> စိတ်လှုပ်ရှားပြီး
> ကလေးတွေကို
> သတ်ဖို့ပြင်တဲ့ အခန်းပါ။"

"အလို ဒုက္ခပါပဲ၊ ကလေးနှစ်ယောက် အမြွှာပူးမွေးခြင်းကို နတ်မကြိုက်ပါလား၊ အမြွှာပူးမွေးရင် ကလေးနှစ်ယောက်လုံးကို သတ်ရမယ်"

မိချူးသည် ယောက်ျားလေးအား အရင်သတ်ရန် ပြင်လိုက်သည်။

"တပည့်တော်မသည် နတ်မင်းကြီးအလိုကျ ကလေးအမြွှာပူးမွေးပါ၍ နတ်မင်းကြီးအလိုအတိုင်း ယခုပင်သတ်ပါတော့မည် အရှင်နတ်မင်း"

မိချူးသည် ဓားကိုကိုင်ကာ နတ်အား တိုင်ကြားအသိပေးလိုက်၏။ သစ်ပင်တို့မှ သစ်ရွက်များသည် လေတွင် တရှဲရှဲအသံမြည်လျက် ယိမ်းနွဲ့လှုပ်ရှားနေကြသည်။ ထို့အတူ မိချူး၏စိတ်၌လည်း တုန်လှုပ်ချောက်ချားလျက်။ မိချူးသည် ဓားကိုမြဲမြဲဆုပ်ကာ အပေါ်သို့မြှောက်လိုက်သည်။ ကလေး၏ လည်ပင်းဆီသို့ ဓားကိုရွယ်လျက် တအားခုတ်ပိုင်းလိုက်ရန် မျက်စိကိုမှိတ်လိုက်သည်။ ထိုအခိုက်….

"ဒီဓလေ့ထုံးစံဟောင်းတွေကြောင့် အစ်ကိုတို့ ဒုက္ခရောက်ခဲ့ကြပြီနော်"

ချစ်သူအလိ၏စကားသည် မိချူး၏နားထဲသို့ ပြေးဝင်လာ၏။ မိချူးသည် မျက်စိကိုဖွင့်လိုက်သည်။ ကလေးငယ်နှစ်ယောက်ကား ပြုံးလို့။ အပြစ်ကင်းစင်စွာပြုံးလို့။ မိချူး၏ မိခင်စိတ်ကို ပြန်လည်၍ ဝင်လာချေပြီ။ မိချူးသည် လက်ထဲမှဓားကို လွှင့်ပစ်လိုက်သည်။

"မင်းတို့ကို အမေမသတ်တော့ပါဘူးကွယ်။ မင်းတို့မသတ်လို့ နတ်က အမေ့ကို ကျိန်ဆဲရင်လည်း ဆဲတော့၊ အပြစ်ဒဏ်ခတ်ရင်လည်း ခတ်တော့၊ အမေခံပါတော့မယ်"

သနားစရာ မိချူးအမည်ရှိ ကော်အမျိုးသမီးငယ်မှာ ကလေးနှစ်ယောက်ကိုပိုက်လျက် ရွာမှထွက်ပြေးသွားပုံကို ကျွန်တော်တို့မှာ စိတ်မကောင်းစွာနှင့် မြင်တွေ့ခံစားနေကြရပေသည်။

စတုတ္ထမြောက် ဝတ္ထုတိုလေးတစ်ပုဒ်ကို တင်ပြပါရစေ။ သည်ဝတ္ထုကတော့ ခရစ်ယာန်ဘာသာဝင် ကော် (ဟားခါး) မိသားစုတို့ရဲ့ ဆင်းရဲကျပ်တည်းမှု ဘဝသရုပ်ကို ဖော်ပြထားပါတယ်။

ဝတ္ထုထဲမှာ ခရစ်စမတ်ရက် နီးလာသော်လည်း တောင်ယာကပျက်စီး နာနတ်ခင်းက မအောင်ရှိသောအခါ ဝတ်စရာ အဝတ်မဝယ်နိုင်၊ စားစရာလည်း အခက်တွေ့ကြုံနေရသဖြင့် ခြောက်လအရွယ် သမီးငယ်ကလေးအား ရောင်းချကာ သူတို့မိသားစု၏ပြဿနာ ဖြေရှင်းလိုက်ပုံကို ဤသို့သရုပ်ဖော်ထားပါတယ်။

"အိုး…ဂါဝန်အသစ်ကလေး လှလိုက်တာ…"

ဘူးလန်သည် ထခုန်ကာ အားရဝမ်းသာအော်လိုက်သည်။ အားဖာကား ဘူးလန်ကိုကြည့်ကာ ပြုံးနေပေသည်။ သို့သော် သူ့အပြုံးကား မတောက်ပ။

"မနက်အစောကြီးက အမေတို့အိမ်ကို ဆဲင်တာကလော့ကြီး လာတယ်ကွယ့်၊ သူဟာ ကလေးတွေကို သိပ်ချစ်တာ။ ခရစ်စမတ်နေ့ဆိုရင် ကလေးတွေမနိုးခင် ကလေးတွေအတွက် လက်ဆောင်တွေ ပေးသွားတတ်တယ် သိလား။ ခု…သမီးမှာ အင်္ကျီမရှိဘူးဆိုတာသိလို့ သူလာပေးသွားတာပေါ့။ သမီးတင်မကပါဘူး။ မမအားဖယ်အတွက်ကော၊ ဖေဖေနဲ့မေမေအတွက်ကော ပေးသွားတယ်။ ကဲ…ကဲ… သမီးကို ဆဲင်တာကလော့ကြီး ပေးသွားတဲ့ ဂါဝန်လေးဝတ်ကြည့်စမ်း။ ပြီးတော့ ဘုရားကျောင်းသွားရအောင်…။"

ဘူးလန်သည် ဂါဝန်အသစ်ကလေးကိုကြည့်၍ အတန်ကြာငေးမောနေသည်။ ပြီးတော့မှ…

"ညီမလေးအဘူးအတွက်ကော ဆဲင်တာကလော့ကြီးက အင်္ကျီလှလှကလေး ပေးမသွားဘူးလား အမေ"

အားဖာ မျက်နှာပျက်သွားသည် ခဏအတွင်း ပြန်တည်လိုက်ရင်းက…

"ညီမလေးအဘူးကိုလေ ဆဲင်တာကလော့ကြီးက ချစ်လို့တဲ့ သူမွေးထားချင်တယ်တဲ့၊ အဲဒါအတင်းတောင်းလို့ အမေ ပေးလိုက်ရတယ်ကွယ်…"

ဘူးလန်၏ ပြုံးရွှင်နေသော မျက်နှာလေး ပျက်သွားသည်။ ခဏအကြာတွင်ကား ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျကာ ရှိုက်သံထွက်လာသည်။

"အဘူးကို ဆဲင်တာကလော့ကြီး ခေါ်သွားပြီလား အမေ။ အဘူးကို မပေးဘူး။ ညီမလေးကို မပေးဘူး။ သူ့ဂါဝန်လှလှလေးနဲ့ မလဲဘူးအမေ။ မယူဘူး။"

ဘူးလန်သည် ရှိုက်၍ ငိုနေပါသည်။ လော်ဒိုသည် ခြင်ထောင်ထဲမှ ဘူးလန်၏ ရှိုက်သံကို နားထောင်ရင်း အဘူးအား မနေ့ညက မြို့ထဲမှ သူဌေးကတော်ကြီးအား ရောင်းလိုက်မိသောအဖြစ်ကို တွေးရင်းမျက်ရည်များ စီးကျလာပါသည်။ ထို့အတူ အားဖယ်သည်လည်းကောင်း၊ အားဖာသည်လည်းကောင်း မျက်ရည်တွေဝဲလို့။

ကျွန်တော်တို့၏မိတ်ဆွေကြီး ပုသိမ်အောင်သန်းဦး၏ တိုင်းရင်းသားဘဝသရုပ်ဖော် ဝတ္ထုတိုလေးပုဒ်ကို ကောက်နုတ်ဖော်ပြလိုက်ပါတယ်။

တိုင်းရင်းသားဘဝ သရုပ်ဖော်ဝတ္ထုများဟာ တိုင်းရင်းသားအချင်းချင်း ကိုယ်ချင်းစာတတ်ခြင်း၊ တစ်ဦးကိုတစ်ဦး ရိုင်းပင်း ကူညီလိုခြင်း၊ တစ်ဦးယဉ်ကျေးမှုကို တစ်ဦးက လေးစားခြင်းတို့ဖြင့် တိုင်းရင်းသားအချင်းချင်း မေတ္တာစေတနာထားကြလျက် ပြည်ထောင်စုစိတ်ဓာတ်များ ရင့်သန်စေကာ နီးကြားမှုအသိဖြင့် စည်းလုံးချစ်ခင်မှုကို ရရှိနိုင်မည့် အကျိုးကျေးဇူးများ ပေါ်ထွန်းစေနိုင်သော ဂုဏ်သတ္တိများနှင့် ပြည့်စုံပါသဖြင့် "တိုင်းရင်းသား ဘဝသရုပ်ဖော်စာပေ"များ တိုးတက်ထွန်းကားပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ရပါသတည်း။

**သုတအောင်**

# ကရင်လူမျိုးတို့၏ ရိုးရာလက်ရာ ဖားစည်



မောင်ကျော့ဝေ

ကရင်ရိုးရာနှင့်အကမှာ ရွှင်လန်းမြူးကြွသော စိတ်ဓာတ်၊ တက်ကြွဖွယ်ရာတေးဂီတနှင့်အညီ တက်ညီ လက်ညီ စုပေါင်းကပြသည့် ကကြိုးကကွက်များဖြင့် မြိုင်ဆိုင်လှပေသည်။ ထို့အတူ ကရင်တေးဂီတ၌ လွမ်းဆွေးသည့် တေးဂီတတေးသီချင်းများလည်း ရှိကြသည်။

ကရင်များ တီးမှုတ်လေ့ရှိကြသော တူရိယာများနှင့်ပတ်သက်၍ လေ့လာကြည့်ရာတွင် ရိုးရာသဘာဝထွက်ပစ္စည်းများဖြစ်သည့် သစ်ဝါးများ၊ တိရစ္ဆာန်များမှရရှိသော သားရေ၊ ဦးချိုတို့ဖြင့် ပြုလုပ်ထားကြောင်း တွေ့ရှိရသည်။ ကရင်လူမျိုးများ အသုံးပြုကြသော တူရိယာများမှာ -

(၁) ဖားစည်၊
(၂) ကွယ် (ခေါ်) ကျွဲချိုတံထိုး
(၃) လျှော်မျှင် ကြိုး (၆) ချောင်းတပ် ကရင် စောင်းကောက်၊
(၄) ကဲခေါ် အိုးစည်
(၅) ဝါးဖြင့်ပြုလုပ်ထားသော ပီး (ခေါ်) သံစုံပြွေ
(၆) ပီးဘားပြွေ
(၇) တပီခေါ်ဟိန်
(၈) သောတူ (ခေါ်) တယော
(၉) ပေါ်တူး (ခေါ်) ဝါးပတ္တလား

(၁၀) ဖွန်ဒွါ
(၁၁) လင်းကွင်း
(၁၂) နှဲ
(၁၃) စည်း (ဝါး) မောင်း
(၁၄) ဗျက်စောင်း (ခနာ) များဟူ၍ ရှိလေသည်။

တူရိယာများမှာ ကြေးကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ကို အခြေခံ၍ တီးမှုတ်ရာတွင် တေးသွားပေါ်အောင် တီးမှုတ်ခြင်းမျိုးမဟုတ်ဘဲ အကနှင့်အတူတွဲကာ တီးလျက် နှဲက သီဆိုသော တေးသံအတက်အကျကို အိုးစည်နှင့်ပေါင်းလျက် ကသူများအတွက် စည်းချက်လိုက်ပေးခြင်းသာဖြစ်သည်။

တူရိယာထဲတွင် ဖားစည်သည် ကရင်လူမျိုးများအတွက် ရှေးဘိုးဘွားဘီဘင်လက်ထက် ရှေးရိုးရာပစ္စည်းအမွေအနှစ်တစ်ရပ်အဖြစ် အမြတ်တနိုး တန်ဖိုးထားကြသည်။ ဖားစည်သည် ကရင်အမျိုးသားတို့၏ ကိုယ်စားပြုတူရိယာလည်းဖြစ်သည်။

ဖားစည်ကို စကောကရင်တို့က (ကလို) ဟုလည်းကောင်း၊ ပိုးကရင်များက (ကလိုး) ဟူ၍လည်းကောင်း၊ ကယားတို့က (ကလူ) ဟုလည်းကောင်း အသီးသီးခေါ်ဆိုကြသည်။ အနောက်တိုင်း ကျမ်းပြုသုတေသီတချို့က ကြေးစည် (Gronze Drum) ဟူ၍ ဖော်ပြထားသည်။ သို့ရာတွင် မည်သည့်အချိန်မှာ မည်သူက ဖားစည်ကို တီထွင်ပြီး မည်သည့်ခေတ်၌ စတင်အသုံးပြုလာသည်ဟူ၍ တိကျသောသမိုင်းကို မသိရှိကြပေ။ အယူအဆ ကွဲပြားလျက်ရှိနေသည်။ မည်သို့ပင်ဆိုစေ ကရင်အမျိုးသားတို့သည် ဖားစည်ကို နှစ်ရာပေါင်းများစွာကပင် သုံးစွဲလာခဲ့ကြောင်း၊ အချို့သုတေသီတို့ကလည်း လွန်ခဲ့သော နှစ်ထောင်ကျော်လောက်ကပင် ဖားစည်ကို သုံးလာခဲ့ကြောင်း အခိုင်အမာယုံကြည်ခဲ့ကြ၏။

သုတေသီဂေဟယ် ပြောဆိုချက်အရ ကရင်များသည် ယူနန်တွင် ရှေးဦးနေထိုင်ခဲ့သော 'ယူ' လူမျိုးထံမှ ရရှိခဲ့သည်။ ကရင်လူမျိုးများ တရုတ်ပြည်မှထွက်ပြီး မြန်မာပြည်အလယ်ပိုင်းသို့ ကူးပြောင်းလာခဲ့ရာတွင် ယူနန်ဒေသတစ်ဝိုက်ကို ဖြတ်ကျော်လာခဲ့သည်။ ထိုအခါ ယူနန်တွင် နေထိုင်သော (ယူ) လူမျိုးများ ဖားစည်ကို အသုံးပြုကြခြင်းကို တွေ့ခဲ့ရသည်။ ဤသို့ဖြင့် ကရင်အမျိုးသားတို့သည် ဖားစည်ကိုရရှိခဲ့ကြောင်း၊ ယူလူမျိုးတို့သည် ယူနန်တွင် ဘီစီ (၃၀၀) ခန့်က နေထိုင်ခဲ့ကြောင်း လေ့လာမိခဲ့ရသည်ဟု ဆိုသည်။

အခြားအဆိုများမှာ ကရင်အမျိုးသားတို့သည် မဲခေါင်မြစ်ဝှမ်းဒေသမှ မြန်မာပြည်အတွင်းသို့ ဝင်ရောက်လာခဲ့စဉ်က ဖားစည်သွန်းလုပ်သော 'ဝ' နယ်တစ်ဝိုက်တွင် ဖားစည်သွန်းလောင်းမှုကို 'ဝ' အမျိုးသားတို့က တွင်ကျယ်စွာ လုပ်ကိုင်ခဲ့သည်ဟု ဆိုသည်။ ထိုနယ်မှ ဖားစည်ကို အမည်အမျိုးမျိုးတို့ဖြင့် မှည့်ခေါ်ခဲ့ကြောင်းလည်း သိရပေသည်။ ထို့အပြင် ဖားစည်ကို အရှေ့တောင်အာရှတွင် ဘီစီ (၆) ရာစုမတိုင်မီကပင် စတင်သုံးကြသည်မှာ ဗီယက်နမ် (Vietnam) ၌ဖြစ်ကြောင်းလည်း လေ့လာမိရသည်။

ဖားစည်ကို ရှေးခေတ်ကာလတွင် ကရင်လူမျိုးများကိုယ်တိုင် သွန်းလုပ်နိုင်ခဲ့ကြကြောင်း အဆိုရှိခဲ့ကြသည်။ ယခုအခါ ကရင်များနေထိုင်ရာ အရပ်ဒေသများ၌ ကရင်များကိုယ်တိုင် သွန်းလုပ်ခြင်းကို အထောက်အထား မတွေ့ရှိခဲ့ရပါ။ သို့ရာတွင် ဖားစည်သွန်းလုပ်ခြင်းနှင့်ပတ်သက်၍ မှတ်တမ်းများအရ ကရင်အမျိုးသားများသုံးသော ဖားစည်မှာ တစ်ဖက်ပိတ်စည်မျိုးအဖြစ် သွန်းလုပ်ကြသည်။ မျက်နှာပြင်နှင့် ကိုယ်ထည်တစ်ခုလုံးမှာ သတ္တုဖြင့် ပြုလုပ်ရသည်။ ဖားစည်မျက်နှာပြင်အနားပတ်လည်တွင် ဖားရုပ်များ လေးနေရာခွဲ၍ တည်ရှိနေသည်။ တစ်ကောင်ထပ်ဖားစည်၊ နှစ်ကောင်ထပ်ဖားစည်၊ သုံးကောင်ထပ်ဖားစည်အထိရှိသည်။ ဖားစည်၏ မျက်နှာအလယ်တည့်တည့်တွင် နေမင်းနှင့် လမင်း ရောင်ခြည်ဖြာတန်း (၈) ခု၊ (၁၀) ခု၊ (၁၂) ခုနှင့် (၁၆) ခုအထိ ရှိသည်ဟု သိရှိရသည်။ ရောင်ခြည်ဖြာမှာ မျက်နှာပြည့်သည်အထိဖြစ်သည်။ ရောင်ခြည်စက်ဝိုင်းများမှာ (၃) ရစ်တစ်ခု အများဆုံးတွေ့နိုင်သည်။ ရောင်ခြည်များကြားတွင် ကြက်၊ ငှက်၊ ငါး၊ ခရုများနှင့် ပန်းပွင့်အရုပ်များဖြင့် တန်ဆာဆင်ထားလေ့ရှိသည်။ ပတ်လည်ကိုယ်ထည်များတွင်လည်း မျက်နှာစာနှင့်မခြား လှပစွာ သရုပ်ဖော်လေ့ရှိသည်။ မျက်နှာပြင်ချပ်သည် ကိုယ်ထည်ထက် တစ်လက်မပို၍ရှည်သည်။

မျက်နှာပြင် (၀၁) ရင်ပတ်ထက် လုံးပတ်ကိုယ်ထည်ကြီး၍ ခါးလယ်တွင်သိမ်ပြီး အောက်ပိုင်း၌ အနည်းငယ် ကားထွက်လာသည်။

ဖားစည်ကို ရေးအခါက နေရာဒေသခြားနားခြင်းအလိုက် မင်္ဂလာဖားစည်နှင့် အမင်္ဂလာဖားစည် ခွဲခြားရာတွင် ဖားအကောင်အရေအတွက်အရ ခွဲခြားမှုရှိခဲ့ကြောင်း အမေရိကန်သုတေသီ မာရှယ်ရေးသားချက်အရ ပဲခူးရိုးမရှိ ကရင်များ၏ အမင်္ဂလာဖားစည် သို့မဟုတ် ပူသော ဖားစည်များသည် မျက်နှာပြင်ပေါ်တွင် ဖားလေးကောင်သာရှိပြီး ဘေးနားတွင် မည်သည့်ပုံမျှမရှိပါ၊ ထိုဖားစည်များကို အသုဘနှင့် ဘေးအန္တရာယ်ကျရောက်သော အချိန်များတွင် တီးခတ်သည်။ ဖားအဆင့်ဆင့်ရှိသော ဖားစည်နှင့် ဘေးနားတွင် ဆင်နှင့်ခရုရုပ်ရှိသော ဖားစည်များသည် မင်္ဂလာဖားစည် သို့မဟုတ် အေးသောဖားစည်များ ဖြစ်သည်။ ယင်းဖားစည်သည် ပွဲလမ်းသဘင်များ ကျင်းပရာ၌ အသုံးပြုသည်။ သို့ရာတွင် အချို့သောဒေသများတွင်မူ နဂိုမူလကတည်းက ပူသောဖားစည်၊ အေးသော ဖားစည်ဟူ၍ မရှိပါ။ အသုဘတွင်ဖြစ်စေ ပွဲလမ်းသဘင်များ၌ဖြစ်စေ ဖားစည်တစ်မျိုးတည်း သုံးစွဲလျက်ရှိသည်ဟု ဆို၏။

ဖားစည်အမျိုးမျိုးကို ကြေးနီနှင့် သတ္တုတစ်မျိုး ရောစပ်ထားသော သတ္တုမျိုးဖြင့် သွန်းလုပ်ထားကြောင်း သိရသလို ရွှေ ဘော် သွပ် ခဲတို့ဖြင့် ရောစပ်သေးကြောင်း သိရသည်။ သို့သော် ရွှေနှင့်ဘော်များမှာမူ စတိသဘော လောက်သာ ပါကောင်းပါမည်ဟုလည်း ဆိုခဲ့၏။ ရှေးကျသောဖားစည်များ Fharly type သည် ကြေးနီနှင့် အခြားသတ္တုဖြင့် ပြုလုပ်ထားသော အလေးချိန်ရှိသည့်အလိုက် တန်ဖိုးဖြတ်ပြီး ပုံမတူ ပုံမလှချေ။ နှစ်ပေါင်းများစွာ သွန်းလုပ်ခဲ့သော်လည်း ဖားစည်အသံ၏ ကောင်းခြင်း အနိမ့်အဝေးကို မချိန်ဆတတ်ခဲ့ပေ။ နောင်အခါ တိုးတက်သော အမျိုးအစား (Improved Type) သည် အသံအနိမ့် အဝေးနားလည်လာပြီး လွမ်းသောအသံ၊ သာယာသော အသံများ ခွဲခြားပေါ်လွင်လာခဲ့သလို ပုံသဏ္ဌာန်မှာလည်း လှလာသည်။ ဖားရုပ်များ မျက်နှာချင်းဆိုင်ကြ၍ ဆင်ရုပ်ပါသော ဖားစည်များရှိလာခဲ့ကြောင်း တွေ့ရှိခဲ့ကြသည်။

ဖားစည်တစ်လုံး၏ တန်ရာတန်ဖိုးကို အသံ၏သာယာမှု၊ အတိုင်းအထွာမှန်ကန်မှု၊ အင်္ဂါလက္ခဏာ ပြည့်စုံမှုအပေါ် တန်ဖိုးဖြတ်လေ့ရှိလာကြောင်း လေ့လာတွေ့ရှိရပြန်သည်။ အထက်ကဆိုခဲ့သော အသံသာယာသည်ဟု ဆိုရာတွင် အသံတည်ငြိမ်မှုရှိခြင်း၊ သာယာနာပျော်ဖွယ်ရှိခြင်း၊ အက်သံမထွက်ခြင်း၊ ဝေးလံစွာအသံပြေးခြင်းနှင့် ဆွဲဆောင်မှုရှိခြင်းတို့ ဖြစ်ကြသည်။ အတိုင်းအထွာအရ ဆိုလျှင်လည်း မျက်နှာပြင်အကျယ် သို့မဟုတ် ရင်ပတ်၏ အချင်းသည် လက်သီးဆုပ်ခြောက်ဆုပ်ရှိ ဖားစည်မှာ စံမှီသည်။ ယခုခေတ် အတိုင်းအထွာအရဆိုရလျှင် အကြီးဆုံး ဖားစည်၏ မျက်နှာပြင်အချင်းမှာ ပျမ်းမျှခြင်းအားဖြင့် (၂၇) လက်မမှ (၃၀) လက်မရှိသည်။ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသောဖားစည်တွင် ဖားရုပ်သုံးရုပ်တပ်ပြီး ကိုယ်ထည်ပေါ်တွင် ဆင်သုံးကောင်၊ ခရုသုံးကောင် သို့မဟုတ် ဖားရုပ်နှစ်ရုပ်တပ်ဆင်လျက် ဆင်နှစ်ကောင်၊ ခရုနှစ်ထပ်ရှိသည်။ ဖားရုပ်များသည် လက်ဝဲရစ်ပြီး စုစုပေါင်း ဖား (၁၂) ကောင်ရှိရမည်။ အထက်နဖားဖောက်နှင့် တန်းလျက် ကိုယ်ထည်ပေါ်တွင် ဆင်သုံးကောင်၊ ခရုသုံးတန်းရှိရမည်။ ဖြာထွက်သော ရောင်ခြည်ဖြာတန်းသည် (၁၂) ခုရှိရမည်။

မြန်မာပြည်တွင် ရှေးဘိုးဘွားများမတိုင်မီကပင် ရောက်ရှိနေခဲ့သော ရှေးရိုးကရင်လူမျိုးများ ရှိခဲ့ကြပါသည်။

တောင်ငူ၊ ဖာပွန်၊ ဘားအံအစရှိသော တောင်ပေါ် ဒေသများရှိ ကရင်အမျိုးသားများနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ကရင်အမျိုးသားအပေါင်းတို့တွင် စာပေ၊ ဘာသာစကား ဆင်ယင်ထုံးဖွဲ့မှု၊ အနုသုခမပညာ၊ ရိုးရာဓလေ့ ထုံးစံ ရှေးဟောင်းပစ္စည်း အသီးသီးရှိကြပါတယ်။

ယခုဖော်ပြလိုသော ကရင်ကျေးလက်တီးမှုတ်ဝိုင်းမှာ ကုန်လွန်ခဲ့သော နှစ် (၅၀) ကျော်၊ နှစ် (၁၀၀) အတွင်းက တောင်ပေါ်သားတို့ တီးမှုတ်ခဲ့သည့် ကျေးလက်တီးမှုတ်ဝိုင်း ကလေး အကြောင်းပါ။ နေရာက သံတောင်မြို့နယ် သောက်ရေခပ်ချောင်း အရှေ့ဘက်ကမ်းရှိ 'လဲခယ်ဒိုနီ' အမည်ရှိ တောင်ပေါ်ကျေးလက်ရွာတစ်ရွာမှာ ဖြစ်သည်။ ထိုရွာတွင် 'ထဲရကီ' တီးမှုတ်ဝိုင်းသည် ရေပန်းစားသော တူရိယာဝိုင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။

ကျေးလက်တောရွာရှိ ရိုးရာတီးမှုတ်ဝိုင်းများသည် ကြေးစားများမဟုတ်။ အပျော်တမ်းသက်သက် ဖြစ်သည်။ လုပ်ငန်းခွင်၌ ကာယလှုပ်ရှားမှုကို လှုံ့ဆော်ရန်လည်းကောင်း သာရေး နာရေးများ၌ စိတ်ဓာတ်လှုံ့ဆော်ရန် အတွက်သော်လည်းကောင်း ပါဝင်တီးမှုတ်ကြသည်။

ဆောင်းအကုန် နွေအကူး တောင်ယာခုတ်ချိန်တွင် ဓားမကိုယ်စီ ကိုင်ဆောင်ကြသော ရွာသူရွာသားတို့သည် 'ထဲရကီ' တူရိယာဝိုင်း၏ စည်းချက်ဝါးချက်နှင့်အညီ လုပ်ငန်းခွင်ထဲသို့ ခြေလှမ်းကြကုန်သည်။ စူးထိုးချိန်၊ ကောက်ရိတ်ချိန်နှင့် ကောက်နယ်ချိန်စသော တောင်ယာလုပ်ငန်း ဖြစ်စဉ်တိုင်းတွင် ကာယလှုပ်ရှားမှုကို အထောက်အကူပြုသည်။

ရွာလုံးကျွတ် အမဲလိုက်သောအခါဖြစ်စေ၊ ငါးဖမ်းသောအခါဖြစ်စေ၊ လူကိုစုရုံးရန်အခါဖြစ်စေ၊ ညာသံပေးရန်အတွက်ဖြစ်စေ 'ထဲရကီ' တီးမှုတ်ဝိုင်းက မပါမဖြစ်ပါရလေသည်။ ထို့အပြင် မင်္ဂလာပွဲဖြစ်စေ၊ အမင်္ဂလာပွဲဖြစ်စေ 'ထဲရကီ' တူရိယာဝိုင်း၏ တီးမှုတ်သံကို ကြားရတတ်သည်။

ကျေးလက်တောရွာတွင် တီးမှုတ်ခဲ့သော တူရိယာပစ္စည်းများသည် သစ်၊ ဝါး၊ သားရေနှင့် ကြေးနီတို့ဖြင့် စီမံပြုလုပ်ထားသည်။ တူရိယာပစ္စည်းများကို ထုထောင်းခြင်း၊ တီးခတ်ခြင်း၊ မှုတ်ခြင်းနှင့် ပွတ်တိုက်ခြင်းအားဖြင့် တူရိယာတေးသံများ ပေါ်ထွက်လာရပေသည်။

'ထဲရကီ' တီးမှုတ်ဝိုင်းတွင် ကျွဲချို၊ မောင်း၊ အိုးစည်နှင့် ထဲရကီခေါ် ပုလွေတစ်မျိုးပါဝင်ရာ ကျွဲချိုမှာ နှစ်မျိုးရှိသည်။ အထက်သံပါသော ကျွဲချိုကို ကျွဲချိုအမ၊ အောက်သံပါသော ကျွဲချိုကို ကျွဲချိုအဖိုဟူ၍ သတ်မှတ်သည်။ ကျွဲချိုကို အရန်အနေဖြင့် တီးမှုတ်ခဲ့သည်။ ထိုနည်းတူစွာပင် မောင်းကိုလည်း နှစ်မျိုးအသုံးပြုသည်။ အထက်သံနှင့် အောက်သံဟူ၍ သံစဉ်နှစ်မျိုးဖြင့် စည်းချက်ဝါးချက် ထိန်းရသောအပိုင်းတွင် ပါဝင်တီးခတ်ရသည်။

'ထဲရကီ' ခေါ်သော ဝါးပုလွေများတွင် အဖိုနှင့်အမဟူ၍ နှစ်မျိုးရှိသည်။ ဝါးပုလွေအဖိုနှင့် အမသည် အသံရော ပုံသဏ္ဌာန်ပါခြားနားသည်။ ထဲရကီ၏အမသည် ဝါးဆစ်လေးခုကို ပူးထား၍ အသံလေးသံထွက်ရန် စီမံထားပြီး ထဲရကီအဖိုမှာမူ အခေါင်းပွင့်ပြီး အရှည် (၆) လက်မခန့်ရှိသော ဝါးလုံးငယ်ကို (၄) ပိုင်း (၃) ပိုင်း အစိတ်အပိုင်းလောက်တွင် အပ်ပေါက်တစ်ပေါက် ဖောက်ထားသည်။ ယင်းကိုတီးမှုတ်ရာတွင် လေယူလေသိမ်း ကျင်လည်မှသာလျှင် လိုအပ်သောအသံကို ထွက်လာစေသည်။ ထဲရကီပုလွေများကို အများအားဖြင့် 'ကျသောင်း' ဝါးဖြင့်ပြုလုပ်လေ့ရှိသည်။

ထဲရကီမှုတ်ရာတွင် အဖိုနှင့်အမ ပြိုင်တူမမှုတ်ရ။ အမကို ဦးစွာအသံတစ်သံမှုတ်၍ အဖိုသံဖြင့်သံဆင့်ရသည်။ ထဲရကီသည် တီးမှုတ်ဝိုင်းတွင် တေးသံကို ဦးဆောင်သော တူရိယာဖြစ်ပြီး ရံဖန်ရံခါ တီးခြင်းနှင့်အတူ ဓားသိုင်း လှံသိုင်း စသောအကများဖြင့် ဖြည့်စွက်လိုက်သေးသည်။

အကများသည် မျက်စိပဒေသာ မည်မျှပေးစွမ်းနိုင်သည် မစွမ်းနိုင်သည်ဟူသော အချက်များကိုမူ တွေ့မြင်ရသူတို့၏ မျက်စိတွင်၌သာ တည်ပါလိမ့်မည်။ အကများသည် မိမိကိုယ်ကို မည်ကဲ့သို့ကာကွယ်၍ ရန်သူကို မည်ကဲ့သို့ထိုးစစ်ဆင်မည်စသော ကကွက်များကို စည်းချက်ဝါးချက်ညီညီ သရုပ်ဖော်လှုပ်ရှားသော အကများဖြစ်သည်။

ထိုဖော်ပြပါ ထဲရကီတူရိယာတီးဝိုင်းနှင့် တချို့သော ရိုးရာအကများကိုလည်း ခယ်ဒိုခိုကျေးရွာအပါ အနီးတစ်ဝိုက်တွင် သုတေသနပြုရန်အချက်များ ထပ်မံရရှိပေဦးမည်မှာ မလွဲပေ။ ရှေးအခါက ကရင်ရိုးရာတီးမှုတ်ဝိုင်းများသည် ဖျော်ဖြေရေးအတွက်ထက် မိမိတို့အလုပ်အကိုင်များတွင် တစ်နည်းတစ်လမ်းအားဖြင့် အထောက်အကူပြုရန်အတွက် အသုံးပြုလေ့ရှိကြသည်။ ရှေးကာလက တောင်ပေါ်ကျေးလက်ရွာတိုင်းလိုလို တူရိယာတီးဝိုင်းများကို တွေ့မြင်နိုင်ခဲ့သော်လည်း တချို့ဒေသအချို့များတွင် အကြောင်းအမျိုးမျိုးကြောင့် ဆိတ်သုဉ်းလုမတတ် အခြေအနေရောက်ခဲ့ရကြောင်း လေ့လာမိရပါ၏။

**မောင်ကြော့ဝေ**

# ပြည်ထောင်စု

ဇွန်ဖြူ (ပညာရေး)

အေးချမ်းသာယာ ပြည့်မြန်မာမှာ
စည်ကားပေါင်းစု အကြောင်းပြုလို့
ကောင်းမှုဝေဖြိုး အလှတိုး
ဆွေမျိုးတစ်စု နေထိုင်ပြုခဲ့။

ရှမ်းတို့ဒေသ မောမြေလှနဲ့
ချင်းကားတစ်သွယ် တောတောင်ဝယ်
တောင်ယာခုတ်ရင်း လက်ဖက်ခူးမယ်။

ကချင် ကရင် ကယား ညီနောင်ဖွားတို့
တကွအတူ စိတ်ထားဖြူ
အေးတူပူမျှ နေထိုင်ကြ။

ရခိုင်ပြည်နှင့် မွန်ဌာနီ
ဘုရားစေတီ ပေါ်များသည့်
ရှိခိုးပူဇော် စိတ်ကရည်။

မြန်မာပြည့် တစ်နိုင်တစ်လျှား
မြစ်ကြီးလေးသွယ် စီးကာသွား
ဆန်ရေစပါး လျှံပေါ်များ။

စီးသာတဲ့ ရေ
ပုဂံမှာ သာသနာနဲ့
အညာမှာ ယာမြေပေါ်
အကြေမှာ လယ်တွေကောင်း
အပေါင်းသဟာ စုတည့်ထောင်တဲ့
တို့ပြည်ထောင် တစ်လွှားမှာဖြင့်
အစဉ်သာ စည်ပင်ဖြိုးဖို့
စုပေါင်းဆောင်ရွက်ကြပါစို့။



# ဝတ်စားဆင်ယင် လှကရင်

မောင်အောင်မွန်



လူတို့ အဝတ်ဝတ်ကြသည့်နေရာတွင် အပူအအေး ခံနိုင်စေရန်၊ ကိုယ်ခန္ဓာလုံစေရန်နှင့် လှပစေရန်အပြင် ဆင်ယင်ထုံးဖွဲ့မှု၏ နောက်ကွယ်တွင် ထိုလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ သက်ဝင်ယုံကြည်မှုနှင့် ရက်ကန်းပညာလည်း ပါဝင်နေသည်။

အခြားတိုင်းရင်းသားများကပါ နှစ်သက်ကြသည့် ကရင်တို့၏ ဆင်ယင်ထုံးဖွဲ့မှုအကြောင်းကို လေ့လာကြည့်ကြပါစို့။

မြေပြန့်တွင်နေထိုင်ကြသော ကရင်တိုင်းရင်းသား အမျိုးသားများသည် ပုဆိုးနှင့်ရှပ်အင်္ကျီ၊ အမျိုးသမီးများက ခေတ်ပေါ်ထဘီနှင့် အင်္ကျီလက်ရှည်၊ လက်တိုများသာ ဝတ်လေ့ရှိကြသောကြောင့် ကျန်တိုင်းရင်းသားများနှင့် များစွာမကွာလှပေ။

ပကူးကရင်တို့သည်လည်း နေ့စဉ်နေ့တိုင်းတွင် ထိုကဲ့သို့ပင် ဝတ်ဆင်ကြပါ၏။ သို့သော် ရိုးရာအနေဖြင့်မူ တစ်မျိုး ဆင်ယင်ကြသည်။ အမျိုးသားများက အစင်းအနည်းငယ်သာပါသော သင်တိုင်းအဖြူရောင်၊ ဘောင်းဘီအနက်၊ ခေါင်းပေါင်းနက်ပြာရောင်၊ လွယ်အိတ်လွယ်ပြီး အမျိုးသမီးများကား အနက်ရောင်သင်တိုင်းခါးပြတ်ကို ပန်းများဖော်ထားပြီး ထဘီအနက်ဝတ်သည်။ ပဝါများ ခေါင်းစည်း လေ့ရှိသည်။

ဘွဲ့ကရင်များကိုလည်း ကြည့်ပါ။

အမျိုးသားများက ''ဆီဒိုပလို'' သင်တိုင်းရှည်ကို ဘောင်းဘီနက်ဖြင့်တွဲ ခေါင်းလည်းပေါင်းပြီး အမျိုးသမီးများက ''ဆေးလား'' ခေါ် ခါးပြတ်သင်တိုင်းတို့ကို ဂျပ်ခုတ်ကရင်ထဘီ ကန့်လန့်စင်းနှင့်တွဲဝတ်၏။ ခေါင်းစည်းပဝါသာမက လည်ဆွဲ၊ လက်ကောက်၊ နားတောင်းတို့ပါ အားဖြည့်လိုက်သေးသည်။ နေ့စဉ်တွင်မူ ရိုးရိုးသာဝတ်ကြပြီး တစ်ခါတစ်ရံမှသာ ရိုးရာနှင့်အညီ ဆင်ယင်ကြသည်။

တောင်ပေါ်စကောကရင်များ၏ ကလေးငယ်များကား သင်တိုင်းအရှည် အဖြူရောင်များ ဝတ်ကြ၏။ ယောကျာ်းလေးများ၏ သင်တိုင်းများ၏အနားတွင် အစင်းကြောင်းများ ထိုးရက်ထားသည်။

စကောကရင်လုံမပျိုတို့၏ အလှအပကား စာဖွဲ့၍ကုန်အံ့မထင်။ အလှအပကို မြတ်နိုးတန်ဖိုးထားကြသူများဖြစ်သည့်အပြင် အရွယ်ကလည်း နုနယ်ပျိုမျစ်ဆဲဖြစ်သဖြင့် ဝတ်စားဆင်ယင်၍ အလွန်ကောင်းသည်။ သင်တိုင်းအရှည်အဖြူ၊ ပဝါကလည်းအဖြူ၊ ရွှေ၊ ငွေ၊ ကြေး၊ ဖန်တို့ဖြင့်ပြုလုပ်ထားသော နားတောင်း၊ နားကပ်၊ လက်ကောက်၊ ခြေချင်းတို့ကို ခေါင်းစည်းနှင့်အတူ အလျဉ်းသင့်သလိုတွဲဖက်အလှပြင်တတ်သည်။ လည်ဆွဲပုတီးနှင့် ပန်းစည်းကြိုးတို့ကမူ အရောင်အသွေး အင်မတန်စုံလှ၏။

သင်တိုင်းအနက်ရောင် ခါးပြတ်ထဘီတို့ဖြင့် ဝတ်ဆင်ထားသူများကား အိမ်ထောင်သည်များဟု အလွယ်တကူ သိနိုင်ကြသည်။

အမျိုးသားများကမူ အိမ်ထောင်သည်ဖြစ်စေ၊ လူပျို လူလွတ်ဖြစ်စေ သင်တိုင်းနှင့် ဘောင်းဘီကိုသာ ဝတ်ကြသဖြင့် ခွဲခြားမရနိုင်ပေ။

ယုံကြည်စွဲလမ်းမှုအရ ပုတီးအမျိုးမျိုးဆွဲကြရာဝယ် ကလေးများနှင့် မိန်းမသားများ ကျန်းမာပြီး သွေးသားကောင်းစေရန်အတွက် အနီရောင်ပုတီး၊ ခရီးသွားသောအခါ အန္တရာယ်ကင်းစေရန်အတွက် အနက်ရောင်ပုတီး၊ အဆိပ်အတောက်နှင့် စုန်းကဝေ၊ တစ္ဆေတို့ အန္တရာယ်ကင်းစေရန်အတွက် ကျားစွယ်၊ ဝက်စွယ် စသည့်ပုတီးများကို ဆောင်ကြလေ့ရှိသည်။

မြေပြန့်တွင် နေထိုင်ကြသော အရှေ့ပိုးကရင်များ၏ နေ့စဉ်ဝတ်စားဆင်ယင်မှုမှာ မြန်မာတို့အတိုင်းပင်ဖြစ်၏။ သို့သော် မြို့များနှင့်ဝေးကွာသော၊ အသွားအလာနည်းသော အစွန်အဖျားဒေသများရှိ ပိုးကရင်အမျိုးသမီးများသည် တောင်ပေါ်နေ စကောကရင်မလေးများလိုပင် ဝတ်လေ့ရှိကြသည်။

ဒေသအချို့တွင်တွေ့ရသော အရွယ်ရောက်မိန်းကလေးများမှုကား ပန်းပွင့်လေးများ ဖော်ထားသည့် သင်တိုင်း ခါးပြတ် ""နိသန်ဆယ်"" ခေါ် သုံးဆင့်ထဘီများ ဝတ်ကြသည့် အချက်လောက်သာ ကွဲပြား၏။ ကလေးများ အထူးသဖြင့် ယောကျ်ားလေးများ အဖြူရောင်သင်တိုင်းရှည် ဝတ်ကြရုံသာမက အောက်အနားမှာ အစင်းကြောင်းများ ပါသည်ကအစ ထပ်တူထပ်မျှဖြစ်နေသည်။

သို့သော် အရွယ်ရောက်ပြီး ပိုးကရင်များမှာမူ မတူကြတော့ချေ။

သူတို့၏ သင်တိုင်းများကား အနီရောင်အောင်ခံပေါ် အဖြူအပြာ မတ်တတ်စင်းများ ဖောက်ရန်လုပ်ထား၏။ တိုင်းရှည်များကို အမျိုးအစားအလိုက် ခေါင်းစွပ် သို့မဟုတ် ရင်ခွဲဟူ၍ရှိ၏။ ပုဆိုးနှင့် တွဲဝတ်မည်ဆိုပါက ခါးသိမ်းချုပ်ပြီး ကော်လာပန်းပွားများပါ တပ်ကြသည်။ ရှေးကမူ ဘောင်းဘီအနက်နှင့် တွဲဖက်ဝတ်ဆင်ကြသည်။

လဲကယ်ဘာသာရေးခေါင်းဆောင်များကို ဝတ်ဆင်ပုံ ကြည့်ရုံနှင့်သိသာ၏။ ယင်း ပိုးကရင်အမျိုးသားများသည် အဖြူခံဝယ် အစိမ်းနှင့်အနီစင်းများ ထိုးထားသော သင်တိုင်းရင်ကွဲရှည်ကို တောင်ရှည်ပုဆိုးနှင့် ဆင်မြန်းတတ်သည်။

လဲကယ်ဘာသာရေးခေါင်းဆောင်များ တလကူ ဘာသာဝင် စကောနှင့် ပိုးကရင်တို့သည် ဆံရှည်သျှောင်ထားလေ့ရှိကြပြီး ကျန်လူများမှာ ဗိုလ်ကေသာထားတတ်ကြ၏။

ဘားအံ၊ ကော့ကရိတ်တို့ဘက်မှ ဗုဒ္ဓဘာသာဝင် အရှေ့ပိုးကရင် အမျိုးသမီးတို့၏ နေ့စဉ်ဝတ်ဆင်မှုကား ကျန်မြန်မာအမျိုးသားတို့နှင့် အတူတူပင်။ သို့သော် ပွဲလမ်းများတွင်မူ ဆင်ယင်မှုပြောင်းလာ၏။ အသက်အရွယ် အမျိုးမျိုးအလိုက် အဆင်စုံလင်သော ထဘီတွေ၊ သင်တိုင်းတွေရှိ၏။ အရောင်ချင်းကွဲပြား ကန့်လန့်စင်းအဆင်ချင်း မတူကြခြင်းမှာ အကြောင်းမဲ့မဟုတ်ပါ။ လေးနက်သော အကြောင်းနောက်ခံများရှိသည်။

ရိုးရာထဘီ၊ လူငယ်ဝတ်ထဘီ၊ အပျိုဖော်ဝင်စ ဝတ်ထဘီနှင့် အပျိုဝတ်ထဘီဟု လေးမျိုးခွဲထားသည်။

""ထုလုနီ"" ဟုခေါ်သော ဘိုးဘွားအစဉ်အဆက်က အမွေဆက်ခံခဲ့သော ရိုးရာထဘီကား ရက်လုပ်ရာတွင် မလွယ်ကူလှပေ။ ဆေးဆိုးချိန်မှအစ ဂျပ်ခုတ်ရက်လုပ်ပြီးစီးချိန်အထိ ရပ်ရွာတွင် သေဆုံးသူရှိလျှင်ဖြစ်စေ၊ ရက်လုပ်သူ အမျိုးသမီး ဓမ္မတာလာလျှင်ဖြစ်စေ ထဘီအထမမြောက်ချေ။

ရက်လုပ်ရသည်မှာ ခက်ခဲသလောက် မြတ်နိုးတန်ဖိုးထားရာဝယ် ထိပ်ဆုံးကဖြစ်၏။ သားစဉ်မြေးဆက်

""အမျိုးသားများကမူ
အိမ်ထောင်သည်ဖြစ်စေ၊
လူပျို လူလွတ်ဖြစ်စေ
သင်တိုင်းနှင့် ဘောင်းဘီကိုသာ
ဝတ်ကြသဖြင့်
ခွဲခြားမရနိုင်ပေ။""

လက်ဆင့်ကမ်းအသုံးပြုကြသော ထိုရိုးရာထဘီကို အပို ဖော်ဝင်အခမ်းအနား၊ မင်္ဂလာဆောင် စသည့် အခမ်းအနားများတွင်မှ ဝတ်ဆင်ကြရသည်။

ရိုးရာထဘီတွင် အစွမ်းသတ္တိများရှိသည်ဟု အယူရှိကြသော ပိုးကရင်များသည် ရပ်ရွာတွင် ကာလရောဂါ၊ ကပ်ရောဂါများဖြစ်သည့်အခါ နတ်၊ ဘီလူး၊ တစ္ဆေ၊ သရဲ၊ ဖုတ် စသည်များ အိမ်တွင်းမဝင်နိုင်စေရန် အိမ်ဝတွင် ရိုးရာထဘီကို လှမ်းထားလေ့ရှိသည်။

လတ်တလောရက်လုပ်သည်ထက် မိခင်၊ အဘွားတို့၏ ရိုးရာထဘီက ပိုမိုတန်ဖိုးရှိသဖြင့် မိခင်ကွယ်လွန်ပါက ရိုးရာထဘီ အမွေခံရရေးအတွက် ညီအစ်မများ အစွမ်းကုန်ကြိုးစားကြသည်။

စစ်ထွက်သည့်အခါ၊ ခရီးရှည်သွားသည့်အခါတို့ဝယ် မိခင်၏ ရိုးရာထဘီကို ဆောင်ကြခြင်းတွင်လည်း မိခင်၏ အရေးပါပုံကို ပေါ်လွင်စေ၏။ မိခင်မရှိတော့သည့်တိုင် မိခင်ဝတ်သွားသော ရိုးရာထဘီက ဘေးအန္တရာယ်ဟူသမျှကို ဖယ်ရှားပေးနိုင်စွမ်းရှိသည်ဟု ကရင်အမျိုးသားတို့က ယုံကြည်ကြ၏။ ဤနေရာတွင် ကျန်ညီအစ်ကို တိုင်းရင်းသားများနှင့် ထပ်တူညီနေသည်ကို တွေ့မြင်ရသည်။

"နီဝါထု" ခေါ် လူငယ်ဝတ်ထဘီကား ကြက်သွေးရောင် နီရဲရဲပြောင်ထဘီဖြစ်သည်။

အပျိုဖော်ဝင်စအရွယ်ဝတ် ထဘီကိုကား ပျိုမေတို့ အထူးနှစ်သက်ကြ၏။ အဆင့်သုံးဆင့်ပါသည်။ လေးလက်မခွဲလောက်ရှိသော အနားလေးရစ်၊ စွန်လက်သည်းပုံများ ဖော်ထားသည်။ အညစ်အပေခံနိုင်သော အနက်ရောင်၊ အနီရောင်၊ သစ်ခေါက်ရောင်အပြင် အလှဘက်နွယ်သည့် အဝါရောင်နှင့် တစ်ခါတစ်ရံ ဇင်းမယ်ဆင်များပါ ရက်လုပ်ထားတတ်ကြသည်။

အပျိုဝတ်ထဘီကား အနီရောင်နှင့် အောက်ချင်းငှက်နှုတ်သီးဖော်ထားသည့် အပေါ်ဆင့်နှင့် အဝါရောင်၊ အနီရောင် လွှသွားပုံသဏ္ဍာန်ဖော်ထားသည့် အောက်ဆင့်တို့ပါ၏။

အကျီမှာမူ အသက်အရွယ်ကြီးရင့်သူများ ဝတ်လေ့ရှိသော အဖြူရောင်၊ အညိုရောင်၊ ညောင်ရွက်ပုံလည်ပင်းပေါက်နှင့် သင်တိုင်းခါးပြတ်အောက်အနား လည်ပင်းပေါက် လက်ပေါက်များတွင် ပန်းပွင့်လွှသွားချိတ်အဆင်

"လတ်တလောရက်လုပ်သည်ထက်
မိခင်၊ အဘွားတို့၏
ရိုးရာထဘီက ပိုမိုတန်ဖိုးရှိသဖြင့်
မိခင်ကွယ်လွန်ပါက
ရိုးရာထဘီ အမွေခံရရေးအတွက်
ညီအစ်မများ
အစွမ်းကုန်ကြိုးစားကြသည်။"

များ ဖော်ခြယ်သထားသော ဖလုံအင်္ကျီ ခေါ် ဂျပ်ခုတ်အပိုဝတ်သင်တိုင်းနှင့် စက်ရက်ထည်ပေါ်ဝယ် ပန်းပွင့်များဖော်ထားသော စက်ချုပ်သင်တိုင်းဟူ၍ သုံးမျိုးရှိသည်။

အဝေးကနေ အပြင်ပန်းကြည့်ရုံနှင့်ပင် ကရင်တို့၏ အဝတ်အစားကား လိုက်ဝတ်ချင်စရာကောင်းလှ၏။

ဝတ်စားဆင်ယင်မှု၏ နောက်ကွယ်ဝယ် လေးနက်သည့် အဓိပ္ပာယ်ဆောင်သဖြင့် အနီးကပ်ကြည့်ပါလျှင် ကရင်တို့၏ ဝတ်စားဆင်ယင်မှုအလှသည် ပိုမိုပေါ်လွင်လာပေမည်။

## ရဲရင့်ခြင်း၊ ခံ့ညားခြင်းနှင့် ယောက်ျားကောင်း

မြောက်ဘက်၌ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး။ ထိုသို့ နယ်နိမိတ်ဆက်စပ်နေသော ကရင်ပြည်နယ်သည် မြန်မာတစ်နိုင်ငံလုံး အကျယ်အဝန်း၏ ငါးရာခိုင်နှုန်းခန့်ဖြစ်သော ၁၁၇၃၁ စတုရန်းမိုင်တွင် လူဦးရေ ကိုးသိန်းခန့် နေထိုင်ကြသည်။

ကရင်များသာမက ရှမ်း၊ ပအိုဝ်း၊ မွန်၊ ဗမာ စသည်တို့လည်း နေထိုင်ကြသည်။ ကရင်များထဲတွင်ပင် စကော၊ ပိုး၊ ဘွဲ့၊ ပကူး၊ ကယိမ်းရယ်လို့ ခွဲထားပြန်သည်။ ကရင်အမျိုးသားတို့သည် ကရင်ပြည်နယ်မှာသာမက ပြည်ထောင်စုအနှံ့တွင်လည်း နေထိုင်ကြသည်။

## ယနေ့ ကရင်ပြည်နယ်ကိုကြည့်ပါ

ကရင်အမျိုးသားတို့ ဘိုးဘွားစဉ်ဆက်ကတည်းက လုပ်ကိုင်လာခဲ့ကြသော လယ်ယာကိုင်းကျွန်း၊ ဥယျာဉ် ခြံမြေလုပ်ငန်းမှာ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး ယခု အခါ ခေတ်မီတိုးတက်နေပြီ။

ကရင်ပြည်နယ်အကျယ်အဝန်း၏ ထက်ဝက်ဖြစ်သော အမြဲစိမ်းသစ်တောမှ ကျွန်း၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ ကညင်၊ အင်၊ သစ်ရာနှင့် ပိတောက် စသောသစ်များနှင့် ကြိမ်၊ ဝါး၊ ဖာလာစေ့၊ ပျားရည်၊ အင်တွဲ၊ သစ်ခွပန်း နှင့် ထင်း၊ မီးသွေးတို့ ထွက်လျက်ရှိသည်။

သံ၊ ခဲ၊ ကြေးနီ၊ သံဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်း ကဲ့သို့သော သဘာဝသယံဇာတပစ္စည်းများလည်း ထွက် လျက်ရှိသည်။ ပိုမိုထွက်ရှိစေရန် ရှာဖွေနေဆဲ။

လမ်းပန်းဆက်သွယ်ရေး ယခုထက်တိုးတက်လာပါ က ဖွံ့ဖြိုးမှုအရှိန် ပိုမိုတိုးတက်လာမည်မှာ အမှန်ဖြစ်သည်။

တစ်ဖက်မှ စီးပွားရေးအရ၊ ကျန်းမာရေးအရ၊ ပညာ ရေးအရ တိုးတက်ဖွံ့ဖြိုးစေသလို တစ်ဖက်ကလည်း ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းလေးစားကြ ရသည်။ တန်ဖိုးထားကြရသည်။ အတတ်နိုင်ဆုံး လိုက်နာ ကျင့်သုံးကြရသည်။ အကြောင်းတစ်ခုခုကြောင့် လိုက်နာ ခြင်းမပြုနိုင်သည့်တိုင် ထိုရိုးရာဓလေ့ထုံးစံအကြောင်း လောက်ကိုတော့ သိထားသင့်ကြသည်မဟုတ်ပါလား။

ကရင်အမျိုးသားတို့၏ ဓလေ့များစွာတို့အနက် ထိုးကွင်းထိုးကြခြင်းအကြောင်းကို လေ့လာကြပါစို့။

> “အသားပေါ်တွင် တစ်သက်လုံး ပြန်ဖျက်မရအောင် ဆေးထိုးစုတ်တံဖြင့် ထိုးရခြင်းကို ကမ္ဘာပေါ်ရှိ လူမျိုးအတော်များများ အထူးသဖြင့် ရေးဆန်ကြသူများ ထိုးလေ့ရှိကြသည်။”

မည်သည့် ရိုးရာယဉ်ကျေးမှုကိုမဆို လေ့လာကြည့် ပါ။ ဖြစ်ပေါ်လာရသည့် အကြောင်းရင်း ရှိစမြဲပင်။ ထိုးကွင်းထိုးကြရာတွင်လည်း အလွန်ကောင်းမွန်သော ရည်ရွယ်ချက်ရှိ၏။ ကရင်အမျိုးသားများသာ ထိုးကွင်း ထိုးကြသလော။ မဟုတ်ပါ။

အသားပေါ်တွင် တစ်သက်လုံး ပြန်ဖျက်မရအောင် ဆေးထိုးစုတ်တံဖြင့် ထိုးရခြင်းကို ကမ္ဘာပေါ်ရှိ လူမျိုး အတော်များများ အထူးသဖြင့် ရေးဆန်ကြသူများ ထိုးလေ့ ရှိကြသည်။ ဗမာ၊ မွန်၊ ရှမ်းတို့လည်း ထိုးကြသည်။ တစ်ချိန်က ဂျပန်ပြည်တွင် ထိုးကွင်းထိုးသောအလေ့အထ အလွန်ခေတ်စားခဲ့၏။

ကိုယ်ပေါ်တွင် ကြောင်ရုပ်ကို မင်ဖြင့်ရေးထိုးသော ကြောင့် မင်ကြောင်ဟုခေါ်ရာမှ အခြားအရုပ်များပါ ထိုးလာကြသည်ကိုလည်း ကြားဖူးကြပါလိမ့်မည်။ ပေါင် မှာ ကြောင်ရုပ်၊ ငှက်ရုပ်၊ လက်ဖျံ၊ ပခုံးနှင့် လည်ကုပ် တွင် လူရုပ်၊ အိမ်မြှောင်ရုပ်တို့လည်း ရေးထိုးလေ့ရှိကြ သည်။

တချို့ကမူ အနက်ရောင်သာမက ဆေးနီဖြင့်ပါ တစ်ကိုယ်လုံးအနှံ့ ရေးထိုးလေ့ရှိ၏။ ဂါထာများ၊ အင်းများ လည်း ရေးကြသူတွေ ရေးကြသည်။ အချို့ကလည်း သိဒ္ဓိမြောက်စေရန် ထိုးကြသည်။ ယင်းကိစ္စရပ်များနှင့် ကရင်အမျိုးသားတို့ ထိုးကွင်းထိုးကြခြင်းကား အလျဉ်း ပတ်သက်ခြင်းမရှိပေ။

ထိုးကွင်းထိုးကြရာဝယ် အကြမ်းအားဖြင့် ရည်ရွယ် ချက်သုံးမျိုးရှိ၏။

၁။ ရန်သူများ ကြောက်လန့်သွားစေရန်

၂။ လှပစေရန်နှင့်

၃။ ဘာသာရေးအရ လိုအပ်သောကြောင့်ဖြစ်သည်။

ကရင်အမျိုးသားတို့ ထိုးကွင်းထိုးကြခြင်းသည် လှပ စေရန်နှင့် ယောကျ်ားပီသစေရန်ဖြစ်၏။ တစ်နည်းဆိုရ သော် လူပျိုဖော်ဝင်လာသော ယောကျ်ားပျိုလေးများအား သက်ဆိုင်ရာမိဘများက ယောကျ်ားပီသရဲရင့်စေရန် တာဝန် ဝတ္တရားအရ ထိုးကွင်းထိုးပေးခြင်းဖြစ်သည်။

မိန်းကလေးဆို ရက်ကန်းရက်တတ်မှ မိန်းကလေး ပီသသည်။ ယောကျ်ားလေးဆိုလည်း ထိုးကွင်းပါမှ

တင့်တယ်သည်ဟု ကရင်အမျိုးသားတို့ ယူဆကြသည်။ ထိုးကွင်းပါသော လုလင်ပျိုများသည် ထိုးကွင်းထိုးရမည်ကို လိုလိုချင်ချင် ရှိကြသူများဖြစ်ကြ၏။

အဘယ်မလိုချင်ရှိမည်နည်း။ ထိုးကွင်းပါသူကိုမှ ရွေးပြီး အများတကာက အထင်ကြီးကြ၏။ လေးစားကြ၏။ အရေးပေးကြ၏။ ကုန်ကုန်ဆိုရသော် ထိုးကွင်းပါသော မောင်ကြီးများကိုသာ ကရင်လုံမငယ်တို့က မေတ္တာမျှလိုကြသည်။ လုပျိုဖြူများရေ့ဝယ် ဟန်ရေးပြနိုင်စေရန် ကရင်လူငယ်တို့ အနာခံဆေးထိုးကြသည်မှာ ဆန်းအံ့မထင်။

ရိုးရာဓလေ့ထုံးစံများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်နွယ်နေသည်။ ထိုးကွင်းထိုးခြင်းသည်လည်း ရိုးရာအားကစားတစ်ခုဖြစ်သော လက်ဝှေ့ထိုးခြင်းနှင့် ဆက်စပ်နေသည်။

ရိုးရာလက်ဝှေ့ကား ယခုအခါ ပြန်လည်ရှင်သန်ခေတ်စားလာပြီဖြစ်သဖြင့် စိတ်ဝင်စားသူများ များပြားလှ၏။ ကရင်ပြည်နယ်သည် လက်ဝှေ့ကျော်တို့ မွေးထုတ်ပေးရာ ဘူမိနက်သန်မြေဖြစ်သည်ကိုလည်း အများအသိပင်။

ရိုးရာလက်ဝှေ့ထိုးခြင်းကား အနောက်တိုင်းလက်ဝှေ့ထိုးနည်းလို ဦးခေါင်းကိုသာ ထိုးရခြင်းမျိုးမဟုတ်။ အင်္ကျီမပါ ခါးတောင်းမြှောင်အောင်ကျိုက်ပြီး ထိုးရသည်။ ခြေထောက်ဖြင့် လှမ်းခတ်ရသည်။ လေထဲ ခုန်ပျံပေါက်ရသည်။ ထို့ကြောင့် လက်ဝှေ့သမား၏ ကျွမ်းကျင်မှုစွမ်းရည်သာမက ကိုယ်နေကိုယ်ဟန် အသွင်အပြင်ကလည်း အရေးကြီးသည်သာပင်။

ဗိန်းမောင်းတီးသံနှင့်အပြိုင် ထိုးသတ်နေကြသော လက်ဝှေ့ကျော်များကို ကြည့်ကြည့်၊ လေးခင်းသံနှင့်အညီ ကိုယ်ကာယအချိုးအဆစ် ပြေပြစ်မှုနှင့် ဟန်ရေးပြနေကြသော လက်ဝှေ့သမားများကိုကြည့်ကြည့် ထိုးကွင်းပါရသည်။ ပရိသတ်ကလည်း ထိုးကွင်း ပါ,မပါကို အလေးထားကြသည်။

မြန်မာ့ရိုးရာ ခြင်းခတ်ကစားခြင်းတွင်လည်း ကျွမ်းကျင်မှုစွမ်းရည်နှင့်အတူ ထိုးကွင်းပါရ၏။

ကရင်အမျိုးသားတို့၏အောင်ပွဲတွင် ကရင်လူပျိုကာလသားများသည် အင်္ကျီကိုချွတ်၊ ခါးတောင်းကိုမြှောင်အောင်ကျိုက်ပြီး မိမိတို့၏ ကျန်းမာထွားကျိုင်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ဂုဏ်ယူစွာ အပြိုင်ပြသကြသည်။ ကာလသားတို့၏ ကာယဗလပြပွဲသို့ ကရင်လုံမတို့ အမြောက်အမြား လာရောက်ကြည့်ရှုကြသည်။

သန့်ရှင်းသော အသားအရေဖြစ်ဖို့ကလည်း အရေးကြီး၏။

မကျန်းမာသူများ အောင်ပွဲနားမကပ်ရ။ ကိုယ်အရေပြားရောဂါရှိသူဆိုက အနားသီရန်ပင် စိတ်မကူးပါနှင့်။ ယောကျ်ားမပီသသူတွေ တစ်နည်းဆိုရသော် ထိုးကွင်းမပါသူတွေကို လက်မခံ။

အတန်းအစားမရွေး အရပ်လေးမျက်နှာမှ လာရောက်စုဝေးကြသည့် လူငယ်တို့၏ပွဲ၊ လူငယ်မောင်မယ်တို့ တွေ့ဆုံကြ၊ မိတ်ဖွဲ့ကြ၊ ခင်မင်ကြ၊ ရင်းနှီးကြရာမှ ရာသက်ပန် ဘဝကြင်ဖော်များအထိသို့ပင် တက်လှမ်းနိုင်သောပွဲမို့ ကရင်လူငယ်တို့ ထိုးကွင်းများဖြင့် အပြိုင်အဆိုင်ဖြစ်နေကြမည်ကို ခန့်မှန်းသာကြည့်ပါတော့။ အဘယ်သို့ ထိုးကွင်းထိုးကြသနည်း။

ထိုရှေးအလေ့အထအတွက် မပါမဖြစ် လိုအပ်သည်ကား မင်နက်တည်း။ အရေးကြီးပစ္စည်းကိုရရန် ဦးစွာ နှမ်းဆီမီးခွက်အပေါ်တွင် သပိတ်အုပ်ပြီး မှိုင်းခံယူရသည်။ ထိုသို့ရလာသောမှိုင်းကို သတ်မှတ်ထားသည့်အချိန်အဆနှင့်အညီ စပါးကြီးမြွေ၏ သည်းခြေနှင့် ရောစပ်၊ ရေအနည်းငယ်ထည့်ပြီး အတောင့်ကလေးများ ပြုလုပ်ရသည်။

> "ကိုယ်ကာယအချိုးအဆစ်
> ပြေပြစ်မှုနှင့်
> ဟန်ရေးပြနေကြသော
> လက်ဝှေ့သမားများကိုကြည့်ကြည့်
> ထိုးကွင်းပါရသည်။
> ပရိသတ်ကလည်း
> ထိုးကွင်း ပါ,မပါကို
> အလေးထားကြသည်။"

ထိုအတောင့်လေးများကို ဝါးကျည်တောက်တွင် ထည့်၊ လေမဝင်နိုင်အောင် အလုံပိတ်ရသည်။ အလင်းရောင်လည်း လုံရသည်။ အိမ်နောက်ဖေး ဗွက်ထူရာမှာ ၁၅ ရက်ခန့် မြှုပ်ထားရသည်။ မင်သေအောင်လုပ်ခြင်းဖြစ်သည်။ အကယ်၍ မင်မသေသေးဘဲ ထိုးမိပါက ပေါင်ပျက်တတ်၏။

မင်သေလောက်တော့မှ ဝါးကျည်ကို ဗွက်ထဲမှ ပြန်တူးရသည်။ မင်တောင့်ကလေးများကို ရေဖြင့်ဖျော်ပြီး ထိုးရသည်။ အသုံးပြုသောဆူးကား အခွရှစ်ခွ သို့မဟုတ် တစ်ဆယ့်နှစ်ခွပါသည့် ကြေးဆူးဖြစ်သည်။ ထိုးကွင်းထိုးရာတွင် သွေးထွက်မလွန်စေရန် အထူးသတိထားရသည်။

အပူပြင်းသော တပေါင်း၊ တန်ခူးလများကို ရှောင်ရ၏။ မိုးတွင်းမှာသာ အထိုးများ၏။ မိုးအခါမှာလည်း တစ်နေ့ကုန် ကြိုက်ရာအချိန်တွင် ထိုး၍မဖြစ်။ နံနက်စောစော ၄ နာရီအချိန်တွင်စထိုးပြီး ၉ နာရီလောက်ဆိုလျှင် ထိုးကွင်းထိုးခြင်းကို ရပ်ရသည်။

ဆေးမထိုးမီ ဘိန်းတစ်ပဲသားခန့် မျိုထားမှသာ အထိုးခံနိုင်သည်။ သို့တိုင်အောင် ဆေးထိုးပြီးနှစ်ရက်လောက် အိပ်ရာထဲမှမထဘဲ နေနေလေ့ရှိသည်။ ဆေးထိုးပြီးမှစ၍ တစ်နေ့ သုံးကြိမ်၊ လေးကြိမ်လောက် ရေစိမ်ပေးရသည်။ အနာအကျက်မြန်စေရန် သတိပြုနေထိုင်ရသည်။

အနာမရင်းစေရန် အစားအသောက်ရှောင်ရသည်။ အနာဖေးလေးများကွာ၍ ယားပါကလည်း မကုတ်မဖဲ့ဘဲ စိတ်ကိုထိန်းထားရသည်။

ပေါင်တစ်ဖက်တွင် လေးထောင့်ကွက် နှစ်ဆယ့်လေးကွက် အချို့ကလည်း စက်ဝန်းပုံသဏ္ဌာန် ထိုးလေ့ရှိ၏။ လေးထောင့်ကွက်တွင် ခြင်္သေ့ရုပ်ထိုးပြီး စက်ဝန်းမှာ ဖော်ရုပ်ထိုးလေ့ရှိကြသည်။ တစ်ကွက်နှင့်တစ်ကွက်ကြားတွင် ရေမှုတ်၊ ယိုးဒယားပန်းလိမ်နှင့် လွှသွားပုံ၊ ကြောင်လိမ်ပန်း၊ အိမ်မြှောင်တို့လည်းထိုးကြသည်။ ကြိုက်နှစ်သက်သလို သရုပ်ဖော်လေ့ရှိ၏။

စက်မှုထွန်းကားလာသောအခါ ခက်ခဲစွာထိုးနေရန် မလိုတော့ဘဲ ဆေးထိုးစက်ကလေးများ သုံးလာနိုင်သဖြင့် ငွေကုန်သက်သာ မြန်ဆန်လွယ်ကူလာပြီ။ သို့သော် ရှေးက မွန်၊ မြန်မာ၊ ရှမ်းဆရာကြီးများ နောက်တော့ ကရင်ဆရာကြီးများကိုယ်တိုင် ထိုးပေးသော ကရင်အမျိုးသားတို့၏ ရိုးရာထိုးကွင်းနှင့် သဘောသဘာဝချင်း အနှစ်သာရချင်းပါ ကွာခြားလှပါဘိ။

ခါးအထက်ပိုင်းတွင် ထိုးရသောမင်ကြောင်ကို အခုခေတ်ကရင်လူငယ်တို့ မထိုးကြသလောက် နည်းသွားပါပြီ။ ဒူးဆစ်မှခါးအထိကိုမူ ထိုးကွင်းနှင့်အလှဆင်ကြဆဲ၊ လုံမပျိုလေးများကလည်း အားပေးမြတ်နိုးကြဆဲပင်။ ထိုးကွင်းထိုးအလေ့အထ ရှိနေဆဲဖြစ်သည်။ ရှေးအခါလောက်မများတော့ဘဲ နည်းသွားသည်ကမူ အမှန်ဖြစ်သည်။

အချိန်တွေညောင်း ခေတ်တွေပြောင်းလာပြီဖြစ်သဖြင့် လူငယ်တစ်ယောက် ယောကျ်ားပီသရေး၊ ရဲရင့်ရေးအတွက် ကြိုက်ရာရွေးနိုင်ရန် နည်းလမ်းများစွာ ရှိလာပြီမဟုတ်ပါလား။ သို့သော် ထိုးကွင်းထိုးခြင်းဖြစ်ပေါ်စေရာ ရည်ရွယ်ချက်ကမူ ဘယ်သောအခါမျှ ပျောက်အံ့မထင်။

လူတို့သည် မိမိ၏ပတ်ဝန်းကျင်ရှိ သစ်ပင်များ၊ တောတောင်များ၊ မြစ်ချောင်း၊ အင်းအိုင်များ၊ သားရဲတိရစ္ဆာန်များကို လေ့လာစူးစမ်းရာမှ တစ်စတစ်စ ယဉ်ကျေးလာသည်ဟုဆိုကြသည်။ မြင်တွေ့ လက်လှမ်းမီသည်များကို စမ်းသပ်ကြည့်ကြ၏။

သစ်ပင်ကြီးများကို စူးစမ်းမိပြီးနောက် သစ်သားကို သုံးတတ်လာကြ၏။ ဂူအတွင်းနေထိုင်ရာမှ သစ်သားအိမ်ဖြင့် နေတတ်လာကြသည်။ သစ်သားဖြင့် လူသုံးကုန်များ ပြုလုပ်ရမှန်းသိလာကြသည်။ လှည်း၊ လှေကဲ့သို့သော သယ်ယူပို့ဆောင်ရေးယာဉ်များအထိ လုပ်တတ်လာကြသည်။

သစ်ပင်ငယ်များကို မပြတ်စောင့်ကြည့်ရင်း မျိုးဆက်ပုံကိုမြင်ကြသည်။ ထိုမှ စားကောင်းသည့် အပင်များကို စိုက်ပျိုးတတ်လာတော့သည်။

မြစ်၊ ချောင်း၊ အင်းအိုင်တို့အတွင်းသို့ ဆင်းကြည့်ရာမှ ငါး၊ ပုစွန်ကဲ့သို့သော စားစရာရေသတ္တဝါ ရှာတတ်လာသည်။ ယနေ့ဆိုလျှင် ပင်လယ်သမုဒ္ဒရာအောက်အထိ စားစရာ ရှာနေနိုင်ကြပြီမဟုတ်ပါလား။ တိုးတက်မှုကား မရပ်ဘဲ ဆက်လက်သွားနေမည်သာတည်း။

မောင်အောင်မွန်



# ဂျာလင်းစေး

ဉာဏ်ကောင်းဆက်

ဂျာလင်းစေးဆိုသည်မှာ 'ဝ' တိုင်းရင်းသားတို့၏ အက ဖြစ်သည်။ တစ်နည်းအားဖြင့် 'ဝ' တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်ခြင်းအကဟု ဆိုနိုင်သည်။ 'ဝ' လူမျိုးတို့ စည်းလုံးညီညွတ်စွာ အမဲလိုက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခြင်းကို ဖော်ကျူးထားသော အကဖြစ်သည်။ တောဘုရင် ကျားသတ္တဝါကို ရရှိသည့်အခါ ဂုဏ်ပြုခြင်းဖြင့်လည်းကောင်း၊ ရန်သူများကို တိုက်ခိုက်ချေမှုန်းအောင်မြင်သည့်အခါတွင် အောင်ပွဲခံဂုဏ်ပြုခြင်းဖြင့် စည်းလုံးမှုကိုအခြေခံကာ တိုင်းရင်းသားအားလုံး စုံစုံညီညီ ချစ်ကြည်ရင်သန်မှုနှင့် တူညီသောစိတ်ထားများဖြင့် ညီညွတ်မှုကိုပြကြဖို့ အချိန်တန်ပြီဟု အဓိပ္ပာယ်ရသော အကဖြစ်သည်။ တိုင်းရင်းသားလူမျိုးစုများ၏ အကများသည် ကြည့်ရှုသူများကို ဖမ်းစားနိုင်ပြီး စိတ်ဝင်စားဖွယ်ရသအမျိုးမျိုးကိုလည်း ပေးစွမ်းနိုင်ကြသည်။

တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့်ပတ်သက်၍ စာတမ်းဖတ်ပွဲများ၊ စာပေယဉ်ကျေးမှုပြပွဲများကို တိုင်းရင်းသားလူမျိုးနွယ်စုများ တည်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖော်ထုတ်စုဆောင်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို မတ် ၂၁ မှ ၂၅ ရက်အထိ ကျင်းပခဲ့ရာ အဆိုပါပွဲတော်တွင် 'ဝ' တိုင်းရင်းသားတို့၏ အဆိုပါအကကို ကြည့်ရှုခဲ့ရသည်။

အဆိုပါ တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အစွန့်ရှည်တည်တံ့စေရန်၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို အားပေးမြှင့်တင်ရန်၊ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်မှုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းလာစေရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီ

ဖယ်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေးအတွက် အထောက်အကူဖြစ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ခင်းကျင်းပြသခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲတော်တွင် တိုင်းရင်းသားမျိုးနွယ်စုများဖြစ်သော ရှမ်းကြီး၊ ဝ၊ ဂုံရှမ်း၊ ပအိုဝ်း၊ အင်းသား၊ ခနေ၊ တောင်ရိုး၊ လီဆူ၊ လွယ်၊ တိုင်းခမ်းတီရှမ်း၊ အာခါ၊ အဲန်၊ လားဟူ၊ ယင်းနက်၊ တိုင်းနေ၊ လွယ်၊ ကယန်း၊ ထနော့၊ မောရှမ်း၊ ကိုးကန့်၊ ကချင်၊ မြောင်ဇီး၊ ယွန်း၊ တအောင်း (ပလောင်)၊ တိုင်းဆာ(ခ)မိုင်းတာ၊ တိုင်းလိုင်၊ တရဲ လူမျိုးစုများ၏ပြခန်းများ ခင်းကျင်းပြသခြင်း၊ ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ တိုင်းရင်းသားစာပေစာတမ်းများ ဖတ်ကြားခြင်းတို့ပါဝင်သည်။

ပြခန်းများအနေဖြင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ စာပေများနှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ၊ အထိမ်းအမှတ်ပစ္စည်းများ၊ အသုံးအဆောင်များ၊ ရိုးရာပစ္စည်းများ၊ အဝတ်အစားများကို ခင်းကျင်းပြသထားပြီး အချို့ပစ္စည်းများမှာ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေပြီး ဖော်ထုတ်ထိန်းသိမ်းရန် လိုအပ်လျက်ရှိသည်။

ပွဲတော်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့မှ လာရောက်ပြသသော ဂုံရှမ်းရိုးရာအဝတ်အစားဖြစ်သည့် ကျိုးတုံနန်းတွင်း တော်ဝင်ရိုးရာဖြစ်သော ဆင့်မိုင်ခမ်း (ရွှေချည်ထိုးလုံချည်) သည် တန်ဖိုးအလွန်ကြီးပြီး ရိုးရာလက်မှုပညာများစွာ ပါဝင်သောလုံချည်ဖြစ်သည်။ ရွှေချည်၊ ပိုးချည်အစစ်နှင့် ရက်လုပ်ထားပြီး ဒူးနားကို ၄င်းတို့ဘာသာစကားဖြင့် မိုးခေါမ် မိုးငိုင် မြန်မာလို ကြာမောက်ကြာလှန်ကနုတ်ပန်းကို ကျိုင်းတုံရွှေချည်ထိုးနည်းအတိုင်း ခရုပတ်ရထားသွားနည်းအတိုင်း ထိုးထားခြင်းဖြစ်သည်။ လုံချည်အောက်ခြေကို ဂျပန်ပိုးအစစ်ပေါ်တွင် ကြေးဘော်ကြယ်များနှင့်သီထားသည်။ လုံချည်ကို ရှေးကကျိုင်းတုံနန်းတွင်းမှ မိဖုရားများ၊ တော်ဝင်အနွယ်တော်များနှင့် ပတ်သက်သည့် မျိုးမတ်များသာ ဝတ်ဆင်ခွင့်ရကြသည်။ စော်ဘွားခေတ် ပျက်သုဉ်းပြီးနောက်ပိုင်း ဂုံရှမ်းရိုးရာလုံချည်အဖြစ် ဆက်လက်ထိန်းသိမ်း ဝတ်ဆင်ခွင့်ပေးထားကြောင်းသိရသည်။ လုံချည်တစ်ကွင်းကို မြန်မာငွေကျပ် ၁၇ သိန်းကျော် တန်ဖိုးရှိသည်။ ထိုင်းလူမျိုးများအများဆုံး ကြိုက်နှစ်သက်ကြောင်းသိရပြီး ဂုံရှမ်းတို့၏ ရိုးရာစစ်စစ်ဖြစ်ကြောင်း ကျိုင်းတုံမြို့မှ လာရောက်ပြသသော ဂုံရှမ်းတိုင်းရင်းသား ကိုကျော်ရဲမြင့်အောင်၏ ပြောပြချက်အရ သိရသည်။

ထို့အတူပင် ကယန်းလူမျိုးများ၏ ကယန်းဆန်ပြုတ်နှင့် ကယန်းဝက်အူချောင်းကလည်း ပြပွဲလာသူများ၏ အကြိုက် အစားအစာတစ်ခုဖြစ်ခဲ့သည်။ ကယန်းဆန်ပြုတ်သည် အများသိကြသည့်အတိုင်း ဆန်ပြုတ်အရည်သောက်မဟုတ်ဘဲ ဆန်ကို ပြစ်နေအောင်၊ နူးနေအောင်ပြုတ်ပြီး အဆာပလာတွေ ထည့်စားရသော အစားအစာတစ်မျိုးဖြစ်သည်။ လူငါးယောက်စာ အဝစားမည်ဆိုလျှင် ဆန်တစ်ပြည်ကို ကြက် ၇၀ ကျပ်သား၊ ၈၀ ကျပ်သား တစ်ကောင်၊ ကြက်သွန်ဖြူ လက်တစ်ဆုပ်စာ၊ ချင်းနှစ်တက်၊ စပါးလင် အသင့်အတင့်လိုအပ်သည်။ ဆန်ကို နူးနေအောင် ပြုတ်ထားပြီး ချင်း၊ နနွင်း၊ ကြက်သွန်ဖြူကို ဆီသတ်ကာ ကြက်သားကို ခပ်ရွယ်ရွယ်တုံး၍ ထည့်ကြော်ကာ ပြုတ်ပြီးသား ဆန်ပြုတ်ထဲ ထည့်မွှေရသည်။ ကယန်းဆန်ပြုတ်တွင် အချိုနှင့်အခါးဟူ၍ နှစ်မျိုးရှိပြီး အခါးကိုကြိုက်ပါက အခါးရွက်ထည့်ရပြီး အချိုကြိုက်ဆိုပါက အခါးရွက်မထည့်ဘဲ စားရသည်။

ပွဲတော်တွင်ပါဝင်ခဲ့သော တိုင်းရင်းသားမျိုးနွယ်စုတစ်ခုဖြစ်သည့် တိုင်းလိုင်လူမျိုးများ၏ နောက်ခံသမိုင်းနှင့် စာပေယဉ်ကျေးမှုအကြောင်းအရာများကို တိုင်းရင်းသားအချင်းချင်း သိရှိလေ့လာနိုင်ရန် တင်ပြလိုပါသည်။

တိုင်းလိုင်လူမျိုးများသည် ရှမ်းမျိုးနွယ်တွင်ပါဝင်ပြီး ကချင်ပြည်နယ်အတွင်းတွင် နေထိုင်ကြသည်။ မူလက တိဗက်ကုန်းပြင်မြင့်မှတစ်ဆင့် ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့လာကြရာမှ သံလွင်မြစ်ဝှမ်း၊ ရှမ်းကုန်းမြင့်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများသို့လည်း ပျံ့နှံ့ရောက်ရှိသွားကြသည်။

မြန်မာနိုင်ငံအတွင်းတွင် အများအားဖြင့် ကချင်ပြည်နယ်ရှိ ဗန်းမော်၊ မိုးမောက်၊ ရွှေကူ၊ မြစ်ကြီးနား၊ ပိုင်းမော်၊ မိုးကောင်း၊ မိုးညှင်း၊ ဖားကန့်၊ တနိုင်းမြို့နယ်များတွင် အများဆုံးနေထိုင်ကြသည်။

ကိုးကွယ်မှုအနေဖြင့် ဗုဒ္ဓဘာသာကို အဓိကကိုးကွယ်ကြပြီး လပြည့် လကွယ်ရက်များတွင် ဉပုသ်သီတင်းဆောက်တည်ကြသည်။ ရာသီပွဲတော်များအနေဖြင့်

သီတင်းကျွတ်မီးထွန်းပွဲတော်၊ ရိုးရာကထိန်ပွဲတော်၊ ရိုးရာရှင်ပြုပွဲ၊ ရိုးရာသင်္ကြန်ပွဲ စသည်ဖြင့် ပွဲတော်များရှိပြီး ကော်ပတန့် ခေါ် လမ်းပြဖုံပွဲတော်သည် အခြားရှမ်းတိုင်းရင်းသားများနှင့် ကွဲပြားသော ပွဲတော်တစ်ခုဖြစ်ပြီး တိုင်းလိုင်လူမျိုးတို့သာ ကျင်းပသော ပွဲတော်ဖြစ်သည်။ ကော်ပတန့်ပွဲတော်ကို နှစ်စဉ် ပြာသိုလပြည့်နေ့တွင် ဗန်းမော်မြို့ ရွှေကျီးနားဘုရားရှိ တံခွန်တိုင်တွင် နှစ်စဉ်ကျင်းပကြောင်းသိရသည်။ ကောက်ဦးဆွမ်းကပ်လှူခြင်း၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ဝတ်စားဆင်ယင်မှုအနေဖြင့် အမျိုးသားများက ပုဆိုးဝတ်ကြသည်။ အမျိုးသမီးကြီးများသည် ရေးက ကန့်လန့်စင်းနှင့် ဘယ်ဖုံးလုံချည်ကိုဝတ်ကြသည်။ အင်္ကျီကို ရင်ဖုံးနှစ်ထပ်နှင့် ဘေးကထောက်ဖြင့် အနည်းငယ်ခွဲထားသည်။ ရေးကအမျိုးသားများက ပုဆိုးတောင်ရှည်အကွက်ကျဲကို ဝတ်ဆင်ကြပြီး ရင်ဖုံးတိုက်ပုံ သျှောင်ထုံးထုံးပြီး ခေါင်းပေါင်းမိတ်ရှည်ကို ပေါင်းကြသည်။ ခေါင်းပေါင်းကို ပိတ်စအရှည်ဖြင့် ပေါင်းကြသည်။ ခေါင်းပေါင်းရှည်ပေါင်းခြင်းသည် ရန်သူကိုတွေ့သောအခါ ခေါင်းပေါင်းရှည်ကိုဆွဲပြုတ်၍ တစ်ဖက်မှလက်နက်အား ကာကွယ်ရန် ဖြစ်သည်။ ယခုအခါ အမျိုးသားများသည် ရင်ဖုံးတိုက်ပုံ၊ ခေါင်းပေါင်းမိတ်ရှည်နှင့် ကွင်းချပ်ပုဆိုးကို ဝတ်ဆင်ကြသည်။ အမျိုးသမီးများက အင်္ကျီရင်စေ့၊ ရင်ဖုံးနှင့် အသင့်လုပ်ထားသောခေါင်းပေါင်းကို ပေါင်းကြသည်။

စာပေယဉ်ကျေးမှုအနေဖြင့် တိုင်းလိုင်လူမျိုးစုများသည် ကိုယ်ပိုင်စာပေရှိသော မျိုးနွယ်ဖြစ်သည်။ တိုင်းလိုင်စာပေသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ဝန်းကျင်က မိုင်းကိုင်စက္ကူဖြင့် ရေးမှတ်ထားသော ဇာတကဇာတ်တော်များ၊ မဟော်သဓာဇာတ်တော်များမှာ ယနေ့တိုင် အထင်အရှားရှိနေသည်။ တိုင်းလိုင်စာပေကို အခြေခံကျောင်းများတွင် သင်ကြားပေးနေကြောင်းသိရသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် တိုင်းရင်းသားလူမျိုးစုများ အလိုက် စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အသီးသီး ရှိနေသော်လည်း အချို့မှာ တိမ်မြုပ်ပျောက်ကွယ်လျက်ရှိသကဲ့သို့ အချို့မှာ ပျောက်ကွယ်မသွားစေရေးအတွက် ဖော်ထုတ်အားပေးမြှင့်တင်ရန် လိုအပ်လျက်ရှိသည်။

> “ တိုင်းလိုင်စာပေသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ဝန်းကျင်က မိုင်းကိုင်စက္ကူဖြင့် ရေးမှတ်ထားသော ဇာတကဇာတ်တော်များ၊ မဟော်သဓာဇာတ်တော်များမှာ ယနေ့တိုင် အထင်ရှားရှိနေသည်။ ”

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ပင်မအားဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း ဟူသည့် တိုင်းရင်းသားလူမျိုး ရှစ်မျိုးကို အခြေခံကာ လူမျိုးစုများ ကွဲပြားစွာ တည်ရှိနေသော်လည်း နိုင်ငံနယ်နိမိတ် အချုပ်အခြာအာဏာ တည်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

တိုင်းရင်းသားလူမျိုးများသည် ရေကြည်ရာ မြက်နုရာ လှည့်လည်သွားလာ နေထိုင်လာကြရာမှ ကွဲပြားသော လူမျိုးစုများအဖြစ် တည်ရှိနေသလို တစ်စုတစ်စည်းတည်း တည်ရှိနေသော လူမျိုးစုများလည်း ရှိသည်။ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ကွဲပြားခြားနားသော နေထိုင်စားသောက်မှုပုံစံ၊ ယုံကြည်ကိုးကွယ်မှု၊ စာပေယဉ်ကျေးမှုများရှိနေပြီး သမိုင်းအစဉ်အဆက် အတူယှဉ်တွဲနေထိုင်လာကြသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် လမ်းပန်းဆက်သွယ်ရေးအရသော်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနောင့်နှေးနေမှုများကြောင့်သော်လည်းကောင်း တစ်ဦးနှင့်တစ်ဦး အထိအတွေ့ အဆက်အဆံ နည်းပါးစွာဖြင့် နေထိုင်လာခဲ့ကြသည်။ ယခုကဲ့သို့ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည် တွေ့ဆုံနိုင်မည့်ပွဲတော်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နှစ်စဉ်ကျင်းပပေးခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံ ပိုမိုထိတွေ့ခွင့်ရရှိကာ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှုများ တိုးပွားလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ဉာဏ်ကောင်းဆက်**



# ယွန်းရှမ်း (သို့မဟုတ်) လန်းနားတိုင်း

**မီမီလွင်**

ယွန်းလူမျိုးများသည် တိုင်း ခေါ် ရှမ်းအနွယ်ဝင်များဖြစ်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံ၏ အရှေ့မြောက်ဘက်ရှိ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံ၊ မိုင်းယောင်း၊ မိုင်းပျဉ်း၊ တာချီလိတ် စသောဒေသများတွင် ရှေးနှစ်ပေါင်းများစွာကတည်းက နေထိုင်ခဲ့ကြသော တိုင်းရင်းသားလူမျိုးတစ်မျိုးပင်ဖြစ်သည်။ ယွန်းရှမ်းလူမျိုးများသည် မြန်မာနိုင်ငံရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသများတွင်လည်း ပျံ့နှံ့နေထိုင်ကြသည်။ ယွန်းရှမ်းလူမျိုးများ၏ မူရင်းဒေသမှာလည်း ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသများဖြစ်သော ကျိုင်းရိုင်း၊ ကျိုင်းစင်၊ ကျိုင်းမိုင် (ချင်းမိုင်) ဒေသများဖြစ်ကြပြီး လန်းနားဘုရင်နိုင်ငံတော်ကို သီးခြားတည်ထောင်နိုင်ခဲ့သည့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော လူမျိုးပင်ဖြစ်သည်။

လန်းနားပြည်ထောင်ကို ခရစ်နှစ် ၁၂၆၉ ခုနှစ်တွင် ဘုရင် ဖရာ့မန်းရိုင်း ခေါ် မန်းဂရိုင်း (၁၂၈၆-၁၃၁၁) က ဇင်းမယ်မြို့တွင် တည်ထောင်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် ဇင်းမယ်မြို့တည်ထောင်သည့်နှစ် (၇၀၀) ပြည့်ပွဲတော်ကို ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့သည်။ ဇင်းမယ် (ချင်းမိုင်) လန်းနားဟုလည်း ထိုင်းလူမျိုးများက ခေါ်ဝေါ်ကြသည်။ လန်းနားဒေသကို အစွဲပြု၍ ယင်းဒေသတွင်နေထိုင်သော ရှမ်းလူမျိုးများကို ယွန်းရှမ်း (သို့မဟုတ်) တိုင်းယွန်း (သို့မဟုတ်) လန်းနားတိုင်းဟု ခေါ်ဝေါ်ကြသည်။ သို့သော် ယွန်းလူမျိုးတို့ကမူ မိမိတို့ကိုယ်ကို ခွန်မောင်ဟု ခေါ်ဝေါ်သည်။ ခွန်မောင်ဆိုသည်မှာ ဒေသခံ လန်းနားတိုင်းရင်းသားများဖြစ်ကြသော လဝ၊ ဘုံရှမ်း၊ ယွန်းရှမ်း၊ ရှမ်းကြီး ခေါ် တိုင်လုံ၊ လုရှမ်း စသည့်သူများကို ခေါ်ဝေါ်သည်။ ထို့အပြင် ခွန်မောင်တို့သည် မိမိတို့ဘာသာ လွတ်လပ်သော ပြည်ထောင် တည်ထောင်နိုင်သူများဟုလည်း ပြောဆိုကြသည်။

မြန်မာရာဇဝင်ကျမ်းများတွင် ယွန်းပြည်နှင့်ပတ်သက်၍ မြို့ရုံ (၅၇) မြို့ပါဝင်သော "ဟရိပုဉ္ဇတိုင်း ယွန်းပြည်" ဟူ၍ ဖော်ပြလေ့ရှိသည်။ မြန်မာသက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် ရေးသားပြုစုသော စိန္တကျော်သူဦးဩ၏ **မြန်မာမင်းလွှတ်တော်သုံး ကဝိလက္ခဏာသတ်ပုံကျမ်းတွင်** ယွန်း

လူမျိုးတို့နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖွဲ့ဆိုထားသည်ကို တွေ့ရှိရလေသည်။

"ယွန်းပြည် မိုင်းငွန်း၊ တို့ရပ်ကျွန်း၊ ခွန်းလုံပဒုံမြေ
ယွန်းမှာဝဲဖြန်း၊ မြို့အနန်း၊ ပြန်းလည်းမြို့မင်းနေ
ယွန်းပြည် မိုင်းထွန်း၊ မြို့လဝင်း၊ ချွန်းခေါင်လည်းတတွေ" ဟူ၍ ဖော်ပြပါရှိသည်။

စလေဦးပုည၏ ဆင်နန်ဆင်မင်းဝတ္ထုတွင် ယွန်းနှင့်ဗမာတို့ စီးပွားရေးအရ ဆက်နွယ်မှုရှိခဲ့ကြပုံကို အောက်ပါအတိုင်းတွေ့ရှိရသည်။

"စိဋ္ဌိရဋ္ဌ၊ ဂန္ဓရတိုင်း၊ ယွန်းတို့ဂိုဏ်းသို့၊ နက်ရှိုင်းသူမရှိ ဝသုဓာတ်မှ၊ လူနတ်မကျို့၊ ကမ္ဘာလိုမြင့်၊ နဂိုဓမ္မဆံ၊ ကတ္တားနစ်သော၊ ကျူနစ်ဘော်စင်း ငွေချောင်ပင်ကဲ့သို့"

ထို့ကြောင့် ယွန်းနှင့်ဗမာတို့သည် ရှေးယခင်ကတည်းကပင် ငွေ၊ ဘော်သတ္တု အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း ထင်ရှားသည်။ ယွန်းထည်၊ ဇင်းမယ်ထည်၊ ဇင်းမယ်လုံချည် စသောဝေါဟာရစာလုံးများသည် မြန်မာမှုနယ်ပယ်တွင် နှစ်ပေါင်းများစွာကတည်းက ကျွမ်းဝင်ပြီးဖြစ်သကဲ့သို့ သမိုင်းကြောင်းအရလည်း ရာစုနှစ်နှင့်ချီ၍ နီးနှောဆက်နွယ်မှုများစွာ ရှိခဲ့ပါသည်။

**တိုင်းယွန်းနှင့် လန်းနားပြည်ထောင် သမိုင်းအကျဉ်း**

ယွန်းရှမ်းတို့၏ လန်းနားပြည်ထောင်သည် အရှေ့တောင်အာရှ၊ ထိုင်းနိုင်ငံမြောက်ပိုင်း ဇင်းမယ်ဒေသတွင် အေဒီ ၁၂ ရာစုနှောင်းပိုင်းတွင် သီးခြားလွတ်လပ်သော ပြည်ထောင်တစ်ခုအဖြစ် ရပ်တည်ပေါ်ထွန်းနိုင်ခဲ့သည်။ တည်နေရာအားဖြင့် လန်းနားပြည်ထောင်သည် မြန်မာနိုင်ငံအရှေ့မြောက်ပိုင်း ရှမ်းပြည်နယ် ကျိုင်းတုံဒေသ၊ လာအိုနိုင်ငံလင်းဇင်းဒေသနှင့် တရုတ်နိုင်ငံတောင်ပိုင်း ယူနန်ပြည်နယ်၊ ဆစ်ဆောင်ပန္နားဆုံရာ တြိဂံဒေသအကြားတွင် ပေါ်ထွန်းခဲ့သည်။ ပထဝီအနေအထားအားဖြင့် မြင့်မားသောတောင်တန်းများ ထူထပ်စွာရှိခြင်း၊ မြေပြန့်လွင်ပြင် နည်းပါးခြင်း၊ ရေစီးသန်သော မြစ်ချောင်းများ ပေါများခြင်းတို့ကြောင့် တစ်နေရာနှင့်တစ်နေရာ လမ်းပန်းဆက်သွယ်ရေးတွင် ခက်ခဲသည်။ ထိုဒေသပတ်ဝန်းကျင်များသည် မဲခေါင်မြစ်ဝှမ်း စီးဆင်းရာတစ်လျှောက်တွင်ရှိပြီး လုရှမ်း၊ ဂုံရှမ်း၊

> "ထိုင်းနိုင်ငံမြောက်ပိုင်း ဒဏ္ဍာရီပုံပြင်များအဆိုအရ ယွန်းရှမ်းတို့က ကျိုင်းစင်ဒေသကို မောင်စူဝန်(င်)ခုမ်ခမ်း ကြီးကျယ်ခမ်းနားလှပသောဒေသဟု ခေါ်ဆိုခဲ့ကြသည်။"

ယွန်းရှမ်း၊ မောရှမ်းနှင့် လာအို (လော) စသည့် တိုင်းအနွယ်ဝင် ရှမ်းအမျိုးမျိုးနေထိုင်ကြပြီး ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများ အတော်နီးစပ်တူညီသည်။ ထိုရှမ်းမျိုးနွယ်များသည် 'မိုင်း' ခေါ် 'သန့်' မြို့ပြပြည်ထောင်ငယ်များကို တည်ထောင်နိုင်ခဲ့ကြသော်လည်း အုပ်စုတစ်ခုနှင့် တစ်ခုအကြား စည်းလုံးညီညွတ်မှုမရှိပေ။ မျိုးနွယ်စုတိုင်းတွင် မိမိတို့၏ ကိုယ်ပိုင်ခေါင်းဆောင်များ ရှိကြသော်လည်း စုစည်းမှုမရှိပေ။ ယွန်းရှမ်းလူမျိုးတို့၏ လန်နာပြည်ထောင်သည် မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ရှိ အင်(င်)စိုင်း၊ ကုတ်(ပ်)နှင့် ပင်းမြစ်များစီးဆင်းရာ တစ်ဝိုက်တွင် တည်ရှိပေါ်ထွန်းခဲ့သည်။ မူလလန်းနားပြည်ထောင်မှာ ယခု ကျိုးရိုင်းခရိုင်၊ ကျိုင်းစင်ပတ်ဝန်းကျင်ဒေသသည် လန်းနားရှမ်းလူမျိုးများ၏ မူလအစ ဒေသပင်ဖြစ်သည်။

ထိုင်းနိုင်ငံမြောက်ပိုင်း ဒဏ္ဍာရီပုံပြင်များအဆိုအရ ယွန်းရှမ်းတို့က ကျိုင်းစင်ဒေသကို မောင်စူဝန်(င်)ခုမ်ခမ်း ကြီးကျယ်ခမ်းနားလှပသောဒေသဟု ခေါ်ဆိုခဲ့ကြသည်။ ၄င်းမြို့အင်အား ယိမ်းယိုင်လာချိန်တွင် ဆင်ဟုမ်ဝမ်ကူမန်ဆိုသူကဦးဆောင်၍ ကုတ်(ပ်)မြစ်ဝှမ်းဒေသတွင် မြို့ကို ပြန်လည်တည်ဆောက်ခဲ့သည်ဟုဆိုသည်။ ထိုမြို့တော်

အသစ်ကို ဇီရန်ဃနနာဖန်ဟု ခေါ်ဆိုသည်။ ထိုဒေသတွင် နေထိုင်သူများကို ဃာနလူမျိုးများဟုခေါ်ဆိုပြီး ကာလ ရွေ့လျောလာသောအခါ ယွန်းလူမျိုး (သို့မဟုတ်) တိုင်း ယွန်းများဟု ခေါ်ဆိုလာကြသည်။ ၁၂ နှင့် ၁၃ ရာစုနှစ် များအကြား ကုတ်(ပ်)မြစ်ဝှမ်းလွင်ပြင်ဒေသမှ ကျောက် ဖရာ့ချန်ဆိုသည့် အရည်အချင်းပြည့်ဝသော ခေါင်းဆောင် တစ်ဦး ပေါ်ထွန်းလာခဲ့သည်။

ကျောက်ဖရာ့ချန်သည် အကွဲကွဲအပြားပြားဖြစ်နေ သော မိုင်း ခေါ် ပြည်ထောင်ငယ်များကို တစ်စုတစ်စည်း တည်းဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သည့် ထက်မြက်သူ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ၎င်းလက်ထက်တွင် ယွန်းရှမ်းတို့၏အင်အားကို ယူနန်ပြည်နယ်အထိ သြဇာ ပျံ့နှံ့စေခဲ့သည်။ လုရှမ်းလူမျိုးများ၏ သမိုင်းဒဏ္ဍာရီများ တွင် ကျောက်ဖရာ့ချန်ကို ၎င်းတို့၏ လူစွမ်းကောင်းခေါင်း ဆောင်အဖြစ် သတ်မှတ်ခဲ့ကြသည်။ ယွန်းရှမ်း၊ လုရှမ်းနှင့် တရုတ်နိုင်ငံတောင်ပိုင်း ယူနန်ပြည်နယ် ကျိုင်းဟုန်ဒေသ ဆစ်ဆောင်ပန္နားဒေသများမှ ဒိုင် ခေါ် ရှမ်းလူမျိုးများ၏ ပုံပြင်ဒဏ္ဍာရီများ၊ ကဗျာစာပေ၊ သမိုင်းများတွင် ကျောက် ဖရာ့ချန်ကို တန်ခိုးကြီးမား၍ စွမ်းရည်ထက်မြက်သည့် သူရဲကောင်းအဖြစ် ဖော်ပြလေ့ရှိသည်။ ၎င်းကွယ်လွန်ပြီး နောက် နတ်အဖြစ်ရောက်ရှိသွားပြီး အုပ်ချုပ်ခံပြည်သူများ အား ဆက်လက်စောင့်ရှောက်နေဆဲဖြစ်သည်ဟု ဒေသခံ တိုင်းရင်းသားများက ယုံကြည်သက်ဝင်ကြသည်။ အထူး သဖြင့် ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများဖြစ်သော အူဘွန်ရပ်ချ်ဌာနီနှင့် ရာဆွန်သွန်းပြည်နယ်များတွင် ၎င်းကို ရည်စူး၍ နှစ်စဉ်နှစ်တိုင်း မေလဒုတိယပတ်တွင် ဘွန်ဘန့် မိုင်း ခေါ် မီးရှူးဒုံးကျည်လွှတ်ပွဲတော်ကို ကျင်းပသည်။ ဆန်ရေစပါး ပေါကြွယ်ဝစေရန်နှင့် မြေသြဇာကောင်း မွန်စေရန် ရည်ရွယ်၍ကျင်းပသော မိုးခေါ်ပွဲပင် ဖြစ်သည်။

ကျောက်ဖရာ့ချန် ကွယ်လွန်ပြီးနောက် တိုင်းအနွယ် ဝင်များအကြား စည်းလုံးညီညွတ်မှု ထပ်မံမရရှိတော့ပေ။ အေဒီ ၁၂၉၆ ခုဝန်းကျင်တွင် ဖရာ့မန်းဂရိုင်း ခေါ် စော ဗညားမင်းရဲ (အေဒီ ၁၂၉၆-၁၃၁၁) ဆိုသူသည် ကျိုင်းစင်၊ ကျိုင်းဂိုင်နှင့် ဖရောင်း ပတ်ဝန်းကျင်ဒေသများ ပါဝင်သည့် လန်းနားပြည်ထောင်ကို ပင်းမြစ်ဝှမ်းအထက် ပိုင်း၊ ဇီရန်ခွန်ခမ်းဒေသတွင် တည်ထောင်နိုင်ခဲ့သည်။ ဘုရင် ဖရာ့မန်းဂရိုင်းကို ကျိုင်းစင်ဒေသမှ အကြီးအကဲ ဖြစ်သူ ဖခင် ဖရာ့လောဝ်မန်နုခုန်ယန်နှင့် မိခင်ဖြစ်သူမှာ ကျိုင်းဟုန်ဒေသ ဆစ်ဆောင်ပန္နားဒေသမှ လုရှမ်းလူမျိုး အကြီးအကဲ၏သမီး နန်းထက်(ပ်)ခမ်းခရိုင်တို့မှ ၁၂၃၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်တွင် မွေးဖွားခဲ့ပြီး တော်ဝင်သွေး အပြည့်အဝပါရှိသူတစ်ဦးဖြစ်သည်။

ဖရာ့မန်းရိုင်းသည် ခေတ်မီသော အတွေးအခေါ် အမြော်အမြင်နှင့် အရည်အချင်းပြည့်ဝသော ဘုရင်တစ်ပါး ဖြစ်သည့်အားလျော်စွာ စည်းလုံးညီညွတ်မှုမရှိသော ရှမ်းစကားပြော ပြည်ထောင်ငယ်များအားလုံးကို တစ်စု တဝေးတည်းဖြစ်လာစေရန် အဘက်ဘက်မှ ကြိုးပမ်းအား ထုတ်ခဲ့သည်။ ၎င်း၏နိုင်ငံတော်အင်အားကို နိုင်ငံ၏ တောင်ဘက်နှင့် အနောက်ဘက်သို့ ချဲ့ထွင်ခဲ့ပြီး ခရစ်နှစ် ၁၂၆၂ ခုနှစ်တွင် ကျိုင်းဂိုင်ပတ်ဝန်းကျင်ဒေသတွင် မြို့သစ် ကို တည်ဆောက်ခဲ့သည်။ မကြာမီမှာပင် မိုင်းလွှန်း၊ ကျိုင်းခမ်း၊ ကျိုင်းချန် စသောဒေသများမှ အကြီးအကဲများ သည် ဘုရင်မန်းရိုင်းထံ ဦးစွာလာရောက်၍ သစ္စာခံယူ ကြသည်။ ထို့နောက် ကျိုင်းခုန်ဒေသရှိ ဖန်အရပ်ဒေသကို ဆက်လက်သိမ်းပိုက်ခဲ့သည်။ ခရစ်နှစ် ၁၂၈၁ ခုနှစ်တွင် ဟာရိပွန်နိုင်း ခေါ် မွန်နိုင်ငံကို သိမ်းပိုက်အောင်မြင်ခဲ့ သည်သာမက လန်ဖွန်နှင့် လန်ပန်အရပ်ဒေသများကိုပါ ၎င်း၏ လက်အောက်ခံအဖြစ် သိမ်းသွင်းနိုင်ခဲ့သည်။ ဘုရင်မန်းရိုင်းအား လဝအုပ်စုများက ပါဝင်ကူညီတိုက်ခိုက် ပေးသောကြောင့် ဟာရိပွန်နိုင်း မွန်ဘုရင့်နိုင်ငံတော်တစ်ခု လုံးသည် ဖရာ့မန်းဂိုင်းလက်အောက်သို့ ကျရောက်ခဲ့သည်။

ဖရာ့မန်းရိုင်း၏တန်ဖိုးသြဇာသည် ကြီးမားကျယ် ပြန့်လာသောကြောင့် လန်းနားဒေသတွင်သာမက ထိုင်း နိုင်ငံ မြောက်ပိုင်းတစ်ခုလုံးသည် ၎င်း၏လက်အောက်သို့ ကျရောက်သွားခဲ့သည်။ ထို့အပြင် ရှမ်းပြည်နယ် ကျိုင်းတုံ ဒေသတစ်ဝန်း လာအိုနှင့် ဟံသာဝတီ ပဲခူး မွန်ဘုရင်တို့နှင့် ပါ မဟာမိတ်ဖွဲ့ပြီးနောက် ၎င်းကိုယ်ကို လန်းနားပြည် ထောင်၏ ဘုရင်အဖြစ် ကြေညာခဲ့သည်။ ထို့ကြောင့် အရှေ့တောင်အာရှ ထိုင်းနိုင်ငံမြောက်ပိုင်းဒေသတွင် လန်းနားဘုရင်နိုင်ငံတော် ပေါ်ထွန်းလာခဲ့သည်။ "လန်းနား" ဟူသောအဓိပ္ပာယ်မှာ ဆန်ရေစပါးနှင့် သယံဇာတ အလွန် ပေါများကြွယ်ဝသော ဒေသပင်ဖြစ်သည်။ ဖရာ့မန်းရိုင်း

ခွန်မောင် ခေါ် ယွန်းရှမ်းတို့သည် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ အလွန်အဆင့်အတန်း မြင့်မားသည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အလျောက် ဘာသာရေးဆိုင်ရာ အနုပညာလက်ရာများ၊ ဗိသုကာလက်ရာများ ပေါ်လွင်ထင်ရှားသည်။ မွန်နှင့်ဗမာတို့ထံမှ ဗုဒ္ဓဘာသာရေးဆိုင်ရာ ဗိသုကာလက်ရာများ၊ အတွေးအခေါ် အယူအဆများကို အမွေဆက်ခံရရှိသည်။ ဗုဒ္ဓဘာသာသည် လန်းနားရှမ်းအမျိုးသားတို့၏ အမျိုးသားဘာသာဖြစ်ပြီး အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့နှင့် အပြန်အလှန် ဆက်ဆံမှုများစွာ ရှိခဲ့သည်။ ယွန်းလူမျိုးများ၏ လက်မှုပစ္စည်း ယွန်းထည်၊ ငွေထည်၊ ဘော်နှင့် ပိုးထည်စသော လက်မှုလုပ်ငန်းများသည် လှပအနုစိတ်၍ အလွန်လက်ရာမြောက်သည်ဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံ ပုဂံဒေသမှ ထွက်ရှိသော ယွန်းထည်၊ ယွန်းအစ် စသော ယွန်းပစ္စည်းများ၊ ရှမ်းပြည်နယ် အင်းလေးဒေသမှထွက်ရှိသော ဇင်းမယ်လုံချည်၊ ပိုးထည် စသော လက်မှုလုပ်ငန်းများသည် ယွန်းလူမျိုးများထံမှ ဗမာတို့ အမွေဆက်ခံရရှိသည်။ ယွန်းလူမျိုးများကို အစွဲပြု၍ ဗမာတို့က ယွန်းထည်ပစ္စည်းများဟု ခေါ်ဝေါ်ကြပြီး

> ❝ခွန်မောင် ခေါ် ယွန်းရှမ်းတို့သည် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ အလွန်အဆင့်အတန်း မြင့်မားသည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အလျောက် ဘာသာရေးဆိုင်ရာ အနုပညာလက်ရာများ၊ ဗိသုကာလက်ရာများ ပေါ်လွင်ထင်ရှားသည်။❞

သည် အင်အားတောင့်တင်းသော နိုင်ငံတော်သစ်နှင့် လိုက်လျောညီထွေဖြစ်စေမည့် မြို့တော်တစ်ခုကို ပင်းမြစ်တစ်ဖက်ကမ်းတွင် ထပ်မံတည်ဆောက်ပြီး "နဝ(ပ်)ဘူရီ စရီနခွန်ပင်းချင်းမိုင်" ဟု ခေါ်ဆိုသည်။ ချင်းမိုင်၏ အဓိပ္ပာယ်မှာ မြေသြဇာအလွန်ကောင်းမွန်ပြီး လှပသော မြို့တော်သစ်ဟုဆိုလိုသည်။

ထိုအချိန်မှစ၍ လန်းနားဘုရင်ပြည်ထောင်သည် ထိုင်းနိုင်ငံတောင်ဘက်ရှိ အယုဒ္ဓယနိုင်ငံတော်၏ ပြိုင်ဘက်ပြည်ထောင်တစ်ခု ဖြစ်လာခဲ့သည်။ ၁၃ ရာစုပတ်ဝန်းကျင်တွင် ဖရာ့မန်းဂိုင်း၏ လန်းနားပြည်ထောင်သည် တန်ခိုးသြဇာ အလွန်ကြီးမားခဲ့သည်။

ထိုင်းမြောက်ပိုင်း သမိုင်းများအဆိုအရ ဖရာ့မန်းဂိုင်း လက်ထက်မှစ၍ မန်းဂိုင်းမင်းဆက် (၁၈) ဆက် လန်းနားပြည်ထောင်ကို စိုးစံအုပ်ချုပ်ခဲ့ကြသည်။ အေဒီ ၁၄၄၁ ခုနှစ်တွင် နန်းတက်ခဲ့သော ဘုရင် ဖရာ့တိလောကရာဇာ (အေဒီ ၁၄၄၁-၁၄၈၇) လက်ထက်တွင် လန်းနားနိုင်ငံ၏ ရွှေခေတ်သို့ရောက်ရှိခဲ့ပြီး အင်အားအထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။ ၎င်းသည် အရည်အချင်းပြည့်ဝသော စစ်ဘုရင်တစ်ဦးဖြစ်ပြီး တောင်ဘက်ပိုင်း အယုဒ္ဓယနိုင်ငံတော်မှ လာရောက်တိုက်ခိုက်မှုကို အောင်မြင်စွာ တွန်းလှန်တိုက်ခိုက်နိုင်ခဲ့သည်။

ပထဝီတည်နေရာအနေအထားအားဖြင့် ဇင်းမယ်မြို့သည် လန်းနားပြည်ထောင်၏ အချက်အချာကျသော ဒေသဖြစ်ခြင်းကြောင့် ကုန်သွယ်ကူးသန်းရောင်းဝယ်ရေး၌လည်း အရေးပါသည့်မြို့တစ်မြို့ ဖြစ်လာခဲ့သည်။ ကျိုင်းစင်၊ လန်ချန်၊ ကျိုင်းဟုန်၊ ဆစ်ဆောင်ပန္နားဒေသများမှ ကုန်သည်များ၊ တရုတ်နိုင်ငံတောင်ပိုင်း ယူနန်ပြည်နယ်မှ တရုတ်ကုန်သည်များသည် ရေကြောင်းခရီးလမ်းမှတစ်ဆင့် မဲခေါင်မြစ်ဝှမ်းတစ်လျှောက် တောင်ဘက်ရှိ အယုဒ္ဓယနိုင်ငံ၊ မြန်မာနိုင်ငံ တောင်ဘက်ပိုင်းဒေသများ၊ မလက္ကား၊ အိန္ဒိယနိုင်ငံ စသောဒေသများနှင့် ရောင်းဝယ်ဖောက်ကားခဲ့ကြသည်။ ဇင်းမယ်ကို ဗဟိုပြု၍ ဆန်စပါး၊ ပိုးထည်၊ ငွေထည်၊ ဘော်နှင့် အခြားသောကုန်ပစ္စည်းများကို ယူနန်ဒေသနှင့် အခြားသောဒေသများအထိ စီးပွားရေးကူးလူးဆက်ဆံမှုများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် လန်းနားပြည်ထောင်သည် စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး စသည့် အဘက်ဘက်မှ တိုးတက်အောင်မြင်ခဲ့သည်။

ယနေ့ထက်တိုင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုလက်ရာ အမွေအနှစ်အဖြစ် ထင်ရှားသည်။ တောင်ငူခေတ်တွင် ဗမာတို့၏ တန်ခိုးသြဇာသည် အလွန်ကြီးမားလာသဖြင့် ပဒေသရာဇ်တို့၏ အစဉ်အလာအတိုင်း အိမ်နီးချင်းနိုင်ငံများသို့ စစ်ရေးအရ အင်အားချဲ့ထွင်ခဲ့သည်။ ဘုရင့်နောင်လက်ထက်မှစ၍ ကုန်းဘောင်ခေတ်ဘုရင်များတိုင်အောင် ဇင်းမယ်သည် ဗမာတို့၏ စစ်ရေးအရ အချက်အချာကျသော ဒေသအဖြစ် သတ်မှတ်ပြီး အထူးအလေးထားခဲ့သည်။

ဇင်းမယ်တွင် မြန်မာ့ယဉ်ကျေးမှုလွှမ်းမိုးခဲ့ကြောင်းကို မြန်မာပုံစံဘုန်းကြီးကျောင်းများ၊ ဘုရားစေတီများ၏ ဗိသုကာ အနုပညာလက်ရာများကို မြင်တွေ့နိုင်သည်။ ဇင်းမယ်မြို့ရှိ ဝပ်စင်ဖန်၊ ဝပ်ရမ်မွန်၊ ဝပ်ချင်ယွန်၊ ဝပ်ပါပေါင်း၊ ဝပ်ဒေါ်ခမ်စေတီများသည် ဗမာ့အနုပညာလက်ရာပုံစံ မြင်တွေ့နိုင်သည်။ မြန်မာလက်အောက်သို့ ရောက်ရှိခဲ့သော ဇင်းမယ်၊ လင်းဇင်းဒေသတို့မှ ယွန်းလက်မှုပညာသည်များကို မြန်မာနိုင်ငံသို့ခေါ်ဆောင်လာပြီး မြန်မာလူမျိုးများအား လက်မှုလုပ်ငန်းများကို သင်ကြားပေးစေခဲ့သည်။ ထို့ကြောင့် ယွန်းထည်လုပ်ငန်းသည် မြန်မာနိုင်ငံသို့ အေဒီ ၁၅၆၄ ခုနှစ်လောက်မှစ၍ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ယွန်းနှင့် ဗမာလူမျိုးတို့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အလျောက် ယဉ်ကျေးမှုဓလေ့ထုံးစံများ ကူးလူးဆက်ဆံမှု များစွာရှိခဲ့သည်။ မြန်မာတို့၏ အုပ်ချုပ်မှုအောက်သို့ ရာစုနှစ်နှစ်ခုနီးပါး ရောက်ရှိခဲ့သော ဇင်းမယ်၊ လန်းနားနှင့် ဗမာတို့၏ ဓလေ့ထုံးတမ်းစဉ်လာများသည် ယနေ့ထက်တိုင် နီးစပ်တူညီမှုများစွာရှိသည်။ ယွန်းလူမျိုးများသည် ဗမာများကဲ့သို့ ထိုးကွင်းမင်ကြောင်ထိုးသည့် အလေ့အထရှိသည်။ ဇင်းမယ်ရာဇဝင်တွင် မြန်မာအာဏာပိုင်များက လူတိုင်းနားဖောက်ပြီး နားကွင်းဝတ်ရမည်ဟု ညွှန်ကြားခဲ့ကြောင်း ဖော်ပြသည်။ အထက်မြန်မာနိုင်ငံ မန္တလေးမြို့တွင် ယွန်းတန်း၊ ယွန်းဝင်း စသည့် ယွန်းလူမျိုး ယွန်းထည်များနှင့်ဆိုင်သော အခေါ်အဝေါ်များ ရှိနေဆဲပင်ဖြစ်သည်။

ထိုကဲ့သို့ အရှေ့တောင်အာရှတွင် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မား၍ သီးခြားပြည်ထောင်တစ်ခုအဖြစ် ရပ်တည်ခဲ့သော လန်းနားပြည်ထောင်သည် ဘုရင် ဖရာ့မွန်ကဲအို (အေဒီ ၁၄၉၆-၁၅၂၅) နောက်ပိုင်း၌ တဖြည်းဖြည်း အင်အားယုတ်လျော့လာခဲ့သည်။ နောက်ပိုင်းဆက်ခံသော လန်းနားဘုရင်များသည် အရည်အချင်းမပြည့်ဝခြင်း၊ နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုနိုင်သည့် အရည်အချင်းနည်းပါးခြင်း၊ မင်းမဲ့စရိုက်များ ပေါ်ထွန်းလာခြင်း၊ အချင်းချင်း စည်းလုံးညီညွတ်မှုမရှိခြင်း၊ လက်အောက်ခံနိုင်ငံများမှ ပုန်ကန်ထကြွမှုများ ဖြစ်ပေါ်လာခဲ့ခြင်း စသည့်အချက်များကြောင့် အင်အားယိမ်းယိုင်လာခဲ့သည်။

မန်းဂိုင်းမင်းဆက် ဖရာ့ကပ်ချစာသာရပ် (အေဒီ ၁၅၂၅-၁၅၃၈) လက်ထက်တွင် အင်အားယိမ်းယိုင်လာပြီး ၁၅၅၈ ခုနှစ်တွင် ဗမာတို့၏ လက်အောက်ခံနိုင်ငံအဖြစ်သို့ ကျရောက်ခဲ့သည်။ ဖရာ့မဲ့ကူဆီ (၁၅၅၂-၁၅၅၈) ဘုရင်အား ဘုရင့်နောင်က လန်းနားဘုရင်အဖြစ် ဆက်လက်အုပ်ချုပ်ခွင့်ပြုခဲ့သည်။ ဘုရင့်နောင်သည် ဖရာ့မဲ့ကူဆီကို တစ်နှစ်လျှင်တစ်ကြိမ် လက်ဆောင်ပဏ္ဏာ ဆက်သစေခဲ့သည်။

ခရစ်နှစ် ၁၇၇၅ ခုနှစ်တွင် ဘုရင် ကျောက်ကဝိလဦးဆောင်မှုဖြင့် ဇင်းမယ်ဒေသမှ ဗမာတပ်များကို ဆုတ်ခွာစေခဲ့ပြီး အယုဒ္ဓယနိုင်ငံ၏ ပဏ္ဏာတော်ဆက်နိုင်ငံအဖြစ်သို့ သွတ်သွင်းခဲ့သည်။ အယုဒ္ဓယနိုင်ငံသို့ လန်းနားဘုရင်က (၃) နှစ်လျှင်တစ်ကြိမ် လက်ဆောင်ပဏ္ဏာဆက်သရသည်။ လန်းနားပြည်ထောင်၏ နောက်ဆုံးပဏ္ဏာဆက်သ ဘုရင်မှာ ကျောက်အင်သာဝိချာရာနွန်ဖြစ်ပြီး ၁၈၉၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ချက်ကရီမင်းဆက်များလက်ထက်မှစ၍ ဇင်းမယ်ကို ထိုင်းနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် သွတ်သွင်းခဲ့သည်။ ပဉ္စမမြောက် ရာမဘုရင်ဖြစ်သော ချူလာလောင်ကွန်း (၁၈၆၀-၁၉၁၀) လက်ထက်ပြီးနောက် ၁၉၂၁ ခုနှစ် ထိုင်းနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ဇင်းမယ် (ချင်းမိုင်) မြို့သည် ထိုင်းနိုင်ငံမြောက်ပိုင်း၏ ပြည်နယ်တစ်ခုအဖြစ် ရောက်ရှိသွားပြီး လန်းနားပြည်ထောင် ချုပ်ငြိမ်းခဲ့ရသည်။ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ ကီလို ၇၀၀ မီတာခန့် ကွာဝေးသော ဇင်းမယ်မြို့သည် သာယာလှပသော တောင်စခန်းမြို့၊ ပန်းမြို့တော် တောင်ပေါ်တိုင်းရင်းသားများ ပေါင်းစုံရာဒေသမြို့ စသည့်အမည်အမျိုးမျိုးဖြင့် ကမ္ဘာလှည့်ခရီးသည်များကို အဓိကဆွဲဆောင်သည့် ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသအဖြစ် ထင်ရှားသည်။

မီမီလွင်

ဓာတ်ပုံ ကဏ္ဍ



# တိုင်းရင်းသား ယဉ်ကျေးမှုနှင့် ရိုးရာအလှ





ဓာတ်ပုံ - ခွန်ဆန်းဦး

# တိုင်းရင်းသား ယဉ်ကျေးမှုနှင့် ရိုးရာအလှ



ဓာတ်ပုံ - ခွန်ဆန်းဦး



ဓာတ်ပုံ - ခွန်ဆန်းဦး

# တိုင်းရင်းသား ယဉ်ကျေးမှုနှင့် ရိုးရာအလှ



ဓာတ်ပုံ - ခွန်ဆန်းဦး



ဓာတ်ပုံ - ခွန်ဆန်းဦး



# မြန်မာ နှင့် ခါးတောင်းကျိုက် ယဉ်ကျေးမှု

မောင်ခင်မင် (နေဖြူ)

မှန်ပါသည်။ မြန်မာအမျိုးသားတို့သည် အားကြိုးမာန်တက် လုပ်စရာရှိလျှင် ခါးတောင်းကျိုက်၍ လုပ်တတ်ကြသည်။ ကိုလိုနီခေတ်တွင် ဂီတစာဆိုကြီး ရွှေတိုင်ညွန့်က ""ခါးတောင်းကျိုက်ကာ ဟောဒီစစ်ကို နိုင်အောင်သာ တိုက်တယ်"" ဟူ၍ 'ရာဇဝင်ကြွေး' သီချင်းဖြင့် မြန်မာ့ဇာတိမာန်ကို လှုံ့ဆော်ခဲ့ဖူးသည် မဟုတ်ပါလော။

စင်စစ်အားသွန်ခွန်စိုက် အလုပ်မျိုးတွင် ပုဆိုးကြီးဖားဖားနှင့်ဆိုလျှင် လွတ်လွတ်လပ်လပ် မလှုပ်ရှားနိုင်သည့်အတွက် ခါးတောင်းကျိုက်ကြခြင်း ဖြစ်သည်။ ထိုမှတစ်ဖန် ခါးတောင်းကျိုက်ခြင်းသည် အားထုတ်ကြိုးပမ်းမှုသရုပ်ကို ဆောင်လာရသည်။

အချို့သော အာရှနိုင်ငံများတွင်လည်း မြန်မာနည်းတူ ခါးတောင်းကျိုက်သော ဓလေ့ရှိကြောင်း တွေ့ရသည်။ ပါဠိမြန်မာအဘိဓာန်တွင် ခါးတောင်းကျိုက်ခြင်းကို 'ကစ္ဆံဗန္ဓန' ဟူ၍ ပြသည်။ ဇာတ်အဋ္ဌကထာ၌ တွင်လာသော 'ကစ္ဆဗန္ဓကစ္ဆာ' ဟူသောပုဒ်ကို 'ခါးတောင်းကျိုက်၍' ဟု မြန်မာပြန်လေ့ရှိသည်။ အိန္ဒိယနိုင်ငံသားတို့တွင် ရှေးကတည်းက ခါးတောင်းကျိုက်အလေ့ရှိပုံကို သာဓကများက ဖော်ပြနေသည်။ ယခုတိုင်လည်း ဒိုတီခါးတောင်းကျိုက်ထားသော အိန္ဒိယနိုင်ငံသားများကို တွေ့နေရသည် မဟုတ်ပါလား။ ထိုင်းနိုင်ငံတွင်လည်း ရှေးက အမျိုးသမီးများ ခါးတောင်းကျိုက်သည့် ဓလေ့ရှိကြောင်း စာပေများတွင် တွေ့ရပါသည်။

မြန်မာ့ရှေးဟောင်းပန်းချီ၊ ပန်းပုရုပ်များကို လေ့လာကြည့်လျှင် ပျူခေတ်ကတည်းက အမျိုးသားများ ခါးတောင်းကျိုက်သည့်အလေ့ရှိကြောင်း အထင်အရှား တွေ့နိုင်ပါသည်။

ခါးတောင်းကျိုက်ခြင်းကို အင်းဝခေတ်တွင် 'အောက်တောကျိုက်' ဟု ခေါ်သည်။ ရှင်မဟာသီလဝံသ၏ ပါရာယနဝတ္ထုတွင် ရှင်သာရိပုတ္တရာ ပညာရှိမြတ်နိုးပုံကို ဖော်ပြရာ၌ ရူဋ္ဌနီဗြဟ္မဒတ်မင်းဘဝက မဟောသဓာသုခမိန်ကို ကြည်ညိုမြတ်နိုးသဖြင့် အကယ်၍ ရေစောင့်ဘီလူးကစားဖို့

တောင်းမည်ဆိုပါက မိမိသာ ခါးတောင်းကျိုက်ပြီး ဘီလူး ပါးစပ်ထဲ ခုန်ဆင်းမည်၊ မဟော်သဓာကိုမူ ဘီလူးအစား ခံမည်မဟုတ်ကြောင်း ဖော်ပြရာ၌ 'မြဲစွာ အောက်တော် ကျိုက်၍'ဟု သုံးနှုန်းထားသည်။ အင်းဝခေတ်က အခေါ် အဝေါ်ဖြစ်ကြောင်း ထင်ရှားပါသည်။

တောင်ငူခေတ် နတ်ရှင်နောင်၏ ထိုးကွင်းမင်သေ့ ဘွဲ့ရတုကိုကြည့်ရုံနှင့် ထိုခေတ်မြန်မာအမျိုးသားများ ပေါင်နှစ်ဖက်ပေါ်က ထိုးကွင်းစိမ်းစိမ်းကလေးများပေါ် အောင် ခါးတောင်းကျိုက်ပြီး အလှပြကြမည့်အသွင်ကို မြင်အောင်ကြည့်နိုင်ပါသည်။

ညောင်ရမ်းခေတ်တွင် ဝန်ကြီးပဒေသရာဇာက ပန်း လောင်မြစ်ကြောတွင် ထွက်ဝင်သွားလာနေသော ပိန်း ကောလှေငယ်ရှင်တစ်ဦး၏ သွင်ပြင်ကို 'တျာချင်း'ဖြင့် ပုံဖော်ရာ၌ ''ခါးတောင်းကျိုက်လုံး ပခုံးခဲတွေ၊ ချွေးက လည်းစီး ဒီးဒီးကျသည့်ရေ'ဟု ဖွဲ့ထားသည်။ ခါးတောင်း ကို လုံးကျစ်မြှောင့်နေအောင် ကျိုက်ထားပြီး ထိုးဝါးကို တွန်းရထိုးရသော ပခုံးသားများကလည်း ဖုထစ်သန်မာနေ ပုံကို ပုံဖော်ထားခြင်း ဖြစ်သည်။ ယောကျာ်းတစ်ယောက် ၏ အားမာန်တက်ကြွဖွယ် ရုပ်သွင်ပါတည်း။

ကုန်းဘောင်ခေတ်တွင်မူ ခါးတောင်းကျိုက်ကို 'အောက်ပိုးကျိုက်'ဟူ၍လည်း ခေါ်လေ့ရှိသည်။ တစ်ခါ တစ်ရံ 'နောက်ပိုးကျိုက်' ဟူ၍လည်း ခေါ်လေ့ရှိကြောင်း တွေ့ရသည်။ ရှေ့ကဖော်ပြခဲ့သော စူဠနီဗြဟ္မဒတ်မင်း အကြောင်းကို မဟောသဓာဇာတ် အဋ္ဌကထာနိဿယ တွင် မြန်မာပြန်ရာ၌ 'ကစ္ဆံဗန္ဓိတွာ၊ နောက်ပိုးကျိုက်၍'ဟု ပြန်ဆိုထားကြောင်း တွေ့ရသည်။

ခါးတောင်းကျိုက်ထားသော အသွင်သည် ကြမ်းတမ်း သော သဘောရှိသည်။ ဘလ္လာတိယပျို့တွင် တောထဲ၌ မုဆိုးအသွင်ဖြင့် သမင်လိုက်နေသော သလ္လာတိယမင်းကြီး ၏ ဝတ်စားဆင်ယင်ပုံကိုဖွဲ့ရာ၌ ' သင်တိုင်းဦးစွပ်၊ ဖန်ရည် တပ်သား၊ ကိုယ်ကျပ်အင်္ကျီ၊ ဖျော့ဖျော့နီနှင့်၊ ပင့်ချီတော လိုက်၊ ခါးတောင်းကျိုက်လျက်'ဟု တွင်းသင်းမင်းကြီးက ဖွဲ့ပြသည်။ တောဟန်ပေါက်ပြီး ကြမ်းတမ်းနေသော အသွင်ကို ပြခြင်းဖြစ်သည်။

ထို့အတူ မုံရွေးဆရာတော်ကလည်း 'ကုသနှင့် ပပဝတီ၏ တုံ့ပြန်မှုကို မျှော်ငံ့ယင်း စားဖိုဆောင်၊ အိုးဆေး ခွက်ဆေး၊ အလုပ်ကြမ်းလုပ်နေသော ကုသမင်းကြီး၏ ရုပ်သွင်ကို ဖွဲ့ရာ၌ 'ပုဆိုးလွှာကို၊ ရည့်ကာမပိုက်၊ ခါးတောင်းကျိုက်၍၊ ငိုက်စိုက် ဦးခေါင်း၊ ပွဲတော်ဇောင်း တွင်၊ စလောင်းအိုးခွက်၊ ပွက်လျက်ဆေးကြော၊ ကွန့် သဘောသို့'ဟု ဖွဲ့ထားပါသည်။

ကင်းဝန်မင်းကြီးကလည်း နေမိရကန်တွင် တင်းထိမ် ပြတ်ကို ခေါင်းပေါင်းပြီး၊ ခါးတောင်းကို မသေမသပ် ကျိုက်ထားသောရုပ်သွင်ကို 'တင်းထိမ်ပြတ်ခေါင်းပေါင်း၊ ခါးတောင်းအောက်ပိုး၊ ဒေါင်းသိုးသိုး၊ ဆိုးလှသည့်ပုံ'ဟု ဖွဲ့ကာ ကဲ့ရဲ့ထားပါသေးသည်။ ခပ်ကြမ်းကြမ်း ခပ်ရိုင်းရိုင်း သွင်ပြင်မျိုးကို ပုံဖော်ထားခြင်း ဖြစ်ပါသည်။ ခါးတောင်း ကျိုက်ရာတွင် ခါးနောက်မှာ ပုဆိုးစကိုညှပ်ပြီး အပြင်သို့ ပြန်ချထားသောအစကို 'ခါးတောင်းမြီး'ဟု ခေါ်သည်။ အမြီးကဲ့သို့ တန်းလန်းကလေးနေသောကြောင့် ဖြစ်သည်။ 'ပြေးလိုက်တာ ခါးတောင်းမြီးကို တန်းနေတာပဲ'ဟု အချို့ သုံးကြသည်။ ပြေးနေစဉ် ခါးတောင်းမြီးကလေး လေဟုန် ဖြင့် တလွင့်လွင့်တန်းနေပုံကို ပုံဖော်ခြင်းဖြစ်ပါသည်။ ရွှင်မြူးစရာ ပုံသွင်မျိုး ဖြစ်ပါသည်။

ခါးတောင်းကျိုက်ခြင်းသည် မြန်မာ့နန်းဓလေ့နှင့် လည်း ဆက်နွှယ်နေသေးသည်။ ရှေးက မင်းညီမင်းသား များ ခါးတောင်းကျိုက်နည်းနှင့် စစ်သည်သူရဲများ ခါး

''ကုန်းဘောင်ခေတ်တွင်မူ ခါးတောင်းကျိုက်ကို ''အောက်ပိုးကျိုက်'' ဟူ၍လည်း ခေါ်လေ့ရှိသည်။ တစ်ခါတစ်ရံ ''နောက်ပိုးကျိုက်'' ဟူ၍လည်း ခေါ်လေ့ရှိကြောင်း တွေ့ရသည်။''

“ မြန်မာမင်းများလက်ထက်က လွှတ်တော်ပေါ်သို့ အမိန့်တော်ခန့်ဗိုလ်မှတစ်ပါး အခြားမည်သူမျှ ခါးတောင်းကျိုက်လျက် မတက်ရဟူသော စည်းကမ်းရှိကြောင်းလည်း မှတ်သားရပါသေးသည်။ ”

တောင်းကျိုက်နည်းဟူ၍ နှစ်နည်းရှိကြောင်း ဆရာကြီး ဦးချမ်းမြက မိန့်ဆိုဖူးသည်။ မင်းညီမင်းသားများက ပုဆိုးကို ပွပွရွရွထားပြီး ခါးတောင်းကျိုက်လေ့ရှိကြသည်။ စစ်သည်သူရဲများကမူ ပိတုန်းများ မိမိတို့အိမ်ကို တင်းတင်းကျပ်ကျပ် ပိတ်ဆို့ထားသကဲ့သို့ ပုဆိုးကို တင်းကျပ်ပြီး ပိတ်နေအောင်လိပ်၍ ခါးတောင်းကျိုက်ကြသည်။ ထို့ကြောင့် ထိုခါးတောင်းကျိုက်နည်းကို ‘ပိတုန်းပိတ်’ ကျိုက်နည်းဟု ခေါ်ကြသည်ဟူ၍ မှတ်သားရပါသည်။ ဦးပုညက အချုပ်တန်းဆရာဖေကို တေးထပ်ဖြင့် တိုက်ခိုက်ရာ၌ ‘ခါးတောင်းကျိုက် ပိတုန်းပိတ်နှင့် ကျုံးထိပ်က ငဖေ၊ ကုန်းပြိတ္တာတစ္ဆေလို အသေရေဟိတ်နွမ်း’စသည့်ဖြင့် သရုပ်ဖော်ထားသည် မဟုတ်ပါလော။

ထို့ပြင် မြန်မာမင်းများလက်ထက်က လွှတ်တော်ပေါ်သို့ အမိန့်တော်ခန့်ဗိုလ်မှတစ်ပါး အခြားမည်သူမျှ ခါးတောင်းကျိုက်လျက် မတက်ရဟူသော စည်းကမ်းရှိကြောင်းလည်း မှတ်သားရပါသေးသည်။

မြန်မာမင်းက အထူးသဖြင့် သဒ္ဒါယုံကြည်တော်မူသောသူကို ‘လက်သုံးတော်ကြီးကိုင်’ဟူ၍ ခန့်သည်။ ဒုတိယအရွယ် မှူးမတ်ဗိုလ်အရာရှိထဲမှလည်းကောင်း၊ အမျိုးအနွယ် စင်ကြယ်သော မှူးရိုးမတ်ရိုးထဲမှလည်းကောင်း ခန့်ထားခြင်းဖြစ်သည်။ ထိုလက်သုံးတော်ကြီးကိုင်တို့မှာ အနားကြယ်ထိုး၊ ကတ္တီပါစိမ်းထိုင်မသိမ်းအင်္ကျီနှင့် ရွှေကျင်ခပ်ပဝါစိမ်း ပေါင်းရသည်။ အနားကြယ်ထိုးကတ္တီပါစိမ်း ဒူးထိဘောင်းဘီတိုပေါ်တွင် လွန်းများပုဆိုးကို အောက်ပိုးခါးတောင်းကျိုက်ဖြင့် အမြဲဝတ်ဆင်၍ ခစားရသည်။ လက်သုံးတော်ကလေးတို့မှာလည်း ထိုနည်းတူ အနီရောင်ဝတ်ဆင်ရပြီး အနားငွေဇာဖျင်သတ် ဒူးထိဘောင်းဘီပေါ်တွင် လွန်းများပုဆိုးကို ခါးတောင်းအောက်ပိုးကျိုက်လျက် ခစားရသည်။ ဘုရင့်ရှေ့တွင် အမြဲခါးတောင်းကျိုက်ခွင့်ရသူများ ဖြစ်သည်။

ထိုသို့ခွင့်ရသူမဟုတ်ဘဲ ဘုရင့်ရှေ့မှာ ခါးတောင်းကျိုက်မိပါက ပြဿနာဖြစ်တတ်ပုံကိုလည်း လှိုင်ထိပ်ခေါင်တင်၏ ဝိဇယကာရီ နန်းတွင်းဇာတ်တော်ကြီးတွင် တွေ့ရဖူးသည်။ ဝိဇယကာရီမင်းသားသည် မြင်းစီးလာပြီး မြင်းပေါ်ကဆင်းလာသောအခါ မေ့လျော့၍ ခါးတောင်းကျိုက်တော်ကို မဖြုတ်မိဘဲ သန်လျက်ကိုင်ကာ ဘုရင့်ရှေ့ဝင်မိရာ ဘုရင်က သူ့ကိုသတ်ရန်လာသည်ဟု အထင်မှားသည့် ဇာတ်ကွက်တစ်ကွက် ပါဝင်ပါသည်။

ရှေးက မြန်မာအမျိုးသားတို့၏ ယောကျ်ားပီသသော အသွင်ကို ပုံဖော်မည်ဆိုလျှင် ခါးတောင်းကျိုက်နှင့် ထိုးကွင်းမင်ကြောင် ပါမြဲဖြစ်သည်။ ဘောင်းဘီအောက်ခံပေါ်တွင် ခါးတောင်းကျိုက်ထားပြီး ကော်ရစ်ခေါ် မင်ကြောင်များနှင့် တင့်တယ်နေသော မင်းမှူထမ်းအသွင်ကို ‘စွပ်ဘီဘောင်း ခါးတောင်း မင်ကော်ရစ်ကယ်နှင့်’ဟူ၍လည်းကောင်း၊ ခြင်းလုံးခတ်နေသောအသွင်ကို ‘ခါးတောင်းရယ်မြှောင်၊ မည်းမှောင်တဲ့ သျှောင်စောင်း၊ ပျိုလေးတို့ ရေခပ်ဆင်းကို ခြင်းခတ်လို့ချောင်း’ဟူ၍လည်းကောင်း ကဗျာဖွဲ့ခဲ့ကြပါသည်။

ခါးတောင်းကျိုက်သည့် အလေ့သည် မြန်မာ့ဇာတ်သဘင်တွင်လည်း နေရာယူလျက်ရှိသည်မှာ ယခုတိုင်ပင်ဖြစ်ပါသည်။ မင်းသားများ ခါးတောင်းကျိုက်၍ ကကြသည်မှာ ရှေးရာမ၊ အီနောင်စသည့် နန်းတွင်းဇာတ်ကြီးများမှာကတည်းက ဖြစ်သည်။ ရတနာပုံခေတ် မင်းသားများသည် ဗလာပုဆိုးကို ကြက်မြီးခါးတောင်းကျိုက်၍ ထိုင်မသိမ်းအင်္ကျီဝတ်ပြီး ရင်အုံနှင့်လည်တိုင်မှာ ဆေးနီ

ထိုးလေ့ရှိကြောင်း သိရသည်။ ခါးတောင်းကျိုက်ပြီးနောက် ကြက်မြီးကဲ့သို့ အမြီးကလေးချထားခြင်း ဖြစ်သည်။

မြန်မာ့သဘင်တွင် 'ခါးတောင်းကျိုက်မင်းသား' ဟု ခေါ်သော မင်းသားလတ်များ ပေါ်ပေါက်လာခဲ့သည်။ အသက်ကြီး၍ဖြစ်စေ၊ အသံပျက်၍ဖြစ်စေ တစ်ခုခုချွတ်ယွင်းသဖြင့် မင်းသားနုလည်းမက မင်းသားကြီးလည်းမကျ ထိုစပ်ကြားမှာ ခါးတောင်းကျိုက် မင်းသားလတ်ဟုလည်း ပေါ်ပေါက်ခြင်းဖြစ်သည်။ မင်းသားကြီး ဦးစိန်ကတုံး ဆိုလျှင် များသောအားဖြင့် 'ခါးပုံချမင်းသား' အဖြစ် ညက်ညက်ညောညော ကပြလေ့ရှိသော်လည်း မမာမကျန်းဖြစ်ပြီး မင်းသားလတ်အသွင်ဝတ်ဆင်ပြီး မြူးမြူးသွက်သွက်ကခဲ့ရာ နှစ်သက်သဘောကျသဖြင့် ဦးစိန်ကတုံးကို တပည့်ခံသော ခါးတောင်ကျိုက်မင်းသားလတ်များ သူ့ထက်ငါ ပေါ်ထွန်းခဲ့သည်ဟု ဆိုပါသည်။

မင်းသားများ ပုဆိုးဝတ်ရာ၌ (ခါးပုံတင်လူယဉ်၊ ခါးပုံထိုးလူရိုး၊ ခါးတောင်းကျိုက်လူမိုက်'ဟူ၍ ဆိုရိုးရှိသော်လည်း ဇာတ်မင်းသားကြီး ဦးဖိုးစိန်သည် ခါးတောင်းကျိုက်နှင့်လိုက်အောင် ခြေကအမျိုးမျိုးထွင်၍ ကြည့်ကောင်းအောင် ကနိုင်ခဲ့သဖြင့် အချို့မင်းသားများ ခါးတောင်းကျိုက်နှင့် လိုက်ကကြကြောင်း ဆရာကြီးဦးဂုဏ်ဘဏ်က မိန့်ဆိုခဲ့ဖူးပါသည်။

ဤသို့ဖြင့် ခါးတောင်းကျိုက်ခြင်းသည် အားကြိုးမာန်တက် သဘောကိုဆောင်သော မြန်မာမှုတစ်ခုဖြစ်နေသည့်အလျောက် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ တက်ကြွသော ဇာတိမာန်စိတ်ဓာတ်ကို ဆရာဇော်ဂျီက 'စိတ်ခါးတောင်းကျိုက်'ဟူ၍ တင်စားခဲ့ဖူးပါသည်။ လုပ်မတွဲ့ ကိုင်မတွဲ့ဟူသော တက်ကြွသည့်သဘောကို ပြသော တင်စားချက်ပင်။

မြန်မာစကားပုံများထဲတွင် 'ခါးတောင်းကျိုက်တလွဲ တင်မလွဲ' 'ခရုခါးတောင်းကျိုက်ဖမ်းသည်' ဟူသော စကားပုံများ ပါဝင်နေခြင်းကလည်း မည်မျှအသားကျအနည်ထိုင်နေသော မြန်မာမှုတစ်ရပ်ဖြစ်ကြောင်း သက်သေပြနေပါသည်။

ခါးတောင်းကျိုက် ယဉ်ကျေးမှုသည် စိတ်ဝင်စားဖွယ် မြန်မာမှုတစ်ခု ဖြစ်ပါပေသည်။

မောင်ခင်မင် (မနုဖြူ)



## မေတ္တာပန်းနှင့် သစ္စာစမ်း

တို့ညီနောင် တိုင်းရင်းသား
ရိုင်းပင်းအား ပမာညီ၊
ပန်းပေါင်းတွေ မြမြသင်း
လှလှခင်းတည်။

တို့ညီနောင် တိုင်းရင်းသား
ရိုင်းပင်းအား ပမာညီ၊
စမ်းချောင်းရေ ငြိမ့်ငြိမ့်ပြေး
စိမ့်စိမ့်အေးတည်။

သွေးနှံ့တို့ ဝေးသန့်ပြီ
မွေးပျံ့စီ မေတ္တာပန်း၊
အမုန်းဝေးလို့ ပြုံးတေးသီ
နှလုံးအေးကြည် သစ္စာစမ်း၊
ဤကမ္ဘာတည်ကြာ မှန်းပါလို့
မီမခွာ ကြည်သာလမ်းမှာလ
လီခါခါ စည်ဖြာလှမ်းကြမယ်
ညီတညာရည်မှာ တမ်းရယ်နဲ့
ပြည်မြန်မာနန်း။ ။

ကနောင် နိုင်နွယ်ကြီး



# ရင်ဘွဲ့ကိုင်နားဇေ

## ထီလာကျော်

ကျွန်ုပ်သည် ပညာရေးဌာနသို့ စဝင်ဝင်ချင်း ကယား ပြည်နယ်၊ ဖရူဆိုမြို့နယ်၊ ဟိုယာအုပ်စုအတွင်းမှ ဒိုခိုမိုရွာ လေးတွင် တာဝန်ကျသည်။ ကယားလူမျိုးများနေထိုင်ရာ ရွာလေးဖြစ်သည်။ ခရစ်ယာန်ဘာသာ ကိုးကွယ်ကြသည်။ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးလုပ်ငန်းဖြင့်သာ အသက် မွေးဝမ်းကျောင်းပြုကြသည်။ မြို့နှင့် ၃၄ မိုင်ဝေးကွာပြီး ခြေကျင်ခရီးဖြင့်သာ အဆက်အသွယ်ပြုရသည်။ မြို့ပေါ် မရောက်ဖူးသေးသူကပင် လူဦးရေထက်ဝက်ကျော် ဖြစ်သည်။

အနီးဝန်းကျင်တွင် အထက်ဘီသူကျေးရွာ၊ အောက်ဘီ သူကျေးရွာ (သံတောင်မြို့နယ်၊ ကရင်ပြည်နယ်)၊ ဘီယာ ကျေးရွာ၊ ဒိုရောကျေးရွာ၊ ဟိုယာကျေးရွာတို့ ရှိသည်။ တစ်ရွာနှင့်တစ်ရွာကလည်း နီးလှသည်မဟုတ်။ ငါးမိုင်၊ ခြောက်မိုင်ဝေးကြသည်။ အထက်ဘီသူကျေးရွာကတော့ အနီးဆုံးဖြစ်သည်။ နှစ်မိုင်ကျော်ကျော်ပဲဝေးသည်ဟု ဆို သည်။ ထိုအနီးဆုံးရွာမှအပ ကျန်ရွာများအားလုံး ရောက်ခဲ့ ဖူးသည်။

ထိုအနီးပတ်ဝန်းကျင်ရွာများရှိ ကယားလူမျိုးများကို ကျန်ကယား (အခြားမျိုးနွယ်များအပါအဝင်) က ပရဲ့ လူမျိုးဟု ခေါ်ကြသည်။ ပရဲ့လူမျိုးတွေဟာ အလွန်တရာ ညစ်ပတ် (စိတ်ထားကို ဆိုလိုခြင်းမဟုတ်) သည်။ ရေချိုး ရမှာ ကြောက်ကြသည်။ တစ်ပတ်တွင် တစ်ရက်ရေချိုးသူ ဟာ အသန့်ရှင်းဆုံးဟု ဆိုကြသည်။ မိုးရေစိုလာသော အဝတ်များကို လဲလှယ်ခြင်းမပြုကြပေ။ မီးဖိုဘေးတွင် ခြောက်အောင်လုပ်လိုက်သည်။ တစ်နည်းအားဖြင့် မီးလှုံ၍ အဝတ်ကို ခြောက်စေခြင်းဖြစ်သည်။

သူတို့နေထိုင်ရာအိမ်များကို အိမ်တစ်လုံးစာမြေညှိ၍ ဆောက်လုပ်ထားကြခြင်း ဖြစ်သည်။ တစ်အိမ်နှင့်တစ်အိမ် သည် အနိမ့်အမြင့်ဖြစ်နေသည်။ ခြေတံရှည်အိမ် ဆောက် လုပ်နေထိုင်ကြသည်။ အောက်တွင် အိမ်မွေးတိရစ္ဆာန်များ ထားကြလေသည်။ ထင်းများ သိုလှောင်ထားကြသည်။ ထင်းလှောင်ထားရာတွင် တစ်နှစ်စာသာမက အချို့ဆိုလျှင် လေးငါးနှစ်စာအထိရှိသည်။ တောင်ယာလုပ်သည့် တောင်

နှင့်ရှာနီးသည့်အခါ များများစုထားနိုင်သည်။ ဝေးသည့်အခါ များများမသယ်နိုင်ကြပေ။

နေအိမ်သည် အခန်းကာရံထားသည်မျိုး သိပ်မတွေ့ရပေ။ အိမ်အလယ်တည့်တည့်တွင် မီးဖိုရှိသည်။ မီးဖိုတွင်ကား မီးပြတ်သည့်အခါ သိပ်မရှိ။ ၂၄ နာရီပတ်လုံး ရှိသည်။ ရေများ သယ်ယူရာတွင်လည်းကောင်း၊ သိုလှောင်ရာတွင်လည်းကောင်း ဝါးဆစ်ဘူးများဖြင့် အသုံးပြုကြသည်။ ခေါင်ရည်သောက်သည့် မှုတ်ကိုပင် ဝါးဆစ်ခွက်ဖြင့် ပြုလုပ်ထားသည်။ ခေါင်ရည်တွင် မုတ်ခေါင်နှင့် ခေါင်းကျရည် နှစ်မျိုးရှိသည်။ မုတ်ခေါင်ကတော့ အိမ်တိုင်းပေါပေါများများရှိသည်။ ဧည့်သည်လာလျှင် ခေါင်ရည်ဖြင့်သာ ဧည့်ခံသည်။ လူတွေသောက်ပြီးသော ခေါင်းဖတ်ကို ဝက်ကျွေးကြသည်။ အိမ်တိုင်းလိုလို ဝက်မွေးကြသည်။ မွေးသည့်ဝက်ကတော့ မာကျစ်ကျစ် သေးသေးလေးများဖြစ်သည်။

ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးတို့တွင် အစစအရာရာနောက်ကျသည်။ မူလတန်းပညာကိုပင် ကျေးရွာတွင် မူလတန်းကျောင်းဖွင့်လှစ်ပြီး ဆရာ၊ ဆရာမ မရောက်ရောက်အောင်ပို့၍သာ သင်ဖြစ်သည်။ အလယ်တန်းပညာဆက်သင်ဖို့ပင် အတော်ခက်ခဲလှသည်။ ရွာကြီး၍ အလယ်တန်းတိုးမြှင့်ဖွင့်ပေးသော ရွာမှကလေးများသာ အလယ်တန်းပညာ သင်ယူခွင့်ရရှိသည်။ အခြားသောရွာမှ ကလေးများသည် တစ်ယောက်စ နှစ်ယောက်စ အလယ်တန်းပညာ သင်ယူခွင့်ရသည်။ ကျွန်ုပ်ရောက်ရောက်ချင်းလမှာနှစ်လအတွင်း လူ ၁၃ ယောက်သေ၍ အတော်ပင်ကြောက်သွားသည်။ ပြန်ပြေးချင်စိတ်ပေါက်လောက်အောင်ပင် ဖြစ်သည်။ မဖြစ်ခံနိုင်ရိုးလား သေဆုံးသူအရေအတွက်မှာ ရွာရှိလူဦးရေ၏ ၁၀ ရာခိုင်နှုန်းနီးပါးဖြစ်သည်။

အမည်များမှည့်ခေါ်ရာတွင် ယောက်ျားလေးများသည် အီဖြင့်အဆုံးသတ်သည်က များသည်။ လင်းအီ၊ ဆာအီ၊ ရှူးအီ၊ ခလိုးအီ၊ မာဖလိုအီ၊ ဖူခေတ်အီ၊ မာကလိုအီ၊ မာဆူအီ၊ မိုးအီ၊ သိုးအီ၊ တိုးတိုးအီ အစရှိသည်တို့ဖြစ်သည်။ ခွဲထွက်သော အမည်များလည်း ရှိသည်။ လွဲအီ၊ လူကာ၊ အာလေရှိ၊ ဘော်ရင်းရှီးပို သည်မျိုးဖြစ်သည်။ မိန်းကလေးအမည်များတွင် ဘူနှင့်အဆုံးသတ်သည်က များသည်။ မိုဖူးဘူ၊ မိုလင်းဘူ၊ မိုသားဘူ၊ ထားဘူတို့ဖြစ်သည်။ အငယ်ပိုင်းတွင်တော့ ခွဲထွက်အမည်များ မှည့်ကြသည်။ ဆယ်လခီဇာတ်၊ သိုလိုဥ၊ ရယ်တဲ့ကာတို့ ဖြစ်ကြသည်။ နှစ်ပေါင်း ၃၃ နှစ်ကျော်ဝေးကွာပြီမို့ ယခုနောက်ပိုင်းအမည်ဆန်းများ မှည့်ခေါ်နေလောက်ပါပြီ။

အမျိုးသမီးများသည် ဒူးအောက်တွင်လည်းကောင်း၊ လည်ပင်းတွင်လည်းကောင်း ကြေးကွင်းများစွပ်ကြသည်။ လုံချည်မှာ တစ်နံထည်သာ ဝတ်ဆင်လေ့ရှိကြသည်။ မျက်မှောက်ခေတ်တွင်တော့ ကြေးကွင်းစွပ်သည်တို့ လျော့နည်း (အချို့နေရာများပပျောက်) နေပြီဖြစ်ပေသည်။ အသက် ၇၀ ကျော်ဆိုသည်မျိုး မတွေ့ဖူးပေ။ ကျန်းမာရေးအတွက် ဆေးဝါးကုသခံရမှု မရှိသလောက်ပင် ဖြစ်သည်။ ရေးရိုးအတိုင်း အရွက်၊ ပင်စည်စသည်တို့ ပြုတ်သောက်သည်။ ပြုတ်ရေဖြင့် ရေချိုးသည်။ ဤသို့ဖြင့်သာ အသက်ရှင်ကြရသည်။

ကုန်ပစ္စည်းချင်း လဲလှယ်ခြင်းဆိုသည့် အချက်ကတော့ ကယောလူမျိုးတို့အတွက် ထားခဲ့သောစကားလုံးဟူပင် ဆိုနိုင်မည်ထင်သည်။ အဝတ်အစားအပါအဝင် လိုအပ်သည့်ပစ္စည်းများကို ကြံ့၍ယူထားသည်။ စပါးပေါ်သည့်အခါမှ ပေးကြရသည်။ စပါး၊ ဆန်တို့ကို ပြည်၊ တင်းများဖြင့် မချိန်တွယ်ပါ။ ပုံးဖြင့်သာ ချိန်တွယ်သည်။ တစ်ပုံးကို ရှစ်ပြည်ဟု ပြောကြသော်လည်း အမှန်မှာ ဆယ်ပြည်ရှိသူဟု ဆိုကြသည်။

"ခေါင်ရည်တွင်
မုတ်ခေါင်နှင့်
ခေါင်ကျရည် နှစ်မျိုးရှိသည်။
မုတ်ခေါင်ကတော့
အိမ်တိုင်း ပေါပေါများများရှိသည်။
ဧည့်သည်လာလျှင်
ခေါင်ရည်ဖြင့်သာ
ဧည့်ခံသည်။"

> “ယောက်ျားအများစုသည်
> တောင်ယာခုတ်ချိန်၊ စူးတိုးချိန်နှင့်
> စပါးရိတ်သိမ်းပြီး
> သယ်ယူချိန်လောက်သာ
> အလုပ်လုပ်ကြသည်။
> ကျန်အချိန်များတွင်
> ကလေးထိန်း၊ ထမင်းချက်နှင့်သာ
> အချိန်ကုန်နေတတ်သည်။”

ကယောလူမျိုးတို့သည် ဆီမစားကြပေ။ အချို့ဆိုလျှင် ဆီကိုပင် မမြင်ဖူးကြပေ။ ယောက်ျားအများစုသည် တောင်ယာခုတ်ချိန်၊ စူးတိုးချိန်နှင့် စပါးရိတ်သိမ်းပြီး သယ်ယူချိန်လောက်သာ အလုပ်လုပ်ကြသည်။ ကျန်အချိန်များတွင် ကလေးထိန်း၊ ထမင်းချက်နှင့်သာ အချိန်ကုန်နေတတ်သည်။ တူမီးသေနတ်ဖြင့် သားကောင်ပစ်သည့်အလုပ်ကို တော့ လုပ်ကြသည်။ အများဆုံးရတတ်သော သားကောင်မှာ ချေ(ဂျီ) ဖြစ်သည်။ တောဝက်၊ ခွေးတူဝက်တူများကတော့ ဒုတိယအများဆုံးဖြစ်သည်။ ကျား၊ ဝက်ဝံတွေကတော့ ဝေးဝေးနေမှ ရတတ်သည်။ တချို့လည်း ဝက်ဝံ၊ ကျားများနှင့် သတ်ပုတ်ရင်း အသက်ပေးသွားရသူတွေလည်း ရှိတတ်ပေသည်။

နာရေးရှိလျှင် အသားပေါ်၍ ကျွေးတတ်သည်။ ကျွေးသည်ဟုဆိုသော်လည်း ချက်ပြုတ်ကျွေးနေခြင်းမဟုတ်။ နာရေးကူငွေထည့်လျှင် အသားစိမ်းပြန်ပေးခြင်းဖြစ်သည်။ ကျွန်ုပ်သည် နာရေးကို ငွေငါးကျပ်ကူရာ လက်မခံပေ။ ထိုစဉ်က လစာငွေမှာ နှစ်ရာ့တစ်ဆယ် (လစာရင်း ၁၅၀/-) သာရသော ကာလဖြစ်သည်။ ငွေတစ်ကျပ်သာ လက်ခံသည်။ အများဆုံး အကူငွေတစ်ကျပ်သာ လက်ခံသည်ဟု ဆိုသည်။ အကြောင်းအရင်းကို မေးကြည့်သော အခါ အသားပြန်မပေးနိုင်၍ဟု ဆိုသည်။

ကယောစကားများကို စာရေးသူမှတ်မိသ၍ ဖော်ပြရသော် -

| | |
|---|---|
| နာ့မောတို့စီပေါ့ကီ | (ထမင်းစားပြီးပြီလား) |
| လူတော်သောလူ | (ဖရုံရွက်) |
| စပလု | (မုန်ညင်းရွက်) |
| စပေါ့ | (မျှစ်) |
| စပလူရှေ့ | (မုန်ညင်းချဉ်) |
| ပေါ့ရှေ့ | (မျှစ်ချဉ်) |
| ပရယ်မောဖူးစ | (အပျိုမ) |
| အဆိုးလှ | (သိပ်လှတယ်) |
| အာရှိသို့ | (မရှိဘူး) |
| သို့ | (မ … ဘူး) |
| ဆိုများ | (ဆရာ) |
| ဆိုရာမို | (ဆရာမ) |
| နာ့တယ်ဝ့ါသိုဂျေ့ | (ဘယ်ကပြန်လာသလဲ) |
| လူစီး | (လူသေ) |
| ထူ | (ခွေး) |
| ထို့ | (ဝက်) |
| အူ | (နွား) |
| အနံ့ | (ကျွဲ) |
| မဟူစော်ယူန | (နင့်ကို ငါချစ်တယ်) |
| ရိုမိ | (အိပ်ပြီ) |
| ဟော့ရာမဲ့သဲ့သဲ့ | (ဒါဘာလဲ) |
| အယ်လဟု | (အပေါ်) |
| အယ်လော်အ | (အောက်) |
| သရိ့မို့ | (ရှေ့) |
| ကော့လိ | (နောက်) |
| ဟာရ | (ထင်း) |
| အမိ | (ချိုသည်/စားကောင်းသည်) |

အစရှိသည်တို့ဖြစ်သည်။

ကျွန်ုပ်သည် ထိုရွာလေးတွင် တာဝန်ကျစဉ် ရေချိုးရမှာကို ကြောက်နေသော သူတို့အကျင့်ကို ပြင်ပေးနိုင်ခဲ့သည်။ လူငယ် လွယ်လွယ်ကူကူနှင့် ပြင်၍ရခဲ့ခြင်းတော့ မဟုတ်။ ခက်ခဲသည့်အပြင် ငွေကြေးပါ စိုက်ထုတ်ရသေးသည်။ ထိုစဉ်က သမဝါယမခေတ်မို့ ကျေးရွာများအတွက် လစဉ်အသုံးအဆောင်ပစ္စည်းများ ထုတ်ပေးရသည်။ ထိုအထဲတွင် ရွှေဝါဆပ်ပြာက လတိုင်းပါသည်။

ဟိုယားကျေးရွာအုပ်စုအတွက် တာဝန်ခံသည့် ဦးမောင်လွင် (ဘီယာရွာသား) ဖြစ်သည်။ ထိုအထဲမှ ရွှေဝါ ၅ ပိုင်းကို ထုတ်ဈေးဖြင့်ပေးရန် ဆောင်ရွက်မည့် အစီအစဉ်ပြောပြီး တောင်းသည်။ ဦးမောင်လွင်ကလည်း ပေးခဲ့ပါသည်။

ကျောင်းသားကျောင်းသူအားလုံးကို တစ်ပတ်လျှင် နှစ်ကြိမ်မပြစ်မနေ ရေချိုးရန်အတွက် စည်းမျဉ်းချသည်။ အင်္ဂါနှင့် သောကြာနေ့များတွင် ရေချိုးရသည်။ ကျွန်ုပ်သည် ယောကျ်ားလေးများကို ရွာလယ်ရှိ စမ်းချောင်းတွင် ချိုးစေပြီး၊ မိန်းကလေးများကိုမူ မဟေသီနှင့်အတူ ရွာအစွန်ရှိ စမ်းချောင်းတွင် ချိုးစေသည်။ ဘီးစိပ်ပါ ဝယ်ထားပြီး ခေါင်းတွင်းရှိ သန်းများကိုပါ တိုက်ချစေသည်။ သူတို့တွင် ပေါများလှသော ခေါင်းသန်း၊ အဝတ်သန်းတို့ ကင်းစင်ပျောက်ကုန်သည်။ အစီအစဉ်အစတွင် ဖျားသည့်ကလေးတို့ရှိကြသည်။ ပါယာစီတမော့ဆောင်ထားပြီး ဆေးပါတိုက်ရသေးသည်။ နောက်တော့ ရေချိုးကျင့်ရသွားကြသည်။ ကလေးများသာမက လူငယ်လူရွယ်အတော်များများပါ လိုက်ပါဆောင်ရွက်ကြ၍ အောင်မြင်သည်ဟု ဆိုနိုင်သည်။

ကျောင်းသား ကျောင်းသူများသည် ဗိုက်ပူနံကားလေးများ ဖြစ်ကြသည်။ အကြောင်းမှာ သန်ကောင်များ ရှိနေသောကြောင့်ဖြစ်သည်။ မြို့နယ်ကျန်းမာရေးဌာနမှ အကူအညီတောင်းခံကာ သန်ချဆေးများရယူခဲ့ပြီး ကလေးများကို တိုက်သည်။ အကောင် ၂၀ ကျတယ်။ ၅ ကောင်ကျတယ်နဲ့ ပြောကြတယ်။ မကျသူဟူ၍ မရှိ။ သံချဆေးသည် ယခုကဲ့သို့ တစ်လုံးတည်းသောက်ရသောဆေး မပေါ်သေး။ အလုံးရေများစွာ သောက်ရသော ပိုက်ပါရာဇင်းများဖြစ်သည်။ ဆရာဝန် ဆရာမ ညွှန်ကြားသည့်အတိုင်း တိုက်ရသည်။

စာမတတ်သည့် စာတတ်လိုသော လူငယ်များကို ညဦးပိုင်းနှင့် တနင်္ဂနွေနေ့များတွင် အသုံးလုံးအခြေခံများ သင်ပေးဖြစ်သည်။ နောက်ပိုင်းရေးတတ်၊ ဖတ်တတ်ဖြစ်လာကြသည်။ သူတို့လေးတွေရဲ့ ပိတ်နေသော မျက်စိ၊ နားတို့ကို ဖွင့်ပေးနိုင်ခဲ့၍ အတိုင်းမသိ ဝမ်းသာမိသည်။ ဖတ်သင့်သည့် စာအုပ်၊ စာစောင်များကိုလည်း ပေးဖတ်ဖြစ်သည်။ အများဆုံးကတော့ ပညာရေးဌာနမှ အခမဲ့ဖြန့်ဝေသည့် ပညာတန်ဆောင်မဂ္ဂဇင်း ဖြစ်ပေသည်။

ရွှေပြောင်းတောင်ယာ စိုက်ပျိုးရေးအစား တစ်နေရာတည်းတွင် နှစ်စဉ်စိုက်ပျိုး၍ရကြောင်းကို ကိုယ်တိုင်စိုက်ပျိုး၍ သက်သေပြခဲ့သည်။ ပေ ၂၀၊ ၁၀ ပေမျှသော မြေကွက်လပ်ကို ကိုယ်တိုင်ခြကာ မြေပြုပြင်ပြီး စိုက်ပျိုးပြခဲ့သည်။ ခရမ်း၊ ခရမ်းချဉ်၊ တိုင်ထောင်ပဲ၊ ကြက်ဟင်းခါး၊ ဘူးတို့ဖြစ်သည်။ သူတို့ဒေသမှရသော မုန်ညင်းလည်းပါသည်။ မြေသြဇာအဖြစ် ဝက်ချေးကို အသုံးပြုသည်။ ဝက်ချေးကို မြေသြဇာအဖြစ် သုံးရကောင်းမှန်းပင် မသိကြပေ။ စိုက်ပျိုး၍ အမှန်တကယ်ဖြစ်ထွန်းလာတော့ သူတို့အံ့သြကြသည်။

မိမိတို့ငွေကြေးဖြင့်ပင် ခရစ်စမတ်နေ့၌ တစ်ရွာလုံးကို အလှူပုံစံမျိုးဖြင့် ကျွေးမွေးဖြစ်သည်။ အာလူးနှင့်ဝက်သား ရောက်ချဉ်သုပ်၊ ငါးပိကြော်တို့ဖြင့်ကျွေးရာ ခေါင်းမဖော်တမ်းစားကြသည်။ ဆီနဲ့ချက်သည့်ဟင်းကို ပထမဦးဆုံး စားဖူးသည်ဆိုသူများက လူဦးရေ၏ သုံးပုံနှစ်ပုံမျှရှိသည်။ မြို့နှင့်အဆက်အသွယ်ရှိသူများသာ ဆီစားဖူးကြသည်။

မိမိလေ့ကျင့်ပေးခဲ့သည့် ရေချိုးသန့်စင်တတ်ခြင်း၊ တတ်ပြီးစာများ မမေ့ပျောက်စေရန်နှင့် ဗဟုသုတရစေရန် စာဖတ်စေသည့် အလေ့အထ၊ တစ်နေရာတည်း နှစ်စဉ်စိုက်ပျိုး၍ ရသည်ဟူသော အသီးတို့လည်းကောင်း ရင်၌ အမြဲကိန်းအောင်းနေပါစေဟုလည်း ဆုတောင်းမိပါသည်။

ကျွန်ုပ်ရင်၌လည်း ကိန်းအောင်းနေသည့် အရာတစ်ခု ရှိပါသည်။ မိန်းမပျိုလေးများ နှစ်လနီးပါးသင်ပေးသည့် ကယောတေး သီချင်းတစ်ပုဒ်ဖြစ်ပါသည်။ ထိုသီချင်းလေးဖြင့် ကျွန်ုပ်၏စာမူကို အဆုံးသတ်လိုက်ပါမည်။

အို အယ်လေမို့
ဟော့သော်နာသူတို့ဝါ
နသရိုပါ နာ့မချိဟော့သော်
ဖယ်ရာဟော့သား … ရှီမော်
ဟော့ခေါ် ဟော့ခေါ် … စော်ပထော်
ဟော့ပေါ်ကျော်လာနာ နာရာအို
ရှီမီပလာစ ရှီမီပလာနီဘူ
ထူမှုဟော်လေ လမ့်မဲ့ဟေ
(လမ့်မဲ့ဟေ အစား၊ သရမဲ့မဲ့ဟုလည်း ဆိုနိုင်သည်)

**ထီလာကျော်**

**(ဒိုမိုခိုကျေးရွာ အမှတ်တရ ရေးဖွဲ့ပါသည်)**

# ရှေးခေတ် ပလောင်လူမျိုးတို့၏ ဘာသာဝေလေ့ ထုံးတမ်းစဉ်လာများ



**ပန်းအောင်(ကလော)**

ကလောဟူသော အမည်သည် ပလောင်တိုင်းရင်းဘာသာဖြစ်ပြီး ဇလုံဟု အဓိပ္ပာယ်ရသည်။ ရှေးကာလက ရှမ်းတိုင်းရင်းသားများ နွားလှည်းစခန်းချရာနေရာတွင် တည်ထားခြင်း ဖြစ်သည်။ ကလောသည် ဇလုံကဲ့သို့ မှိုင်းလုံးတောင်၊ အိုးစည်တောင်၊ မနော်လှတောင်၊ ကဆုန်တောင်၊ ရွှေမင်းပုန်းတောင်များ ဝန်းရံလျက် ချိုင့်ဝှမ်းသဏ္ဍာန်ဖြစ်နေသောကြောင့် ကလော (ဇလုံ) ဟု အမည်တွင်ခဲ့ခြင်း ဖြစ်ဟန်ရှိ၏။

ဗြိတိသျှကိုလိုနီခေတ်က ကလောမြို့နှင့်ပတ်သက်၍ စာရေးဆရာ မောရစ်ကောလစ်က သူရေးသားခဲ့သော Lorel of the Sunset စာအုပ်တွင် "တောင်ကြား၏ အလယ်တွင် မီးရထားဘူတာရုံ၊ ဈေးဆိုင်များနှင့် ဈေးကြီးတစ်ခုရှိသည့် မြို့ကလေးတစ်မြို့ ရှိနေသည်။ မြို့ကလေး၏ တောင်စောင်းများတွင်ကား ပန်းခြံများနှင့် အင်္ဂလန်ဘန်ဂလိုအိမ်များက အစီအရီရှိနေကြသည်။ လမ်းများတစ်လျှောက်တွင်ကား ထင်းရှူးပင်များသည် ပန်းခြံကြီးတစ်ခုတွင် စနစ်တကျစိုက်ပျိုးထားသည့်အလား သေသပ်စွာ စီတန်းလျက်ရှိနေသည်။ ကလောမြို့ကား တကယ်တော့ သာယာသောစခန်းကလေးတစ်ခုပင် ဖြစ်နေ၏"ဟု ရေးသားခဲ့ခြင်းအား ဖတ်ရှုခဲ့ရပါသည်။

ပလောင်လူမျိုးများသည် ကရင်လူမျိုးများကဲ့သို့ အမျိုးမျိုးကွဲပြားခြားနားခြင်း ရှိခဲ့ကြသည်ဆို၏။ အဝတ်အစားအရောင်စုံကို လိုက်၍ ပလောင်နီ၊ ပလောင်နက်၊ ပလောင်ဖြူ၊ ပလောင်ကျားဟူ၍ အမျိုးမျိုးရှိကြသည်။ ပလောင်လူမျိုးတို့သည် မြေညီမြေနိမ့်ရာအရပ်တွင် မနေအပ်ဟူသော ထုံးစံရှိသည့်အတိုင်း ရှမ်းပြည်ထောင်စု အတွင်း

ကျကျ မြင့်မားသော တောင်တန်း၊ တောင်ထိပ်များ၌လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း မြေလတ်နယ်တစ်ဝိုက်နှင့် ရှမ်းမြန်မာနယ်စပ်အကြားရှိ မြင့်မားမတ်စောက်သော တောင်ထိပ်များတွင်လည်းကောင်း၊ တောင်ထူထပ်ရာအရပ်များတွင်လည်းကောင်း နေထိုင်ကြသည်ဟု ဆိုထားပါသည်။

ပလောင်လူမျိုးထဲမှ ထနီမိန်ခေါ် ပလောင်နီလူမျိုးတို့မှာ များသောအားဖြင့် ရှမ်း-မြန်မာနယ်စပ်အကြားရှိ တောင်တန်းများပေါ်တွင် နေထိုင်ကြပြီး တောတောင်ဂနိုင်အတွင်းရှိ သစ်တောဝါးတောများကို ခုတ်ထွင်ရှင်းလင်း၍ တောင်ကမ်းပါးယံစောင်းများ၌ သနပ်ဖက်၊ ပြောင်း၊ ဘိန်း၊ လက်ဖက်များ စိုက်ပျိုးကြသည်။ ဝမ်းစာဖူလုံရုံမျှသာ တောင်ယာ၊ ပဲခင်း၊ ဟင်းသီးဟင်းရွက်တို့ကို စိုက်ပျိုးကြသည်။ နွား၊ ဝက်၊ ကြက် တိရစ္ဆာန်များမွေးမြူခြင်း စသည့်လုပ်ငန်းဆောင်တာတို့ဖြင့် အသက်မွေးဝမ်းကျောင်းကြသည်။

ပလောင်နီတို့မှာ တစ်နေရာတည်း၌ အမြဲတမ်းနေထိုင်ခြင်းမရှိဘဲ တောတောင်ကောင်းရာအရပ်သို့ ပြောင်းရွှေ့နေထိုင်လုပ်ကိုင်သော အလေ့ရှိခဲ့သည်။ ဤအလေ့အထကား ရှေးအဆက်ဆက် သက်ဆိုင်ရာ မြန်မာဘုရင်မင်းရှိစဉ်အခါက ပလောင်လူမျိုးတို့သည် တောတောင်ဂနိုင်အတွင်း၌ သစ်ကြီးဝါးကြီးများကို ခုတ်ထွင်ရှင်းလင်းပြီး ပျော်ပါးစွာ လုပ်ကိုင်နေထိုင်လိုကြကြောင်းလျှောက်ခဲ့ကြသဖြင့် ခွင့်ပြုတော်မူခဲ့သည်။ သစ်တောများခုတ်ထွင်ရှင်းလင်းနိုင်ရန်အတွက် ရွှေပေါက်ဆိန်ကိုပင်ဆုလာဘ်အဖြစ် ပေးသနားတော်မူခဲ့ကြောင်း ပလောင်ရာဇဝင်မှ အဆိုရှိခဲ့ပေသည်။

သို့ရာတွင် အင်္ဂလိပ်တို့ မြန်မာပြည်ကို လုံးဝသိမ်းပိုက်ပြီးသည့်နောက်၌ ပလောင်တို့အပေါ်တွင် သစ်တောများ၊ ဖျက်ဆီးမှု ခုတ်ထွင်ခြင်းမပြုလုပ်ရန် ဥပဒေဖြင့် ပိတ်ပင်လိုက်ပေသည်။ ပလောင်လူမျိုးတို့ နေထိုင်ကြသည့် ရွာတစ်ရွာတွင် လူဦးရေ ၁၅၀ မှ ၂၀၀ ခန့်ရှိပြီး အိမ်ခြေမှာ တစ်ဆယ့်လေးငါးလုံးမျှသာရှိသည်။ သူတို့၏ နေအိမ်သည် မြန်မာလူမျိုးများနှင့်မတူဘဲ စုပေါင်း၍ ဆောက်လုပ်ထားသော တဲအိမ်တန်းလျားရှည်ကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အစုလိုက် အပြုံလိုက် နေထိုင်ခဲ့ကြသည်။ ထိုသို့နေထိုင်ခဲ့ကြသော်လည်း သူ့ပစ္စည်း၊ ကိုယ့်ပစ္စည်းခိုးယူခြင်း၊ ပျောက်ဆုံးခြင်း၊ တစ်ဦးနှင့်တစ်ဦး စကားများရန်ဖြစ်ကြခြင်း မရှိကြဘဲ အိမ်တစ်လုံးလျှင် ပေ ၁၀၀၊ ပေ ၁၅၀ ရှည်လျားစွာဆောက်လုပ်၍ ဝင်ထွက်သွားလာ၍ အပေါက်နှစ်ခုကို တစ်ဖက်စီ၌သာ ထားသည်။ ပြတင်းတံခါးဟူ၍ မရှိ။ မိန်းမ၊ ယောကျ်ား အသီးသီးအလုပ်ခွင်သို့သွားကြလျှင် ကျန်ရစ်သူများက တစ်အိမ်လုံးအတွက် တာဝန်ယူစောင့်ရှောက် ကြည့်ရှုပေးကြရသည်။ သူတို့နေထိုင်ရာရွာများမှာ သာမိုင်းခမ်းနယ် (အောင်ဘန်း) အတွင်းဖြစ်၍ အခြားသော အခွန်မှတစ်ပါး သဿမေအခွန်ကို ပလောင်သူကြီးမှတစ်ဆင့် အောင်ပန်းရုံးတော်သို့ ပေးဆောင်ကြရ၏။

ထနီမိန်ခေါ် ပလောင်လူမျိုးတို့သည် မြန်မာပြည်နှင့်နီးစပ်၍ မြန်မာပြည်ဘက်သို့ အရောင်းအဝယ်လုပ်ငန်းဖြင့် ကူးလူးဆက်ဆံ သွားလာနေကြခြင်းကြောင့် အခြားပလောင်လူမျိုးများထက် ပို၍အမြင်ကျယ်ပြီး မြန်မာစကားကိုလည်း အများဆုံး ပြောဆိုတတ်ကြသည်။ သူတို့၏ဘာသာအယူဝါဒမှာလည်း ပြည်မကြီးနှင့်အတူ ထေရဝါဒဗုဒ္ဓဘာသာဝင် လူမျိုးများဖြစ်သည်။ အခါကြီးရက်ကြီးများတွင် ဘုရားကျောင်းကန်သို့သွားခြင်း၊ ဥပုသ်သီတင်းဆောက်တည်ကြခြင်း၊ အလှူအတန်းများပြုလုပ်ခြင်း စသည့် ကောင်းမှုကုသိုလ်များ ပြုကြသည်။

ပလောင်ရဟန်းသံဃာတော်များကလည်း ဗုဒ္ဓမြတ်စွာဘုရား၏ နဂ္ဂပါဠိတော်အတိုင်း မြန်မာရဟန်းတော်များနည်းတူ လေ့ကျင့်အားထုတ်ခဲ့ကြသည်။ ပလောင်လူမျိုးတို့သည် ရှမ်းမြန်မာလူမျိုးများထက် ထူးခြားချက်ရှိသည်မှာ ဘုရားကျောင်းကန်သို့သွားပြီး သီလခံယူသည့်အခါဖြစ်စေ၊ တရားနာကြားသည့်အခါဖြစ်စေ၊ ဘုရားရှိခိုးဝတ်တက်သည့် အခါများတွင် ကိုယ်ပေါ်မှ အလှဆင်မြန်းထားသော လက်ဝတ်လက်စား တန်ဆာပလာများကိုဖြုတ်ပြီးမှ တရားနာခြင်း၊ ရှိခိုးဝတ်တတ်ခြင်း ပြုကြရသည်။ ဘုရားရှိခိုးဝတ်တတ်သည့်အခါတွင်လည်း ထိုင်ရာမထ လင်းသည်အထိ ဝတ်တတ်ကြသည်။

ဤသို့ဖြင့် ပလောင်လူမျိုးတို့၏ ဘာသာဓလေ့ထုံးတမ်းစဉ်လာအချို့များအား လေ့လာမိသမျှ တင်ပြလိုက်ရပေသတည်း။

**ပန်းအောင် (ကလော)**

# မြန်မာတိုင်းရင်းသား စကားပုံများ နှင့် အတွေးအမြင်

သက်ဝေမောင်



စကားပုံဆိုသည်မှာ စကားကို တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းရောက်အောင် ပုံဆောင်၍ ဖွဲ့ထားသော စကားစု ဖြစ်သည်။ မိဘက သားသမီးကို ဆုံးမရာတွင်ဖြစ်စေ၊ ဆရာက တပည့်ကို သွန်သင်ရာတွင်ဖြစ်စေ၊ မိတ်ဆွေ အချင်းချင်း ပြောဆိုရာတွင်ဖြစ်စေ ဆိုလိုရင်းကို ထိမိပေါ်လွင်စေရန် စကားပုံများကိုသုံးစွဲကြသည်။ စာပေရေးသားရာတွင်လည်း အကြောင်းခြင်းရာ သင့်လျော်သော စကားပုံများကို ထည့်သွင်းရေးသားလေ့ရှိသည်။

လူတို့သည် မိမိတစ်သက်တာတွင် တွေ့ရ ကြုံရ ခံစားသည့် အကောင်းအဆိုးများကို မှတ်တမ်းတင်သော အနေဖြင့် သိပ်သည်းကျစ်လျစ်ပေါ်လွင်သော စကားပုံများကို ဖန်တီးကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံဖွား တိုင်းရင်းသား အသီးသီးတွင်လည်း ကိုယ်ပိုင်စကားပုံများရှိပါသည်။

ထိုစကားပုံများတွင် မှတ်သားစရာများ၊ သတိပြုစရာများ၊ ဆင်ခြင်စရာများနှင့် သင်ခန်းစာယူစရာ အများအပြားကို တွေ့မြင်နိုင်ပေသည်။ ထို့ပြင် စကားပုံများသည် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ အတွေးအမြင်ကို သာမက စာပေဖွံ့ဖြိုးတိုးတက်လာပုံကိုပါ ညွှန်ပြနေပါဖသည်။

မြန်မာနိုင်ငံရှိ ဖော်ပြပါတိုင်းရင်းသားအသီးသီးတို့၏ စကားပုံအချို့ကို လေ့လာကြည့်လျှင် အထက်ပါအချက်များကို ထင်ရှားစွာ တွေ့မြင်နိုင်ပေမည်။

၁။ ဗမာ

စကားပုံများကို မှတ်သားရာ၌ လွယ်ကူစေရန်၊ ပြောဆိုရာ၌ နားထောင်သူတို့ နားဝင်ပီယံဖြစ်စေရန်အတွက် ကာရန်ငဲ့ကာ ဖွဲ့ထားသောသဘောလည်း ရှိသည်။ စကားပုံတွင် ကာရန်ပါခြင်းက စကားပြေရိုးရိုးထက် ပို၍မှတ်မိလွယ်စေသည်။ ဥပမာ -

(က) ကံယုံ၍ ဆူးပုံမနင်းရာ။

(ခ) ငပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်။

(ဂ) ခရီးတွင်လို့၊ ရှာစဉ်မသိ။

အထက်ပါစကားပုံများတွင် ယုံ၊ ပုံ၊ တိုင်၊ နိုင်၊ တွင်၊ စဉ်တို့သည် ကာရန်ယူထားခြင်းဖြစ်သည်။

အချို့သောစကားပုံများတွင် ကာရန်မပါသော်လည်း အချိန်ကာလပိုင်းနှင့် ဖြတ်ရပ်ဆိုရသော စည်းဝါးသဘောပါသည်ကို တွေ့နိုင်သည်။ ဥပမာ -

(က) စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်း။

(ခ) တိတ်တိတ်နေ၊ ထောင်တန်။

(ဂ) မပြည့်တဲ့အိုး၊ ဘောင်ဘင်ခတ် တို့ဖြစ်သည်။

၂။ ဂျိန်းဖော့

ဂျိန်းဖော့မှာ ကချင်အနွယ်ဝင်ဖြစ်သည်။ ဂျိန်းဖော့၏ အဓိပ္ပာယ်မှာ "အတည်တကျဖြစ်ပြီး အမြင်ကျယ်လာသောလူများ" ဟု ဆိုလိုသည်။

**စဉ်းစားလျှင် ငိုင်၊ လုပ်လျှင် နိုင် (စကားပုံ)**

ဆိုလိုရင်းမှာ စဉ်းစားနေလျှင် မလုပ်မပြီး၊ လက်တွေ့လုပ်ပါမှ ပြီးမည်ဟု သတိပေးခြင်းဖြစ်သည်။

လုပ်ငန်းမတွင်ကျယ်ဘဲ စုပုံနေခြင်းသည် အမှန်တကယ် အလုပ်မလုပ်၍ဖြစ်ကြောင်း နားလည်သဘောပေါက်ပြီး တွေးငေးနေမည့်အစား လက်တွေ့လုပ်ရန် တိုက်တွန်းသော စကားပုံဖြစ်သည်။

၃။ မရူ

မရူတို့သည် ကချင်အနွယ်ဝင် (၆) မျိုး၌ပါဝင်ပြီး အချင်းချင်း "လောင်ဝေါ" ဟု ခေါ်ကြ၏။

**လူမကောင်းလျှင် တရားဖျက်၊ တိရစ္ဆာန်မကောင်းလျှင် ခြံဖျက်" (စကားပုံ)**

တိရစ္ဆာန်မကောင်းလျှင် စည်းခတ်ထားသော ခြံယာကို ဖျက်ဆီးပြီး အတွင်းဝင်၍ သီးနှံများကို စားသောက်တတ်သည်။ လူမကောင်းလျှင်လည်း လူအများ လိုက်နာစောင့်ထိန်းရမည့် တရားဥပဒေစည်းကမ်းများကို ချိုးဖောက်ပြီး ခိုးဆိုးလုယက် လိမ်ညာတတ်သည်ဟု ဆိုလိုသည်။

၄။ လရှီ

လရှီတို့သည်လည်း ကချင်အနွယ်ဝင် (၆) မျိုးမှ တစ်မျိုးဖြစ်သည်။ ယင်းတို့အချင်းချင်း "လာချိဒ်" ဟု ခေါ်၏။

**သားကောင်းသည် မိခင်မှ၊ အသီးကောင်းသည် အမြစ်မှ (စကားပုံ)**

သားကောင်းဆိုရာ၌ ကျန်းမာရေး၊ စာရိတ္တရေးမှစ၍ ဘက်စုံတော်သူများကို ဆိုလိုသည်။ သားကောင်းများဖြစ်ရေးအတွက် မိခင်အရေးကြီးပုံကို လရှီတို့က သစ်ပင်နှင့် ဥပမာပေးထား၏။ သစ်ပင်တွင် အမြစ်အားကောင်းမှ အသီးအနှံ ဖွံ့ဖြိုးသည်။ လူသားများတွင်လည်း မိခင်က အမြော်အမြင်ရှိမှသာ သားကောင်းများဖြစ်အောင် သွန်သင်နိုင်သည်။ သားနှင့်မိခင်မှာ လက်ပွန်းတတီးနေရသဖြင့် မိခင်ကသာ သားသမီးများကို လိမ္မာအောင် ပြုလုပ်နိုင်သည်ဟု ဆိုလိုသည်။

၅။ ရဝမ်

ရဝမ်တို့သည် ကချင်အနွယ်ဝင် (၆) မျိုးမှ တစ်မျိုးဖြစ်သည်။

**ကြက်ဥမပေါက်သေးမီ၊ ကြက်ကလေး မရေပါနှင့် (စကားပုံ)**

ကြက်ဥမပေါက်သေးမီ အထီး၊ အမ မည်မျှပေါက်မည် သေမည်၊ ရှင်မည်ကို ဧကန်မသိနိုင်ပေ။ ထို့ကြောင့် ကြက်ဥမပေါက်သေးမီ ကြိုတင်ပြီး ကြက်ကလေးများကို မရေတွက်သင့်ပါ။

ဆိုလိုသည်မှာ မရေရာသော အနာဂတ်အတွက် ကြိုတင်၍ တိတိကျကျ မတွက်ဆသင့်ကြောင်း အသိပေးထားခြင်း ဖြစ်သည်။

၆။ လီဆူ

ကချင်အနွယ်ဝင် (၆) မျိုးတွင် ပါဝင်သည်။

**မြင်းမရှိသည့်အခါ ဆိတ်ကိုလည်း စီးတတ်ရမည်။**
**(စကားပုံ)**

မြင်းနှင့်ခရီးသွားလျှင် အချိန်ကုန်သက်သာပြီး လိုရာသို့ လျင်မြန်စွာရောက်နိုင်သည်။ သို့သော် မရနိုင်သည့် မြင်းကို မျှော်လင့်နေမည့်အစား ရှိသည့်ဆိတ်ကို အစားထိုးပြီး အသုံးပြုတတ်ရမည်။ ထိုနည်းတူ အလုပ်ကိစ္စများ ဆောင်ရွက်ရာ၌လည်း မည်သူမရှိ၍ လုပ်မရဟုဆိုကာ အလုပ်ကို ရပ်ဆိုင်းမထားသင့်။ ရှိသည့်သူကို အစားထိုးပြီး ဆက်လက်လုပ်ဆောင်ရမည်။

မိမိကြုံတွေ့နေရသော အခြေအနေကို ဖြစ်နိုင်သမျှသော နည်းလမ်းတို့ဖြင့် အကောင်းဆုံး လုပ်ဆောင်သွားသင့်ကြောင်း ဆိုလိုရင်းဖြစ်သည်။

၇။ အဇီး

ကချင်မျိုးနွယ်ဝင်များပင် ဖြစ်ပါသည်။

**ရေမတိုးမီ တံတားဆောက်ပါ (စကားပုံ)**

ရေတက်လေ့ရှိသည့် အရပ်ဒေသများတွင် အချိန်တန်လျှင် ရေတိုးလေ့ရှိရာ ရေမတိုးမီက တံတားဆောက်ထားမှသာ အဆင်ပြေမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ရေတိုးမှ တံတားဆောက်လျှင် ဆောက်ဖြစ်ချင်မှ ဆောက်ဖြစ်မည်။ အကယ်၍ ဆောက်ဖြစ်မည်ဆိုပါကလည်း ကသောကမျောဆောက်ရမည်ဖြစ်၍ စိတ်ပင်ပန်း လူပင်ပန်း ဖြစ်လိမ့်မည်။

ဆိုလိုရင်းမှာ မည်သည့်ကိစ္စမျိုး၌မဆို လုပ်ဆောင်ရန်ရှိပါက ကြိုတင်စီမံထားသင့်ကြောင်း အသိပေးခြင်း ဖြစ်သည်။

၈။ ကယား

ကယားတို့သည် ရိုးရာနတ်နှင့် ဗုဒ္ဓဘာသာကိုးကွယ်ကြပြီး ရောင့်ရဲတင်းတိမ်စိတ်နှင့် အေးအေးချမ်းချမ်းနေတတ်ကြသည်။

ကယားတို့၏ဓလေ့မှာ အပြစ်တစ်စုံတစ်ရာ ကျူးလွန်လျှင် လျော်ကြေးပေးရသည်။

**စကားအရမ်းပြောလျှင် လျော်ရတတ်သည်။**
**လှံကိုအရမ်းပစ်လျှင် ချေးထိတတ်သည်။ (စကားပုံ)**

စကားအရမ်းပြောခြင်းဆိုသည်မှာ စိတ်ထင်တိုင်း နှုတ်ကထွက်ခြင်းဖြစ်သည်။ အမှန်ပင်ဖြစ်သော်လည်း မပြောအပ်သောနေရာ၊ မပြောအပ်သော အချိန်အခါဖြစ်တတ်သည်။ ထိုသို့ပြောမိလျှင် အပြစ်ဖြစ်ပြီး လျော်ကြေးပေးရမည်။

စကားပြောဆိုရာ၌ ကာလ၊ ဒေသ၊ အခြေအနေ၊ အချိန်အခါ၊ အရပ်ဒေသ၊ ပတ်ဝန်းကျင်ကိုကြည့်ပြီး သင့်တင့်လျောက်ပတ်သော စကားကိုသာ ပြောဆိုရမည်ဟု ဆိုလိုရင်းဖြစ်သည်။

၉။ ကရင်

ကရင်အနွယ်ဝင်တို့မှာ စကော၊ ပကူး၊ ဝေဝေါ၊ မိုးနဲ့ ပွားဘွဲ့၊ ဘရဲက်၊ ပိုး၊ မိုပွာ၊ ဂဲကိုးဟူ၍ရှိသည်။ ယင်းတို့အနက် စကောကရင်၊ ပိုးကရင်၊ ဘွဲ့ကရင်၊ ပကူးကရင် အနွယ် (၄) မျိုးမှာ ထင်ရှားသည်။

**ဓားထက်လွန်းလျှင် ပွဲ့၊ လှံချွန်လွန်းလျှင် ကျိုး၊**
**ပူဖောင်းကြီးတော့ ပေါက် (စကားပုံ)**

ဓားလှံများသည် ထက်လွန်းလျှင် ခုတ်၊ ထစ်၊ ပစ်ရာ၌ ကျိုးပွဲ့သွားတတ်သည်။ ပူဖောင်းလည်း ကြီးလွန်းလျှင် ပေါက်သွားတတ်သည်။ ဖော်ပြပါ ပစ္စည်း (၃) မျိုးစလုံး ရှိသင့်သောအနေအထားထက် ကျော်လွန်ပြီး တစ်ဖက်စွန်းသို့ရောက်သွားလျှင် ပျက်စီးသွားတတ်သည်။

မည်သည့်ကိစ္စတွင်မဆို တစ်ဖက်စွန်းရောက်သည့်တိုင် မလုပ်ကိုင်၊ မပြောဆိုမိစေရန် သတိပေးလိုရင်း ဖြစ်သည်။

၁၀။ ချင်း

ချင်းတို့တွင် အနွယ်ပေါင်းမြောက်မြားစွာရှိ၏။ ချင်းအမျိုးသားတစ်ဦးသည် ကျွဲ၊ နွား၊ ဝက်၊ ကြက် စသော

အခြားတိရစ္ဆာန်များစွာကို ပိုင်ဆိုင်ထားစေကာမူ ယင်း၏ ဂုဏ်ကျက်သရေနှင့် ကြွယ်ဝချမ်းသာမှုသည် နွားနောက်မည်၍မည်မျှ ပိုင်ဆိုင်သည်ဟူသော အချက်ပေါ်တွင်မူတည်သည်။ နွားနောက်သည် တန်ဖိုးကြီးလှ၍ လူတိုင်းမမွေးနိုင်ချေ။

**သစ်ပင်ကြောင့် မိုးရွာ၍၊ မိုးကြောင့် သစ်ပင်ပေါက်ရသည်။ (စကားပုံ)**

မိုးနှင့် သစ်ပင်သည် အပြန်အလှန်မှီတွယ်ကာ အကျိုးဖြစ်ထွန်းသကဲ့သို့ လူတို့သည်လည်း တစ်ဦးနှင့်တစ်ဦး ဆက်နွယ်ကာ အကျိုးဖြစ်ထွန်းကြသည်။

တစ်ဦးနှင့်တစ်ဦး အမှီသဟဲပြုကာ နှစ်ဦးစလုံး အကျိုးဖြစ်ထွန်းလျှင် တစ်ဦးအကျိုးကိုတစ်ဦး မထိခိုက်အောင် စောင့်ထိန်းရမည်ဟု ဆိုလိုသည်။

## ၁၁။ လူရှေ

လူရှေတို့သည် စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်ရှိ "တာဟန်း" ကျေးရွာအပါအဝင် (၁၄) ရွာ၌ နေထိုင်ကြသည်။

**ကောင်းသောလမ်းသည် မတ်စောက်ပြီး မကောင်းသောလမ်းသည် ညီညာသည်။ (စကားပုံ)**

လူတော်လူကောင်းဖြစ်ရန် ကြိုးပမ်းရသည်မှာ မတ်စောက်သော လမ်းကိုတက်ရသည့်ပမာ ခက်ခဲလှသည်။ လူဖျင်းလူညံ့ဖြစ်ရန်မှာမူ ညီညာသောလမ်းကို လျှောက်ရသည့်ပမာ ကြိုးစားအားထုတ်ရန်မလို၊ ပျင်းရိ ငြီးငွေ့စွာဖြင့် အလွယ်ရနိုင်သည်။

လူတော်လူကောင်းနှင့် လူဖျင်းလူညံ့ဖြစ်ရေးတွင် ဆန့်ကျင်ဘက်လမ်းနှစ်သွယ်ကို မြင်တွေ့နိုင်ပြီး လူတော်လူကောင်းဖြစ်ရန် ကြိုးစားအားထုတ်ရမည်ဟု ဆိုလိုသည်။

## ၁၂။ ထားဝယ်

ထားဝယ်နယ်မှာ တနင်္သာရီကမ်းရိုးတန်း အတွင်းပိုင်း၌တည်ရှိပြီး ရေးဟောင်းယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ကျေးလက်တေးဂီတအကများ ကြွင်းကျန်ရာ နယ်မြေတစ်ခုဖြစ်သည်။

**ငါးမရှိတဲ့အရပ်မှာ ငါးဖျင်းသလက်သည် ငါးကောင်းဖြစ်၏။ (စကားပုံ)**

ထားဝယ်ဒေသမှာ ငါးမျိုးစုံပေါသော်လည်း ငါးကောင်းမရှိသည့်အခါ ငါးအညံ့စားဖြစ်သည့် ငါးဖျင်းသလက်မှာ တန်ဖိုးရှိနေသည်။

အကောင်းစားမရသည့်အခါ အညံ့ကိုပင် နေရာတကျဖြစ်အောင် သုံးစွဲရမည်ဟု ဆိုလိုသည်။

## ၁၃။ ဓနုနှင့်တောင်ရိုး

ရှမ်းပြည်နယ်တောင်ပိုင်း ကလော၊ ရပ်စောက်၊ အောင်ပန်း၊ ရွာငံ၊ ရေဦး၊ ပွေးလှ၊ ပင်းတယ၊ ကျုံးပင်မှီ၊ ဘော်ဆိုင်းစသော မြို့နယ်၊ ကျေးရွာများတွင် နေထိုင်ကြသည်။

**နွားပျင်း ချိုကုပ်၊ လူပျင်း မီးမှုတ်။ (စကားပုံ)**

နွားပျင်း၏လက္ခဏာမှာ ချိုကုပ်သည်။ လူပျင်း၏လက္ခဏာမှာ မီးမှုတ်သည်ဟုဆိုရခြင်းမှာ လူပျင်းသည် ထင်းကို ခုတ်ထစ်ဖြတ်တောက်ခြင်းမရှိ။ နေရောင်ရခိုက်တွင်လည်း မလှုန်းသောကြောင့် ထမင်းချက်ပြုတ်ရာတွင် မီးခိုးတအူအူ မီးတမှုတ်မှုတ်ဖြင့် အချိန်ကုန်နေသည်။

လောကီ,လောကုတ် အလုပ်များတွင် ပျင်းရိခြင်းကို ရှောင်ရှား၍ ထကြွလုံ့လရှိသင့်သည်ဟု ဆိုလိုသည်။

## ၁၄။ ပအိုဝ်း

ပအိုဝ်းတို့သည် သထုံ၊ တောင်ငူ၊ ပဲနွယ်ကုန်းစသော မြို့ရွာများနှင့် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီး၊ ပင်လုံ၊ ဟိုပုန်း၊ ပင်လောင်း၊ ရက်စောက်တစ်ဝိုက် မြို့၊ ကျေးရွာများ၌ နေထိုင်သည်။

**အထဲက ဖျင်ကြမ်း၊ အပြင်က ဖဲ။ (စကားပုံ)**

မချမ်းသာသူဖြစ်သောကြောင့် အထဲမှ ဖျင်ကြမ်းဝတ်ပြီး အပြင်မှ ပိုးဖဲကို ထပ်ဆင့်ဝတ်ထားရသည်။ ဖျင်ကြမ်းမှာ မိမိအခြေအနေ အစစ်အမှန်ဖြစ်ပြီး ပိုးဖဲမှာ ရှိဟန်ဆောင်ကာ ဂုဏ်လုပ်ခြင်းဖြစ်သည်။

ပတ်ဝန်းကျင်က ကြွားဝါမှန်းသိလျှင် ပို၍ အထင်အမြင်သေးခြင်းကို ခံရနိုင်သောကြောင့် မိမိအခြေအနေမှန်နှင့်သင့်လျော်အောင် နေထိုင်ရမည်ဟု ဆိုလိုသည်။

## ၁၅။ မွန်

ပုသိမ်၊ မုတ္တမ၊ ဟံသာဝတီနယ်မြေကို ရေးအခါက ရာမညတိုင်း မွန်သုံးရပ်ဟု ခေါ်ဆိုကြသည်။

**ကဒတ်က အမြစ်လိုက်၊ သားသမီးက မျိုးရိုးလိုက်။**

**(စကားပုံ)**

ကဒတ်ဟူသည် ပလောပီနံဥကဲ့သို့ ဥတစ်မျိုး၏ အမည်ဖြစ်ပြီး အမြစ်သွားရာနောက်သို့ ဥကလိုက်တတ်သည်။ ကဒတ်ဥပမာကဲ့သို့ သားသမီးသည်လည်း မျိုးရိုးလိုက်တတ်သည်။

သားသမီးများတွင် အမူအကျင့်ကောင်းများ၊ အလေ့အထကောင်းများ ရရှိလာအောင် မိဘများက ဂရုပြု၍ ဆင်ခြင်ပြီး သွန်သင်ရမည်ဟု ဆိုလိုသည်။

## ၁၆။ ရခိုင်

ရခိုင်ပြည်နယ်၌ အများဆုံးနေထိုင်ကြသည်။

**ခွေးလိမ္မာ အမြီးကုပ်၊ လူလိမ္မာ နောက်ဆုတ်။**

**(စကားပုံ)**

ခွေးချင်းရန်ဖြစ်၍ ရှုံးမည်ထင်လျှင် လိမ္မာသောခွေးက အမြီးကုပ်ကာ အရှုံးပေးလိုက်သည်။ လူချင်းရန်ဖြစ်လျှင်လည်း တစ်ဖက်က အင်အားကြီးမား၍ မိမိကရှုံးမည်ထင်သောအခါ လိမ္မာသောသူက နောက်ဆုတ်အရှုံးပေးလိုက်သည်။

မိမိထက် အင်အားကြီးမားသဖြင့် မိမိနိုင်မည်မဟုတ်လျှင် မယှဉ်ပြိုင်သင့်ကြောင်း ဆိုလိုသည်။

## ၁၇။ ရှမ်း

ရှမ်းပြည်နယ်နှင့် မြစ်ကြီးနားခရိုင်၊ အင်းတော်ကြီးနယ်၌ အများဆုံးနေထိုင်ကြသည်။

**လောဘကြီးသူ အရှက်မရှိ၊ အရှက်ရှိသူ**
**လောဘမကြီး။ (စကားပုံ)**

လောဘကြီးသူသည် စီးပွားဥစ္စာရမည်ဆိုလျှင် ရှက်ရကောင်းမှန်းမသိဘဲ ပြောဆိုမည်။ မုသားစကား ပြောမည်။ လူ့ကျင့်ဝတ်လည်း ချိုးဖောက်မည်။ ထို့ကြောင့် အရှက်မရှိဟု ဆိုလိုခြင်းဖြစ်သည်။ လောဘကြီးသူနှင့် မကြီးသူတို့၏ ခြားနားခြင်းကို "အရှက်" က စည်းခြားပြခြင်းဖြစ်သည်။

လူအများကဲ့ရဲ့ဖွယ်ဖြစ်လောက်အောင် အလွန်အမင်း လောဘမကြီးသင့်ကြောင်း ဆိုလိုရင်းဖြစ်သည်။

## ၁၈။ အင်းလေး

ညောင်ရွှေအရှေ့ဘက် ဆင်တောင်၊ သက်လွတ်တောင်နှင့် အနောက်ဘက် သံတောင်၊တောင်တန်းကြီးအကြားရှိ မြေပြန့်ကား ညောင်ရွှေအင်းလေးဒေသ ဖြစ်သည်။

**လှေပျောက်မှ လှေကြိုးရှာ၊**
**အထည်ပျောက်မှ အိမ်အောက်ထရံကာ။**

**(စကားပုံ)**

လှေကို အသုံးမလိုသောအချိန်၌ လူမခိုးနိုင်ရန်၊ မပျောက်ဆုံးရန် အိမ်တိုင် (သို့မဟုတ်) တစ်စုံတစ်ခုတွင် ကြိုးဖြင့်ချည်နှောင်ထားရသည်။ ထိုသို့မလုပ်ထားဘဲ လှေပျောက်သွားမှ လှေချည်ရန်ကြိုးရှာခြင်း၊ အထည်ပျောက်ပြီးမှ သူခိုးဝင်ခဲ့သော အိမ်အောက်ကို ထရံကာခြင်းတို့သည် ဆုံးရှုံးပြီးမှ လုပ်ဆောင်ခြင်းဖြစ်၍ နောက်ကျကာ အကျိုးမရှိပေ။

မည်သည့်ကိစ္စတွင်မဆို အသိ၊ သတိဖြင့် ကြိုတင်ပြင်ဆင် ကာကွယ်ထားရမည်ဟု ဆိုလိုသည်။

အထက်ဖော်ပြပါ မြန်မာတိုင်းရင်းသားစကားပုံများကို လေ့လာကြည့်လျှင် တိုင်းရင်းသားအသီးသီးတို့သည် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ မတူညီသော်လည်း အတွေးအမြင်များက အဆင့်မြင့်မားကြောင်းတွေ့နိုင်ပေသည်။

**သက်ဝေမောင်**



# မိုးအိဂ (ရွှေကျင်) သွေး

(၁)

အစ်ကိုကို စတွေ့ခဲ့တာ ခုလို နွေရာသီလေးမှာပါပဲ ... လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်လောက်ကပေါ့။ ကျွန်မအသက် ၂၇ နှစ်လောက်မှာပါ။ ကျွန်မတို့ စာရင်းစစ်အဖွဲ့က ... လုပ်ငန်းစစ်ဆေးရေးဥက္ကဋ္ဌရယ် ... စစ်မှူးရယ် ... ကျွန်မတို့ စာရင်းစစ်နှစ်ယောက်ရယ် ... ရွှေကျင်ချောင်းရဲ့ ဟိုဘက်ကမ်းက ဝင်းခနိမ်ရွာလေးရဲ့ သမဝါယမအသင်းကို သွားစစ်ကြရတာ။ ပထမဆုံးရက်မို့ ဥက္ကဋ္ဌလိုက်ခဲ့ပေမယ့် နောက်ရက်တွေဆိုရင်တော့ ကျွန်မတို့သုံးယောက်ပဲ သွားကြရတော့မှာလေ။ ကြည်လင်အေးမြလှတဲ့ ရွှေကျင်ချောင်းရေက သောင်ပြင်ကျယ်ကြီးရဲ့အလယ်မှာ ငြိမ့်ငြိမ့်လေးစီးနေတဲ့ ချောင်းရေက တိမ်လိုက်တာမှ အနက်ဆုံးက ဒူးလောက်ပါပဲ။ ရေထဲကို ငုံ့ကြည့်လိုက်ရင် ကျောက်စရစ်ရောင်စုံနဲ့ သဲဖြူဖြူလေးတွေကို အောက်ခြေမှာ မြင်နေရတယ်။ သောင်စပ်ရောက်ရင် ငါးပေါက်စလေးတွေကို အသည်းယားစရာ တလှုပ်လှုပ်လေးတွေ မြင်နေရတဲ့အထိ ကြည်လင်နေတဲ့ ရေချိုတွေပေါ့။ ချောင်းရေကို ဖြတ်ကူးပြီး ဟိုဘက်သောင်စပ်ကိုအရောက်မှာပဲ လာကြိုနေကြတဲ့ သမအသင်း ဥက္ကဋ္ဌနဲ့အဖွဲ့ကို တွေ့လိုက်ရပါတယ်။



"အိတ်ပေး ညီမလေး" တဲ့ ပြောလည်းပြော လက်လည်းကမ်းလာတဲ့သူကို ကြည့်လိုက်မိတော့ အလွန်ရိုးသားတဲ့ မျက်နှာပုံနဲ့ အသားညိုညို အရပ်မနိမ့်မမြင့် ကိုယ်လုံးကိုယ်ထည်ကျစ်ကျစ် ဘုံလုံခမောက်ကလေး ဆောင်းထားပြီး စွပ်ကျယ်နွမ်းနွမ်းလက်ပြတ် ပုဆိုးတိုတို ဝတ်ထားတဲ့ လူရွယ်တစ်ယောက်ပါလားလို့ သတိထားမိလိုက်ပါတယ်။ ကျွန်မလည်း စာရွက်စာတမ်းနဲ့ ဖိုင်တချို့ထည့်ထားတဲ့ လက်ဆွဲအိတ်ကို ကမ်းပေးလိုက်ပြီးမှ စစ်မှူးအစ်မရဲ့ အိတ်ကို သွားမယူဘဲ ကိုယ့်အိတ်ကို လာတောင်းယူတာ သတိထားလိုက်မိတော့ အားနာစိတ်နဲ့ လှမ်းပြောမလို့ ပြင်လိုက်ပေမယ့် အဲ့ဒီလူက စိုက်စိုက်စိုက်စိုက်နဲ့ သွားနေလိုက်တာ နည်းနည်းတောင် လှမ်းသွားပါပြီ။

> "စာရွက်စာတမ်းနဲ့ ဖိုင်တချို့ထည့်ထားတဲ့ လက်ဆွဲအိတ်ကို ကမ်းပေးလိုက်ပြီးမှ စစ်မှူးအစ်မရဲ့ အိတ်ကို သွားမယူဘဲ ကိုယ့်အိတ်ကို လာတောင်းယူတာ သတိထားလိုက်မိတော့ အားနာစိတ်နဲ့ လှမ်းပြောမလို့ ပြင်လိုက်ပေမယ့်"

"ကံကောင်းချက်နော်" တဲ့။

သူငယ်ချင်းရဲ့အပြောကို ရယ်ပြလိုက်ပြီး နာရီကိုကြည့်လိုက်မိတော့ ရှစ်နာရီတောင် မထိုးသေး။ နေ့နေကတော့ သောင်ပြင်ကျယ်မှာ ပူစပြုနေပါပြီလေ …။

(၂)

တကယ်အလုပ်လုပ်ကြရပြီဆိုရင် ကိုယ်တာဝန်ယူရတဲ့ လုပ်ငန်းခွဲ အချိန်မီစစ်မပြီးမှာစိုးလို့ ကျွန်မတို့အဖွဲ့ စားပွဲတစ်လုံးစီနဲ့ ခေါင်းမဖော်အားကြတော့ပါဘူး။ ကျွန်မတို့ရဲ့ နံဘေးမှာ အပုံလိုက်ရှိနေတဲ့ ငွေပေးငွေယူ ပြေစာတွေ ငွေစာရင်းစာအုပ်၊ လယ်ဂျာစာအုပ်၊ ဂျာနယ်စာအုပ်တွေ။ ကျွန်မစစ်နေတာ ဝါးလုပ်ငန်းခွဲပါ။ စစ်တောင်းစက္ကူစက်ကိုပို့တဲ့ ကုန်ပို့လွှာတွေကို စီထပ်ရင်း ညည်းစီစီဖြစ်လာတာမို့ ခေါင်းကို ဘယ်ညာလှည့်ချိုးနေရင်းက အိမ်ရဲ့အောက်တစ်ဆင့်ကို လှမ်းကြည့်မိလိုက်တော့ ကျွန်မနှုတ်က ဟင်ကနဲဖြစ်ရင်း အံ့သြသွားရပါတော့တယ်။ ဟိုလူ … ကျွန်မအိတ်ကို လာကူဆွဲပေးသွားတဲ့ လူ … အောက်ဆင့်က တိုင်ကလေးကို ကျောမှီရင်း ကျွန်မကို ငေးကြည့်နေလိုက်တာ … ဘယ်အချိန်ကတည်းက ကြည့်နေတာပါလိမ့်။ အားမနာတတ်လိုက်တာလို့ စိတ်ထဲက ပြောမိရင်း ကသိကအောက် ဖြစ်သွားရပါတော့တယ်။

အမယ်လေး … သူကတော့ ကျွန်မလှမ်းအကြည့်မှာ ပြုံးယောင်ယောင်လေးတောင် ဖြစ်သွားသေး။ မခန့်လိုက်ပုံကတော့လေ … မျက်နှာပြန်လွှဲလိုက်ပေမယ့် ကျွန်မမျက်နှာက မျက်ခုံးရှုံ့ရှုံ့နဲ့ စိတ်အလိုမကျ ဖြစ်သွားရပါပြီ။

"အဟမ်း … အဟမ်း"

တမင်ဆိုးလိုက်တဲ့ လုပ်ချောင်းသံကြီးကြောင့် ဘေးကစားပွဲကို လှမ်းကြည့်လိုက်တော့ ကျွန်မကို ပါးဥဖောင်းပြီး မျက်စပစ်ပြနေတဲ့ သူငယ်ချင်း … တွေ့တယ်မို့လား ဆိုတဲ့ပုံမျိုး … သူဘယ်အချိန်က သတိထားနေမိတာပါလိမ့်။ ကျွန်မမျက်နှာက မအီမသာပုံကြီး ဖြစ်လာရပါပြီ။

နေ့လယ်စာ ထမင်းစားကြချိန်မှာ ဟင်းတွေကို လိုက်ပွဲဖြည့်ပေး … ရေနွေးအိုးကို လက်ဖက်ခြောက်အသစ်လဲပေးနဲ့ အဲ့ဒီလူ အလုပ်တွေကူနေရင်းက ကျွန်မပန်းကန်ထဲ ဟင်းတွေလာခပ်ထည့်ပေးနေတော့ စိတ်အနှောင့်အယှက်တွေ ဖြစ်လာရပါပြီ … သူကတော့ ရိုးရိုးလေးပုံပါပဲ။ သူငယ်ချင်းက အဲ့ဒီလူ နင့်ကိုထိုင်ကြည့်နေတာ နင်သာ သတိမထားမိတာ၊ အစ်မနဲ့ငါက တစ်ယောက်နဲ့တစ်ယောက် မျက်စပစ်ပြပြီး ကျိတ်ရယ်နေကြတာ တစ်နာရီလောက်ရှိနေပြီတဲ့။ ကျွန်မမျက်နှာကြီး ရေနွေးနဲ့အပက်ခံထားရသလို ဟုန်းခနဲဖြစ်သွားလိုက်တာများ ပြန်တောင်မပြောပြချင်တော့ပါဘူး။

(၃)

အလုပ်တွေ ပြန်စလုပ်ချိန်မှာ နေ့လယ်တစ်နာရီကျော်ပါပြီ။ စိတ်ပါလက်ပါလုပ်နေရင်းက ဂဏန်းပေါင်း

စက်ကို လှမ်းအယူမှာ စက်ကမရှိ။ ဘယ်နားရောက်သွားပါလိမ့်လို့တွေးရင်း စားပွဲအောက်ကို ငုံ့အကြည့် ...

"ငါ့ဆီမှာ" တဲ့။

ပြေလည်းပြော လှမ်းလည်းပေးနေတဲ့ သူငယ်ချင်းကို မော့ကြည့်လိုက်တဲ့အခိုက် ... သူငယ်ချင်းက အောက်တစ်ဆင့်ကို မျက်လုံးတစ်ချက်စွေပြလိုက်တော့ ကျွန်မမျက်လုံးအစုံက သဘောပေါက်စွာ လှမ်းကြည့်မိသွားရပါပြီ။ ကြည့်စမ်း ... လာကြည့်နေပြန်ပြီ ဟိုလူ ... ဒေါသက ထောင်းခနဲဖြစ်, ချက်ချင်း မျက်လုံးလွှဲပြီး ဂဏန်းပေါင်းစက်ကို စားပွဲပေါ် ဆောင့်ချပစ်လိုက်မိပါတော့တယ်။ တောက် ... ငါ့များ ဘာထင်နေလဲ မသိဘူး ... ဒေါသတွေက စုပြုံပြီး ဘယ်လိုထွက်လာမှန်းကို မသိတော့ ... စားပွဲကို အကွယ်နေရာဘက် ဆွဲရွှေ့ရင်း ... စိတ်တွေ တိုနေမိပါတော့တယ်။ ကျွန်မ အဲ့သလိုလုပ်ပစ်လိုက်တော့ အဲ့ဒီလူလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားပါတော့တယ်။

"မရှိတော့ဘူး" တဲ့။

ခပ်အုပ်အုပ်အသံနဲ့ လှမ်းပြောလာတဲ့ သူငယ်ချင်းကိုပါ မျက်စောင်းတွေထိုးလိုက်မိပါတော့တယ်။ သူငယ်ချင်းက သဘောကျစွာ အသံထွက်အောင်ရယ်ရင်း ခေါင်းကို ဟိုလှည့်ဒီလှည့် လိုက်ရှာသလိုလုပ်ပြနေတော့ ...

"သေမယ် ..."

လို့ အသံကျယ်ကျယ်နဲ့ အော်ထည့်ပေးလိုက်မိပါတော့တယ်။

ညနေလေးနာရီ ထိုးခါနီးမှာ ကျွန်မတို့ အလုပ်တွေလက်စသတ်ပြန်ဖို့ပြင်ကြချိန်မှာ အဲ့ဒီလူကို မမြင်တော့ပါဘူး။ ပစ္စည်းတွေ သိမ်းနေရင်းက သမအသင်းဥက္ကဋ္ဌကို လှမ်းမေးလိုက်မိပါတယ်။

"ဦးလေး ... ဒီအောက်ဆင့်လေးမှာ လာထိုင်နေတာ ဘယ်သူလဲ"

ဥက္ကဋ္ဌ ကျွန်မကို အံ့ဩတဲ့မျက်လုံးအစုံနဲ့ လှမ်းကြည့်ရင်း ...

"စိုးမြင့်လေ ... ဝါးလုပ်ငန်းခွဲက ... စိုးမြင့်တဲ့ ..."

"ညည်းအစ်ကိုဆို ..."

"ဟမ် ..."

ကျွန်မနှုတ်က အာမေဋိတ်သံအကျယ်ကြီးထွက် ... မျက်လုံးတွေပြူးသွားတာကိုကြည့်ပြီး စစ်မှူးနဲ့ သူငယ်ချင်းက ရယ်နေကြပါပြီ ...

"ဘယ်သူပြောလဲ ကျွန်မအစ်ကိုလို့ ... တွေ့တောင်မတွေ့ဖူးဘူး ... ခုမှမြင်ဖူးတာကြီး ..."

"သူပြောတာလေ"

"ဟမ် . . ."

နောက်ထပ် အာမေဋိတ်သံအကျယ်ကြီးထွက်ချိန်မှာတော့ ကျွန်မတို့ သမဥက္ကဋ္ဌကပါ လှမ်းကြည့်လာပါပြီ။ ဒေသဖြစ်လိုက်ပုံများ ... ကျွန်မနှုတ်က ထိန်းမရတော့ပါ။

"လူလိမ် ..."

ကျွန်မရဲ့ဒေါသသံကို အကြားမှာတော့ သမဥက္ကဋ္ဌရဲ့ မျက်နှာမှာ စိတ်ရှုပ်ထွေးသွားပုံကြီး ပေါ်လာပါတော့တယ်။

"ကြည့်စမ်း...ပြောင်လိမ်တာ...
ကျွန်မအမေမှာ ညီအစ်မချည်းပဲ
ငါးယောက်ရှိတာ။
အစ်ကို၊ မောင်အရင်း
တစ်ယောက်မှမရှိဘူး။
ဘယ်လိုလူလိမ်ပါလိမ့်၊
သူ့ဘာလို့ လိမ်နေတာလဲ
ဦးလေး... ပြီးတော့
ရိုင်းလိုက်တာ"

"သူပြောတာတော့ ... သူ့ညီမလေးတဲ့ ... တစ်ဝမ်းပဲကွဲတယ်တဲ့ ... သူ့အဖေနဲ့ ညည်းအမေနဲ့ မောင်နှမအရင်း ... သူ့အဖေက အစ်ကိုအကြီးဆုံးဆိုလား ..."

ဒေါသတို့က ထိန်းမရတော့ပါဘူး ... ကျွန်မနှုတ်က စကားတွေက ခရားရေလွှတ် ထွက်ကုန်ပါတော့တယ်။

"ကြည့်စမ်း ... ပြောင်လိမ်တာ ... ကျွန်မအမေမှာ ညီအစ်မချည်းပဲ ငါးယောက်ရှိတာ။ အစ်ကို၊ မောင် အရင်းတစ်ယောက်မှ မရှိဘူး။ ဘယ်လိုလူလိမ်ပါလိမ့် ... သူ့ဘာလို့ လိမ်နေတာလဲဦးလေး ... ပြီးတော့ ရိုင်းလိုက်တာ ... ကျွန်မကို တစ်ချိန်လုံး ဒီအောက်ဆင့်ကနေ လာထိုင်

ကြည့်နေတာ တကယ်ပဲ … ဘယ်လိုလူမှန်းမသိဘူး။ ဖြောင်လိမ်ကြီး …”

အားလုံးအံ့သြတသင့် ဖြစ်နေကြချိန်မှာ ကျွန်မကတော့ မျက်နှာတွေ တွတ်တွတ်ရဲ၊ အသားတွေ ဆတ်ဆတ်တုန်လာရပါတော့တယ်။

“လူကြည့်တော့ ရိုးပုံရိုးပန်းနဲ့ စကားတွေက ကလိမ်ကကျစ် … မှန်းစရာကောင်းလိုက်တာ”

သမဥက္ကဋ္ဌလည်း စိတ်တွေနောက်ကျိသွားပုံပါ။ ဘာဆက်ပြောရမှန်း မသိတော့တဲ့ပုံနဲ့ သူ့ခေါင်းသူ တဖျင်းဖျင်းကုတ်နေပါတော့တယ်။

ကျွန်မတို့ဥက္ကဋ္ဌက လူကြီးပီပီ ထိန်းထိန်းသိမ်းသိမ်းလေး ဝင်ပြောပါတယ်။

“ကျွန်တော ထားလိုက်ကြတော့၊ နောက်နေ့တွေတော့ မိန်းကလေးတစ်ယောက်ကို ဒီလိုကြီး လာထိုင်မကြည့်နေစေနဲ့ပေါ့ဗျာ”

သမဥက္ကဋ္ဌ အားတုံ့အားနာတွေဖြစ်ပြီး တောင်းပန်ပါတော့တယ်။

> “မနေ့မနက်တုန်းဆီက
> ဒီနေရာလေးမှာ …
> “အိတ်ပေး ညီမလေး” လို့
> ပြောပြီး ဖိုင်ထည့်တဲ့အိတ်ကို
> ကူဆွဲပေးသွားတဲ့
> အစ်ကို့ကို
> သတိရလိုက်မိပါတော့တယ် …
> တောင်းပန်မယ်။”

“ဟုတ်ကဲ့ … ဟုတ်ကဲ့ ကျွန်တော် သူ့ကို နောက်နေ့တွေမလာဖို့ ညနေသူလာရင် ပြောလိုက်ပါ့မယ် … တူမကြီးလည်း ဒေါသမဖြစ်ပါနဲ့တော့။ ဦးလေးကပဲ တောင်းပန်ပါတယ်နော်”

ကျွန်မ မျက်လုံးစုံမှိတ် ဂူးခနဲ လေမှုတ်ထုတ်ပစ်ရင်း ဒေါသကို မနည်းလျှော့ချလိုက်ရပါတော့တယ်။ ဒါပေမဲ့ သမဥက္ကဋ္ဌရဲ့ နားမလည်နိုင်သလို စဉ်းစဉ်းစားစားပြောလိုက်တဲ့ စကားကို အကြားမှာတော့ စိတ်ကရှူးခနဲ ပါးပျဉ်းထောင်ထလိုက်တဲ့ မြွေဟောက်တစ်ကောင်လို ဖြစ်သွားရပြန်ပါတော့တယ်။

“ဒီကောင်လူရိုးပါ။ ရှုပ်ရှုပ်ယှက်ယှက်လည်း မရှိပါဘူး။ ညာစရာ ဘာအကြောင်းရှိပါလိမ့်”

ဩော် . . .

“သူမညာဘူးဆိုတော့ ကျွန်မက ညာနေတယ်လား ဦးလေးရဲ့ …”

အသံတွေ ကျွန်မနှုတ်က မထွက်မီလေးမှာပဲ စစ်မှူးက ခပ်တိုးတိုးကပ်ပြောပါတယ်။

“မဦးရေ … တော်တော့ ညီမလေး … အိမ်ရောက်မှ အမေ့ကို ပြန်ပြောပြပြီးမေးလိုက်”

အပြန်လမ်းမှာ သူငယ်ချင်းက ကျွန်မရဲ့လက်ကို တစ်ချိန်လုံးဆုပ်ကိုင်ထားပါတယ်။ မနက်က အဲ့ဒီလူကူဆွဲပေးထားတဲ့ စာရွက်စာတမ်းတွေ ထည့်ထားတဲ့အိတ်ကို ကိုင်ဆွဲလျှောက်နေရင်း အဲ့ဒီရိုးပုံရိုးပန်းနဲ့ လူရဲ့မျက်နှာကို မြင်ယောင်ရင်း ကျွန်မရင်ထဲမှာတော့ ကျယ်လောင်စွာ အော်ဟစ်နေမိပါတော့တယ်။

လူလိမ် အဲ့ဒီလူ လူလိမ် … လူလိမ် … လူညာ …

(၄)

အိမ်ပြန်ရောက် … ရေမိုးချိုးပြီးချိန်မှာ ညနေခြောက်နာရီလောက်ရှိပါပြီ … ခြံထဲက ခူးဆွတ်လာတဲ့ အသီးအနှံ အရွက်တွေကို ညောင်လေးပင်မှာ သွားရောင်းမည့် ကုန်စိမ်းသည်လေးတွေ လာယူမှာမို့ အမေက ဖောက်သည်ပေးရအောင် ပြင်ဆင်နေပါပြီ … ဆူးပုတ်တွေစည်းနေတဲ့ အမေ့ဘေးနားမှာ ငုတ်တုတ်ကလေး ထိုင်ကြည့်ရင်း ဒီနေ့ကြုံခဲ့ရတဲ့ ဟိုလူညာအကြောင်း အမေ့ကိုပြောပြဖို့ သတိရသွားရပါတယ်။

“ဒီနေ့လေ ဝင်းခနိမ်သမကို သွားစစ်တာ … ဒေါသတွေဖြစ်လိုက်တာ …”

ကျွန်မအမေက သူ့အလုပ်သူ လုပ်နေရင်းက နားပဲစွင့်ထားတာပါ။ ကျွန်မကိုတစ်ခွန်းမှ ပြန်ပြောမနေပါဘူး။ ကျွန်မက ကျွဲကောသီးတစ်လုံးကို ကောက်ယူ၊ ဓားနဲ့ အခွံခွာနေရင်းက တတွတ်တွတ်ပြောပြ …

“ဘယ်လိုလူမှန်းမသိဘူး။ သမီးထက်တော့ကြီးမယ်။ လူကြည့်တော့ ရိုးပုံရိုးပန်းနဲ့ တစ်ချိန်လုံး လာထိုင်ကြည့်နေလိုက်တာမှ စိမ်ပြေနပြေ၊ မှန်းစရာကြီး၊ ဒေါသဖြစ်လိုက်တာ”

အမေက မျက်လုံးအပြူးသားဖြစ်ပြီး လှည့်ကြည့်လာပါတယ်။ ဆူးပုတ်စည်းနေတာရပ်ပြီး လှည့်ကြည့်တာပါ။ ကျွန်မက … စိမ်းနုနု

အရောင်ဖျော့ဖျော့နဲ့ အရည်ရွှမ်းနေတဲ့ ကျွဲကောသီးအမွှာကို ပါးစပ်ထဲထည့်ဝါးရင်း …

"ညာလည်း လာညာလိုက်သေးတယ်။ သူ့ကိုယ်သူများ အစ်ကိုတစ်ဝမ်းကွဲတဲ့ … ဟွန်း …"

အမေက ဆူးပုတ်ပုံဘက် ပြန်လှည့်သွားပါပြီ။ ဆူးပုတ်ညည်းရင်း နားစွင့်နေမှာပါ။

"သူ့အဖေနဲ့ ဖွားအေးကြည်နဲ့ မောင်နှမအရင်းဆိုပဲ။ အဟက် …"

အသီးစားရင်းက ခြောင်လိမ်တဲ့ စကားကြီးကို ပြန်ပြောပြပြီး လှောင်ရယ်လိုက်မိပါတော့တယ်။

"တကယ့်လူဗျား။ သူ့အမေက အစ်ကိုအကြီးဆုံးတဲ့ … ဟီ … ဖွားအေးကြည်တို့ အစ်ကိုတစ်ယောက် အလကားနေရင်း ရတာပဲ"

ပြောရင်းက တစ်ချက်ရယ်မိရင်း သတိထားလိုက်မိတာက အမေ ဘာလို့နှုတ်တွေ ဆိတ်လွန်းနေပါလိမ့်လို့ အမေ့ကိုလှမ်းကြည့်လိုက်တော့ မျက်မှောင်က ယောင်ယောင်လေး ကြုတ်လို့။

"ဖွားအေးကြည်ရေ … ဆူးပုတ်စည်းရင်း အိပ်ပျော်နေရော့လား …"

ကျွန်မရဲ့ ရွဲ့စောင်းစကားသံ အဆုံးမှာ အမေ့နှုတ်က ထွက်လာတဲ့ စကားလည်းကြားလိုက်ရော ကျွန်မ ကြက်သေသေသွားရပါတော့တယ်။

"စိုးမြင့်နေမှာ" တဲ့။

ဟင် … အမေပြောလိုက်တာ စိုးမြင့် … စိုးမြင့်ဆိုတဲ့အမည်ပါလား … သတိဝင်ဝင်ခြင်း အမေ့မျက်နှာကို မြင်အောင်ကဲကြည့် အမေ … လို့ အံ့ဩတကြီး ခေါ်မိသွားရပါပြီ။ ကြည့်စမ်း … အမေသိနေပါလား … ဟိုလူကို အမေသိနေတယ်။ ဒါဖြင့် ဟိုလူပြောတာတွေ … တကယ်များလား။ ကျွန်မ မျက်လုံးအပြူးသား ဖြစ်သွားရပါပြီ။

"ဒါဖြင့် သူပြောတာတွေက တကယ်တွေလား"

"ဟုတ်တယ်"

"ဟင် …"

ကျွန်မ ဖင်ထိုင်လျက်ကျသွားရပါတော့တယ်။ တကယ်တဲ့ … ၂၇ နှစ်လုံးလုံး တစ်ခါမှမကြားခဲ့ရဖူးတဲ့ ကျွန်မရဲ့ ဘကြီးအရင်းတဲ့။ ပါးစပ်အဟောင်းသားနဲ့ပဲ အမေ့ကိုကြည့်နေမိပါတော့တယ်။ ကျွန်မအမေကတော့ တစ်ချက်ကလေးမှ လှည့်မကြည့်ဘဲ ဆူးပုတ်စည်းတွေ တွန်းရွှေ့ သံပရာပုံဆီ လှမ်းရွှေးနေပါပြီ။ သူနဲ့မဆိုင်တဲ့ စကားတွေမို့ ဥပေက္ခာပြုလိုက်တဲ့ပုံမျိုး …။

"သမီးတို့ကို ဘာလို့မပြောပြ



> "ဥက္ကဋ္ဌနဲ့ကျွန်မ အချေအတင်ပြောနေလိုက်တာ ကြာလာတော့ ဥက္ကဋ္ဌခမျာ ဘာလုပ်ပေးရမယ်မှန်း မသိတော့ဘဲ သူ့ခေါင်းသူ တဗျင်းဗျင်းကုတ်ပြီး စိတ်တွေညစ်နေပါတော့တယ်... ကျွန်မလည်း စကားမပြောတော့ဘဲ အကြံတွေ ထုတ်နေမိတော့တာပေါ့"

တာလဲ။ တစ်ခါလေးတောင် ဘာလို့ မပြောပြတာလဲ။ မာမီစောတို့ အန်တီဝင်းတို့ အန်တီသေးသေးတို့ကရော ဘာလို့ တစ်ခွန်းမှမဟကြတာလဲ"

"မပြောချင်လို့ပေါ့ ... ငါတို့ တောင်မဆက်ဆံတာ ညည်းတို့က သိစရာလား ..."

မြတ်စွာဘုရား ... ဘယ်လိုညီအစ်မတွေပါလိမ့် ... စိတ်တွေ ညစ်ညူးရှုပ်ထွေးသွားရပါပြီ ... အမေတို့ညီအစ်မ ငါးယောက်မှာ တစ်ယောက်က ငယ်ကတည်းက ဆုံးပါးသွားပြီမို့ ကျန်တဲ့ညီအစ်မလေးယောက်လုံးက မခေါ်ကြတဲ့အထိ ငါ့ဘကြီးက ဘယ်လောက်များ ဆိုးသွမ်းနေခဲ့ပါလိမ့်။ တွေးလိုက်မိရင်း အဲ့ဒီဘကြီးက ဘယ်မှာနေတာလဲ မေးမိတော့ ပြွန်တန်ဆာဘက်မှာတဲ့။ ကျွန်မကတော့ ဟိုအစ်ကိုရဲ့မျက်နှာကို ပြန်မြင်ယောင်မိရင်း စိတ်တွေဆင်းရဲနေရပါပြီ။ ဒီညနေသူလာရင် နောက်မလာဖို့ ကျွန်တော်ပြောလိုက်ပါ့မယ်တဲ့။ အစ်ကိုဘယ်လိုဖြစ်သွားတော့မလဲ။ သူ့ခမျာ မှန်သောစကားပြောခဲ့ပါရဲ့နဲ့ ... လူလိမ် လူညာလို့ ကျွန်မစွပ်စွဲပြောခဲ့တာတွေ သူ့ကို အရှက်ခွဲခဲ့သလိုဖြစ်ပြီ။ ဒီလူ လူအေးလူရိုးပါတဲ့ သမဥက္ကဋ္ဌပြောခဲ့တဲ့စကား ... သူ့ကိုမသိတဲ့ သူ့ညီမလေးကို တစိမ့်စိမ့်ကြည့်ပြီး သူချစ်နေတာပါလား။ ပြုံးပြုံးလေးလှမ်းကြည့်နေတဲ့ အစ်ကို့မျက်ဝန်းတွေကို ပြန်သတိရရင်း ကျွန်မမျက်ရည်တွေ လည်လာရပါပြီ။ သနားလိုက်တာ ... တောင်းပန်မယ် ... အစ်ကို့ကို တောင်းပန်မယ် ... သူတို့မောင်နှမတွေဘာဖြစ်ဖြစ် ငါတို့မောင်နှမတွေနဲ့ မဆိုင်ဘူး။ ကလေးတစ်ယောက်လို အတွေးနဲ့ပဲ ကျွန်မမျက်ရည်တွေ သုတ် ထရပ်လိုက်စဉ်မှာ အိတ်ပေး ညီမလေး ... ဆိုတဲ့ အသံကို ပြန်ကြားမိရင်း ရှိုက်သံတစ်ချက်က ထွက်သွားရပါတော့တယ်။ အဲ့ဒီညနေက ကျွန်မ ထမင်းမစားနိုင်ခဲ့ပါလေ။

(၅)

နောက်တစ်နေ့မနက်မှာတော့ စာရင်းစစ်အဖွဲ့တွေ လာခေါ်မှာကို မစောင့်တော့ဘဲ ကျွန်မတစ်ယောက်တည်း အရင်ထွက်ခဲ့လိုက်ပါတော့တယ် ... ချောင်းကို ဖြတ်ကူး၊ ဟိုဘက်ကမ်းက သောင်စပ်ကို ခြေချမိချိန်မှာ နေရောင်မဖြာသေးပါဘူး ... မပျော်တဲ့စိတ်တွေနဲ့ လေးလံတဲ့ ခြေလှမ်းတွေနဲ့ သဲမွမွပေါ် ခြေချမိစဉ်မှာပဲ မနေ့မနက်တုန်းဆီက ဒီနေရာလေးမှာ ... "အိတ်ပေး ညီမလေး" လို့ပြောပြီး ဖိုင်ထည့်တဲ့အိတ်ကို ကူဆွဲပေးသွားတဲ့ အစ်ကို့ကို သတိရလိုက်မိပါတော့တယ် ... တောင်းပန်မယ် ... အဲ့ဒီအတွေးနဲ့ ခပ်သွက်သွက်လျှောက်ခဲ့ ... ဥက္ကဋ္ဌအိမ်ကိုရောက်တော့ အစောကြီးပေါက်ချလာတဲ့ ကျွန်မကို ကြည့်ပြီး အံ့အားသင့်အလုပ်တွေ ရှုပ်ကုန်ကြပါတော့တယ် ...

"ဦးလေး"

ရေနွေးဇန်းမလာတဲ့ ဥက္ကဋ္ဌက ဟေ ... တဲ့။

"ဘာမှမလုပ်ပါနဲ့ ... ကျွန်မကို အစ်ကို့အိမ်ကိုလိုက်ပို့ပါ။ ခုသွားချင်တယ်"

ဥက္ကဋ္ဌက စိုးမြင့်ကိုပြောတာလား ... တဲ့။ ကျွန်မက ခေါင်းညိတ်ပြလိုက်တော့ အံ့သြတဲ့အမူအရာ မဖြစ်သွားပါဘူး ... ဒီလိုဖြစ်လာလိမ့်မယ်လို့ ယုံကြည်ထားတဲ့ပုံပါ ...

"ကျွန်မ တကယ်ကိုမသိခဲ့တာ ဦးလေးရယ် ... အစ်ကို့ကို တောင်းပန်ချင်ပါတယ်"

"ဦးလေးလည်း ထင်ပါတယ် ... စိုးမြင့်ကတော့ ဘာမှမပြောသွားဘူး ... ဦးလေးကသူ့ကို ဒီနေ့ မလာဖို့ဘဲ ပြောလိုက်တာ။ ဒီနေ့တော့ သူလာမှာ မဟုတ်ဘူး။ ဦးလေး နောက်နေ့မှာပေးပို့မယ် ... ပြောလည်း ပြောပြလိုက်ပါ့မယ်"

"ဟင့်အင်း ဦးလေး ... အခု

တွေ့ချင်တာ။ ဦးလေးမအားရင် ကျွန်မကို လမ်းပဲညွှန်ပေးပါ။ ကျွန်မတစ်ယောက်တည်း သွားမယ်လေ"

"အဲ ... ဘယ်ဖြစ်ပါ့မလဲ ငါ့တူမရယ် ... စိုးမြင့်တို့ မိသားစုက ရွာထဲမှာနေတာ မဟုတ်ဘူး။ သူက ဝါးဆိပ်စောင့်ဆိုတော့ ဝါးတွေထားတဲ့ ချောင်းရေဆိပ်မှာ နေတာလေ"

"အဲ့ဒီကို လမ်းပြေပြပေးလေ ဦးလေးရဲ့ ... ကျွန်မအခုသွားမလို့ပါဆို ..."

"ဟဲ့ ... ညည်းက နီးနီးလေး မှတ်နေလား ငါ့တူမရဲ့ ... တစ်ယောက်တည်းသွားလို့ မဖြစ်သေးပါဘူးဟာ နေစမ်းပါဦး ..."

ဉက္ကဋ္ဌနဲ့ကျွန်မ အချေအတင် ပြောနေလိုက်တာ ကြာလာတော့ ဉက္ကဋ္ဌခမျာ ဘာလုပ်ပေးရမယ်မှန်း မသိတော့ဘဲ သူ့ခေါင်းသူ တဗျင်းဗျင်းကုတ်ပြီး စိတ်တွေညစ်နေပါတော့တယ် ... ကျွန်မလည်း စကားမပြောတော့ဘဲ အကြံတွေထုတ်နေမိတော့တာပေါ့ ... ခနလေးပါ။ ခနလေးမှ ခနလေးပါပဲ။ ကျွန်မရဲ့ဦးနှောက်က ခပ်ညစ်ညစ်အကြံက ထွက်လာပါတော့တယ် ...

"ဦးလေး ..."

ငြိမ်နေရာက ရုတ်တရက်ထခေါ်လိုက်တော့ ... ဉက္ကဋ္ဌက ဟေ တဲ့ ...

အလန့်တကြား ထူးပါတယ်။ ကျွန်မက ...

"ဦးလေးတို့ စာရင်းကိုင်က ဒီရွာကလား"ဆိုတော့ ...

"အေးလေ"တဲ့ ...

"အဲ့ဒါဆို သူ့ကိုအခုခေါ်ပေး။ မနေ့ကထိ ဝါးဝယ်ထားတာတွေကို ငွေစာရင်း၊ ကုန်စာရင်းအားလုံး သွင်းခိုင်းပေး။ ငွေရငွေပေး ပြေစာတွေ ကုန်လယ်ဂျာတွေ အကုန်စစ်ပြီး သွင်းပေး။ ဝါးလုပ်ငန်းငွေစာရင်း မြို့နယ်ကကြိုတင်ငွေယူထားတာတွေ အားလုံးသွင်းပေး။ ပြီးရင် ကျွန်မကိုပေး ကျွန်မငွေစာရင်း ကုန်စာရင်း မနေ့ကရက်စွဲနဲ့ လက်မှတ်ထိုးပိတ်မယ်။ ဝါးဆိပ်လက်ကျန် ဒီနေ့စစ်မယ်။ အခုပြီးတာနဲ့ စာရင်းစစ်မှူး ရောက်လာရင် ကျွန်မပြောမယ်။ ဒီနေ့စစ်မယ် ..."

ဉက္ကဋ္ဌမျက်နှာကြီး ရှုံ့တွသွားလိုက်တာမှ ... ကျွန်မလည်း သူ့မျက်နှာကို နောက်ထပ်လှမ်းမကြည့်တော့ပါဘူး။

ဉက္ကဋ္ဌရဲ့အသံတွေကို မကြားချင်ယောင် ဆောင်နေလိုက်ပါတော့တယ်။

"ဟိုကောင်လေး ... လာစမ်း။ စာရင်းကိုင်အိမ်ကိုသွား ... ခုလိုက်ခဲ့လို့ပြော ... ငါ့နှယ် ... ဘယ်လိုတွေတောင်လဲ။ ဟူး ..." တဲ့။

ဉက္ကဋ္ဌကြီး စိတ်ညစ်သွားချိန်မှာ ကျွန်မလည်း ကိုယ့်အကြံကိုယ် စိတ်တွေကျေနပ်ပြီး ဗိုက်တွေဆာလာလိုက်တာ ... ခုမှအိမ်မှာ ဘာမှမစားဖြစ်ခဲ့တာ သတိရပြီး လာချပေးထားတဲ့ ဆန္ဒင်းဝါဝါနဲ့ ထမင်းကြော်တစ်ပန်းကန်ကို ကုန်အောင်စား လက်ဖက်ရည်အချိုကို တစ်ရှိန်ထိုး မော့သောက်လိုက်ပါတော့တယ်။

(၆)

နေ့လယ်စာ ထမင်းစားအပြီး နွေနေပူပူအောက်မှာ ဝါးတွေထားတဲ့ ဝင်းခနိမ်ချောင်းရဲ့ ဝါးဆိပ်ဆီ ကျွန်မတို့အဖွဲ့ ချီတက်နေကြပါတယ်။ ဝင်းခနိမ်သမဉက္ကဋ္ဌကြီးကရှေ့က ... သူ့နောက်မှာ ကျွန်မတို့စာရင်းစစ်အဖွဲ့။ နောက်ဆုံးမှာ စာရင်းကိုင်ကောင်လေးနဲ့ နောက်အမျိုးသားနှစ်ယောက် ...

"ဉက္ကဋ္ဌ ... လမ်းလျှောက်တာကလည်း နေးလိုက်တာဗျာ"

ကျွန်မက ရှေ့ကို လှမ်းပြောမိတော့ ... ဉက္ကဋ္ဌက ...

> "ရောက်ပြီ ..."ဆိုတဲ့ ဉက္ကဋ္ဌရဲ့ အသံကိုအကြားမှာပဲ ကျွန်မ မြင်လိုက်ရတဲ့မြင်ကွင်းက ပန်းချီကားတစ်ချပ်ကို တွေ့လိုက်ရသလိုပါပဲ ... အဲ့ဒီသဘာဝ ပန်းချီကားချပ်လေးထဲမှာ အရှိန်မှန်မှန်စီးနေတဲ့ ချောင်းပြင်ကျယ်တစ်ခု ရှိနေတယ် ...

"ဟေ ... နေးနေသလား ... အေး အေး" တဲ့

ပြောလည်းပြော ခပ်သွက်သွက် ခြေကုန်သုတ်တော့ ကျွန်မတို့မိန်းကလေးအဖွဲ့က နောက်ကပြတ်ကျန်ခဲ့ပါလေရော ... စစ်မှူးအစ်မက

"ငါတို့တော့ သေတော့မှာပဲ ... မောလိုက်တာဟာ" တဲ့။

သူငယ်ချင်းမက ...

"ဟဲ့ ဦး ... နင်ဟာလေ ငါတို့ကို ဘယ်အညိုးနဲ့ အသေသတ်နေတာလဲဟင်" တဲ့ ... ပြီးတော့ ရှေ့ကိုလှမ်းအော်ပါတော့တယ် ...။

"ဦးလေး ဦးလေး ..."

"ဟေ ..."

"ဟေ မနေနဲ့ ... ဒီမှာအသက်ထွက်တော့မယ် ... အပြေးတပိုင်း လျှောက်နေရတာ။ ဒီအရူးမ မဦး ပြေးတပိုင်း လိုက်လုပ်ပေးမနေနဲ့ ... လျှော့ဦး ..."

ဟောဟဲလိုက်သံကြီးနဲ့ ရှေ့ကို လှမ်းပြောရင်း ကျွန်မကိုလည်း မျက်စောင်းကြီးထိုးလိုက်ပါသေးတယ် ... ကျွန်မက အလိုလိုအူရွှင်နေမိရင်းက တဟိဟိ ရယ်လိုက်မိပါတော့တယ် ... ဥက္ကဋ္ဌက ...

"ဟေ ... မြန်သလား ... အေး အေး" တဲ့ ... ပြောလည်းပြော ခြေလှမ်းကို အမြန်နှုန်းလျှော့ချပစ်လိုက်တာများ သူ့နောက်က အရှိန်နဲ့ လိုက်လာတဲ့ စစ်မှူးအစ်မခများ ခေါင်းငိုက်စိုက်လျှောက်နေရင်းက တိုက်မိလုနီးပါးတွေဖြစ် ... ဟဲ့ ပလုတ် တုတ်တုတ်။ ဒီမဦးဟာလေ သေတော့မယ်တဲ့ ... ခိခိ ... ကျွန်မတို့ သူငယ်ချင်းနှစ်ယောက် တခိခိနဲ့ ရယ်ရင်း ... ဦးလေးရေ နေးတယ် ... ကျွန်မကအော်လိုက်။ မြန်နေတယ် ဦးလေး ... သူငယ်ချင်းက အော်လိုက် ကလေးတွေလို ပျော်ပွဲဖွဲ့ရင်း ... ဝါးလှေဆိပ်ကို ရောက်သွားကြရပါတော့တယ်။

> "ဟဲ့ ပလုတ် တုတ်တုတ်။ ဒီမဦးဟာလေ သေတော့မယ်တဲ့... ခိခိ ... ကျွန်မတို့ သူငယ်ချင်းနှစ်ယောက် တခိခိနဲ့ ရယ်ရင်း... ဦးလေးရေ နေးတယ်"

(၇)

"ရောက်ပြီ ..." ဆိုတဲ့ ဥက္ကဋ္ဌရဲ့ အသံကိုအကြားမှာပဲ ကျွန်မမြင်လိုက်ရတဲ့မြင်ကွင်းက ပန်းချီကားတစ်ချပ်ကို တွေ့လိုက်ရသလိုပါပဲ ... အဲ့ဒီသဘာဝပန်းချီကားချပ်လေးထဲမှာ အရှိန်မှန်မှန်စီးနေတဲ့ ချောင်းပြင်ကျယ်တစ်ခုရှိနေတယ် ... အဲ့ဒီ ချောင်းထဲမှာတော့ ဆက်ကာဆက်ကာတွဲထားတဲ့ ဝါးဖောင်တန်းကြီး ရှိနေပါတယ် ... အဲ့ဒီဝါးဖောင်တန်းကြီးနဲ့ မြေသားကမ်းပါးရဲ့ ကြားမှာက သဲမွမွသောင်ပြင်ကျယ် မလှမ်းမကမ်းလေးမှာတော့ ဆယ်ပေပတ်လည်လောက်ရှိတဲ့ တဲကလေးတစ်လုံး။ ... တဲကလေးဟာ ဆယ်ပေပတ်လည်လောက်ရှိပြီး ချောင်းဘက်ကို ကျောပေးဆောက်ထားတာပါ ... သက္ကယ်မိုးဖြစ်ပြီး သက္ကယ်ပျစ်တွေနဲ့ပဲ သုံးဖက်ကာထားပါတယ်။ ချောင်းဘက်က အကာကိုတော့ ချောင်းထဲကို လှမ်းကြည့်လို့ရအောင် ထင်ပါရဲ့။ အမိုးနဲ့ ၄ပေလောက် ခွာပြီးမှ ကာထားပါတယ်။ ကျွန်မတို့နဲ့ မျက်နှာချင်းဆိုင် မျက်နှာစာဘက်ခြမ်းမှာတော့ အကာလည်းမရှိ တံခါးလည်းမရှိ ဟင်းလင်းပေါက်ကြီးပါပဲ ... "ဟင်" ဆိုတဲ့ အသံကျယ်ကျယ်ကြီးနဲ့ တဲပေါ်က ဆင်းလာတဲ့ အမျိုးသမီးက ကျွန်မမျက်နှာကို ကဲကြည့် ... သူ့ရင်ဘတ်ကို လက်ဝါးနှစ်ဖက်ယှက်ပြီး ဖိလိုက်ရင်း ... ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပါတော့တယ်...

"ညီမလေးလည်း ပါတာပဲ ..." တဲ့ ... သူ့ ကတုန်ကယင် အသံကြီးကို ကြားလိုက်ရတဲ့အခိုက် ကျွန်မရင်ထဲ လှိုက်ခနဲဖြစ်သွားရပုံများ ... အစ်ကို့ အမျိုးသမီးထင်ပါရဲ့။ သူကလည်း ညီမလေး ... တဲ့လား။

"ဟဲ့ ... သားတို့ သမီးတို့ လာကြဦး"

မလှမ်းမကမ်းမှာ ကစားနေကြတဲ့ ကလေးလေးသုံးယောက် ပြေး

လာကြတော့ … ကလေးတွေရဲ့ ညစ်ပေပေ အဝတ်တွေကို ဆွဲချွတ်၍ တဲပေါ်က အဝတ်တချို့ကိုဆွဲယူ ဖယ်ဆက်သလို ကောက်လဲပေးနေပါတော့တယ် …။

"အပေါ် တက်ထိုင်ကြပါ။ ဥက္ကဋ္ဌကြီး ဧည့်သည်တွေခေါ်ပါဦး"

ကျွန်မတို့နဲ့လိုက်လာတဲ့ စာရင်းကိုင်အမျိုးသားကိုကြည့်ရင်း …

"ကောင်လေး … ရေနွေးကြမ်းအိုးတွေ ချပေးပါဟယ် … ပဲလှော်နဲ့ ထန်းလျက်ဘူးလည်း ချပေးနော်"

"အစ်မတို့တက်ပါ"

"မနေ့ကတော့ အစ်ကိုက မှာခဲ့တယ်။ ညီမလေးကိုခေါ်ခဲ့မယ်တဲ့ … ကလေးတွေကို သနပ်ခါးလေးလူးသန့်သန့်ရှင်းရှင်း ဝတ်ပေးထားတဲ့ … တော်ကြာ ငါ့ညီမလေး စိတ်ပျက်သွားဦးမယ်တဲ့ … မနေ့ကတော့ လိမ်းပေးထားပါတယ် ညီမလေးရယ် … ဒီနေ့တော့ လာမယ်မှန်းလည်းမသိလို့ မလိမ်းထားပေးမိဘူး … အစ်ကိုဆူတော့မှာပဲ"တဲ့…။

သူ့စကားကို ကြားရတဲ့အခိုက် ကျွန်မရင်တွေ တလှပ်လှပ်ဖြစ်လာလိုက်တာ … ဥက္ကဋ္ဌနဲ့ စစ်မှူးတို့ အပေါ် တက်ထိုင်လိုက်စဉ်မှာပဲ ပျာပျာသလဲလေးဖြစ်နေတဲ့ ယောင်းမက …

"အစ်ကိုရယ်လေ … မနေ့ညနေက ထမင်းမစားဘူးတော့ ညီမလေး … သိလား။ ရွာထဲက ပြန်လာတာ တစ်ယောက်ထဲမို့ ညီမလေးကို မခေါ်ခဲ့ဘူးလားလို့ မေးမိတာ အစ်မကို ဘာစိတ်ဆိုးမှန်းမသိဘူး … မငေါက်စဖူး ငေါက်ထည့်လိုက်တာ လူတောင်တုန်သွားတယ် …"

"ညကျတော့ တစ်ခွန်းပြောတယ်။ ပညာလည်းမတတ် ပိုက်ဆံလည်းမရှိတော့ … ဆွေမျိုးတော်ရမှာ ရှက်မှာပေါ့လေ" တဲ့။ ကျွန်မမျက်လုံးမှာ မျက်ရည်တွေ အိခနဲဝိုင်းတက်လာပါတော့တယ်။ ငိုချင်စိတ်ကိုလည်း မနည်းထိန်းထားရပြီ …

"ခနနော်"

ပြောလည်းပြော တဲနောက်ဘက်ကို … ပြေးထွက်သွားပြီး … ချောင်းဘက်ကိုလှည့် ပါးစပ်မှလက်ဝါးနှစ်ဖက် ကပ်ပြီး ကြုံးအော်နေပါတော့တယ် …

"အစ်ကိုရေ … ညီမလေးတို့လာတယ် … တက်ခဲ့ဦး"တဲ့ သူထပ်ခါထပ်ခါအော်နေစဉ်မှာပဲ ကျွန်မလည်း သောင်ပြင်ထဲကို မပြေးရုံတမည်ခြေလှမ်းများနဲ့ ဆင်းသွားမိလိုက်ပါတော့တယ် …

(၈)

ကျွန်မသောင်ပြင်ထဲ ခပ်သုတ်သုတ်လျှောက်နေစဉ်မှာပဲ အစ်ကိုကတော့ ဝါးဖောင်တွေဆီကနေ ချောင်းရေကိုဖြတ်လို့ သောင်ပြင်ဆီ ပြေးတက်လာနေပါပြီ။ ဒူးဆစ်ကျော်ရုံပုဆိုးတိုတို စွပ်ကျယ်အင်္ကျီ နွမ်းနွမ်းလက်ပြတ်ကလေးနဲ့ ဝါးခမောက်လေး ဆောင်းထားတဲ့ အစ်ကိုက

> "ညကျတော့
> တစ်ခွန်းပြောတယ်။
> ပညာလည်းမတတ်
> ပိုက်ဆံလည်းမရှိတော့ …
> ဆွေမျိုးတော်ရမှာ
> ရှက်မှာပေါ့လေတဲ့။"

တစ်ကိုယ်လုံး ရေတွေစိုရွှဲလို့ … ဝါးဆိပ်စောင့်တွေရဲ့ သဘာဝက ဝါးတွေ လာခိုးမည့်သူတွေရဲ့ အန္တရာယ်တစ်ခုတည်းကို စောင့်ရှောက်ရတာ မဟုတ် … ဝါးတွေလာသွင်းတဲ့အခါ လုံးရေပြည့်မပြည့် စစ်ဆေးရ။ ဖောင်ဖွဲ့ထားတဲ့ ဝါးတွေကို တစ်ဖောင်နဲ့တစ်ဖောင် ခိုင်ခံ့အောင် တုတ်ချည်ဆက်ရ … အဲ့ဒီဖောင်တန်းကြီး ရေထဲမျောပါမသွားအောင် သစ်သားဝဲတိုင်တွေ ခိုင်ခိုင်စိုက်ရ။ ဝဲတိုင်တွေယိုင်လာရင် ရေထဲဆင်းပြန်စိုက်ကြရ။ ဝဲတိုင်မခိုင်လို့ဖြစ်ဖြစ် မသမာသူတွေက ခုတ်ဖြတ်လိုက်လို့ပဲ ဖြစ်ဖြစ်၊ ဝါးဖောင်တွေမျောကုန်ရင် လိုက်ဆယ်ရ၊ ဝါးတွေများရင် များသ

လောက် တာဝန်က ကြီးလှပါတယ် … မိုးတွင်းဆို ချောင်းရေကအပြည့် … အစ်ကို ဘယ်လောက်ပင်ပန်း ရှာလိုက်မလဲ … တွေးရင်းတွေးရင်း ရင်ထဲမှာ သနားခြင်းကြီးစွာ ဖြစ်နေရပါပြီ …

ငါတို့က ပညာလည်းမတတ် ပိုက်ဆံလည်းမရှိတော့ ဆွေမျိုးတော်ရမှာ ရှက်မှာပေ့ါလေတဲ့ … မဟုတ်ရပါဘူး အစ်ကိုရယ် … အဲ့လိုစိတ်မျိုးနဲ့ ပြောခဲ့တာ မဟုတ်ပါဘူး။ ညီမလေး … ညီမလေး တကယ်မသိခဲ့တာပါ။ တကယ်မသိခဲ့တာပါ … ကျွန်မတွေးရင်းတွေးရင်း မျက်ရည်တွေ စီးကျလာလိုက်တာဆိုတာ … မနိုင်အင်ကာ ကျလာတဲ့မျက်ရည်တွေကို သုတ်၊ တစ်ချက်ရှိုက်လိုက်မိရင်း နီးလာတဲ့ အစ်ကို့မျက်နှာကို လှမ်းကြည့်လိုက်တော့ နေလောင်ထားတဲ့ ခပ်ညိုညိုမျက်နှာတစ်ခုကို မြင်လိုက်ရပါတော့တယ် … နေ့လယ်နေပူပူကြီး ကိုယ်တစ်ပိုင်းက ရေရွဲရွဲစို အပေါ်တစ်ပိုင်းက နေကျဲကျဲပူ၊ နွေနေ့လယ်ကြီး အစ်ကို ဘယ်လောက် ပင်ပန်းလိုက်ရှာမလဲ … သနားလွန်းစွာ လှမ်းကြည့်မိတဲ့ အခိုက် အစ်ကို့မျက်လုံးမှာ မျက်ရည်တွေ ဝဲနေတာတွေ့လိုက်ရတော့ ကျွန်မရင်ထဲဆို့နင့်သွားလိုက်တာ … ခြေထောက်တွေ မတ်မတ်မရပ်နိုင်တော့ … သောင်ပြင်မှာ ငုတ်တုတ်လေးထိုင်ချ ကျွန်မရဲ့ဘေးလွယ်အိတ်ကလေးကို လက်နှစ်ဖက်နဲ့ ပွေ့ထားရင် ခေါင်းငုံ့လို့ ရှိုက်ကြီးတငင် ငိုချလိုက်မိပါတော့တယ် …

အစ်ကိုက ရုတ်တရက်ကြီး ဘာလုပ်လို့ ဘာပြောရမှန်းမသိ ဖြစ်သွားရင်း ကျွန်မရှေ့ ခပ်လှမ်းလှမ်းမှာ ခြေစုံကြီးရပ်နေပါတော့တယ် … ခဏလေးပါပဲ ကျွန်မသတိပြန်ဝင်ပြီး အစ်ကို့ကို မော့ကြည့်လိုက်မိပါတယ် …

"ညီမလေး တကယ်မသိတာပါ။ တကယ်မသိခဲ့လို့ပါ …"

အစ်ကိုက မျက်ရည်တွေနဲ့ ခေါင်းတဆတ်ဆတ် ညိတ်ပြပါတယ် …

"မနေ့ညနေကမှ …"

ပြောနေရင်းက စကားမဆက်နိုင်တော့ဘဲ ခေါင်းငုံ့ရှိုက်လိုက်မိတော့ အစ်ကိုလည်း ပြာပြာသလဲ ဖြစ်သွားပါတော့တယ်။ ကျွန်မရှေ့ကို ခြေတစ်လှမ်းတိုးကပ်လာပြီး ခါးကိုကိုင်းလို့ လက်ဆန့်ပေးပါတယ် …

"အေး … အေး တော်တော့ တော်တော့ မပြောနဲ့တော့။ ငိုလည်း မငိုနဲ့တော့ … ထ ထ … ညီမလေး" တဲ့။

အစ်ကို့လက်ကို လှမ်းဆွဲထလိုက်မိစဉ်မှာ ဒါ ငါတို့အစ်ကိုဆိုတဲ့ အတွေးနဲ့ ရင်ထဲမှာ ကျေနပ်သွားမိပါတော့တယ် … သောင်ပြင်ကိုဖြတ်မောင်နှမနှစ်ယောက် အတူလျှောက်ခဲ့စဉ်မှာ ကြမ်းရှနေတဲ့ အစ်ကို့လက်ဖဝါးတွေကို သတိရလိုက်မိပါတယ် … စိတ်မကောင်းခြင်းကြီးစွာနဲ့ …

"ပညာမတတ်လို့ … ဆင်းရဲလို့ … အမျိုးတော်ရမှာ ရှက်နေတာမဟုတ်ပါဘူး အစ်ကို" လို့ ပြောလိုက်မိတော့ …

"သိပါတယ်" တဲ့

"အစ်ကို့ဘာသာ စိတ်မကောင်းလို့ ပြောမိတာပါ" တဲ့

ပြောနေရင်းက ခေါင်းကိုမော့လို့ ကောင်းကင်ကိုကြည့် ပါးစပ်က ဂူးခနဲလေမှုတ်ထုတ် … ကျွန်မဘက်ကို ငဲ့စောင်းကြည့်ပြီး တစ်ချက်ပြုံးပြပါတယ်။

"ထားလိုက်။ သူတို့မောင်နှမတွေဘာဖြစ်ဖြစ်။ တို့မောင်နှမတွေနဲ့ မဆိုင်ဘူး"

ဝိုး … ဝိုး ကြည့်စမ်း … ကျွန်မနဲ့ ဘယ်လောက်အတွေးတူလိုက်သလဲဆိုတာ … လှိုက်ခနဲ ပျော်သွားတဲ့စိတ်နဲ့ ကျွန်မလည်း မျက်ရည်တွေကြားက ရယ်ပြလိုက်မိပါတော့တယ် … အဲ့ဒါ ငါတို့အစ်ကို … ငါတို့ကိုချစ်တဲ့အစ်ကို …

အဲ့ဒီ ကျွန်မအစ်ကိုမိသားစုဟာ နောင်အခါ ကျွန်မအမေရဲ့ အချစ်တော်တွေဖြစ်ပြီး ကျွန်မကတော့ ဘယ်သူ့ခွဲခွဲ တို့မကွဲ အမြဲစည်းလုံးမယ်လို့ အမေ့ကိုပြောနေမိပါတော့တယ် …။

တကယ်တော့ သွေးဆိုတာ ရေထက်ပျစ်တယ် မဟုတ်လားလေ …။

**မိုးခရေ (ရွှေကျင်)**


မေတ္တာဟုသည်. . .
စိမ့်စမ်းရေသို့

> " မိဘများသည် သားသမီးများကို အသက်နှင့်ရင်းကာ အတိုင်းအဆမရှိသော ချစ်ခြင်းဖြင့် မွေးဖွားထားသော်လည်း အချိန်တန်သည့်အခါ အကြောင်းအမျိုးမျိုးဖြင့် မိဘရင်ခွင်မှ ထွက်ခွာကြသည်။ "

နှင်းမြူဆိုင်းသော နေ့တစ်နေ့ …။

ဒေါ်နော်သက်ထားသည် နှင်းမြူများ လွှမ်းခြုံနေသော နံနက်ခင်း မြင်ကွင်းကြောင့် ငယ်စဉ်ကနေခဲ့သော ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ မွေးရပ်မြေရွာကလေးသို့ သတိတရ ဖြစ်မိသည်။ မွေးရပ်မြေနဲ့အတူ ဖထီးနဲ့အမိုးကိုပါ လွှမ်းဆွတ်တသဖြစ်ရသည်။ လက်အုပ်ချီ၍ ဖထီးနဲ့ အမိုးကို ကန်တော့မိသည်။ ယခုတော့ သူမပင် အသက်ခြောက်ဆယ်ပြည့်လာပြီဖြစ်၍ အများက အမိုးသက်ဟုပင် ခေါ်နေကြပြီဖြစ်သည်။

မိဘများသည် သားသမီးများကို အသက်နှင့်ရင်းကာ အတိုင်းအဆမရှိသော ချစ်ခြင်းဖြင့် မွေးဖွားထားသော်လည်း အချိန်တန်သည့်အခါ အကြောင်းအမျိုးမျိုးဖြင့် မိဘရင်ခွင်မှ ထွက်ခွာကြသည်။ ဒေါ်နော်သက်ထားသည်လည်း မိမိ၏ ခံစားချက်များ တွေးတောရင်း မိဘနှစ်ပါးဖြစ်သည့် ဖထီးနဲ့ အမိုးအပေါ် သနားကရုဏာ သက်မိတော့သည်။ မိမိသည်လည်း အတောင်အလက်စုံသော အချိန်တွင် မိဘကို ညာတာမှုကင်းကာ ထားရစ်ခဲ့ဖူးသည်။ ချစ်သူနှင့် နှစ်ကိုယ်တူ ပျော်ရွှင်နေသည့်အချိန်တွင် မိဘကို သတိရကောင်းမှန်းမသိ၊ ခင်တွယ်ရမှန်းမသိ ဖြစ်ခဲ့သည်။ မိဘမရှိမှ နောင်တရမဆုံး ဖြစ်တော့သည်။

နော်သက်ထားသည် သူတို့၏ ရွာကလေးရှိ မူလတန်းကျောင်းသို့ ကျောင်းဆရာလေးအဖြစ် ရောက်လာသော ကိုကိုလတ်နှင့် ချစ်ကြိုက်မိရာမှ ပေါင်းဖက်ခဲ့သည်။ ချစ်လင် ကိုကိုလတ် ရာထူးတိုးပြောင်းရွှေ့ရာဒေသသို့ လိုက်ပါသွားရသဖြင့် မိဘနှစ်ပါးကို မခွဲခွာချင်ဘဲ ခွဲခွာခဲ့ရသည်။ ဖထီးနှင့် အမိုးတို့ ဆုံးပါးကွယ်လွန်သည့်နေ့မှသာ ရွာသို့ ပြန်ဖြစ်တော့သည်။ နော်သက်ထားတို့ နေထိုင်သော ရွာကလေးသည်လည်း ထိုင်းမြန်မာနယ်စပ် ကရင်ရွာကလေးဖြစ်၍ တိုက်ပွဲများ ဖြစ်လေ့ရှိသည်။ တိုက်ပွဲဖြစ်တိုင်း တောထဲသို့ ထွက်ပြေးကြရသည်။ ဒေါ်နော်သက်ထားတွင် သားသမီး သုံးယောက်ထွန်းကားသည်။ သမီးကြီး နော်စုမြတ်၊ သားလတ် စောနိုင်သော်နှင့် သမီးငယ် နော်တွယ်တာတို့ဖြစ်သည်။

သားသမီးများ ငယ်သေးသဖြင့် ကျောင်းဆရာလေး ကိုကိုလတ်နှင့် နော်သက်ထားမေတို့ ရင်သွေးများကို ချီပိုးလျက် စစ်ဘေးရှောင်ကြရသည်။ ပြည်တွင်းစစ်၏ အနိဋ္ဌာရုံကို လက်တွေ့ခံစားခဲ့ကြရသည်။ စစ်ပြေးဒုက္ခ ခံစားမှု ဆိုးဝါးသည်ကို ဒေသခံ တိုင်းရင်းသား ရွာသူရွာသားများ ခံစားရခြင်းအတူတူ နော်သက်ထားတို့မိသားစုက ပို၍ ခံစားရသည်ဟု ဆိုရပေမည်။ စစ်ပြေးခိုက် ကိုကိုလတ် တောထဲမှျစ်ချိုးသွားစဉ် မိုင်းထိကွယ်လွန်ခဲ့၍ ဖြစ်ပါသည်။

ယခု သမီးကြီးနှင့် သားလတ်က အားကိုးရပြီးမှ ဒေါ်နော်သက်ထား၏ ရင်ခွင်ထဲမှ ထွက်ခွာသွားကြသည်။ ခင်ပွန်းမရှိတော့သည့်နောက် သမီးငယ်လေး နော်တွယ်တာနှင့် ဘဝကို ရင်ဆိုင်ပြီး အထီးကျန်စွာ ဖြတ်သန်းခဲ့ရသည်။

"မထားမေ‥ရေ‥မထားမေ"

"ဟယ်…မမျိုးပါလား မတွေ့တာတောင်ကြာပြီ…ဘယ်ကနေလှည့်လာတာလဲ‥ကိုထွန်းညိုကော မပါဘူးလား… မလာတာကြာလို့ စိတ်တောင်ပူနေတာ နေကောင်းကြရဲ့လားလို့…"

"ဟုတ်တယ် မထားရေ၊ ဟိုရက်က ကိုထွန်းညိုလည်း နေမကောင်းဘူး…သားငယ်လည်း နေမကောင်းလို့လေ…ဒါနဲ့ သမီး တွယ်တာလေး မတွေ့ပါလား… သားငယ်ကပြောတယ်…သမီးတွယ်တာက အတန်းထဲမှာ စာအတော်ဆုံးလို့ ပြောတယ်…"

"ဟုတ်တယ်…မမျိုးရယ် သမီးတွယ်တာက စာသိပ်ကြိုးစားတာ… အိမ်မှာဆိုလည်း သူ့လက် သူ့ခြေပဲ မထားအတွက်တော့ အားကိုးရတဲ့ သမီးလေးပေါ့… မမျိုးရယ် … ခုချိန်မှာ ထားတို့က အသက်အရွယ်ကြီးနေပြီ စိတ်သွားတိုင်း ကိုယ်မပါ

ဘူးလေ၊ သူတို့လေးတွေရှိနေတော့ တော်သေးတာပေါ့ … သမီးကြီးနဲ့ သားလတ်က ထင်သလောက် အား မကိုးရတော့ သားအမိနှစ်ယောက် စိတ်အားငယ်ရတာပေါ့ မျိုးရယ်… စကားကောင်းနေတာနဲ့ ထမင်းစားချိန် ရောက်ပြီ စားကြရအောင်…"

ဒေါ်နော်သက်ထားနှင့် ဒေါ်မျိုး သူဇာတို့သည် ငယ်သူငယ်ချင်းများ ဖြစ်သည့်အပြင် ညီအစ်မရင်းချာပမာ ခင်တွယ်ကြသည်။ မိသားစုနှစ်ခု၏ အကြောင်းအရာကို သိထားကြသူ များ၊ ကူညီရိုင်းပင်းသူများ ဖြစ်ကြ သောကြောင့် နွေးထွေးမှုရှိကြသည်။ နော်သက်ထား၏ ဘဝအကြောင်း၊ သားသမီးအကြောင်းကို သိထားသူ ပီပီ ဒေါ်မျိုးသူဇာ၏ အားပေးမှုများ သည်လည်း အားတက်စေခဲ့ရသည်။ တစ်ပတ်တစ်ခါ အိမ်ကိုအမြဲတမ်း လာရောက်ပြီး မိသားစုသဖွယ် နေ ထိုင်ပေးတတ်သည်။

"အန်တီမျိုး စားကောင်းရဲ့ လား…သမီးလည်း တတ်သလောက် နဲ့ ချက်ထားရတာ…စားမှ ကောင်း ရဲ့လားလို့…"

"ကောင်းတာပေါ့ သမီးရယ် …သမီးလက်ရာက ကမ္ဘာပေါ်မှာ အကောင်းဆုံးဖြစ်မယ်ထင်တယ်။"

"အန်တီမျိုးက သမီးကို မြှောက်နေပြန်ပြီ…ဟင်း ဟင်း…"

"ကောင်းထက်…နင်လည်း ထည့်စားလေဟာ…ငါထည့်မပေးဘူး နော် စိတ်ကြိုက်ထည့်စားနော်…"

"အောင်မယ် နင်က ဆရာကြီး လုပ်နေတယ်…ဒီအိမ်က ငါ့အန်တီ ထားအိမ် … ငါ့သဘောနော်၊ စားမှာ စိတ်ချ မပူနဲ့…"

"အေးပါဟယ် ကိုကြီးကျယ် ကလည်း ဟုတ်ပါတယ်…ဟင်း ဟင်း…"

သားနှင့် သမီးကိုကြည့်၍ ဒေါ်သက်ထားနှင့်ဒေါ်မျိုးတို့ ပီတိ ကိုယ်စီဖြစ်ရင်း ထမင်းစားဝိုင်း၏ ရယ်မောသံများက သာယာစိုပြည် လျက် ရှိပေသည်။

"မေမေရေ… မေမေ…သမီး ကို ကယ်ပါဦး မေမေရယ်…"

"ဟယ်…သမီးကြီး နော်စုမြတ် ပါလား… ဘယ်လိုဖြစ်လာတာလဲ သမီးရယ်…"

"အန်တီမျိုးလည်း ရောက်နေ တယ်… နေကောင်းတယ်မလား အန်တီ…"

"ကောင်းပါတယ် သမီးရယ် … ပြောပါဦး မေမေနဲ့အန်တီမျိုးတို့ စိတ်ပူလိုက်တာ…"

"မေမေ့ရဲ့သမက်လေ ဖဲဝိုင်း မှာ ငွေတွေရှုံးပြီး အခုအိမ်တောင် ရောင်းပေးရမလို ဖြစ်နေပြီ… သူဖဲ ရိုက်နေတာလည်း သမီးမသိဘူး။ အခု ဖဲရှုံးလို့ အကြွေးသမားတွေ လာ တောင်းမှသိတယ် မေမေရယ်… ငွေပိုငွေလျှံလည်းမရှိ စီးပွားရေးက လည်း အဆင်မပြေ၊ နေစရာအိမ်တစ် လုံးလေးရှိတာ မေမေရယ်၊ သမီး ဘယ်လိုလုပ်ရမှာလဲ…"

"မမစုမြတ်တို့က ဒုက္ခဆို မေမေလာပြောတယ်။ ကျန်တဲ့အချိန် ဆို မိဘကို သတိမရဘူး… ကိုယ့် ဒုက္ခကိုယ်ခံပေါ့၊ မေမေနဲ့ ဘာဆိုင် လို့လဲ…"

"ဒီမယ် တွယ်တာ ညည်းက ဝင်ပြောစရာမလိုဘူး … ကလေးလို နေ၊ မမစုမြတ်က မေမေကိုပြောပြ တာ…"

"ကဲ တော်ပါတော့ သမီးတို့ ရယ်… သမီးစုမြတ်ရဲ့အခက်အခဲကို မေမေက ဘယ်လိုကူညီရမလဲ၊ သမီး အနေနဲ့ မေမေတို့ အခြေအနေကို သိပြီးသားပဲလေ …၊ သမီးဖေဖေ မရှိတော့တဲ့နောက်ပိုင်း သမီးကြီးနဲ့ သားကလည်း မေမေကို မကူညီနိုင် ကြဘူးမဟုတ်လား။ တွယ်တာလေး လစာတစ်ခုနဲ့ မေမေတို့ ဘဝရပ်တည် နေရတာလေ။ သမီးလည်းသိသား နဲ့…"

"ဟုတ်ပါတယ် မေမေရယ် သမီးလည်း သိပါတယ်… ဒါပေမဲ့ သမီးမှာ အခက်အခဲသိပ်ဖြစ်နေလို့ ပါ… ဖြစ်နိုင်ရင် မေမေတို့နေတဲ့ အိမ် ရောင်းပေးပါလား… သမီးအမျိုးသား အလုပ်အဆင်ပြေရင် အသစ်ပြန်ဝယ်

“ သမီးမှာ
အခက်အခဲသိပ်ဖြစ်နေလို့ပါ…
ဖြစ်နိုင်ရင် မေမေတို့နေတဲ့
အိမ်ရောင်းပေးပါလား…
သမီးအမျိုးသား
အလုပ်အဆင်ပြေရင်
အသစ်ပြန်ဝယ်ပေးပါ့မယ် ”



ပေးပါ့မယ်…၊ လောလောဆယ် သမီးတို့နဲ့ ပေါင်းနေပေးပါလား… သမီးအိမ်က ကိုဖြိုးမိဘတွေ ဝယ်ပေးထားတာမလို့ မရောင်းချင်လို့ပါ…"

"ဘာပြောလိုက်တယ် မမစုမြတ်… မိဘအပေါ် တော်တော်ကောင်းမွန်တဲ့ အကြံအစည်ပဲ…"

"မေမေရေ…မေမေ"

"သားနိုင်သော်ပါလား… လာသားလေး ဘယ်ကလှည့်လာတာလဲ… မေမေဆီကိုပဲလာတာ… မေမေနေကောင်းတယ် မဟုတ်လား… ညီမလေးတွယ်တာ နေကောင်းလား… ကိုကိုလည်း ညီမလေးတို့ဆီလာမယ်နဲ့ မရောက်ဘူးဖြစ်နေတာ… အခု အကြောင်းကိစ္စပေါ်တာနဲ့ ထွက်လာခဲ့တာ… မမစုမြတ်ပါ ရောက်နေတယ် … မိသားစုတွေ မမျှော်လင့်ဘဲ စုံသွားတာပေါ့…"

"ကိုကို မေမေနဲ့ညီမလေးစားဖို့ ဘာဝယ်လာလဲ…"

"အေးဟုတ်သားပဲ… ကိုကို အလောတကြီး ထွက်လာလိုက်တာ ဘာမှတောင် ဝယ်မလာရဘူး…"

"သိပါတယ် အရင်တုန်းကလည်း ပါတာမှမဟုတ်ဘဲဟာ…"

"အေးပါကွယ် ထားပါတော့ … ဒါနဲ့ ပြောပါဦး သားကိစ္စက …"

"ဒီလိုမေမေ… သားအခုတစ်ခေါက် အလုပ်လုပ်လိုက်တာ အရှုံးပေါ်သွားတယ် မေမေ… ရှုံးတာမှ ငွေတွေပြန်တောင်းနေလို့ မပေးနိုင်ရင် ရဲတိုင်မယ်၊ အမှုဖွင့်မယ်ပြောနေလို့ မေမေ သားကို ကယ်ပါဦးနော်… မေမေမှာ ငွေရှိရင် သားကိုပေးသုံးပါဦး မေမေ… သားကို ကယ်မယ့်သူက မေမေပဲရှိတယ်… သားတောင်းတာပေးပါနော်…"

"မင်းတို့ မောင်နှမနှစ်ယောက်ကလည်း ဘယ်လိုများဖြစ်ကြတာလဲကွယ်၊ မင်းတို့အမေကိုလည်း သနားကြဦးလေ… မင်းတို့က ငါတို့ ကရင်ရိုးရာနတ်ပူဇော်တာတွေ တစ်ခါမှ မလုပ်ခဲ့ဘူး၊ မခက်လားကွယ့်။ မင်းတို့ညီမလေး လစာနဲ့ စားသောက်နေရတဲ့ အမေကို ဘာမှအပူအပင်မပေးကြပါနဲ့ကွယ်… သူ့ခမျာ ဘယ်လိုမင်းတို့ကို ငွေထုတ်ပေးရမှာလဲ… စဉ်းစားကြည့်ကြပါဦး… အန်တီမျိုးတောင် မင်းတို့ မေမေကိုသနားလို့ တတ်နိုင်သလောက် စောင့်ရှောက်နေရတာလေ… သားတို့ သမီးတို့အနေနဲ့ မိဘကိုသိတတ်တဲ့ သားသမီးပဲ ဖြစ်စေချင်တယ်… မင်းတို့မေမေမှာ အိမ်တစ်လုံးပဲရှိရှာတာလေ… ဒီအိမ်လေးကိုတော့ မထိခိုက်ကြပါနဲ့ကွယ်…"

တွယ်တာလေးသည် မိခင်ကို

ဖက်၍ ငိုနေသည်မှလွဲ၍ ဘာမှမပြော နိုင်ရှာပေ။ အစ်မကြီးနှင့် အစ်ကို၏ မိသားစုပေါ်ထားသည့် စိတ်ဓာတ်ကို လည်း စိတ်မကောင်းများစွာ ဖြစ် ရသည်။ မိခင်ဘယ်လိုဆုံးဖြတ်လိမ့် မည်ကိုသာ တွေးတောရင်း မျက် ရည်ဖြိုင်ဖြိုင် ကျနေရှာသည်။ ကောင်း ထက်ဇော်က အားပေးစကားပြော ကြားရင်း တွယ်တာပခုံးလေးဖက်ကာ အိမ်ရှေ့ပန်းခြံသို့ ခေါ်ဆောင်သွား သည်။

“ကဲ… သမီးကြီးနဲ့ သားရေ ပြန်ကြပါတော့၊ မေမေ ဘယ်လိုလုပ် ရမလဲဆိုတာ စဉ်းစားပါရစေဦး…”

“အော် ဒုက္ခ၊ အသက်ကြီးလာ လို့ သားသမီးများ အားကိုးရမလား မှတ်တယ်၊ သားသမီးတွေပေးတဲ့ သောကကို မိဘတွေက ခါးစည်းခံနေ ရပါလားနော်… မျိုးရေ ထားသေ သာ သေချင်လိုက်တော့တယ်… ကိုလတ်ရေ… ရှင့်သားနဲ့သမီးကို လာကြည့်ပါဦး … ရှင်ထားခဲ့တဲ့ အိမ်တောင် ရောင်းခိုင်းပြီး သူတို့ အကြွေးတွေ ဆပ်ခိုင်းနေတယ်…”

ဒေါ်နော်သက်ထားမေ၏ ငိုသံ သည် အိမ်ပြင်လမ်းမသို့ပင် လျှံထွက် နေတော့သည်။

× × ×

ဒေါ်မျိုးသူဇာတို့အိမ်တွင် အိမ် သားတစ်ဦး တိုးလာပြီး သမီးတစ် ယောက်ရရှိသည့်အပေါ် အိမ်သားများ ပျော်မဆုံးဖြစ်နေကြသည်။ ဒေါ်မျိုး သူဇာနှင့် ဒေါ်နော်သက်ထားတို့မှာ သံယောဇဉ်ခိုင်မြဲပြီးသားဖြစ်သည့် သားနှင့် သမီးကို နေရာချထားပေးခဲ့ သည်။ ထို့အတွက် ဦးထွန်းညိုနှင့် ဒေါ်မျိုးသူဇာတို့မှာ သမီးချွေးမအား ချစ်မဝဖြစ်နေပေသည်။

“သမီးလေးတွယ်တာ အန်တီမျိုး တို့အိမ်မှာနေရတာ အဆင်ပြေရဲ့ လား… သားကောင်းထက်က ဂရု စိုက်ရဲ့လား… လိုတာ အန်တီမျိုးကို ပြောနော်… ကိုယ်ဝန်ကိုလည်း ဂရု စိုက်နော်သမီး…”

“ဟုတ်ကဲ့ပါဗျာ… ဂရုစိုက်ပါ တယ်နော် မိန်းမအလိမ္မာလေး ရထား တဲ့သားက ပိုပြီးချစ် ပိုပြီးယုယပါ တယ်နော်… မိန်းမရယ်၊ ဗိုက်ထဲက ကလေးရယ်…”

“အို…မောင်ကလဲ”

“ဒါနဲ့ တွယ်တာကို ပြောရဦး မယ်…”

“ပြောလေ မောင်…”

“မနက်က မောင် ရုံးကိစ္စနဲ့ အပြင်သွားရတယ်… မေမေထားတို့ ရိပ်သာနဲ့ နီးလို့ ဝင်လိုက်တယ် တွယ်တာမေမေက မှာတယ် … တွယ်တာ ကျန်းမာရေးဂရုစိုက်ဖို့၊ ကိုယ်ဝန်ကိုဂရုစိုက်ဖို့၊ ပြီးတော့…”

“ဘာဖြစ်လဲမောင်… ပြီးတော့ ဆိုတာ”

“ဘာမှမဟုတ်ပါဘူး… မောင် ကိုလည်း တွယ်တာက ပိုချစ်ပါတဲ့… …”

“အော် … ဘာများလည်းလို့ နော် … မောင်ကတော့လေ…”

“ဘာလဲ မချစ်ဘူးပေါ့… ဒါနဲ့ ပြောရဦးမယ် တွယ်တာ၊ မေမေ ထားဆီကို မမြတ်နဲ့ ကိုကိုရောက် လာတယ်… သူတို့လုပ်ရပ်တွေ မှား ပါတယ်ဆိုတဲ့အကြောင်း၊ နောင်တရ ပါပြီဆိုတဲ့ အကြောင်းတွေ ပြောနေ တယ်…”

“ဟုတ်တယ်သား… သမီး စုမြတ်နဲ့ သားကိုနိုင် မေမေနဲ့ ဖေဖေ ဆီကိုလည်း လာတောင်းပန်သွား တယ်။ သူတို့လည်း နောင်တရနေပါ ပြီ။ သားနဲ့သမီးကို ခွင့်တောင်းရဦး မယ်… ဖေဖေနဲ့ မေမေကိုလည်း မြေးလေးမွေးပြီးရင်… မထားလို ရိပ်သာဝင်ခွင့်ပြုပါ။ ဖေဖေနဲ့မေမေ အရွယ်ကလည်း တရားရိပ်မှာ ခိုလှုံရ မယ့်အရွယ်ရောက်နေပြီ… တရားဓမ္မ နဲ့နေချင်တယ်… သားနဲ့သမီးကို လည်း စိတ်ချနေရပြီ…”

“ဟုတ်ကဲ့ပါ … ဖေဖေနဲ့ မေမေ…။ မိဘတွေမေတ္တာကတော့ သားသမီးတွေအတွက် ဘယ်ပန်းချီ မှရေးလို့မမီပါဘူး… သားတို့လည်း ဖေဖေမေမေတို့ရဲ့ အဆုံးအမအတိုင်း ဘဝကိုတန်ဖိုးရှိအောင် တည်ဆောက် နေထိုင်သွားပါမယ်လို့ ကတိပေးပါ တယ်”

“အမလေး… မောင်ရေ ဗိုက် နာလိုက်တာ… ဖေဖေနဲ့မေမေ လုပ် ပါဦး… ဗိုက်အရမ်းနာတယ်…”

ဦးထွန်းညိုနှင့် ဒေါ်မျိုးသူဇာ တို့မှာ ဝမ်းသာပီတိများစွာဖြင့် တစ်ဦး ကိုတစ်ဦး ကြည်နူးမှုများစွာဖြင့် အကြည့်ချင်း ဆုံနေပေတော့သည်။ သူတို့နှစ်ဦး၏ အကြည့်သည် ရည် မှန်းချက်များ ပြည့်ဝခြင်း၊ စိတ်အေး ချမ်းသာယာစွာဖြင့် သားချွေးမနှင့် မြေးလေးအတွက် နောင်ရေးစိတ်ချရ မှုများနှင့် ရင်တွင်းပီတိဝေဖြာနေပါ တော့သည်။

ငြိမ်းချမ်းမေ


(မြန်မာ့အသံ)
လက်ကမ်းကြိုလင့်နေပါမည်

(၁)

ပဲခူးရိုးမတောင်ကြောကြီး၏ အကွေ့အကောက် အတက်အဆင်းများလှသည့် တောတွင်းလမ်းကလေးပေါ်တွင် ဖြစ်သည်။ "ပြည်ထောင်စုသစ္စာ" မီဒီယာအဖွဲ့မှ အဖွဲ့ဝင်သုံးဦးပါ သတင်းရိုက်ကူးရေးအဖွဲ့သည် 4WD ပါကဲ့ရိုးကားကလေးကို ပုတ်ပြတ်ငှားရမ်းကာ ခရီးထွက်လာခဲ့ကြခြင်း ဖြစ်သည်။

မိုးအနှောင်း ဆောင်းအကူး ပွင့်လင်းရာသီအဦးအစကာလဖြစ်သဖြင့် ရာသီဥတုက သာယာလှပနေသည်။ အကြီးတန်း သတင်းထောက် နော်နီးထာသည် စိမ်းစိုညိုမှောင်သော တောင်ကြောတစ်လျှောက် မြူခိုးများဖြင့် ယှက်သန်းအုံ့ဆိုင်းလျက်ရှိသည့် တောအလှ တောင်အလှတို့ကို ဖုန်းကင်မရာကလေးဖြင့် ရိုက်ကူးမှတ်တမ်းတင်လျက်ရှိသည်။ PD (Producer) အဖြစ်လိုက်ပါလာသည့် အဖွဲ့ခေါင်းဆောင် ကိုကျော်ကြီးက ကားရှေ့ခန်း ယာဉ်မောင်းဘေးတွင်ထိုင်ရင်း ဒေသတွင်းကျေးရွာများ၏ စိုက်ရေးပျိုးရေး၊ လုံခြုံရေးအခြေအနေများအကြောင်း စကားကောင်းနေကြသည်။ ကင်မရာမင်းကျော်သူရကမူ နောက်တန်းခုံတွင် ပစ္စည်းများကို ကျောမှီခါးဆန့်ရင်း အိပ်ပျော်နေလေသည်။

သူတို့အဖွဲ့သည် "တောရမြိုင်သာသနာ့နယ်မြေ" အတွင်း ယာယီဖွင့်လှစ်ထားသော စစ်ရှောင်ပရဟိတစခန်းသို့ သတင်းလည်းယူ ကယ်ဆယ်ရေးပစ္စည်းများလည်း ထောက်ပံ့လှူဒါန်းရန်အတွက် ယခုကဲ့သို့ ထွက်ခွာလာကြခြင်းဖြစ်သည်။

သူတို့အဖွဲ့သည် နေရာသို့ ရောက်ရန် လမ်းက ရွာတစ်ရွာတွင် တစ်ညအိပ်ခဲ့ကြရသည်။ သူတို့၏ ရုံးကားကို အဆိုပါ စိမ့်စမ်းဖြူရွာ အုပ်ချုပ်ရေးမှူးအိမ်တွင် ထားခဲ့ကြပြီး လမ်းခရီးကျွမ်းကျင်မှုရှိသည့် ယာဉ်မောင်းနှင့်အတူ ထိုကျေးရွာမှ ကားတစ်စီးကို ငှားရမ်းကာ ခရီးဆက်ခဲ့ကြခြင်း ဖြစ်သည်။

ကားကလေးသည် တောရမြိုင်သာသနာ့နယ်မြေသို့ဟူသော သစ်သားလမ်းညွှန်ဆိုင်းဘုတ်ကလေး ညွှန်ပြရာ လမ်းကျဉ်းကျဉ်းကလေးထဲသို့ ကွေ့ဝင်မောင်းနှင်လာခဲ့ရာ နာရီဝက်ခန့်အကြာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှေ့သို့ ရောက်ရှိသွားလေသည်။

"ဒကာကြီးတို့က ဘယ်ကများလဲ…"

တံမြက်စည်းလှည်းနေသည့် ဦးပဉ္စင်းတစ်ပါးက လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"တင်ပါ့ဘုရား၊ တပည့်တော်တို့က ပြည်ထောင်စုသစ္စာမီဒီယာက သတင်းထောက်အဖွဲ့ပါဘုရား၊ ဒီမှာဖွင့်ထားတဲ့ စစ်ရှောင်ပရဟိတစခန်းအကြောင်း သတင်းယူဖို့ရယ်၊ ပြီးတော့ ပစ္စည်းလေးတွေလည်း လှူဒါန်းဖို့ ရောက်လာကြတာပါ ဘုရား…"

"ဟုတ်ပါပြီ ဒကာကြီး၊ အပေါ်မှာ ဆရာတော်ရှိတယ် လာကြ… လာကြ…"

ဦးပဉ္စင်းလေးက ရှေ့မှဦးဆောင်ကာ ကျောင်းပေါ်သို့တက်သွားသည်။ နီးထာတို့အဖွဲ့လည်း ခြေတံရှည်သစ်သားကျောင်းဆောင် အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ ထိုင်ခုံတစ်လုံးတွင် ထိုင်ရင်း ရွာသားအချို့နှင့် စကားပြောဆိုနေသော ဆရာတော်ကို နီးထာတို့ သုံးဦး ဦးချဝတ်ပြုလိုက်ကြသည်။

"သူတို့က သတင်းထောက်တွေတဲ့ဘုရား…သတင်းယူဖို့လာကြတာလို့ ပြောပါတယ်…"

ဦးပဉ္စင်းက ဆရာတော်ထံ လျှောက်တင်လိုက်သည်။

အဖွဲ့ခေါင်းဆောင် ကိုကျော်ကြီးကလည်း ဆရာတော်ကို တစ်ဦးချင်းမိတ်ဆက်ပေးကာ သတင်းအင်တာဗျူး ရိုက်ကူးရန်ကိစ္စနှင့် ပရဟိတအဖွဲ့တစ်ဖွဲ့က လှူဒါန်းလိုက်သည့် အလှူငွေ၊ ဆန်အိတ်နှစ်အိတ်နှင့် အဝတ်အထည်နှင့် အစားအသောက်များပါသော ထောက်ပံ့ရေးပစ္စည်း အိတ်သုံးအိတ်လှူဒါန်းရန်ကိစ္စတို့ကို လျှောက်ထားလိုက်သည်။

> "တောကောင်တွေကို သတ်တာ ဖြတ်တာမလုပ်ရဘူး။ စိုက်ပျိုးရေးကရတဲ့ ဝင်ငွေအားလုံးကို သာသနာနယ်မြေ ရန်ပုံငွေအဖြစ်ထားတယ်။ အခြေချနေထိုင်ကြတဲ့ မိသားစုဝင်တွေအားလုံးကိုလည်း ဒီမှာပဲ ဝိုင်းလုပ်ဝိုင်းစားသဘောနဲ့ ကျွေးမွေးထားတယ်။"

> “စားရေး သောက်ရေး
> ကျန်းမာရေး
> ပူပန်စရာမလိုဘူး။
> ဦးဇင်းအားလုံး
> တာဝန်ယူထားတယ်။
> အခုစစ်ဘေးရှောင်တွေ
> ရောက်လာကြတော့လည်း
> အားလုံးဝိုင်းလုပ်ဝိုင်းစားကြပဲပေါ့။”

ဆရာတော်က -

“အင်း…ဒီလိုနေရာမျိုးကို ခက်ခက်ခဲခဲရောက်လာကြတဲ့ ဒကာကြီးတို့အဖွဲ့ကို ဦးဇင်းကျေးဇူးတင်ပါတယ်။ ကြိုလည်း ကြိုဆိုပါတယ်။ ဒီဝန်းကျင်က ရွာသူရွာသားတွေ တိုက်ပွဲတွေကြောင့် ဒုက္ခရောက်လို့ ဒီသာသနာ့နယ်မြေမှာ ခိုလှုံဖို့ ရောက်လာကြတော့ ဦးဇင်းလည်း တတ်နိုင်သလောက် အဆင်ပြေအောင်စီမံပြီး စောင့်ရှောက်ထားရတာပေါ့။ ကျုပ် ဒီသာသနာ့နယ်မြေကို ထူထောင်လာတာ ဒီနှစ်ဆို ဆယ်နှစ်ပြည့်ပြီ ဒကာကြီး။ အနီးအနားက ရွာသူရွာသား ဆယ်ယောက်လောက်ကို စည်းရုံးပြီး မြေလွတ်မြေရိုင်းတွေ ရှင်းလင်း၊ တဲကျောင်းလေးဆောက်ပြီး နေလာခဲ့တာ။ အဲဒီရွာသားတွေကိုလည်း ဒီနယ်မြေထဲမှာပဲ အခြေချနေထိုင်ဖို့ အိမ်တွေဆောက်ပေးခဲ့တယ်။ အခုတော့ ဒီမှာ အခြေချနေထိုင်တဲ့ မိသားစုကပဲ အိမ်ခြေနှစ်ဆယ်ကျော်ရှိနေပြီ။ ဒီမှာပဲ သင့်တော်သလို နေရာလေးတွေမှာ စပါးစိုက်၊ ပဲစိုက်၊ တောင်ယာတွေလုပ်ခိုင်းရင်း ဒီသာသနာ့နယ်မြေဖွံ့ဖြိုးလာအောင် လုပ်ခဲ့ရတယ်။ အခုတော့ လမ်းကလေးတွေလည်း ဖောက်ထားပြီးပြီ။ ဒီသစ်သားကျောင်းဆောင်တစ်လုံးရယ်၊ ဟိုဘေးက ဆွမ်းစားဇရပ်တစ်ဆောင်ရယ် အသစ်ဆောက်လုပ်နိုင်ခဲ့တယ်။ တစ်လောက တိုက်ပွဲတွေကြောင့် ကျုပ်ဆီကိုပြေးလာကြတော့ တောထဲက ရရာသစ်ဝါးတွေခုတ်ပြီး ယာယီတဲကြီးလေးလုံး ဆောက်ပေးလိုက်ရတယ်။ တန်းလျားကြီးတွေပေါ့။ လက်ရှိမှာတော့ အိမ်ထောင်စု ၂၄ စု၊ လူဦးရေ ၂၆၀ ကျော်ကို စောင့်ရှောက်ပေးထားတယ်။ ဒကာကြီးတို့ကို ပြီးရင်လိုက်ပြပေးပါလိမ့်မယ်။ သူတို့ကို နေစရာပေးပြီး ထမင်းလည်း ကျွေးထားတယ်ပေါ့။ ဦးဇင်းဒီနယ်မြေကို သက်သတ်လွတ်နယ်မြေလုပ်ထားတယ်။ တောကောင်တွေကိုသတ်တာ ဖြတ်တာမလုပ်ရဘူး၊ စိုက်ပျိုးရေးကရတဲ့ ဝင်ငွေအားလုံးကို သာသနာနယ်မြေ ရန်ပုံငွေအဖြစ်ထားတယ်။ အခြေချ နေထိုင်ကြတဲ့ မိသားစုဝင်တွေအားလုံးကိုလည်း ဒီမှာပဲ ဝိုင်းလုပ်ဝိုင်းစားသဘောနဲ့ ကျွေးမွေးထားတယ်။ စားရေး သောက်ရေး ကျန်းမာရေး ပူပန်စရာမလိုဘူး။ ဦးဇင်းအားလုံး တာဝန်ယူထားတယ်။ အခုစစ်ဘေးရှောင်တွေ ရောက်လာကြတော့လည်း အားလုံးဝိုင်းလုပ်ဝိုင်းစားကြပဲပေါ့။ တချို့ သက်ကြီးရွယ်အိုတွေပါတယ်။ ကိုယ်ဝန်ဆောင်တွေလည်း ပါတယ်။ ကလေးသူငယ်တွေလည်း ပါတယ်။ အားလုံးပဲပေါ့။ အခု ဦးဇင်းဆေးဝါးအခက်အခဲရှိတယ်။ ဒီနေရာက မြို့နဲ့လည်း သိပ်ဝေးတယ်လေ။ အနည်းဆုံး နှစ်ရက်ခရီးလောက် သွားရတာ။ ရေအတွက်ကျတော့ တောင်ဘက်မှာ တောင်ကျချောင်းတစ်ခုရှိတယ်။ အမြင့်ပိုင်းကနေ ကျောင်းအုတ်ကန်ထဲအထိ ပိုက်နဲ့ရေသွယ်ထားတာ။ မြို့ပေါ်မှာတော့ ဦးဇင်းရဲ့ အမာခံအလှူရှင် ဒကာ ဒကာမတွေရှိပါတယ်။ လိုအပ်တဲ့အခါ ဖုန်းနဲ့ လှမ်းပြောရတာပေါ့…”

ဆရာတော်က အသေးစိတ်ရှင်းပြနေသည်။ ဆရာတော်၏ ဘွဲ့အမည်မှာ ဦးဝါသဝဖြစ်ပြီး သက်တော် ၅၃ နှစ်၊ ဝါတော် ၂၃ ဝါရှိပြီဖြစ်ကြောင်း ဓမ္မာစရိယစာချဆရာတော်တစ်ပါးဖြစ်ကြောင်း သိရသည်။

“ကဲ…ဒကာကြီးတို့ ဆာကြရောပေါ့၊ မွန်းလွဲ တစ်နာရီတောင်ရှိနေပြီပဲ။ ပြီးမှ ကယ်ဆယ်ရေးစခန်းဘက်သွားကြတာပေါ့။ ခုတော့ ထမင်းစားလိုက်ကြဦး။ ဒကာဖိုးစောရေ… ဧည့်သည်တွေကို ထမင်းစားဆောင်ဆီခေါ်သွားလိုက်ဦး…”

ဆရာတော်ကို ဦးချကန်တော့ကာ ကျောင်းအောက်သို့ ဆင်းခဲ့ကြသည်။ ကျောင်းဝင်းထဲတွင် ခရေပင်၊ မရမ်းပင်၊ မကျည်းပင်တို့၏ အရိပ်များဖြင့် အေးမြနေသည်။ အရှေ့ဘက် မလှမ်းမကမ်း တောင်ကုန်းမြင့်လေးပေါ်တွင် ဆည်းလည်းသံတလွင်လွင်ဖြင့် ရွှေရောင်ဝင်းနေသည့် စေတီငယ်တစ်ဆူကို ဖူးတွေ့ရသည်။

ဘုရားကုန်းတော်၏ တောင်ခြေရင်းမြေကွက်လပ်တွင် ဒုက္ခသည်များ ခိုလှုံရာ ယာယီတဲကြီးများကို လှမ်းမြင်နေရသည်။ ထမင်းရုံထဲတွင်တော့ လူအချို့ထမင်းစားနေကြသည်။ ကိုယ့်ပန်းကန်ကိုယ်ယူ၊ အသင့်ချထားသည့် ထမင်းတောင်းများထဲမှ ကိုယ်လိုသလောက် ကိုယ်တိုင်ထမင်းခူးခပ်ပြီး အသင့်ခပ်ထည့်ထားသော ဟင်းခွက်များကိုယူကာ သင့်ရာနေရာတွင် စုဖွဲ့စားသောက်ကြရသည်။ ဂေါ်ဖီ၊ ခရမ်းသီး၊ ပဲသီး၊ ရွှေဖရုံသီး၊ ရုံးပတီသီး စသည့် ဟင်းသီးဟင်းရွက်များဖြင့် စီမံထားသည့် ချဉ်ရည်ဟင်း၊ အသီးအရွက်ကြော်၊ အသုပ်တို့ကို စားချင့်စဖွယ် ချက်ပြုတ်ပြင်ဆင်ထားသည်။ ဘားအံမြို့ သာမညတောင်တွင် စားရဖူးသည့် သက်သတ်လွတ် ငပိရည်မျိုးလည်း နီးထာတို့ စားခဲ့ရသည်။ ဆာနေ၍လားမသိ ထမင်းစားလို့ကောင်းလှသည်။



(၂)

တောရမြိုင်စစ်ဘေးရှောင်စခန်းမှ သတင်းရိုက်ကူးပြီး၍ ပြန်ထွက်လာချိန်တွင် မွန်းလွဲနှစ်နာရီခွဲနေလေပြီ။ ဒေသခံကားဆရာ၏ ကျွမ်းကျင်မှုဖြင့် ညအိပ်တည်းခိုရမည့် စိမ့်စမ်းဖြူရွာသို့ မိုးမချုပ်မီ ရောက်နိုင်ရန် ခန့်မှန်းထားသည်။

"ဟာ…ဟိုရှေ့မှာ လူတစ်စု ကားကိုတားနေပါလား…"

ကားပြန်ထွက်လာ၍ တစ်နာရီခန့်အကြာ လျှိုမြောင်အကြားမှ လမ်းပေါ်သို့ထွက်လာကြသည့် လူတစ်စုကို တွေ့လိုက်ရခြင်း ဖြစ်သည်။

"ဟာ…လက်နက်တွေနဲ့ဗျ။ ငပွေးတွေပဲ။ သူတို့တားရင် ရပ်ပေးမှဖြစ်မှာ…"

ကားဆရာက ပြောရင်းဖြင့် ကားကို အရှိန်လျှော့လိုက်သည်။

"ရပ်ပေးလိုက်ပေါ့ဗျာ … သတင်းအဖွဲ့ပဲ သူတို့နှောင့်ယှက်မှာတော့ မဟုတ်ပါဘူး။ မီးစင်ကြည့်ကကြတာပေါ့…"

ကိုကျော်ကြီး၏ တီးတိုးစကားသံအဆုံးမှာပင် ကားက ရပ်လိုက်သည်။

"ဘယ်က အဖွဲ့တွေလဲ၊ ဘယ်သွားကြမလို့လဲ…"

ခေါင်းဆောင်ဖြစ်ဟန်တူသူက မေးလိုက်ခြင်းဖြစ်သည်။ ကျန်အဖွဲ့ဝင်များက သေနတ်များဖြင့်ချိန်ကာ ကားကိုဝိုင်းထားကြသည်။

ကိုကျော်ကြီးက …

"ကျွန်တော်တို့ သတင်းထောက်တွေပါ၊ တောရမြိုင်ဒုက္ခသည်စခန်းကနေ သတင်းယူပြီး ပြန်လာကြတာပါ…"ဟု ဖြေလိုက်သည်။

"ကားပေါ်ကဆင်းကြ၊ ယာဉ်မောင်းလည်း ကားစက်သတ်ပြီး အောက်ကိုဆင်း…"

ခက်ထန်သောလေသံဖြင့် အမိန့်ပေးနေပြန်သည်။

နီးထာတို့အားလုံး ဆင်းလိုက်ကြသည်။ သူတို့ထဲမှနှစ်ယောက်က ကားထဲသို့ဝင်ကာ ဟိုဟိုသည်သည် ရှာဖွေစစ်ဆေးကြသည်။

"ဒီလိုအချိန်အခါမျိုးမှာ ဒီလိုနေရာမျိုးကို ခင်ဗျားတို့မလာသင့်ဘူး၊ ချောင်းပြီးပစ်သတ်လိုက်ရင် သေကုန်မှာ… အမျိုးသမီးတစ်ယောက်လည်း ပါလိုက်သေးတယ်။ သတင်းထောက်ဆိုပြီး တယ်လည်းအတင့်ရဲကြသကိုး…"

ထိုသူက ကရင်သံဝဲသော်လည်း ဗမာစကားကို လည်လည်ဝယ်ဝယ် ပြောနေသည်။

"ကျွန်တော်တို့က မြေပြင်အခြေအနေအမှန်ကို လက်တွေ့သတင်းယူချင်လို့ စွန့်စားပြီး ရောက်လာကြတာပါ။ ဒုက္ခသည်တွေအတွက်လည်း ထောက်ပံ့ရေးပစ္စည်းအချို့ လှူရင်းနဲ့ပေါ့…"

"သိပ်အတင့်မရဲကြနဲ့ဗျ။ ရန်သူမဟုတ်တဲ့ ရွာသူရွာသားတွေကို အကြောင်းမဲ့ ပစ်ခတ်တာမျိုးမလုပ်ဖို့ တောရမြိုင်ဆရာတော်က မေတ္တာရပ်ခံထားလို့ ခင်ဗျားတို့ သက်သာတယ် မှတ်ပါ…"

> "ဒီလိုအချိန်အခါမျိုးမှာ ဒီလိုနေရာမျိုးကို ခင်ဗျားတို့မလာသင့်ဘူး၊ ချောင်းပြီးပစ်သတ်လိုက်ရင် သေကုန်မှာ… အမျိုးသမီးတစ်ယောက်လည်း ပါလိုက်သေးတယ်။"

ထိုအခိုက် ဘေးမှာရပ်နေသော နီးထာက နေကာမျက်မှန်ကို ချွတ်လိုက်ရင်း…

"ဟင်…ကျော်ဦးလွင်… စောကျော်ဦးလွင် မဟုတ်လား… ငါ… နီးထာ…နော်နီးထာလေ… မမှတ်မိဘူးလား…"

"ဟေ…နော်နီးထာ…အိုး… နီးထာလား … ရုတ်တရက်မမှတ်မိဘူး၊ နင်က မြို့ကြီးသူကြီးဖြစ်နေတော့ ပိုလှနေတာပေါ့လေ…"

"နင်က ဘယ်လိုဖြစ်ပြီး ဒီမှာရောက်နေတာလဲ·· ·ငါတို့အထက်တန်းကျောင်းပြီးကတည်းက မတွေ့ဖြစ်ကြတော့ဘူးနော်…"

"ဟုတ်တယ် နီးထာ… ဆယ်တန်းအောင်တော့ နင်က ရန်ကုန်ပြောင်းသွားတယ်။ ငါက ဘားအံမှာပဲ တက္ကသိုလ်ဆက်တက်တယ်။ ငါ့မိဘတွေ မရှိတော့တဲ့နောက်ပိုင်းမှာ ကျောင်းပြီးအောင်တောင် မတက်တော့ဘဲ ငါ ဒီအဖွဲ့ထဲရောက်ခဲ့တယ် ဆိုပါတော့ဟာ…"

"ဒီလိုပါပဲဟယ်…လူတိုင်းကိုယ့်အကြောင်းနဲ့ကိုယ် ရှိကြတာပါပဲ …မမျှော်လင့်ဘဲ ပြန်တွေ့ရတဲ့အတွက် ဝမ်းသာမိတာတော့ အမှန်ပဲ…"

"အေးပါ … နင့်ဖုန်း ငါ့ကို ခဏပေး… ငါ့ဆီဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်နဲ့ အီးမေးလ်လိပ်စာ ငါရိုက်ထည့်ပေးမယ်…"

"အင်း…ကောင်းတာပေါ့။ နောက်ဆို နင်တို့ရဲ့ သတင်းတွေကို ဖုန်းဆက်ပြီး အသံဖိုင်ပါယူလို့ရပြီပေါ့ နော် အဟင်း… ဟင်း…"

နီးထာက သူ့ဖုန်းကို ဖွင့်ကာ စာရိုက်ရန် အသင့်ပြင်ဆင်ပေးပြီး စောကျော်ဦးလွင်ထံ ပေးလိုက်သည်။ စာရိုက်ပြီးသောအခါ…

"ရော့ နီးထာ … ငါလိုင်းကောင်းတဲ့နေရာမှာ ရှိနေရင်တော့ ဆက်သွယ်လို့ရမှာပေါ့ဟာ…။ ကဲ …ကဲ ကားပေါ်ပြန်တက်ကြတော့… ဒီကနေတန်းပြန်လို့တော့ ဒီအချိန်နဲ့ မရနိုင်တော့ဘူး။ နင်တို့ဘယ်မှာ ညအိပ်ကြမှာလဲ…"

"စိမ့်စမ်းဖြူရွာမှာ ညအိပ်မှာ…၊ ဒီကားက အဲဒီရွာက ငှားလာတာလေ"

"ကောင်းပြီလေ…သွားလို့ရပါပြီ…"

သူတို့အားလုံး ကားပေါ်ပြန်တက်ကြသည်။ ကားစက်နှိုးလိုက်ချိန်တွင်….

"ကျေးဇူးပဲနော် ကျော်ဦးလွင် … အစစ အရာရာ ဂရုစိုက်ဦး…"

ကျော်ဦးလွင်က ခေါင်းညိတ် လက်ပြရင်း ကျန်ရစ်ခဲ့လေသည်။

(၃)

သည်နောက်ပိုင်းတွင်တော့ နီးထာနှင့် စောကျော်ဦးလွင်တို့ အီးမေးလ်ဖြင့် ဆက်သွယ်ခဲ့ကြသည့်အပြင် Facebook Messager မှလည်း စကားပြောဖြစ်ကြသည်။

နီးထာက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို လိုလားသူဖြစ်ပြီး အကြမ်းဖက်မှုမှန်သမျှကို ဆန့်ကျင်သူဖြစ်သည်။ သတင်းသမားပီပီ လတ်တလောနိုင်ငံရေး အခြေအနေများအပေါ်လည်း ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ကာ ကျော်ဦးလွင်ကို ပွင့်ပွင့်လင်းလင်း ပြောပြဖြစ်သည်။ လွတ်လပ်ရေးရပြီးကတည်းက စတင်လာခဲ့သည့် ပြည်တွင်းစစ်၏ ဆိုးကျိုးများကိုလည်း အချက်ကျကျ ထောက်ပြလေ့ရှိသည်။

ကျော်ဦးလွင်ကလည်း လက်ရှိနိုင်ငံရေးမတည်ငြိမ်မှုများအပေါ် သူ့အမြင်ကို ပြောပြသည်။ သူ့အနေဖြင့် နိုင်ငံတော်ကြီးအတွက်ဟူ၍ ခြေလှမ်းကျယ်သော ဦးတည်ချက်ဆိုတာထက် ကိုယ့်ပြည်နယ် ကိုယ့်လူမျိုးစုအကျိုးကို ဦးစွာတာဝန်ကျေသင့်သည်ဟု ခံယူထားသူဖြစ်သည်။ သူ၏ရပ်တည်ချက်၊ ရည်မှန်းချက်များကို ရှင်းပြသည်။ နီးထာနှင့် အမြင်တူတာလည်းရှိ မတူတာတွေလည်း ရှိသည်။

"နီးထာရေ … ကိုယ့်လူမျိုးအတွက် မပြီးဆုံးသေးတဲ့ တိုက်ပွဲတွေနဲ့ ခရီးဆက်နေရတာလေ … ငါတို့လည်း အေးချမ်းတဲ့ဘဝမျိုး ငြိမ်းချမ်းတဲ့အခြေအနေမျိုးကို လိုချင်တာပါပဲ။ ဒါပေမဲ့ တန်းတူညီမျှမှုတွေနဲ့ ဝေးနေတုန်းပါပဲဟာ…။ ခုဆို နင်တို့လည်း အနာဂတ်တွေ ပျောက်ဆုံးနေတာပဲ မဟုတ်လား…"

ခုတလော ညတိုင်းလိုလို ကျော်ဦးလွင်နှင့် CB (Chat Box) ကနေ စာရိုက်ပြီး ဆွေးနွေးဖြစ်နေသည်။

"ဟင့်အင်း … ကျော်ဦးလွင် … လက်ရှိနိုင်ငံရေးအခြေအနေကြောင့် ငါတို့ရဲ့အနာဂတ်တွေ ပျောက်ဆုံးနေတယ်လို့ ငါမယူဆဘူး။ အခိုက်အတန့်သဘော အခက်အခဲနဲ့ ကြုံလိုက်ရတာလို့ပဲ မြင်တယ်ဟာ…။ ဒီလိုအကျိုးဆက်ကို တွန်းပို့လိုက်တဲ့ အကြောင်းတရားက ဘာကြောင့်လဲ၊ ဘယ်သူ့ကြောင့်လဲ၊ ဘယ်လိုမူဝါဒတွေကြောင့်လဲဆိုတာ ဉာဏ်နဲ့ယှဉ်ပြီး စဉ်းစားကြည့်ရင် အထင်းသား မြင်ရမှာပါ။ အများစုကတော့ ထိလွယ်ရှလွယ်တဲ့ စိတ်ခံစားမှုတွေနဲ့ အရာရာအပေါ် အမြင်တွေဆိုးပြီး အဆိုးတွေ မြင်နေကြတာပေါ့လေ…"

"ဒီနေ့တော့ ဒီလောက်ပဲ နီးထာရေ… ငါကိစ္စလေးတွေရှိသေးလို့ Good Night နော်…"

(၄)

"နီးထာရေ 'ပြည်ထောင်စုသစ္စာ' ဆိုတဲ့ နင်တို့သတင်းဌာနရဲ့ နာမည်ဟာ သိပ်ကိုကြီးကျယ်လွန်းတယ်ဟာ။ ပြည်ထောင်စုကြီး တစ်ခုလုံးကို ကိုယ်စားပြုပြီး မှည့်ထားသလိုပဲနော်… အဲဒီနာမည်ရဲ့အဓိပ္ပာယ်နဲ့ ရပ်တည်ချက်ကို ရှင်းပြပါဦး"

ထုံးစံအတိုင်း အိပ်ရာဝင်ချိန် လိုင်းကိုအဖွင့် ကျော်ဦးလွင်၏ မေးခွန်းတစ်ခုက ရောက်နှင့်နေသည်။

"ငါလည်း ပြောပြချင်နေတာနဲ့ အတော်ပါပဲ။ ပြည်ထောင်စုသစ္စာ မီဒီယာအဖွဲ့ဟာ ပြည်ထောင်စုကြီး တစ်ခုလုံးက တိုင်းရင်းသားပြည်သူအားလုံးအတွက် သစ္စာရှိရှိရပ်တည်ပြီး မီဒီယာအလုပ်တွေလုပ်နေတဲ့ အဖွဲ့အစည်းလို့ အဓိပ္ပာယ်ပေါ့ဟာ…။ တစ်နည်းပြောရရင် …ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်း၊ ဘယ်သူတစ်ဦးတစ်ယောက်အတွက်ကိုမှ ရပ်တည်ပြီး သတင်းတွေထုတ်ပြန်မှာ မဟုတ်ဘူးဆိုတာပါပဲ။ နင်သိတဲ့အတိုင်းပဲလေ … ခုလိုကာလမှာ သတင်းအတုတွေ၊ သတင်းအမှားတွေ၊ တစ်ဖက်သတ်ဘက်လိုက်ရေးသားတဲ့ သတင်းတွေ၊ လူစိတ်ဝင်စားရင်ပြီးရောဆိုပြီး သတင်းခေါင်းစဉ်ကို ပြူးပြူးပြဲပြဲ တပ်ပြီး တကယ်တမ်းကျ ခေါင်းစဉ်အတိုင်းမဟုတ်ဘဲ လုပ်ကြံဖန်တီးထားတဲ့သတင်းတွေနဲ့ ပြည်သူတွေဟာ သတင်းအဆိပ်သင့်နေကြရတာလေ။ ငါတို့ကတော့ မီဒီယာကျင့်ဝတ်နဲ့အညီ သတင်းဆိုတာ တိကျမှန်ကန်ရမယ်၊ ဘက်လိုက်မှုကင်းရမယ်၊ မျှတရမယ်ဆိုတဲ့ မူဝါဒကိုကိုင်စွဲပြီး တင်ဆက်နေတာပေါ့။ သတင်းမှန်

> ❝လူစိတ်ဝင်စားရင်ပြီးရောဆိုပြီး
> သတင်းခေါင်းစဉ်ကို
> ပြူးပြူးပြဲပြဲတပ်ပြီး
> တကယ်တမ်းကျ
> ခေါင်းစဉ်အတိုင်းမဟုတ်ဘဲ
> လုပ်ကြံဖန်တီးထားတဲ့
> သတင်းတွေနဲ့
> ပြည်သူတွေဟာ
> သတင်းအဆိပ်သင့်နေကြရတာလေ။❞

ကန်တိကျဖို့အတွက် အမြို့မြို့အနယ်နယ်မှာ ငါတို့ရဲ့ သတင်းထောက်တွေကို ဖြန့်ခွဲတာဝန်ချထားတယ်။ လိုအပ်ရင် ရုံးချုပ်က သတင်းထောက်တွေကိုယ်တိုင် အဲဒီနေရာကို ရောက်အောင်သွားပြီး သတင်းယူတယ်။ သတင်းတစ်ပုဒ်ခိုင်မာမှုရှိမရှိ သက်ဆိုင်ရာတွေဆီ အထပ်ထပ်အတည်ပြုပြီးမှ ထုတ်ပြန်တယ်။ အထူးခြားဆုံးကတော့ အရေးကြီးသတင်းတွေကို သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားတွေနဲ့ ဘာသာပြန်ဆိုပြီး တင်ဆက်ပေးတာပဲ။ ဒါကြောင့် ငါတို့ရုံးမှာ တိုင်းရင်းသားလူမျိုးအလိုက် ဘာသာစကားကျွမ်းကျင်တဲ့ တိုင်းရင်းသားဝန်ထမ်းတွေလည်း ခန့်ထားတယ်လေ။ ဒါကြောင့် ပြည်ထောင်စုသစ္စာလို့ ခေါ်တာပေါ့ဟာ။ ငါတို့မီဒီယာအဖွဲ့ဟာ ပြည်ပက ဘယ်အဖွဲ့အစည်းရဲ့ ထောက်ပံ့မှုကိုမှ လက်မခံဘူး။ သူတစ်ပါးလက်ဝေခံ မီဒီယာအဖွဲ့ မဟုတ်ဘူး။ ပိုင်ရှင်ကိုယ်တိုင်က အမျိုးသားရေးအမြင်နဲ့ ရပ်တည်ပြီး ငွေကြေး စိုက်ထုတ်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေတဲ့ သတင်းမီဒီယာအဖွဲ့အစည်းဖြစ်တယ်။

"ဩော်...တော်တော်ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပြီး လုပ်နေတာပဲကိုး...။ ဒါကြောင့်လည်း နင်တို့မီဒီယာအဖွဲ့ အောင်မြင်နေတာပေါ့နော်...ဒါနဲ့...နင် အရင်ကလို ကဗျာတွေရော ရေးဖြစ်သေးလား..."

"ရေးဖြစ်တယ် ကျော်ဦးလွင် ... ကဗျာကလည်း ငါ့ဝါသနာပဲဟာ...။ စိတ်ကူးထဲရတဲ့အခါ ရေးပြီး စာနယ်ဇင်းတွေကို ပို့တယ်။ တချို့လည်း ငါ့အကောင့်ကနေ တင်တယ်လေ...။ နင်ရော ကဗျာရေးဖြစ်သေးလား...။ ကျောင်းတုန်းက နင်ရဲ့ ကပ်စာစောင်တွေမှာ တို့နှစ်ယောက် ကဗျာတွေ အတူရေးခဲ့ကြတာပဲလေ..."



"ငါတော့ မရေးဖြစ်တော့ပါဘူးဟာ... မရေးတာကြာတော့ ရေးချင်စိတ်လည်း မရှိတော့ပါဘူး။ ကဗျာတွေတွေ့ရင် ဖတ်ကြည့်တဲ့ အကျင့်လေးတော့ ရှိပါသေးတယ်။ နင်ရေးတဲ့ ကဗျာလေးတွေလည်း ဖတ်ချင်ပါတယ် နီးထာ..."

"ဒါဆို ငါ့အကောင့်ထဲ ဝင်ဖတ်ကြည့်ပေါ့ဟာ... နေဦး ငါနင့်အတွက်ရည်ရွယ်ပြီး ကဗျာတစ်ပုဒ်ရေးဖို့ စိတ်ကူးထားတာ ရှိတယ်။ ရေးဖြစ်တဲ့အခါ နင့်ကိုပြမယ်နော်..."

(၅)

"ကျော်ဦးလွင်ရေ ... နင့်ကို မေးစရာရှိတယ်..."

"ဘာများလဲ...မေးလေ ..."

"တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ ငါတို့နိုင်ငံအတွက် ဘယ်လောက်အရေးပါတယ်လို့ နင်ထင်သလဲ...နင့်ရဲ့ အမြင်ကို ငါသိချင်တယ်..."

"နီးထာရယ်...ငါ့ကို စာမေးပွဲလာစစ်နေတာလား... နင်နဲ့ငါက တစ်နယ်တည်းသား ကရင်တိုင်းရင်းသားတွေလေ ... ကိုးကွယ်တဲ့ဘာသာချင်းလည်း တူကြတယ်။ တို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုး ပေါင်းစုံနေထိုင်ကြတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာလည်း သိပ်ကို အရေးပါတာပေါ့။ ငါတော့

တိုင်းရင်းသား စည်းလုံးညီညွတ်မှု အင်အားသာလျှင် တိုင်းပြည်ရဲ့ အင်အားအစစ်ဖြစ်တယ်လို့ ထင်မြင်မိတယ်။"

"အင်း…တိုင်းရင်းသားတွေ စည်းလုံးညီညွတ်တာဟာ ပြည့်အင်အားအစစ်ဆိုတဲ့အမြင်ကို ငါမငြင်းလိုပါဘူး။ ပြန်စဉ်းစား ကြည့်ရင်လေ တိုင်းရင်းသားတွေက လူမျိုးတိုင်းလိုလိုပဲ ဥပဒေအပြင်ဘက်မှာ လက်နက်ကိုင်အင်အားစုတွေအဖြစ် ရပ်တည်နေကြတာဟာ။ ဒီတော့ နင်ပြောတဲ့ ပြည့်အင်အားဆိုတာ ဘယ်လိုနိုင်မာတောင့်တင်းတော့မှာလဲ…"

"ဟဲ့ နီးထာ… ငါပြောတဲ့ ပြည့်အင်အားအစစ်ဆိုတာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေရော လက်နက်မကိုင်တဲ့ တိုင်းရင်းသားတွေပါ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်ရမယ်လို့ ပြောချင်တာ …ဒီလိုညီညွတ်ဖို့ဆိုရင် လက်နက်ကိုင်အဖွဲ့တွေ ဘာကြောင့်လက်နက်ကိုင်နေကြရတာလဲ… လက်နက်စွန့်လွှတ်အောင် ဘယ်လိုအခြေအနေတွေ ဖန်တီးကြရမှာလဲ… ဆိုတာမျိုး စဉ်းစားသင့်တာပေါ့…"

"ကဲ…ဒါဆိုရင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေဘက်ကလည်း ဥပဒေဘောင်ထဲ ပြန်ဝင်ခွင့်ရအောင် ကြိုးစားသင့်တာပေါ့။ ငြိမ်းချမ်းရေးဆွေးနွေးဖို့ လက်ကမ်းကြိုဆိုနေတဲ့ အစိုးရဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်ဖို့ စိုင်းပြင်းနေတာ။ ပြီးတော့ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်အတိုင်း ဆောင်ရွက်သွားကြဖို့ ရည်မှန်းထားတာတွေဟာ ထူးခြားတဲ့ အခွင့်အလမ်းကောင်းတွေပဲ မဟုတ်လား ကျော်ဦးလွင်…။ စစ်ပွဲရဲ့ အနိဋ္ဌာရုံတွေကို စစ်ဖြစ်ပွားနေတဲ့ ဒေသက တိုင်းရင်းသားတွေရော၊ စစ်ပွဲဆင်နွှဲနေကြတဲ့သူတွေပါ အသိဆုံးပါနော် …။ ရန်သူအတွက် ထောင်ထားတဲ့ မိုင်းကို နင်းမိလို့ သေဆုံးကြရ၊ ခြေပြတ်လက်ပြတ် ဒုက္ခိတအဖြစ် ဘဝပျက်ခဲ့ကြရတဲ့ အပြစ်မဲ့ပြည်သူတွေ၊ မီးရှို့ခံရလို့ ရွာတွေအိမ်တွေ ပျက်ရ စိုက်ခင်းတွေ ပျက်ရနဲ့ ဘဝတွေပါ ပျက်ခဲ့ရတဲ့ အပြစ်မဲ့ပြည်သူတွေဟာ ငါတို့ရဲ့ တိုင်းရင်းသားတွေပဲ မဟုတ်လား။ ကုန်ကုန်ပြောရရင်ဟာ… နင်တို့လို သေနတ်လွယ်ပြီး သွားလာနေကြတဲ့ အောက်ခြေတပ်ဖွဲ့ဝင်တွေ ကိုယ်တိုင်သေမင်းရဲ့ ချောက်ကမ်းပါးပေါ်မှာ လမ်းလျှောက်နေကြသလိုပဲ မဟုတ်လား၊ ဒါကြောင့် တိုင်းရင်းသား အဖွဲ့တွေဘက်ကလည်း တစ်မျိုးသားလုံးရဲ့ အကျိုးစီးပွားကို ကြည့်ပြီး အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်တဲ့ ပြည်ထောင်စုကြီးဖြစ်အောင် ပူးပေါင်းပါဝင်နိုင်ကြဖို့ ရည်မှန်းချက်ထား စဉ်းစားသင့်တယ်လို့ ငါပြောချင်တယ် ကျော်ဦးလွင်ရယ် …"

နီးထာက တတောင်တောင်ဖြင့် စာတွေရိုက်ကာ ရှည်ရှည်ဝေးဝေး ပြောပြနေသော်ငြား ကျော်ဦးလွင်က လိုင်းပေါ်မှာမရှိတော့။ နှုတ်တောင်



မဆက်ဘဲ လိုင်းပိတ်သွားခဲ့ပြီ။ နီးထာလည်း ဟင်းကနဲ သက်ပြင်းရှည် တစ်ချက်ချရင်း ဖုန်းကိုပိတ်ကာ အိပ်ရာဝင်လိုက်ရပါတော့သည်။

(၆)

နောက်ပိုင်းရက်များတွင်လည်း ကျော်ဦးလွင်တစ်ယောက် Online ပေါ်သို့ တက်လာခြင်း မရှိတော့ပေ။ နီးထာကတော့ ညစဉ်အိပ်ရာဝင်တိုင်း လိုင်းကိုဖွင့်ကာ မျှော်လင့်စောင့်စားရာဖွေနေမိသည်။

"ကျော်ဦးလွင် … နေကောင်းလား…"

"အလုပ်များနေလား…"

"ဘာလို့ လိုင်းမသုံးတော့တာလဲ…" စသည့် စာတိုလေးများကို ပို့ခဲ့ပါသော်လည်း ဖွင့်ကြည့်တာမျိုးပင် မရှိခဲ့ပေ…။

သည်ရက်အတွင်း ငယ်ပေါင်း သူငယ်ချင်း ကျော်ဦးလွင်အတွက် ရေးထားသော ကဗျာလေးကို နီးထာ အချောသပ်ဖြစ်သွားသည်။ သည်ကဗျာကို မည်သည့်စာနယ်ဇင်းသို့မျှ ပေးပို့ခြင်းမပြုဘဲ သူ့ရဲ့ Messanger ထဲသို့သာ ရိုက်ပို့လိုက်သည်။

ကဗျာခေါင်းစဉ်ကိုလည်း 'လက်ကမ်းကြိုလင့်နေပါမည်' ဟု ခေါင်းစဉ်တပ်လိုက်သည်။

**"လက်ကမ်းကြိုလင့်နေပါမည်"**

♦ အမြင်မှန်ဖြင့်
ပြန်လာသောလမ်း၊
ဆီးကြိုလှမ်း၍
လက်ကမ်းကာသာ၊
ထွေးပွေ့ပါမည်
မေတ္တာအရင်းခံစွာဖြင့်…။

♦ လူမျိုးအတွက်၊ ရည်စူးချက်ဖြင့်
လက်နက်မကိုင်၊ ချွေးစက်ကိုးမှ
တိုးပွားငြိမ်းချမ်း၊
အောင်မည့်လမ်းပေါ့
စိတ်ဝမ်းညီညီ၊ လက်တွဲချီစို့။

♦ တစ်ချိန်ကများ၊ လမ်းတွေမှားခဲ့
ရမ်းကားစွန်းရောက်၊
အကျိုးပျောက်ခဲ့
မိုးပေါက်ကျည်ဆန်၊
ယမ်းခိုးလျှံခဲ့
သွေးသံချောင်းစီး၊ ဒုက္ခကြီးခဲ့
ပြစ်မဲ့ပြည်သူ၊ သောကဆူခဲ့
ငြူစူမာန်ရှ၊ အယူအဆနှင့်
ပြည်ပစနက်၊ သပ်လျှိုနှက်၍
အိမ်ကြက်ချင်းချင်း၊
ရန်ပွဲခင်းကာ
ပြည်တွင်းစစ်မီး၊
ရှိန်ဟုန်ကြီးလျက်
ခရီးမပေါက်၊
လမ်းစပျောက်ကာ
နောက်ကျကျန်ရစ်ခဲ့ရသည်။

♦ အတိတ်ကြောင်းရာ၊
သင်ခန်းစာကို
သေချာသုံးသပ်၊
သတိချပ်လျက်
ရပ်တည်ချက်များ၊
မှန်ရဲ့လား…ဟု
ဆုံးဖြတ်ချက်များ၊
မှန်ရဲ့လား…ဟု
လုပ်ဆောင်ချက်များ၊
မှန်ရဲ့လား…ဟု
စဉ်းစားဝေဖန်၊ အမြင်မှန်ဖြင့်
ပြန်လာခဲ့ပါ၊ ကြိုလင့်ပါမည်
မေတ္တာအရင်းခံစွာဖြင့်…။ ။

(နီးထာ)

(၇)

ကျော်ဦးလွင်ရေ…

နင့်အတွက် ရေးပို့ထားတဲ့ ကဗျာလေးကို ဖတ်ကြည့်ပေးပါဦး…။

ပြီးတော့ ဒီကဗျာအပေါ် နင့်ရဲ့ ထင်မြင်ချက်ကိုလည်း ပြောပြပါဦး…။

နင်…လိုင်းပေါ်မှာ ဘာကြောင့်ပျောက်နေတာလဲ…။

အင်တာနက်လိုင်း သုံးလို့မရတဲ့ နေရာကို ရောက်နေလို့လား…။

ငါကတော့ ကဗျာထဲကအတိုင်း နင့်ကိုအမြဲပဲ လက်ကမ်းကြိုဆိုနေမှာပါ…။

ငါ့ကို တစ်ခုခုပြန်ပြောဦးလေ …ကျော်ဦးလွင်…

တာဝန်နဲ့ သွားတဲ့လာတဲ့အခါတိုင်း ချောက်ထဲကို ပြုတ်မကျအောင် အထူးသတိထားပါနော်…။

အို…အခု နင် ငါ့ကို ဘာမှ ပြန်မပြောတာ…

နင်နဲ့ငါ အဆက်အသွယ်ပြတ်တောက်နေတာဟာ…

သွားရင်းလာရင်းနဲ့ နင် … ချောက်ထဲကို ပြုတ်ကျသွားလို့များလား ….

ဘုရား…ဘုရား…အဲဒီလိုတော့ မဖြစ်ပါစေနဲ့ သူငယ်ချင်းရယ် ….။

**ချစ်လွမ်းပို (မြန်မာ့အသံ)**

# ငြိမ်းချမ်းရေးသည့် ကဗျာတစ်ပုဒ်

နေမင်းကျော်ဇော

ကမ္ဘာတစ်ဝန်း မေတ္တာလွှမ်းသော်
ငြိမ်းချမ်းရေးသည့် တေးတစ်စ …။



ကမ္ဘာတစ်ဝန်း သစ္စာလွှမ်းသော်
ငြိမ်းချမ်းရေးသည့် ကဗျာတစ်ပုဒ် …။

မေတ္တာသစ္စာ
မုဒိတာနှင့် ကမ္ဘာတစ်ခွင်
ပြုံးပန်းလွင်ဖို့ တူယှဉ်လက်များ
တွဲဖက်ထားမည့် စုစည်းညီညာ
သွေးစည်းကာလေ ခိုင်မာချစ်ခြင်း
တို့တိုင်းရင်းသား ညီနောင်ဘွားတို့
စိတ်ထားတူညီ ရွှေသို့ချီရင်း
ပန်းခင်းသောလမ်း တို့လျှောက်လှမ်းမည့်
ငြိမ်းချမ်းရေးသည့် အနာဂတ် …။

တို့အနာဂတ် တို့အတွက်လေ
မြင့်မြတ်ယုံကြည် သက်ဆိုးတည်ဖို့
တို့ညီနောင်ရင်း တို့သွေးချင်းများ
တိုင်းရင်းသားတို့ ရိုင်းရိုင်းပင်းပင်း
ဝိုင်းဝန်းကြံဆ သွေးစည်းကြမည့်
ညီညွတ်ကြမည် စည်းလုံးကြမည့်
ဝိညာဉ်ရည်ကာ သစ္စာညီမျှ
ဆုပန်ကြမည့် ကောင်းကျိုးညီညာ
အဖြာဖြာဖြင့် ပဏ္ဏာတင့်ကာ
ကမ္ဘာတစ်ဝန်း မေတ္တာလွှမ်းစေ
ငြိမ်းချမ်းသာယာပါစေသတည်း။

(၁)

နွေဘယ်လောက်ပူပူ၊ လေဘယ်မျှရမ်းရမ်း အိုးစည်ရှည်ဗေထီတီး မောင်းကြီးက ဒူဝေဝေ နှင့် ပျိုမေတွေ တာတက်လမ်းမှာ ပြုံးပန်းဝေမည့် အချိန်ရောက်ပြန်ပြီ။

ပွဲဝင်အစ

မောင်းကြီးသံန(နဲ့)

စယ်(စည်)သံကြားရင် အားလုံး ကြွ။

လွယ်အိတ်စောင်း

ခေါင်းပေါင်းဖြူနု (နဲ့) လူတိန်း (တိုင်း) ကြွား။

တာတက်ပွဲအဝင် မောင်းကြီးသံနှင့် အိုးစည်သံများ ကြားလိုက်ကြလျှင် ပွဲလာသူအားလုံး စိတ်ထဲတရွရွဖြင့် ထကကြတော့မည့်အလား ရှိနေကြပါသည်။





# တောင်ရိုးတာတက်ပွဲ

လူဖျိုလေးတိုင်းသည်လည်း လွယ်အိတ်ကို တစောင်းလွယ်လျက် ခေါင်းပေါင်းဖြူ တထောင်ထောင်နှင့် ကြွားဝံ့နေဟန်ကို တွေ့မြင်ရပါတော့မည်။

"အိုင့်…သာမောင်၊ နမယ် နမာလုပ်ပြီး ပွဲသွားတော့မှာပေါ့"

စိတ်ကူးယဉ်လို့ ကောင်းနေခိုက် တို့မွေ (အမေ) အသံပေါ်လာခြင်း ဖြစ်သည်။

ကျွန်တော် မနက်စောစောထပြီး ပွဲအတွက်ရေစည် တစ်ခေါက်ပို့ပြီးပြီ၊ ဘုန်းကြီးကျောင်းမှ ဖျာများသယ်ပေးခဲ့ပြီးပြီ၊ ကြီးတူတို့ လူကြီးတွေနှင့်အတူ ရေနွေးအိုးကြီး မီးမွေးတည်ပေးခဲ့ပြီးပြီ၊ ယခုလည်း နွားတွေအစာ ကျွေးထား ပြီးပြီ၊ နွားချေးတွေကျုံးပြီး နွားခြံသန့်ရှင်းရေးလုပ်ခဲ့ပြီးပြီ။

သည်နေ့ကား ကျွန်တော်တို့ရွာ တာတက်ပွဲနေ့မဟုတ်လား။ ထို့ကြောင့် အိမ်မှုကိစ္စအားလုံး စောစောကပင် ကြိုတင်လုပ်ထားပြီးပြီ။ အဝေးမှလာကြမည့် ဧည့်သည်များအတွက် ဆီကြော်မုန့်များ၊ လက်ဖက်သုပ်ပန်းကန်များ၊ မုန့်ပြားကြီးများ (သကြင်္န်မုန့်) ကိုလည်း အဆင်သင့်ပြင်ထားပြီးပြီ။ တို့ဖ (အဖေ) ဘုန်းကြီးကျောင်းတက်နေသဖြင့် ကွမ်းအစ်၊ ဆေးလိပ်များလည်း အဆင်သင့်ပြင်ထားပြီးပြီ။ ဘာလိုသေးပါသနည်း။ အားလုံးပြီးပြီပဲ။ တို့မွေ (အမေ) သည် ကျွန်တော့်အနီး လျှောက်လာသည်။ တို့မွေ (အမေ) ကား မီးဖိုခန်းထဲတွင် အဝေးမှလာကြမည့် ဆွေမျိုးများ၊ မိတ်ဆွေများအတွက် ထမင်းဟင်းများ ချက်ပြုတ်နေရာမှ ကျွန်တော့်ထံ လျှောက်လာခြင်းဖြစ်သည်။

"တို့မွေ…ကျွန်တော် ဘာ နမယ်နမာ တော်စွလျော်စွလုပ်ကေး"

"အိုင်…ဒီမှာကြည့်ကေး၊ မုန့်ပန်းကန်တွေ အဖုံးအအုပ်နဲ့ လုပ်ထား ဂူး (ဘူး) လေတိုက်လို့ ဖုန်တွေဝင်ကုန်ပြီ။ နင်သိလော…"

တို့မွေ (အမေ) က ကျွန်တော် ဧည့်သည်များအတွက် ပြင်ဆင်ထားသော မုန့်များကို ကြောင်အိမ်ထဲပြန်ထည့် သိမ်းနေသည်။

"တို့မွေ၊ ဘာအကူအညီ လိုတိလော…"

တို့မွေ(အမေ)က ကျွန်တော်ပွဲသို့ သွားချင်နေမှန်းသိနေသဖြင့် မတား တော့။ တကယ်တော့ အိမ်တွင် ဘာမှ လုပ်စရာမရှိတော့။ ဧည့်သည်များ ဆွေမျိုးများရောက်လာလျှင် ထမင်းခူး ခပ်ကျွေးရုံသာ၊ ကျွန်တော်အိမ်ပေါ်မှ အိမ်အောက်သို့ ဆင်းလိုက်သည်နှင့် ရဲကိုကိုနှင့် ကျော်သက်တို့ စောင်းရန်း (ခြံစည်းရိုး) စပ်သို့ ရောက်လာနေပြီ ကို တွေ့ရသည်။ သူတို့သည် ရှမ်း ဘောင်းဘီသစ်နှင့် စပို့ရှပ်အင်္ကျီသစ် များ ကိုယ်စီဝတ်လျက် ခေါင်းတွင် မျက်နှာသုတ်ပုဝါအသစ်များ ပေါင်း ထားပြီး လွယ်အိတ်သစ်ကိုယ်စီနှင့်။

သူတို့နှင့် မလှမ်းမကမ်းတွင် ကိုဝင်းဦးနှင့် ကျော်သူတို့ကို တွေ့ရ သည်။ ကျွန်တော့်သူငယ်ချင်းများ သည် ရပ်ရှင်မင်းသားများ မဟုတ် ကြပါ။ သို့သော် သူတို့မိဘများက သားသမီးများကို ချစ်စနိုးဖြင့် ရုပ်ရှင် မင်းသားမင်းသမီးအမည်များ မှည့် ခေါ်ထားကြခြင်းသာ ဖြစ်ပါသည်။ ကျွန်တော့် သူငယ်ချင်းများထဲတွင် ရန်အောင်၊ ချစ်စရာ၊ ခိုင်ခင်ဦး၊ မေသန်းနု၊ ဇင်မာဦးတို့တွေလည်း ရှိကြပါသေးသည်။

"စောစောက တောင်ပေါ်တစ် ခေါက်ရောက်သေးတယ်၊ ကြီးညာတို့ တွေကို ထမင်းအိုးကြီးကူချက်ပေးခဲ့ရ သေးတယ်..."

ရောက်မဆိုက် ရဲကိုကိုက စကား (ဟော) သည်။ သူ့လိုပဲ မိုး မလင်းခင်ကထဲက တစ်ရွာလုံးကိုယ်စီ ကိုယ် င တာဝန်တွေ ကျေအောင်လုပ် ခဲ့ကြတာ အားလုံးအသိ။ ရေစည် လှည်းတွေနဲ့ ရေတိုက်ပေးကြ၊ ဖျာ၊ ပန်းကန်ခွက်တွေ ဘုန်းကြီးကျောင်း ကနေ တာတက်ပွဲကျင်းပမယ့် ဘုရား တောင်ကုန်းမဏ္ဍပ်ကို သယ်ကြ၊ ထမင်းဟင်းတွေ ကူချက်ပြုတ်ပြီးဖြစ် သည်မဟုတ်လော၊ ရဲကိုကိုကို ကြည့် ပြီး ကျော်သူက စကားဆို၏။

"နင်တစ်ယောက်ထဲ တောင် ပေါ်တက် အလုပ်လုပ်တယ် ထင်သ လားကေး..."

သူငယ်ချင်းအားလုံး တဟား ဟားနှင့် ရယ်လိုက်ကြသည်။

"မဟုတ်ပါဘူး။ ငါက ငါလုပ် ခဲ့တဲ့အကြောင်း ပြောတာပါကေး"

"အေးပါ၊ တို့တွေ ခု ... ဘုရားကုန်းတောင်တက်ကြရဦးမှာပဲ၊ အဲဒီမှာ တခြားရွာတွေက ပွဲဝင်လာကြ တဲ့ဧည့်သည်တွေကို ဧည့်ခံရဦးမယ် ကေး..."

ကျွန်တော်တို့အားလုံး ဘုရား ကုန်းတောင်ကို တက်ခဲ့ကြသည်။ ဘုရားကုန်းတောင်တွင် တာတက် ပွဲကျင်းပကြမည်။ တာတက်ပွဲဆိုသည် မှာ ကျွန်တော်တို့တောင်ရိုးလူမျိုးများ ၏ ရိုးရာနှစ်သစ်ကူးအလှူပွဲပင် ဖြစ် သည်။

ဤတာတက်ပွဲသို့ ပတ်ဝန်းကျင် ကျေးရွာအများမှ ဓနု၊ ပအိုဝ်း၊ ရှမ်း စသော တိုင်းရင်းသားများသည် လက် စားချီး၊ လက်စားဆပ်စနစ်ဖြင့် အစဉ် အလာမပျက် ပွဲကူးပွဲလှူအဖြစ် လာ ရောက်ကြမည် ဖြစ်ပါသည်။

တာတက်ပွဲကို တန်ခူးလနှစ် ဟောင်းကုန်ရက် သင်္ကြန်အတက်နေ့ မှစ၍ ကဆုန်လပြည့်နေ့အထိ သတ် မှတ်ကာ တစ်ရွာတစ်ရက် အလှည့်ကျ ကျင်းပခဲ့ပါသည်။

တာတက်ပွဲကျင်းပရာ ရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် နံနက် အာရုံဆွမ်းကို ဘုန်းတော်ကြီးများအား ဆက်ကပ်လှူဒါန်းပြီး နံနက်ရှစ်နာရီ၊ ကိုးနာရီအချိန်မှစကာ အနီးအနားရှိ ကျေးရွာများမှ တိုင်းရင်းသားလူငယ်၊ လူကြီး၊ ကျား၊ မ၊ ကလေးများမှ မကျန် တံခွန်၊ ကုက္ကား၊ လှူဖွယ် ပစ္စည်းများနှင့် ကန်တော့ပွဲများ ကိုင် ဆောင်ကာ အိုးစည်၊ မောင်းဆိုင်းများ ဖြင့် ရောက်ရှိလာကြပါတော့သည်။

ရောက်ရှိလာကြကုန်သော လူကြီး၊ လူရွယ်၊ မိန်းမပျိုတို့သည် ပွဲမဝင်မီ အရိပ်ကောင်းသော ညောင် ပင်ကြီးများ၊ ထင်းရှူးပင်ကြီးများ အောက်တွင် တစ်စုတဝေးအနားယူ ကာ အလှအပများပြင်ဆင်လေ့ ရှိကြ ပါသည်။ မိန်းမပျိုများကား မိတ်ကပ် ဘူးမှ မှန်ဝိုင်းလေးကို တကြည့်ကြည့် နှင့် နှုတ်ခမ်းနီ၊ ပါးနီဆိုး၊ မိတ်ကပ် ခြယ်ဖြင့် အလှပြင်လေ့ရှိကြပါသည်။ သူတို့တွေကျေနပ်အောင် အလှပြင်ပြီး အခြားရွာများမှ ပွဲဝင်မရှိပါမှ သူတို့ တွေ ပွဲဝင်ကြပါတော့သည်။

ပွဲဝင်သည်ဆိုသည်မှာ ပွဲကျင်း ပရာ ဘုရားစေတီကို ဗဟိုပြုကာ အတီးအမှုတ် အကအခုန်တို့ဖြင့် လက်ယာရစ် သုံးပတ်လှည့်ပတ်ကာ ဘုရားအား ဦးညွှတ်ကန်တော့ သဒ္ဓါ ပွား၊ ကြည်ညိုကြခြင်း ဖြစ်ပါသည်။

ရှေ့ဆုံးမှ တံခွန်၊ ကုက္ကား၊ မုလေးပွားကိုင်ဆောင်သော ဖအို (အဘိုးအို) တို့က ဦးဆောင်ပြီး ဖအို လူကြီးများနောက်မှ မိန်းကလေးငယ် များ၊ မိန်းမပျိုများ၊ မိန်းမကြီးများ၊ ယောကျ်ားပျိုအိုများက တန်းစီပြီး လှူဖွယ်ပစ္စည်းများကိုင်ကာ လိုက်ပါ ကြရပါသည်။

မိန်းမပျိုလေးများကား လှူဖွယ် ပစ္စည်းများကို ရင်ဝယ်ပိုက်ထွေးပြီး လိုက်ပါကြပါသည်။ မိန်းမပျိုလေး များနောက်မှ (မွေ့အို) အမေကြီးများ

က လှူဖွယ်ပစ္စည်းများ ခေါင်းပေါ်ရွက်ပြီး လိုက်ပါလေ့ရှိကြပြီး အမေအိုကြီးများနောက်မှ လူပျိုကာလသားများက သိုင်းအကများကိုကရင်း ပါးစပ်မှသံချပ်များကိုလည်း ဟစ်အော်သီဆိုကာ လိုက်ပါကြပါသည်။ လူပျိုကာလသားများ၏နောက်တွင် ရိုးရာအိုးစည်ရှည်ကြီးကို တီးမှုတ်လိုက်ပါလာသည့် တီးဝိုင်းအဖွဲ့…။

ကျေးရွာတစ်ရွာမှ ပွဲဝင်နေလျှင် ကျန်ကျေးရွာအများက စေတီရင်ပြင်၏ ပတ်ပတ်လည်တွင် တန်းစီရပ်ကာ ပွဲဝင်လာကြသူများ၏ လှူဖွယ်ပစ္စည်းများကိုကြည့်ကာ ကုသိုလ်ဒါနအတွက် မုဒိတာပွားလျက် ရှိနေကြပါသည်။

ပွဲဈေးတန်းကြီးကား ဘုရားပတ်လည်၊ စေတီပတ်လည်တွင် အစားအသောက်မျိုးစုံ၊ လူသုံးကုန်မျိုးစုံ၊ သစ်သီးဝလံမျိုးစုံတို့ကို တည်ခင်းရောင်းချလျက် ရှိနေကြပါသည်။

စေတီတော်ကို သုံးကြိမ်ပတ်ပြီးနောက် ဘုရားကျောင်းကြီးအတွင်း ဝင်ကြကာ ဘုန်းတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြပြီး ဘုန်းတော်ကြီးထံမှ ငါးပါးသီလ ခံယူကြပါသည်။ ထို့နောက် လှူဖွယ်ပစ္စည်းအစုစုတို့အတွက် ရေစက်ချအမျှဝေကြပြီး ရွာခံကာလသား၊ ကာလသမီးတို့က ရေနွေးကြမ်း၊ လက်ဖက်သုပ်၊ ချင်းသုပ်များဖြင့် ဧည့်ခံကြပါသည်။

ကျွန်တော်တို့ လူပျိုကာလသားများမှာ ဘုရားကျောင်းဝင်းအတွင်း ဧည့်ခံတာဝန်ကျသဖြင့် ဘုရားကျောင်းဆီသို့ ဦးတည်လာခဲ့ကြပါသည်။ ကျွန်တော်တို့ ကုန်းပေါ်သို့တက်လာစဉ် ထင်းရှူးပင်ကြီးများအောက်တွင် အနားယူနေကြသော ကျေးရွာသားများ၏ အိုးစည်ဝိုင်းမှ တေးစာသားများက လွင့်စဉ်ထွက်ပေါ်လာပါသည်။

စကားမိုးမွှန်ခပ်ဝါဝါ၊
ငါသာငါပ
ပျော်ပလေတယ် ခြေကိုချ
အားရနိန်(နိုင်)ဂူး
စိတ်ထဲလိန်(လှိုင်)လို့
လူလည်းမူး…။

တီးဝိုင်းအဖွဲ့မှ ကာလသားများကား အလှပြင်ဆင်နေကြသော မိန်းမပျိုလေးများကို စောင်းချိတ်ဆိုနေကြဟန်ရှိသည်။ အချို့မိန်းမပျိုလေးများကား တစ်ယောက်နှင့် တစ်ယောက် စကားတွေ မိုးမွှန်အောင် ခပ်ကြွားကြွား ပြောနေကြဟန်၊ ငါဆိုတဲ့ မိမိကိုယ်ကိုသာ မိမိအထင်ကြီးပြီး ပျော်ရွှင်နေကြပုံ၊ ခြေလေးတချချနှင့် လမ်းသလားနေကြပုံ၊ သူတို့တွေ ဘယ်လောက်ပျော်နေကြသလဲဆိုရင် ပျော်လို့ကို အားမရနိုင်လောက်အောင် ပျော်နေကြလေတယ်။ စိတ်ထဲမှာလည်း အပျော်တွေ လှိုင်နေ မြိုင်နေလေရဲ့။ လူကို မူးဝေသွားအောင် ပျော်နေကြလေတယ်ရယ်ဟူ၍ အလှပြင်နေကြသော မိန်းမပျိုလေးများအား ကျီစယ်ရင်း အိုးစည်ရှည်ကြီးများကို တထုံထုံနှင့် နတ်ဘုံက ကြားလောက်အောင် တီးနေကြလေရဲ့…။

ကျွန်တော်တို့ ဘုရားကျောင်းပေါ်ရောက်တော့ ကြီးသာထင်ကမင်းတို့နောက်ကျလှသကောဆိုတဲ့ အကြည့်နဲ့ ကြည့်လိုက်ဟန် တွေ့ရတယ်။ သူက လူပျိုခေါင်းလေ။ သူ့ကိုတော့ ကျွန်တော်တို့တွေ ပြန်မပြောရဲကြပါဘူး။ ကျွန်တော်တို့တွေ ကုပ်…ကုပ်ကုပ်နဲ့ ရေနွေးကြမ်းပန်းကန်ပြေးယူ၊ ရေနွေးခရားထဲ ရေနွေးတွေဖြည့်၊ အကြော်နဲ့ လက်ဖက်ပန်းကန်တွေယူကြပြီး ဧည့်သည်တွေရှေ့ ချပေးနဲ့ ပျာယာခတ်အောင် အလုပ်ရှုပ်သွားကြတယ်။

ဘုရားကြီးရဲ့ ခပ်လှမ်းလှမ်းမှာ အင်းနီကျေးရွာသားတွေ ပွဲဝင်ဖို့ တန်းစီနေကြပြီ။ အင်းနီကျေးရွာသားတွေရဲ့ ခပ်လှမ်းလှမ်းမှာလည်း မြောက်မြေခြားက ပအိုဝ်းတိုင်းရင်းသားတွေ ပွဲဝင်ဖို့ပြင်နေကြပြီ။ ပွဲဝင်မယ့်အဖွဲ့တွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဘုရားကျောင်းတော်ကို လက်ယာရစ် သုံးကြိမ်ပတ်ပြီး လှူဖွယ်ပစ္စည်းတွေ ဆက်ကပ်၊ သီလယူပြီးတာနဲ့ ကျွန်တော်တို့တာဝန်လေ၊ ကျွန်တော်တို့က ရေနွေးနဲ့ လက်ဖက်တွေ မလစ်လပ်ရအောင် ချပေးနိုင်ရမယ်။ ဆေးလိပ်နဲ့ ကွမ်းအစ်တွေကိုလည်း လူကြီးတွေ ရှေ့ချပေးရတယ်။ လက်သုပ်ပဝါကစပြီး မလစ်လပ်စေရဘူး။

ရွာပေါင်းသုံးဆယ်ကျော်က လက်စားချီး၊ လက်စားဆပ်၊ ပွဲကူ၊ ပွဲလှူတွေလာကြမှာမို့ ကျွန်တော်တို့ လူငယ်တွေ မနားနိုင်ကြတော့။ ပွဲဝင်အဖွဲ့ကလည်း တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဆက်တိုက်။ ဆိုင်းသံတွေ အိုးစည်သံတွေ အကအခုန်တွေပြီးတော့…. သီလယူကြသံ…။

ပွဲဝင်အဖွဲ့တွေအားလုံး ပြီးဆုံးသွားတော့ နေ့လယ်ဆယ့်တစ်နာရီထိုးတော့မည်။ ကျေးရွာအုပ်စုတစ်ခုလုံးမှ ပင့်ဖိတ်ထားသော သံဃာတော်များအား ဆွမ်းများဆက်ကပ်ရဦးမည်။ ကျွန်တော်တို့ လူငယ်ယောကျ်ားလေးများ၊ မိန်းကလေးများအားလုံး ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းဆက်ကပ်ကြမည့် ဇရပ်ကြီးဆီသို့ ပြေးခဲ့ကြရပြန်သည်။

လူကြီးများက ထမင်းဟင်းများ

ကို တစ်ညလုံးချက်ပြုတ်ပေးခဲ့ကြသည်။ ကျွန်တော်တို့ လူငယ်များက ဧည့်ခံကျွေးမွေးရေးတာဝန်ကို ကျေအောင်ထမ်းကြရဦးမည်။

ဆွမ်းပန်းကန်များ၊ ဆွမ်းဟင်းပန်းကန်များကိုသယ်ကြ၊ ဆွမ်းစားပွဲပြင်ဆင်ကြ၊ လက်ဆေးဇလုံ၊ လက်သုပ်ပဝါအစ မကျန်ရအောင် ကျွန်တော်တို့တွေ စီစဉ်ပေးကြရပါသည်။

ဘုန်းတော်ကြီးများ၊ ကိုရင်များ ဆွမ်းဘုန်းပေးနေစဉ် လိုက်ပွဲများ စီစဉ်ပေးကြ၊ ဆွမ်းဘုန်းပေးပြီးနောက် အချိုပွဲများ၊ ရေနွေးကြမ်းနှင့် လက်ဖက်ပွဲများ သယ်ယူပေးကြနှင့် ကျွန်တော်တို့တွေ မနားနိုင်ကြပါ။

ဘုန်းတော်ကြီးများ ဆွမ်းဘုန်းပေးနေစဉ် ပွဲကူ၊ ပွဲလှူလာကြသော ရပ်ဝေးရပ်နီးမှ တိုင်းရင်းသား ရှမ်း၊ ဓနု၊ တောင်ရိုး၊ ပအိုဝ်းကျေးရွာသားများသည် အရိပ်ကောင်းသော သစ်ပင်ကြီးများအောက်တွင် အိပ်စက်အနားယူကြခြင်း၊ စုဝေးကာ စကားပြောဆိုကြခြင်း၊ ပွဲဈေးတန်းတစ်လျှောက်လှည့်ပတ်ကြည့်ရှုစားသောက်ကြခြင်း၊ မိမိတို့ ဆွေမျိုးမိတ်ဆွေအိမ်များသို့ သွားရောက်လည်ပတ်ကာ နံနက်စာစားသောက်ကြခြင်းတို့ဖြင့် ပွဲရင်ပြင်သာမက တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်ဖြင့် စည်ကားနေလေသည်။

နေ့လယ်နှစ်နာရီတွင် ဘုန်းတော်ကြီးများသည် တာတက်ပွဲသို့လာရောက်ကြကုန်သော ရပ်ဝေးရပ်နီးမှ ကျေးရွာသားများအား သီလပေးခြင်း၊ မေတ္တာသုတ်၊ ရတနာသုတ် စသည့် အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ နှစ်သစ်ကူးတရားတော်မြတ်အား ချီးမြှင့်ခြင်းတို့ကို ပြုလုပ်ပြီးနောက် တာတက်ပွဲစပါတော့သည်။

တာတက်ပွဲစတော့မည်ဟု ဆိုသည်နှင့် ကျွန်တော်တို့ရွာခံ အိုးစည်ဝိုင်းနှင့်အတူ ရွာခံလူကြီးများ၊ ကျားမပျိုအိုအားလုံး တန်းစီကာ ဘုရားကျောင်းဆောင်နှင့် စေတီတော်အားတစ်ပတ်ပတ်ပါသည်။ ကျွန်တော်တို့နောက်မှ အခြားကျေးရွာများမှ အိုးစည်ဝိုင်းများက တန်းစီကာ ကခုန်ကြပြီး နောက်မှလိုက်ပါလာခဲ့ကြပါသည်။

ဤအချိန်ကား အလွန်ပျော်စရာကောင်းသည့်အချိန် ဖြစ်ပါသည်။ အိုးစည်သံများသည် ဘုရားကျောင်းတောင်ကုန်းတစ်ခုလုံး ဘဝဂ်တိုင်အောင် ညံလျက်ရှိနေပါသည်။ ရွာပေါင်းသုံးဆယ်ကျော်မှ အိုးစည်ဝိုင်းသုံးဆယ်ကျော်၏အသံက သံချပ်များ…။

"တစ်ပွဲဝင် တစ်လင်ရနိုး ပါးကက်ကိုဆေးနီထိုး"

"လင်လည်းမရ၊ ဆေးနီဖူးဆုံးတယ်ဝ…ဟေး ဆုံးတယ်ဝ"

"မိန်းမပျိုငယ် ဆံဖုတ်ချလို့လင်ရလွယ်ဟေ့ လင်ရလွယ်"

"မိန်းမပျိုကြီး လူမန်းဝေးလို့ခွေးမနီးဟေး ခွေးမနီး"

"နီးမို့နီးလာ ဆံပင်ဖြူနသွားမပါဟေး သွားမပါ"

"ဂနိန်(ဂနိုင်)ထဲမှာ ပန်းဆွဲဖြူပန်းလှူ (ပန်ချင်သူ) များတယ် ပန်းဆား (ရှား) တယ်ဟေး… ပန်းဆားတယ်"

"မတီးချင်နေ တီးချင်နေ ဆူးပန်းညို (လူပျိုပေါက်) စပုံလက်စပျော်နေမေဟေး…ပျော်နေမေ"

"လမ်းနာညင်ကြပ် (ညောင်ကြပ်ပင်) မပွင့်တတ် အအိုမတတ် (လင်မယူတတ်) တစ်ခုလပ်မို့ တစ်လင်ကွာ အပျိုပေးလည်း မလဲပါ၊ လဲပါလဲပါမလဲပါ"

"မိန်းမရုပ်ဆိုး ပွဲဦးရိုး (ပွဲရှေ့ကဦးဆောင်) ရုပ်ဆိုးလေလေ ရိုးလေလေ မိန်းမရုပ်ဆိုး ကမ်းပါးကျလို့ ကျိုးချင်ကျိုး"

"မိန်းမလှလှ၊ ငါ့ဖို့ရဟေး… ငါ့ဖို့ရ"

"ပင်စိမ်းသီးပိုးထိုး၊ အောင်ပန်းသူမ ရအောင်ပိုးဟေး ရအောင်ပိုး"

"ရွာကြီးသားပွဲတက်လာ၊ ရှမ်းရွာသူမ ဆီးကြိုပါဟေး ဆီးကြိုပါ"

"ဖောင်းတောသူမ ဝတုတ်တုတ်၊ မုန်လာထုပ် မုန်လာထုပ်"

"ဝါးရုံပင်မှာ ငှက်ခါးနား၊ ပြန်တော့မှာလား ငါ့ရည်းစားဟေး ငါ့ရည်းစား"

ကျွန်တော်တို့ လူငယ်ကာလသားများက တာတက်ပွဲကို မျှော်ကြပါသည်။ တာတက်ပွဲရောက်လျှင် ပျော်ကြပါသည်။ တာတက်ပွဲကို ဖူးစာရှင်ရှာပွဲဟူ၍လည်း တစ်နည်း (ဟော) ကြပါသည်။

မှန်ပါသည်။ ကျေးရွာပေါင်းများစွာမှ အပျိုလူပျိုအများစုသည် တာတက်ပွဲကို အကြောင်းပြု၍ ဆုံကြပါသည်။ ဆုံကြသောအခါ ရင်ခုန်ကြပါလိမ့်မည်။

နှစ်သစ်ကူး ထူးမြတ်လှသော တောင်ရိုးနှစ်သစ်ကူးအလှူပွဲဖြစ်သည့် တာတက်ပွဲနှင့် ဖူးစာရှင်ရှာပွဲကို လေ့လာကြည့်ရှုလိုပါလျှင် ဟဲဟိုးကျေးရွာအုပ်စုအတွင်းရှိ ကျွန်တော်တို့ တောင်ပတ်ရွာကို လာလည်ကြပါလားခင်ဗျား…။

**ပုသိမ်အောင်သန်းဦး**

**(စာမူပါစကားပြော အသုံးအနှုန်းသည် တောင်ရိုးတိုင်းရင်းသားတို့၏ လေသံဖြစ်ပါသည်။)**

# လီဆူ တိုင်းရင်းသားတို့၏ ယုံကြည်ကိုးကွယ်မှု

မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)



လီဆူတို့၏ ယုံကြည်ကိုးကွယ်မှုကို သုံးမျိုးတွေ့ရှိရသည်။ ၎င်းတို့က -

(က) နတ်ကိုးကွယ်ခြင်း

(ခ) ခရစ်ယာန်ဘာသာဝင်များဖြစ်လာခြင်း

(ဂ) ဗုဒ္ဓဘာသာကိုးကွယ်ခြင်းတို့ ဖြစ်သည်။

## (က) နတ်ကိုးကွယ်ခြင်း

ရှေးအကျဆုံးသော လီဆူလူမျိုးတို့၏ ယုံကြည်ကိုးကွယ်မှုမှာ နတ်ကိုးကွယ်ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများသို့ ပျံ့နှံ့ရောက်ရှိကြသည့် လီဆူလူမျိုးတို့သည်လည်း နတ်ကိုးကွယ်မှုမှ စတင်ခဲ့လေသည်။

သို့သော် ရှေးဘိုးဘွားစဉ်ဆက်ကပင် တန်ခိုးရှင်တစ်ဦးဦးရှိခဲ့သည်ဟုလည်း ယုံကြည်ယူဆကြသည်။ ၎င်းတန်ခိုးရှင်မှာ ပေါ်ဆာ ခေါ် ဘုရားဟုဆိုသည်။ အကြောင်းကိစ္စတစ်စုံတစ်ရာရှိပါက ပေါ်ဆာကို တိုင်တည်သည်။ အကူအညီတောင်းသည်ဟု ဆိုပါသည်။ ၎င်းတန်ခိုးရှင်ဘုရားမှာ နတ်အားလုံးထဲ၌ တန်ခိုးရှင်နတ်ဟုလည်း ခံယူထားခဲ့ကြသည်။ နတ်အားလုံးထက်ပို၍ တန်ခိုးရှိသည်ဟုလည်း ယုံကြည်မှုရှိခဲ့ကြသည်။ သို့သော် လက်တွေ့ကျသော ကိုးကွယ်မှုမရှိခဲ့ပေ။

ရှေးဘိုးဘွားအစဉ်အဆက်ကပင် နတ်များကို ကိုးကွယ်လေ့ရှိကြသည်။ နတ်များက လူကိုမစသည်။ ကောင်းကျိုးပြုသည်။ နတ်များကပင် လူတို့ကို ခြောက်လှန့်တတ်သည်။ ထိတ်လန့်စေသည်။ ဆိုးကျိုးကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် နတ်ကို လူကကိုးကွယ်မှသာ နတ်က ကြည့်ရှုစောင့်ရှောက်သည်။ ကယ်မသည်။ ကောင်းကျိုးပြုသည်ဟု ယုံကြည်မှုရှိခဲ့ကြသည်။ ထို့ကြောင့်လည်း လီဆူတို့သည် ရှေးဘိုးဘွားများလက်ထက်ကပင် နတ်ကိုးကွယ်မှုရှိခဲ့ခြင်းဖြစ်သည်။

နတ်အမျိုးမျိုးရှိသည်ဟု ယုံကြည်ကြသည်။ "ဆီနီ" ခေါ် ယဉ်ကျေးသောနတ်သည် အိမ်မှာရှိပြီး "နီကော" ခေါ် ရိုင်းသောနတ်သည် အိမ်ပြင်ပနေရာများတွင်ရှိသည်ဟု ယုံကြည်သည်။ ထိုအထဲ၌ "ချနီ" ခေါ် နတ်ဆိုးတစ်ပါးမှာ လူကို အမြဲတစေ ဒုက္ခပေးသော ဆိုးကျိုးနတ်ဖြစ်၍ ၎င်းနတ်ကျေနပ်ရန် အမြဲလိုလို တောင်းပန်နေရသည်ဟု ဆိုပါသည်။ ထို့ပြင် ရေ၊ မြေ၊ လေ၊ ကြယ်၊ ကျောက်တန်း၊ ကျောက်ဆောင်များမှာပင် နတ် ၇ ပါးရှိသည်ဟု ယုံကြည်သည်။ လူတို့ နတ်ကို ရှောင်ကြဉ်၍မရပါ။ နတ်များက တားမြစ်ထားသော အချက်များရှိသည်။ ၎င်းတားမြစ်ချက်ကို ကျူးလွန်ဖောက်ဖျက်ပါက နတ်ဖမ်းစားသည်ဟု အယူရှိကြသည်။

ထိခိုက်ဒဏ်ရာရခြင်း၊ ဖျားနာခြင်း၊ တစ်စုံတစ်ရာ ဆိုးကျိုးဒုက္ခတွေ့ခြင်း စသည်တို့မှာ နတ်ကြောင့်သာ ဖြစ်

သည်။ နတ်က ဖမ်းစား၍သာဖြစ်သည်။ ဖြစ်ပျက်မှုအားလုံးသည် နတ်က ဖန်တီးသည်ဟု ယုံကြည်ကြသည်။ ပူဇော်ရခြင်းဖြစ်၍ လူအားလုံးတို့က မိသားစုမှစ၍ တစ်ရွာလုံး၊ တစ်နယ်လုံး နတ်ပူဇော်ပသရသော ဓလေ့ထုံးစံများဖြစ်ခဲ့သည်။

ရွာတစ်ရွာလျှင် ရွာစောင့်နတ်နေရာကို ရွေးချယ်ရသည်။ ရွာစောင့်နတ်နေရန်မှာ ရွာအထက်မြင့်သောနေရာ၊ အပင်ရှိသောနေရာ၌ "ဆယ်မိန်း" ခေါ် နတ်စင်ပြုလုပ်၍ အမိုးမိုးပေးရသည်။ ၎င်းရွာစောင့်နတ်မှာ "အပါးဖော်" ခေါ် အဘိုးနတ် အသက်ကြီးဆုံးနတ်ဖြစ်သည်။ ရွာကို စောင့်ရှောက်ကာကွယ်သည့် နတ်ဖြစ်သည်။ သို့ဖြစ်၍ တစ်ရွာလုံးက ရွာစောင့်နတ်ကို အရိုအသေမပေးပါက ပူဇော်ပသမှုမပြုပါက တစ်ရွာလုံးကို ဒုက္ခပေးတတ်သည်။ ဥပမာ - ရွာစောင့်နတ်စင်အနီးရှိ သစ်ရွက်ကိုခူးမိခြင်း၊ အိမ်မြှောင်၊ ပုတ်သင်ညို စသည့် အကောင်တစ်ကောင်ကို ပစ်မိခြင်းပြုပါက ပြုသူကို နတ်က ဖမ်းစားလေသည်။ လူမှုရေးဖောက်ပြန်မှုရှိပါကလည်း ကျူးလွန်ပစ်မှားသူမှာ ထိခိုက်မှု ဒုက္ခမျိုးစုံကြုံတွေ့ရလေသည်။ သို့ဖြစ်၍ ရွာစောင့်နတ်ကို ပူဇော်ပသမှုပြုရသည်။ ရွာစောင့်နတ်မှာ ရွာသူရွာသားများ၏ အကျင့်စာရိတ္တပြုပြင်မှုကိုပါ ထိန်းသိမ်းစောင့်ရှောက်ပေးသော အဘိုးနတ်ဖြစ်၍ အားလုံးက မထီမဲ့မြင်မပြုပဲ အရိုအသေပေးရသည်။ ရွာပျက်စီးလျှင်သော်မှ ရွာစောင့်နတ်စင်ကို ဖျက်၍မရပေ။ နှစ်စဉ်နှစ်တိုင်း နှစ်သစ်ကူးချိန်၌ ရွာလုံးကျွတ်ပူဇော်ရလေသည်။ ရွာစောင့်နတ်ကို နတ်ယဉ်ဟုလည်း ဆိုနိုင်သည်။

ထို့ပြင် အိမ်စောင့်နတ်ကိုလည်း ပူဇော်ရသည်။ အိမ်စောင့်နတ်ကို "နီတာဗျ" ခေါ် နတ်စင်တွင် ရေ၊ အစားအစာ၊ ထမင်းဟင်းလျာ၊ အမွှေးနံ့သာဖြင့် အမြဲပူဇော်ရသည်။ ခရီးဆုံးထွက်သော တိရစ္ဆာန်အထီးကို သတ်၍ နတ်ပူဇော်ရသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးသည် မိဘအိမ်သို့ ပြန်၍မရပေ။ ပြန်လာပါက မိဘအိမ်ရှိနတ်စင်ကို ထိခိုက်စေသည်။ အကြောင်းမှာ ကိုယ်ဝန်ဆောင်အမျိုးသမီးသည် မသန့်ရှင်း၍ဖြစ်သည်။ နတ်ပူဇော်သော ပစ္စည်းကိုသာ တခြားနေရာမှာ ငှား၍သုံးရသည်ဟု ဆိုပါသည်။

ထူးခြားသည်မှာ ရွာ၏ တောင်ပိုင်းဒေသများတွင် အိမ်ဦးခန်းနတ်၊ အမေ၏နတ်ကို မီးဖိုတည့်တည့်ရှိ အဝင်တံခါးပေါက်ဘေးမှာ ခပ်နိမ့်နိမ့်ထားရပြီး တစ်ခါတစ်ရံ ပူဇော်မှုပြုရခြင်း ရှိသည်။

လီဆူတို့ ကိုးကွယ်သောနတ်များမှာ အရေအတွက်အားဖြင့် များပြားလှသည်။

၁။ ဗီဖာနီ (ဘိုးဘွားနတ်)
၂။ မြီနာနီ (ကမ္ဘာစောင့်နတ်)
၃။ မူဇူနီ (မိုးကြိုးနတ်)
၄။ နေးဟောနီ (မြေကြီးနတ်)
၅။ အော်ဒီစု (တောစောင့်နတ်)
၆။ နီမူ (တောင်စောင့်နတ်)
၇။ ရီတူစု (မြစ်ချောင်းစောင့်နတ်)
၈။ ဂျာဂူး (လမ်းနှင့်တောင်ကြားစောင့်နတ်)
၉။ ရိဒါမာ (နယ်စောင့်နတ်)
၁၀။ အားပါးမူ (ရွာစောင့်နတ်)
၁၁။ ဂွာဆီးနီ (နတ်ကွန်း၊ နတ်စင်စောင့်နတ်)
၁၂။ မီဇူနီ (မကောင်းကျိုးပေးသောနတ်)
၁၃။ ဟူဂူးနီ (နားမကြားသောနတ်)
၁၄။ ဟင်ကောနီ (အိမ်စောင့်နတ်)
၁၅။ မာဝေါ်နီ (ဝိညာဉ်ကိုဖမ်းစားသောနတ်)
၁၆။ မီရှီနီ (ခြောက်လှန့်စေသောနတ်)
၁၇။ မူကွာနီ (မိုးနတ်)
၁၈။ အဗျာပါးနီ (ဝက်ပုံစံပြု၍ ကိုးကွယ်ရသောနတ်)
၁၉။ ယိခူဇော်နီ (ညဥ့်စောင့်နတ်)
၂၀။ ဆီနီ (နတ်ဆိုး)

ထို့ပြင် အခြားအမည်မသိသော နတ်များလည်း ရှိသည်ဟု ဆိုပါသည်။

**နတ်ဆရာ**

နတ်ကိုးကွယ်သောခေတ်တွင် လီဆူတို့သည် နတ်ဆရာကို ယုံကြည်အားကိုးကြရသည်။ အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက နီဖာ ခေါ် နတ်ဆရာကို ပင့်ဖိတ်အကူအညီတောင်းရသည်။ နတ်ဆရာဖြစ်ရန်မှာ မျိုးရိုးအလိုက် အသိအမှတ်ပြုထားကြသည်။ နတ်ဆရာဖြစ်သည့် ပုဂ္ဂိုလ်သည် ထူးခြားသောလူဖြစ်သည်။ စကားပြောခြင်း၊ သွားလာခြင်းများသည် နေးကွေးတည်ငြိမ်ပြီး အနေအထိုင်၊ အပြောအဆို၊ အကျင့်အကြံလက္ခဏာရပ်များ

မှာ အခြားလူများနှင့်မတူဟု ဆိုပါသည်။ သို့ဖြစ်၍ ၎င်းလူကို နတ်ဆရာအဖြစ် တင်မြှောက်သဖြင့် နတ်ဆရာဖြစ်လာသည် လည်းရှိပေသည်။ ထို့ကြောင့် နတ်ဆရာတစ်ဦးဖြစ်ရန်မှာ မျိုးရိုးအရဖြစ်ခြင်းနှင့် အများယုံကြည်မှုဖြင့် တင်မြှောက်၍ နတ်ဆရာဖြစ်လာရခြင်းဟူ၍ နှစ်မျိုးရှိသည်။ နတ်ဆရာသည် ကြက်သွန်နှင့် အချို့သော အစားအသောက်များကို မစားဟုဆိုပါသည်။

## နတ်နှင့် ရောဂါကုသခြင်း

တစ်စုံတစ်ယောက်ဖျားနာလျှင် နတ်ဆရာကိုခေါ်ရသည်။ နတ်ဆရာက ကြက်ကိုကြည့်ပြီး မည်သည့်နတ်က ဖမ်းစားသည်ကို သိသည်ဟုဆိုသည်။ မည်သည့်နတ်ဖမ်းသည်။ ဘာတွေဖြစ်နေသည်။ ဘာတွေလိုအပ်သည်။ ဘယ်လိုယူဆ၍ရသည်ဟု ပြောနိုင်သည်။ အိမ်ပြင်နတ်၊ တောတောင်နှင့် အခြားနတ်များက ဖမ်းစားလျှင် ကြက်ထီး၊ ဝက်ထီးများဖြင့် ပူဇော်ရသည်။ တောစောင့်နတ်ဖြစ်ပါက တစ်နေရာမှာ ပူဇော်ရသည်။ ဝက်နတ်ပြုစားပါက သစ်သားကို ဝက်ပုံပြုလုပ်၍ ပူဇော်ရသည်။

လူတစ်ယောက် နေထိုင်မကောင်းပါက အားနည်း၍ဖြစ်သည်ဟုဆိုသည်။ လိပ်ပြာခေါ်ရသည်။ ထိုသို့ လိပ်ပြာခေါ်ရာ ဝက်တစ်ကောင်သတ်၍ ဝက်သားစား၊ အရက်သောက်ပြီး လိပ်ပြာခေါ်သောသီချင်းကို ဆိုရသည်။

အိမ်တွင်းမှာပင် ကြက်ထီး၊ ကြက်မများကိုသတ်ကာ နတ်စင်ကို ရေ ၆ ခွက်ဖြည့်၍ ကုသသည့်နည်းများလည်းရှိသည်။ ထို့ပြင် ကဲလားဆောက်ပြီး ရောဂါကုသခြင်းများလည်း တွေ့ရသည်။ သစ်သားကိုထွင်း၍ ထိပ်နှစ်ဖက်ကို မြေမှာမြှုပ်ပြီး ဟိုဘက်သည်ဘက် ခေါက်ရမည်မှုဟု သတ်မှတ်ပြီး ကဲလားပေါ်ကို လျှောက်၍ ကုသရခြင်းမျိုးလည်း ရှိသည်။

ထို့ပြင် လိပ်ပြာခေါ်ရာ၌ အမျိုးသားဖြစ်လျှင် ကြိုးမျှင် ၉ ပင်၊ အမျိုးသမီးဖြစ်လျှင် ကြိုးမျှင် ၇ ပင်လက်၊ လည်ပင်းများ၌ချည်၍ ကုသရသည်ကိုလည်း တွေ့ရသည်။ နာတာရှည် ဖျားနာသူဖြစ်ပါက ကြိုးများကို အမြဲချည်ထားရသည်။ ၎င်းကြိုးများကို ကြည့်ခြင်းဖြင့် ဖျားနာသူ (သို့) အားနည်းသူသည် လိပ်ပြာဘယ်နှစ်ကြိမ် ခေါ်ထားသည်ကို သိနိုင်သည်။

## (ခ) ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာခြင်း

လီဆူတိုင်းရင်းသားတို့သည် ရှေးဘိုးဘွားအစဉ်အဆက်က နတ်ကိုးကွယ်မှုရှိခဲ့သော်လည်း နိုင်ငံခြားခရစ်ယာန်သာသနာပြုဆရာများ၊ တိုင်းရင်းသားလူမျိုးခရစ်ယာန်သာသနာပြုဆရာများ၏ ကျေးဇူးကြောင့် ခရစ်ယာန်ဘာသာဝင်များအဖြစ် ရောက်ရှိခဲ့ကြသည်။

ပထမဦးစွာ လီဆူလူမျိုးများထဲမှ ခရစ်ယာန်ဘာသာဝင်ဖြစ်လာသူတို့မှာ ဦးငွားတားနှင့် ဒေါ်ဂူနာဒူတို့ ဖြစ်သည်။ ယင်းတို့နှစ်ဦးသည် ဆဒုံးတောင်တန်းဒေသဘက်မှ ဖြစ်ကြသည်ဟု ဆိုပါသည်။ ၁၉၀၀ ပြည့်နှစ်ခန့်က ၎င်းတို့သည် မြစ်ကြီးနားမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ထိုအချိန်တွင် အမေရိကန်သာသနာပြုဆရာကြီး ဂိုက်(စ်)၏ နေအိမ်တွင် ဦးငွားတားနှင့် ဒေါ်ဂူနာဒူတို့က အလုပ်လုပ်ကြရသည်ဟုဆိုပါသည်။ ထိုသို့ ဆရာကြီးဂိုက်(စ်)၏ နေအိမ်တွင် နေဖန်များလာသောအခါ ဆရာကြီး၏ ခရစ်တော်အားဝတ်ပြုခြင်း၊ ဆုတောင်းခြင်း၊ ကျမ်းစာရွတ်ခြင်းများကို တစ်စတစ်စ မြင်တွေ့ကျွမ်းဝင်လာရာမှ ၁၉၀၂ ခုနှစ်၊ အောက်တိုဘာလတွင် ၎င်းတို့နှစ်ဦးစလုံးသည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်သွားလေတော့သည်။

၁၉၀၆ ခုနှစ်တွင် အခြားဒေသအသီးသီးမှ လီဆူလူမျိုးများသည် မြစ်ကြီးနားမြို့နယ်၊ မန်ဒရိန်ဒေသသို့ ရောက်ရှိပြီး ရွာတည်နေထိုင်ကြသည်။ ၎င်းတို့သည်လည်း ခရစ်ယာန်ဘာသာသို့ ဝင်ရောက်လာကြသည်။ ၁၉၀၈ ခုနှစ်တွင် ကချင်တောင်ပေါ်ဒေသများမှ မြစ်ကြီးနားမြို့သို့ ရောက်လာကြသူများထဲတွင် ဦးဇော်ဆာ၊ ဦးဂူ၊ ဦးပေါ်လေး တို့သည် သတ္တမတန်းအောင်သည်အထိ ပညာသင်ယူခဲ့ကြသည်။ ၎င်းတို့သည်လည်း အစိုးရပညာရေးဌာနကျောင်းများ၊ ခရစ်ယာန်ဘာသာကျောင်းများတွင် ပညာသင်ယူကြပြီး မိမိတို့ဒေသသို့ ပြန်သွား၍လည်း သာသနာပြုကြသည်။ ဤသို့ဖြင့် လီဆူလူမျိုးများသည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာကြပြန်သည်။ ၎င်းနောက်တွင် ကရင်လူမျိုးဦးဘသော်ဆိုသူ ရောက်ရှိလာ၍ သာသနာပြုဆရာကြီး ဂိုက်(စ်)နှင့်ပေါင်းကာ လီဆူစကားကိုသင်ပြီး ခရစ်ယာန်ဘာသာဝင်များ ဖြစ်စေရန် သာသနာပြုခဲ့ကြသည်။ ထို့နောက် ၁၉၁၀-၁၂ ခုနှစ်များတွင် တရုတ်ပြည်ရှိ လီဆူများကို သာသနာပြုသူ အင်္ဂလိပ်လူမျိုး

ဆရာကြီး ဂိုက်(စ်)နှင့် ဆရာဦးဘသော်တို့ ပူးပေါင်း၍ ပြုလုပ်သော လီဆူစာပေပြုစုပြီးနောက် ၁၉၂၀ ခုနှစ်၌ မြန်မာနိုင်ငံရှိ နှစ်ခြင်းခရစ်ယာန်သာသနာ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ၎င်းလီဆူစာပေဖြင့် လီဆူလူမျိုးများကို သင်ကြားပြီး သာသနာပြုခဲ့ကြသည်။

ဦးဇော်ဆာသည် ဆရာလက်မှတ်ရသည့်အခါ၌ ဗန်းမော်နယ်၌ ခရစ်ယာန်သာသနာ ပြန့်ပွားရေး ဟောပြောခြင်း၊ စည်းရုံးခြင်း ပြုလုပ်ခဲ့ရာမှ ဗန်းမော်ဒေသရှိ လီဆူများသည်လည်း ခရစ်ယာန်ဘာသာသို့ ကူးပြောင်းရောက်ရှိကြလေသည်။ ၁၉၁၈ ခုနှစ်တွင် ဦးဇော်ဆာသည် ဆဒုံးဒေသ၌ ကျောင်းဆရာတာဝန် ထမ်းဆောင်ပြီး လီဆူများကိုသာသနာပြုရာ ဆဒုံးဆမားဒေသ အပါအဝင် ကချင်တောင်တန်းနယ်များသည်လည်း ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြလေသည်။

၁၉၂၁ ခုနှစ်တွင် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများသို့ ဒေသခံခရစ်ယာန်ဆရာ ၃၇ ဦးမှာ သာသနာပြုခဲ့ရာ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ လီဆူများသည်လည်း ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာကြသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ ခရစ်ယာန်သာသနာပြုသင်းထောက်ဆရာ ၄ ဦးမှာ ၁၉၂၈ ခုနှစ်တွင် မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ်သို့ရောက်ရှိပြီး သာသနာပြုရာ အိမ် ၄ အိမ်မျှသာ ထိုစဉ်က ခရစ်ယာန်ဘာသာဝင် ဖြစ်ခဲ့ကြသည်ဟု ဆိုပါသည်။ ၎င်းနောက် နှစ်ခြင်းမင်္ဂလာခံယူရန်အတွက် ပြင်ဦးလွင်နှင့် မိတ္ထီလာမြို့များရှိ သင်းအုပ်ဆရာများကို ပထမအသုတ်အဖြစ် မိုးကုတ်တွင် နှစ်ခြင်းခံပေးသွားရာမှ မိုးကုတ်တွင် ခရစ်ယာန်သာသနာ ပျံ့နှံ့လာသည်။ ၁၉၃၀ ခုနှစ်လောက်တွင် ဦးဇော်ဆာသည် သာသနာပြုဆရာအဖြစ်ရောက်ရှိကာ ခရစ်ယာန်သာသနာကို ပြန့်ပွားအောင် ဆောင်ရွက်ခဲ့ပြန်လေသည်။

ဤသို့ဖြင့် ခရစ်ယာန်သာသနာသည် မြန်မာနိုင်ငံရှိ လီဆူများရှိရာ နယ်စပ်ဒေသများဆီသို့ တစ်စတစ်စ ပျံ့နှံ့ပြီး သာသနာပြုခဲ့ရာ ကချင်ပြည်နယ် ပူတာအို၊ ချီဖွေ၊ ဆော့လော်၊ ဆွမ်ပရာဘွမ်၊ တနိုင်း၊ မချမ်းဘောစသည့် ဒေသများသို့ ပျံ့နှံ့ခဲ့လေသည်။

သို့သော် ရှမ်းပြည်နယ်တောင်ပိုင်းရှိ လီဆူများမှာကား ထိုအချိန်က နတ်ကိုးကွယ်မှုများသာ ရှိခဲ့သည်။ ၁၉၅၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံရှိ လီဆူခရစ်ယာန်ဓမ္မဆရာ ၁၉ ဦးမှဦးဆောင်ကာ ရှမ်းပြည်နယ်တောင်ပိုင်းရှိဒေသများသို့ ခရစ်ယာန်သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် မက်ဆိုပိုတေးမီးယားဒေသတွင် တာဝန်ထမ်းရွက်ခဲ့ကြသော ဗိုလ်ကြီးမြို့တံတန် ခေါ် ဦးသောင်းဂူနှင့် မေဂျာလဆန်ဂန် (ဦးလမေတာ) တို့မှလည်း မြန်မာနိုင်ငံသို့ ပြန်ရောက်သည့်အခါ ခရစ်ယာန်ဘုရားကျောင်းများ တည်ဆောက်ခြင်း၊ ကျောင်းများပြင်ဆင်ခြင်းဖြင့် ခရစ်ယာန်သာသနာကို ပံ့ပိုးကူညီထောက်ပံ့ပေးခဲ့ရာ ၎င်းတို့၏ ဂုဏ်အရှိန်အဝါဖြင့် လီဆူလူမျိုးတို့သည် နားမျက်စိပွင့်လာပြီး ခရစ်ယာန်သာသနာသို့ ပြောင်းလဲကိုးကွယ်ကြသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံရှိလီဆူတိုင်းရင်းသားတို့သည် နတ်ကိုးကွယ်မှုရှိခဲ့ရာမှ ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာကြတော့သည်။ သို့သော် အချို့သောဒေသများတွင်မူ နတ်ကိုးကွယ်မှုများ၊ ဗုဒ္ဓဘာသာကိုးကွယ်မှုများလည်း ရှိနေကြသည်ကို လေ့လာသိရှိရသည်။

## (ဂ) ဗုဒ္ဓဘာသာကိုးကွယ်ခြင်း

လီဆူတို့သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများလည်း ရှိကြသည်။ ဗုဒ္ဓဘာသာဝင်လီဆူများကို မန္တလေးတိုင်းတွင် မိုးကုတ်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် တောင်ကြီး၊ ဟိုပုံး၊ လွယ်လင်၊ မိုင်းပန်၊ ဖယ်ခုံ၊ နမ့်စန်မြို့နယ် တို့ရှိ အချို့ဒေသများနှင့် ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော် အချို့ဒေသများတွင် တွေ့ရသည်။ အချို့မှာ သီလရှင်ဝတ်၍လည်းကောင်း၊ ရှင်သာမဏေဝတ်၍လည်းကောင်း ရှိကြသည်။ ၎င်းအပြင် ရဟန်းဘောင်သို့ ဝင်နေသော လီဆူလူမျိုးများလည်း ရှိနေသည်။ လီဆူတို့သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်၍ ဂေါတမမြတ်ဗုဒ္ဓ၏ သာသနာတော်ကို နေလိုလလို ထွန်းတောက်မှုဖြစ်စေရန် ဗုဒ္ဓဘာသာ၏ အဆုံးအမကို ကိုးကွယ်ယုံကြည်ကြသူများလည်းရှိလေရာ ဗုဒ္ဓသာသနာတော်အတွက် အားရဂုဏ်ယူဖွယ်ရာ ကောင်းလှပေသည်။

မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)






အများပြည်သူများ အပန်းဖြေအနားယူနိုင်ရန်နှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများကို
လေ့လာနိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ကို
နေ့စဉ် နံနက် (၇း၀၀) နာရီမှ ညနေ (၅း၀၀) နာရီအထိ
ဖွင့်လှစ်ထားရှိကြောင်း အသိပေးအပ်ပါသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက အခမဲ့ဖြန့်ဝေသည်။